www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် ([illegible])
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
[illegible]
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-[illegible]) Quality Publishing House
အမှတ် -- ၅၈၈/၅၉၂ (၂၈)လွှာ ပထမထပ်
ကုန်သည်လမ်းနှင့် သိမ်ကမ်းသာလမ်းထောင့် ([illegible])
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညွန့်၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ [illegible]၊ ဝေမွန်လင်း၊ [illegible]၊ [illegible]။
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
[illegible]
[illegible]
[illegible]
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ – [illegible]
တန်ဖိုး – [illegible]
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် – ၅၈၈/၅၉၂ (၂၈)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် သိမ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – [illegible]

## အယ်ဒီတာ့စကား

စာဖတ်သူအပေါင်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းသည် နေ့စဉ်လူ့ပ်ရှား ရှန်းကန်ရင်ဆိုင်နေကြရသည့် သက်ရှိများ၏ဘဝဖြစ်စဉ်ကို ညွှန်းဖွဲ့ဆိုသည့်မဂ္ဂဇင်းဖြစ်သည်။ ကြင်နာမှု၊ ရက်စက်မှု၊ ဥပေက္ခာ၊ မေတ္တာ၊ အချစ်၊ အမုန်းတို့သည် ဘဝတွင် ပြွန်းတီးနေကာ နေ့စဉ် ရင်ဆိုင်ရမည်မှာ မလွဲပေ။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းပါ ဝတ္ထုများသည် ရသတစ်ခုထက်မက ပေးစွမ်းပြီး ဆင်ခြင်တုံတရားရှိရန်၊ ကိုယ်ချင်းစာတရားထားရန်၊ ဗြဟ္မစိုရ်တရားလေးပါး ကိန်းဝပ်ရန် ရည်ရွယ်ပါသည်။ ထို့အတူ ဤမဂ္ဂဇင်းကြီးတွင် စာရေးဆရာအလွှာစုံ၊ သက်ကြီးကလောင်ရှင်များ သာမက လူငယ်ကလေးများပါ ပါဝင်ရေးသားလာကြသည်မှာ ကျေနပ်စရာ ကောင်းလှပေသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းကို ကလောင်အား တောင့်တင်းစွာ လစဉ်တိုးတက်ကောင်းမွန်အောင်ကြိုးစားလျက်ရှိရာ အားနည်းချက်၊ ချို့ယွင်းချက်များရှိပါက နားလည်ခွင့်လွှတ်ပေးပါရန် ပန်ကြားပါသည်။

လေးစားစွာဖြင့်
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာရေတပ်သဘော်နှင့် ...

ပေါ်တူဂီရေတပ်သဘော်တို့ရဲ့စစ်တောင်းမြစ်တိုက်ပွဲက အလွန်ပြင်းထန်နေတယ်။ ပေါက်ကွဲသံတွေက ကြောက်ခမန်းလိလိ နားကွဲမတတ် မြည်ဟိန်းနေတယ်။ ပေါ်တူဂီစစ်သဘော်ပေါ်က တပ်သားတွေက ခေတ်မီအမြောက်လက်နက်များ၊ သေနတ်များနှင့် တရစပ် ပစ်ခတ်ကြပေမယ့် အင်းဝမင်း မဟာဓမ္မရာဇာရဲ့တပ်တွေက မကြောက်မရွံ့ လှေချင်း၊ သဘော်ချင်း၊ ကြိုးပစ် ချိတ်ပစ်၊ ခုန်တက်ထိုးခုတ် တိုက်ခိုက်ကြတော့ ပေါ်တူဂီတပ်သားတွေ သွေးသံရဲရဲ သေဆုံးကြရတယ်။




www.burmeseclassic.com

www.burmeseclassic.com

ရေထဲခုန်ချသူ ပေါ်တူဂီတပ်သားတွေကို မြန်မာလှေတပ်က လှေနဲ့လိုက်ပြီး ထိုးခုတ်ကြလို့ ရေပြင်ဟာ သွေးရောင်ပေါက်ပြီး ရန်သူ ပေါ်တူဂီအလောင်းတွေ ရေပေါ်ပေါ်လိုက်၊ နစ်မြုပ်သွားလိုက်၊ မြစ်အောက်ဘက်ရှိရာကို စီးမျောသွားလိုက် ဖြစ်နေတယ်။

မကြာခင်မှာပဲ မြန်မာအင်းဝတပ်ဟာ ပေါ်တူဂီစစ်သင်္ဘောလေးစီးကို လှေတပ်နဲ့ ဝိုင်းရံတိုက်ခိုက် သိမ်းပိုက်လိုက်ကြတယ်။

ဒီအချိန်မှာ အင်းဝသူရဲကောင်း "နန္ဒသူရိယ" က ပေါ်တူဂီစစ်သင်္ဘောတစ်စီးအနီးကို လှေနှင့်ချဉ်းကပ်ပြီး ကျောက်ဆူးကြိုးက တွယ်လို့ ရန်သူ့သင်္ဘောပေါ်ကို စွန့်စွန့်စားစား တက်ရောက်နေတယ်။

သူ့ကျောကုန်းပေါ်မှာလည်း ဓားအိမ်နဲ့ ဓားကိုလွယ်လို့ ...။

သင်္ဘောပေါ်ရောက်ခါနီးမှာ ပေါ်တူဂီ ရဲမက်တစ်ဦးက မြင်သွားပြီး ပေါ်တူဂီဘာသာနှင့် ရန်သူလို့ စူးစူးဝါးဝါးအော်ရင်းက သေနတ်နှင့် လှမ်းပစ်လိုက်ကာ -

"ဒိုင်း"

"အား"

"ဗိုလ်မင်း - သူ - ရိ - ယ"

သူရဲကောင်း နန္ဒသူရိယ ကျောက်ဆူးကြိုးကို တင်းကျပ်စွာဆုပ်ပြီး သင်္ဘောပေါ်ကိုတက်ဖို့ အံကြိတ်ကြိုးစားနေတုန်းပဲ။

သူ့ခန္ဓာကိုယ်ပေါ်က သွေးတွေဟာ အောက်မှာရှိတဲ့ လှေပေါ်ကို တစ်စက်ချင်း ကျနေရဲ့။

ဒီမှာ ရန်သူ ပေါ်တူဂီရဲမက်က နောက်တစ်ချက်ပစ်ဖို့ ရွယ်နေတုန်းမှာပဲ အင်းဝစစ်လှေကြီးပေါ်က ပစ်လိုက်တဲ့ လှံတိုတစ်ချောင်းက သေနတ်ကိုင် ပေါ်တူဂီရဲမက်ရဲ့လည်ပင်းကို စိုက်ဝင်သွားပြီး အသံနက်ကြီးနဲ့ အော်လို့ သင်္ဘောဝင်းထဲ ပြုတ်ကျသွားခဲ့တယ်။

အင်းဝတပ်တွေအားလုံး ပေါ်တူဂီစစ်သင်္ဘောငါးစီးအနက်က လေးစီးကို လက်ရစီးမိခဲ့ကြတယ်။



တစ်စီးကတော့ ထွက်ပြေးလွတ်မြောက်သွားလေရဲ့...။

စစ်သင်္ဘောပေါ်မှာ ရွှေငွေ၊ ပိတ်ထည်အမျိုးမျိုး၊ လက်နက်ခဲယမ်းတွေနှင့်အတူ ပေါ်တူဂီသုံ့ပန်းများစွာကိုပါ ဖမ်းဆီးရမိခဲ့တယ်။

ဒီစစ်သင်္ဘောငါးစီးကို ဂျာမက်စ် ဒေမင်ဒေါ်သာ ဖူးရ်တာဒို (James de Mendoza Furtado) ခေါင်းဆောင်ပြီး လက်နက်ရိက္ခာ အစုံအလင်နဲ့ ဝင်လာတာလေ။

အမှန်က သင်းတို့ အကူသင်္ဘောငါးစီး မုတ္တမကျွေး စစ်တောင်းမြစ်ဝကို ရောက်ချိန်မှာ မြန်မာရေတပ်သင်္ဘောလှေကြီး အစင်း(၂၀)ခန့်နှင့်တွေ့ပြီး တိုက်ပွဲဖြစ်ကြတာ။

ပေါ်တူဂီတွေ မသိကြလို့ပါ။

သူတို့ စစ်တောင်းမြစ်ဝကို ရောက်တဲ့အချိန်မှာ ...

ပေါ်တူဂီဗိုလ်မှူး ဖွင်ကာကူ(ခေါ်) ဖီးလစ်ဒီဘရစ်တို အုပ်စိုးနေတဲ့ သန်လျင် ကျဆုံးသွားခဲ့ပါပြီ။

ဇဗင်ကာနှင့် သစ္စာဖောက် တောင်ငူဘုရင် နတ်သျှင်နောင်ကိုလည်း အင်းဝမင်း မဟာဓမ္မရာဇာက လက်ရဖမ်းဆီးသွားခဲ့ပါပြီ။

ဇဗင်ကာ အုပ်ချုပ်နေတဲ့ သန်လျင်ကိုရဖို့ အင်းဝမင်း မဟာဓမ္မရာဇာရဲ့ တပ်တွေ သုံးလတိတိ ကြည်းကြောင်း၊ ရေကြောင်းက ဝန်းရံထားကြရတယ်။

ဇဗင်ကာရဲ့ ပေါ်တူဂီတပ်ကလည်း သန်လျင်မြို့ရိုး မြို့တွင်းကနေ အမြောက်စိန်ပြောင်းတွေနဲ့ တရကြမ်းပစ်ခတ်နေလို့ သန်လျင်မြို့ထဲကိုဝင်ဖို့ ချဉ်းကပ်လို့ မရခဲ့ဘူး။

မြို့ရိုးထိပ်ကနေ ပွဲ့လျက်ရည်၊ ဇရုတ်ရည်၊ ရေနွေးပူ စသည်တို့နဲ့ မြို့ရိုးနားချဉ်းကပ်လာတဲ့ အင်းဝတပ်သားတွေကို လောင်းချနေတာကိုး။

နောက်ဆုံး "ပိတုန်းစမ်း" အရပ်ကနေ မြန်မာကြည်းတပ် ဝင်ပြီး ကျိုက်ခေါက်ဘုရားပေါ်က အမြောက်စိန်ကြောင်းနဲ့ ပစ်ခတ်နေတဲ့ ပေါ်တူဂီတပ်ကို



www.burmeseclassic.com

www.burmeseclassic.com

စီးနင်းပြီး စေတီတော်မှာ တပ်စွဲထားတဲ့ ပေါ်တူဂီစစ်တန်းများအားလုံးကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြတယ်။

အင်းဝမင်း မဟာဓမ္မရာဇာရဲ့ရေကြောင်းချီတပ်မှာ တပ်မှူးကြီးတွေက ဘယကျော်ထင်၊ မင်းမဟာ၊ သီရိဇေယျကျော်ထင်၊ သခ်ယာ၊ စည်သူကျော်ထင်၊ မင်းရဲကျော်စွာ၊ သီရိဓမ္မာသောကတို့က အကြီးအမှူးများ အဖြစ်နဲ့ လိုက်ပါအုပ်ချုပ်တိုက်ခိုက်ခဲ့သလို ...

ကြည်းကြောင်းချီတပ်မှာတော့ တပ်မှူးကြီးတွေအဖြစ် ပခန်းကြီး သီဟပတေ့ ...၊

ရာဇသင်္ကြန်၊ ဗညားလော၊ ဘယဂါမဏိ၊ ညောင်ရွှေစော်ဘွား၊ သီပေါစော်ဘွား၊ မိုးမိတ်စော်ဘွား၊ မိုးကောင်းစော်ဘွား၊ တောင်ငူမင်းရဲသီဟသူ၊ ညီတော် စတုမင်းသားနှင့် ညီတော် မင်းရဲသိခ်သူတို့ အုပ်ချုပ်ပြီး သန်လျင်ကို ဝိုင်းတိုက်ကြတာ။

တပ်မှူးကြီး သီဟပတေ့ခေါင်းဆောင်တဲ့ ကြည်းတပ်က သန်လျင် ကျိုက်ခေါက်ဘုရားပေါ်ရှိ ပေါ်တူဂီအမြောက်စိန်ပြောင်းတပ်ကို ၁၆၁၃ ခုနှစ်၊ ဖေဖော်ဝါရီ(၉)ရက်နေ့မှာ တိုက်ခိုက်သိမ်းပိုက်လိုက်ကြတယ်။

သိမ်းပိုက်ပြီးနောက် အင်းဝမင်း မဟာဓမ္မရာဇာကိုယ်တော်တိုင် ကျိုက်ခေါက်ဘုရားကို လာရောက်ဖူးမြော်ခဲ့ရာ ...

ဦးခေါင်းမှာ ဆောင်းထားတဲ့ မင်းမကိုဋ်တော်ကို ချွတ်ပြီး ကျိုက်ခေါက် စေတီတော်ရဲ့ငှက်ပျောဖူးထိပ်မှာ ချိတ်တင်လို့ ဆုတောင်းသစ္စာပြုလိုက်တယ်။

"ဤကောင်းမှုကြောင့် ဘုရားတပည့်တော် အင်းဝမင်း မဟာဓမ္မရာဇာ သည် သာသနာဖျက် ကုလားဖေင်ကာကို အောင်ရ၊ နိုင်ရပါလို၏ ဘုရား"

သစ္စာပြုတယ်၊ ဆုတောင်းတယ်။

အောင်မြေမှာ ထပ်ပြီးသစ္စာပြုတယ်။

သန်လျင်ကို မြင်းတပ်၊ ဆင်တပ်နဲ့ ဝိုင်းပြီး ဝင်ကြတယ်။





"သည့်နောက် . . .
ဥမင်လိုဏ်တူးပြီး တိုင်ခြေပေါ်ရော ဆင်တပ်နဲ့တိုင်ခြေ ကြိုးချည်ဆွဲချလိုက်တာ သစ်တပ်တိုင်တွေ ပြိုကျသွားတယ်။ ပြိုကျတာနဲ့ မြန်မာဆင်ထောက် မြင်းတပ်တွေဟာ ဓားလှံတွေ မြှောက် ကြွေးကြော်သံတွေနဲ့ မြို့ထဲကိုဝင်ပြီး ပေါ်တူဂီတပ်တွေကို တိုက်ခိုက်ဖျက်ဆီး ပစ်ကြတယ်။

ပေါ်တူဂီအမြောက်သံတွေ မိုးလုံးညံ့နေတယ်။ စိန်ပြောင်းကျည်တွေက လည်း မြန်မာတပ်ကို အထိနာစေတယ်။ ချဉ်းကပ်လာရင် ပွဲ့လျက်ရည်၊ ဇရှတ် ရည်၊ မီးကျီးခဲတွေနဲ့ မြို့ရိုးပေါ်ကနေ သွန်ချ၊ လောင်းချကြရော ...။

ဒီမှာ မွန်အမတ်ကြီးဟောင်းတစ်ဦး မြန်မာတပ်ရှိရာကို တိတ်တဆိတ် ရောက်ရှိလာပြီး တပ်မှူးသီဟပတေ့ကို မြို့ရိုးရဲ့လျှို့ဝှက်ချက် ပြောပြခဲ့တယ်။

"တပ်မှူး မြို့ဟောင်းဘက်မှာ သစ်တပ်မြို့ရိုးရှိတယ်။ ဥမင်လိုဏ်ခေါင်း တူးပြီး တိုင်ခြေကို ဆင်နဲ့ဆွဲချဖျက်ပါ၊ ဝင်ပါ၊ အောင်ပါလိမ့်မယ်"

အမတ်ကြီးနာမည်က "ဗညား"တဲ့။ ဗညားခံ အမတ်လို့ ခေါ်တယ်။

"ဗိုလ်မင်း ဖေင်ကာရဲ့တပ်တွေ ရိက္ခာပြတ်နေကြပါပြီ၊ မြို့ထဲမှာ တွေ့ရာ ကျွဲ၊ နွား၊ ဆန်စပါးတွေ လုယက်ပြီး လုယူစားသောက် အောင်းကျန်းနေပါပြီ၊ သူတို့ အခြေအနေ မဟန်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"တောင်ငူဘုရင်ရော – အမတ်ကြီး"

"တောင်ငူဘုရင်နဲ့ ဇဗင်ကာတို့လည်း ဗိုလ်မင်းတို့၊ အင်းဝမင်းတို့ကို နောက်ဆုံးအသေခံတိုက်ဖို့ စီစဉ်နေပါတယ် – ဗိုလ်မင်း"

"ကောင်းပြီလေ – အမတ်ကြီးပြောသလို လုပ်ရမှာပေါ့"

"မြို့တွင်းမှာလည်း အဖိနိပ်ခံ မွန်နဲ့ မြန်မာတွေလည်း အသင့် ရှိနေပါတယ်။ ဗိုလ်မင်းတို့ – မြို့တွင်းကိုရောက်တာနဲ့ ပူးပေါင်းမှာပါ"

"အမတ်ကြီး – ပြန်နှင့်၊ ကျုပ်တို့ – မြို့ကို သိမ်းပါ့မယ်"

သည့်နောက် ဥမင်လိုဏ်တူးပြီး တိုင်ခြေပေါ်ရော ဆင်တပ်နဲ့ တိုင်ခြေကြီး ချည်ဆွဲချလိုက်တာ သစ်တပ်တိုင်တွေ ပြိုကျသွားခဲ့တယ်။ မြို့ကျတာနဲ့ မြန်မာဆင်တပ်၊ မြင်းတပ်တွေဟာ ဓားလှံတွေ မြှောက်၊ ကြွေးကြော်သံတွေနဲ့ မြို့ထဲကိုဝင်ပြီး ပေါ်တူဂီတပ်တွေကို တိုက်ခိုက်ဖျက်ဆီးပစ်ကြတယ်။

ဗညားခံအမတ်ကြီး ပြောသွားတာ မှန်တာပဲ။

ကြည့်စမ်း ...။

ပေါ်တူဂီဗိုလ်မှူး ဒီဘရစ်တို(ဇဗင်ကာ)ကိုယ်တိုင် အမြောက်(၁၂)လက်ကို လှည်းရထားနဲ့တင်ပြီး သန်လျင်မြို့အရှေ့တံခါးကနေ ထွက်တိုက်တာကိုး။

သင်းတို့မှာ ဇရ – သေနတ်လက်နက် (လက်ပစ်ဗုံးတပ်သေနတ်)တွေလည်း ပါလာတယ်။

မနက်အရုဏ် မတက်သေးဘူး။

အင်းဝတပ်ကလည်း အလုံးအရင်းနှင့် ဝင်လာပြီး ...

ဒီဘရစ်တိုရဲ့တပ်မှာ နတ်သျှင်နောင်လည်း ကိုယ်တိုင်ပါဝင်တိုက်ခိုက်တာကိုး။ ပေါ်တူဂီစစ်ဗိုလ် ရီဘေရိုကိုယ်တိုင် အမြောက်တပ်ကို ဦးစီးပြီးတိုက်တာ။

အမြောက်ဗုံးပစ်သံတွေ ညံနေတယ်။



ပေါက်ကွဲအားပြင်းလို့ မြေကြီးတွေ ကျင်းဖြစ်ကုန်တယ်။

တိုက်ဆင်အော်သံ၊ မြင်းဟီသံ ညံဆူနေပြီ။

"ကျား ..."

"မြန်မာကွ"

"ဝုန်း"

"အင်းဝတဲ့ဟေ့"

"အုန်း"

"ဝုန်း"

"ကျား – ကျား – ကျား"

"သင့်ထံ အပ်နှံထားတဲ့ ဘုရားဝတ္ထုပစ္စည်း၊ မြို့သူမြို့သားဝတ္ထုပစ္စည်း အခွန်အကောက်ငွေကြေးတွေ ဘယ်မှာထားသလဲ။ အခုထုတ်ပေးပါ။ အဲဒါတွေဟာ မွန်၊ မြန်မာလူမျိုးတွေ ပိုင်တဲ့ဝတ္ထုပစ္စည်းတွေပါ။ ခုချက်ချင်း ထုတ်ပေးပါ။



www.burmeseclassic.com

အင်းဝတပ်က စစ်ကြောင်းကို ဖြန့်ခွဲပြီးတက်တယ်။ အင်းဝတပ်ရဲ့ အမြောက်ပစ်ခတ်သံကလည်း တအုန်းအုန်းပဲ၊ မြို့သူမြို့သားတွေရဲ့ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားသံ၊ ငိုယိုသံ၊ ကျွဲနွားတွေရဲ့ ပြေးလွှားအော်ဟစ်သံ။

ရန်သူ ပေါ်တူဂီတို့ရဲ့နာကြည်းစွာ အော်ဟစ်သံ။

မိုးစင်စင်လင်းလို့ နေရောင်ထွက်ပေါ်လာပြီ။

ဒီမှာ – အင်းဝတပ်က ပစ်လိုက်တဲ့ သေနတ်ကျည်ဆန်က ပေါ်တူဂီဗိုလ်မှူး သန်လျင်မြို့စား ဒီဘရစ်တိုရဲ့လက်မောင်းကိုထိပြီး ဒီဘရစ်တို သူ့တပ်ရှိရာကို အမြန်ပြန်ဆုတ်ခဲ့ရတယ်။

၁၆၁၃ – ခုနှစ်၊ မတ်လ(၁၇)ရက်နေ့မှာ သန်လျင်မြို့လုံးဝကို ပေါက်သွားခဲ့တယ်။ မြို့ထဲက ဗညားခံ မွန်အမတ်ကြီးရဲ့လူတွေကလည်း ရရာလက်နက်တွေ ဆွဲကိုင်ပြီး အင်းဝမြန်မာတပ်ကို အကူအညီပေးခဲ့ကြလို့ အစစအရာရာ အရေးသာနေကြပြီ။

သန်လျင်တစ်မြို့လုံး အမြောက်ဒဏ်ကြောင့် အိမ်တွေ မီးလောင်နေတာ အနှံ့အပြားဖြစ်နေသလို ...

ပေါ်တူဂီစစ်သားတွေရဲ့အလောင်းတွေလည်း အိမ်တွေ၊ မြို့အနှံ့မှာ မြင်လို့မကောင်းအောင် ပြန့်ကျဲလို့။

"အမတ်ကြီး – ဒီဘရစ်တိုနဲ့ နတ်သျှင်နောင် – ဘယ်မှာရှိလဲ"

"သူတို့ ရှင်မွေးနွန်းကုန်းပေါ်ကို ပြေးပါပြီ – ဗိုလ်မင်း"

တပ်မှူး သီဟပတေ့တို့ ရှင်မွေးနွန်းကုန်းပေါ်ကို ဆင်တပ်၊ မြင်းတပ်နဲ့ ဝိုင်းလိုက်ကြတော့ ...

ဒီဘရစ်တိုနှင့် သူ့မယား လှိုဗာတို့ကို ကုန်းတော်က နေအိမ်မှာ အသင့်တွေ့ရတယ်။ ဒီဘရစ်တို လက်မောင်းဒဏ်ရာက သွေးစက်စက်ကျပြီး မူးဝေအားယုတ်ဖြစ်နေတာလည်း မြင်ရတယ်။



ဒီဘရစ်တိုနဲ့ လှိုဗာအပြင် ...

ဒီဘရစ်တိုရဲ့သား၊ မုတ္တမစား ဗညားဒလရဲ့သားမက် ဆိုင်မွန်ကိုလည်း အတူတွေ့လို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြတယ်။

သန်လျင်မြို့လုံးကို အင်းဝမင်း မဟာဓမ္မရာဇာရဲ့တပ်က အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါပြီ။

သန်လျင်ဘုရင် အမည်ခံ ကျေးရူးကန်း အတ္တလောဘသမား ဖေဒင်ကာ (ခေါ်) ဖွန်ကာကူ (ခေါ်) ဖီးလစ်ဒီဘရစ်တိုကိုရော တောင်ငူဘုရင်ဟောင်း နတ်သျှင်နောင်တို့ကိုပါ လက်ရဖမ်းဆီးမိခဲ့ပါပြီ။

ဒီဘရစ်တိုရဲ့မယား ဒွန်နာလှိုဗာကို စစ်မေးတော့ လှိုဗာ "ဘူး" ခံနေတယ်။

သူ့ကို စကားပြန်နှင့် နေ့ရောညပါ စစ်မေးနေရတယ်လေ ...။

"လှိုဗာ – သင့်ယောကျ်ား ဒီဘရစ်တိုဟာ သန်လျင်မြို့ပေါ်ရှိ ကျိုက်ခေါက်ဘုရားစေတီအပါအဝင်နဲ့ ဟံသာဝတီ မွန်မြို့အသီးသီးက ဘုရားဌာပနာ ရတနာပစ္စည်းတွေကို အဓမ္မဖျက်ဆီးဖောက်ယူခဲ့တာ – သင် သိသလား"

"မသိဘူး"

"မြို့အသီးသီးက သူဌေးသူကြွယ်များရဲ့အိမ်က ရွှေငွေရတနာတွေကို အဓမ္မရယူခဲ့တာ သိပါသလား"

"မသိဘူး"

"သန်လျင် ဒဂုံရေဆိပ်အကောက်ခွန်က အခွန်အတုပ် ငွေကြေးတွေ ရယူကိုယ်ကျိုးသုံးခဲ့တာ – သိသလား"

"မသိဘူး"


www.burmeseclassic.com

www.burmeseclassic.com

"သင့်ထံ အပ်နှံထားတဲ့ ဘုရားပစ္စည်း၊ မြို့သူမြို့သားပစ္စည်း အခွန်အကောက်ငွေကြေးတွေ ဘယ်မှာထားသလဲ၊ အခု ထုတ်ပေးပါ၊ အဲဒါတွေဟာ မွန်၊ မြန်မာလူမျိုးတွေပိုင်တဲ့ပစ္စည်းတွေပါ၊ ခုချက်ချင်း ထုတ်ပေးပါ"

"ငါ့မှာ မရှိဘူး၊ ငါ - ဘာမှမသိဘူး"

"သင် သိရဲ့သားနဲ့ - ငြင်းဆန်နေတာလား - လွီဇာ"

"- - - - - - - -"

"ကောင်းပြီ - ကောင်းမွန်စွာမေးတာကို ကောင်းမွန်စွာ မဖြေမှတော့ သင် ထုတ်ဖော်ပြောလို့ရအောင် လုပ်ရတော့မှာပေါ့၊ အဲဒီအတွက် ငါတို့ကို ရက်စက်တယ်လို့ မပြောပါနဲ့၊ သင်တို့ ငါတို့လူမျိုးတွေအပေါ် ရက်စက်ခဲ့တာလောက်တော့ မဆိုးပါဘူး၊ သူ့ကို ခေါ်ခဲ့"

သူမနေတဲ့ စံအိမ်မှာ ရှာတော့လည်း ရတနာပစ္စည်းတွေ မတွေ့ရဘူး၊ သူတို့ဖွက်ထားတာ သေချာတယ်၊ လီဇာက မသိဘူး၊ မရှိဘူးဘဲ လိမ်ညာပြောနေလို့ မင်းမှုထမ်းတွေက သူမကို ရှင်မွေးနွန်းကုန်းတော် အရှေ့ရှိ ပဲခူးမြစ်ကမ်းပါးကို ချုပ်နှောင်ခေါ်လာခဲ့ကြတယ်၊

သည့်နောက် - မြစ်ကမ်းပါးစပ်သောင်ပြင်မှာ ငုတ်ရိုက်၊ ကြိုးတုပ်ထားလိုက်တော့ မကြာဘူး၊ ပဲခူးမြစ်ရေ တဝေါဝေါ တဝုန်းဝုန်း တက်လာပြီး သူ့ကိုယ်လုံးကို ရေနစ်စပြုရော၊

"လွီဇာ - မြန်မာလူမျိုးပိုင် ပစ္စည်းဥစ္စာရတနာတွေ ဘယ်နေရာမှာ ဖွက်ထားလဲ - ပြောမှာလား"

ပဲခူးမြစ်ရေက သူ့ရင်ဘတ်ကို ရောက်နေတာတောင် သူမက လုံးဝ မပြောဘူး၊

တပ်မှူးကြီး သီဟပတေ့တို့လည်း သူမ ခေါင်းကြောမာပုံကို အံ့ဩနေကြတယ်၊ ဒီမှာ - မြစ်ရေတက်လာပြီး လှိုင်းလုံးတွေက သူမရဲ့မျက်နှာလည်ပင်းကိုရောက်ပြီး ပါးစပ်ထဲကို ရေတွေ ဝင်သွားရော၊

တအူးအူး၊ တဖူးဖူးဖြစ်ပြီး အသံကုန်အော်တော့တယ်၊

"ဘုရားသခင် - ကယ်တော်မူပါ"

"ဖွန်ကာကူ - ငါ့ကို ကယ်ပါ - အူး - ဖူး - အု"

"လွီဇာ - ထုတ်ဖော်ပြောမှာလား"

"ဖူး - ဖူး"

"ဝုန်း - ဖွပ် - ဝုန်း - ဖွပ်"

"အာ - ဖူး - အူး"

"ပြောမှာလား"

"ပြော - ပြော - ပါမယ်၊ ငါ့ကို ကယ်ကြပါ"

"ဒီလိုမှပေါ့၊ ရဲမက် - ရေငုပ်ပြီး ကြိုးဖြတ်လိုက်"

ဒီမှာ - ရဲမက်တစ်ဦးက ရေထဲဆင်းငုပ်ပြီး ငုတ်ချည်ကြိုးကို ဖြတ်လို့ လွီဇာကို ကမ်းပါးပေါ် ထမ်းခေါ်လာခဲ့တယ်၊

"လွီဇာ"

"ဟုတ် - ဟုတ်ကဲ့"

"ကျုပ်တို့ ဒီလိုလုပ်ရတာ လုံးဝစိတ်မကောင်းပါဘူး၊ ဘုရားဌာပနာ ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ၊ နတ်သျှင်နောင်ပေးခဲ့တဲ့ နန်းသုံးရတနာတွေ ဘယ်နေရာမှာ ဖွက်ထားသလဲ - ပြောပါ"

"ကျွန်ုပ်တို့ စံအိမ်ရဲ့ အနောက်ဘက်တဲအောက်က မြေကြီးထဲမှာ မြှုပ်ထားပါတယ်"

"ဗိုလ်မင်းတို့ - ဒီဘုရစ်တိုရဲ့စံအိမ်နောက်မှာတဲ့"

တဲအောက်က မြေကြီးကို တူးလိုက်တော့ အဖိုးတန် ရွှေတုံးရွှေခဲ ရွှေဘုရားရုပ်ပွားများနှင့် လက်ဝတ်ရတနာ ပစ္စည်းမျိုးစုံ တန်ဖိုးငွေ ကုဋေနှင့်ချီပြီး တန်ဖိုးမဖြတ်နိုင်တာတွေ ပြန်လည်ရရှိခဲ့တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့က သန်လျင်မြို့စား(ခေါ်)ပေါ်တူဂီဗိုလ်မှူး ဖေင်ကာ(ဖီးလစ်ဒီဘရစ်တို့)ကို စစ်ဆေးတဲ့နေ့ပဲ။

အင်းဝမင်း မဟာဓမ္မရာဇာ ကိုယ်တော်တိုင် စစ်ဆေးချက်ကို နားထောင်ခဲ့တယ်။

ဖေင်ကာကို ဘုရင့်ကိုယ်စား စစ်ဆေးသူများကတော့ ...

သေနာပတိ စည်သူကျော်ထင်နှင့် အမတ်သခ်ယာတို့ပဲ ဖြစ်တယ်။

"ဖေင်ကာငယ် - ငါ့နိုင်ငံတော် တောင်ငူမြို့ကိုပင် ဘာကြောင့် ဖျက်ဆီးတိုက်ဖျက်ခဲ့ရသလဲ"

"ဘုရားနိုင်ငံကို ကျွန်ုပ် ဖျက်ဆီးလို၍ ချီတက်တိုက်ခိုက်တာမဟုတ်၊ တောင်ငူဘုရင် နတ်သျှင်နောင်မင်းက လာလှည့်၊ ချီလှည့်၊ ယူလှည့်ပါဆို ယူရပါသည် - အရှင်"

"ဖေင်ကာ - သင်သည် သန်လျင်ကျိုက်ခေါက်ဘုရား အပါအဝင် ဟံသာဝတီ မွန်ပြည်နယ်တစ်ဝှမ်းက ဘုရားဌာပနာများကို ဖောက်ယူတာ ဝန်ခံပါသလား"

"ယူမိပါတယ် - ဘုရား"

"ကြေးခေါင်းလောင်းများ ဖြုတ်ယူပြီး အမြောက်လက်နက်သွန်းလို့ ထိုအမြောက်လက်နက်များနှင့် ရခိုင်ဘုရင် မင်းရာဇာကြီးကိုရော ငါတို့မြန်မာတပ်တွေကိုရော၊ တောင်ငူမြို့တော်ကိုရော ပစ်ခတ်ဖျက်ဆီးခဲ့တာ ဝန်ခံပါသလား"

"ပြုမိပါတယ် - အရှင်"

"ရွှေတိဂုံဘုရားပေါ်က ဓမ္မစေတီမင်းကြီးရဲ့ ကောင်းမှုတော် ခေါင်းလောင်းကြီးကို အမြောက်လက်နက်သွန်းရန် အဓမ္မဖြုတ်ယူတာရော သင်ငြင်းချင်ပါသလား"

"မငြင်းဝံ့ပါ - အရှင်"



"ဓမ္မစေတီမင်းရဲ့ ကောင်းမှုတော်ခေါင်းလောင်းကြီးကို သင်အမြောက်လက်နက် သွန်းခဲ့သလား"

"မသွန်းရသေးပါ - အရှင်"

"သဟာဆို အဲဒီခေါင်းလောင်း ဘယ်မှာတုံး"

"မှန်ပါ - ရွှေတိဂုံဘုရားပေါ်မှ ဖြုတ်ယူပြီး ပန်းအလွဲချောင်းအတိုင်း ဖောင်ပေါ်တင်၍ သယ်လာစဉ် ပဲခူးမြစ်သုံးဆိုင်အဝင်မှာ လှိုင်းလေဒဏ်ကြောင့် ဖောင်ကွဲ၍ ရေအောက်နစ်မြုပ်ဆုံးရှုံးခဲ့ရပါသည် - အရှင်"

"သင် - ဘုရားပိုင်ပစ္စည်းများကို ဖျက်ဆီးတာ သည်ဗုဒ္ဓဘာသာသာသနာကို ဖျက်ဆီးရာရောက်ကြောင်း သိပါပြီလား"

"ကျွန်ုပ် မှားပါသည် - အရှင်"

"သင်သည် သန်လျင်မြို့တွင်းသို့ ဗုဒ္ဓဘာသာရဟန်းတော်များ ဆွမ်းခံမကြွရဘူးလို့ အမိန့်ထုတ်တာရော ဝန်ခံပါသလား"

"ကျွန်ုပ် - မှားပါတယ် - အရှင်"

"ရဟန်းသံဃာတွေကို အဓမ္မ လူဝတ်လဲပြီး သင်တို့ရဲ့ ပေါ်တူဂီဘာသာထဲ ဖွတ်သွင်းနှိပ်စက်တာရော ဝန်ခံပါသလား"

"ကျွန်ုပ်ရဲ့အမှားတွေပါ - အရှင်"

"သင်ဟာ ကျေးဇူးရှင် ရခိုင်ဘုရင် မင်းရာဇာကြီးရဲ့ကျေးဇူးကို ပုန်စားစော်ကားတာရော ကောင်းပါသလား - ဖေင်ကာ"

"------"

"သင့်မှာ အပြစ်ရှိလား၊ မရှိဘူးလား - ဖေင်ကာ"

"ရှိပါတယ် - အရှင်၊ ကျွန်တော်မျိုးကို ..."



www.burmeseclassic.com

www.burmeseclassic.com

တောင်ငူဘုရင် နတ်သျှင်နောင်ကိုလည်း ဆက်လက်စစ်ဆေးခဲ့တယ်။ နတ်သျှင်နောင်ကတော့ အင်းဝမင်း မဟာဓမ္မရာဇာနှင့် ဆွေမျိုးလည်းတော်တော့ တရားခံဘဝ ရောက်နေတာတောင် မထီလေးစား လုပ်ချင်စိတ်ရှိနေတုန်းပဲ။

ဒီမှာ အမတ်သခံယာက -

"နတ်သျှင်နောင် - သင့်နိုင်ငံတောင်ငူကို အင်းဝမင်း သိမ်းပိုက်ပြီး သင့်ကို ပြန်အုပ်ချုပ်ဖို့ ပေးအပ်ခဲ့တာ ဟုတ်မှန်ပါသလား"

"သူ မတရားသိမ်းပိုက်တာပါ"

"ပေါ်တူဂီနယ်ချဲ့ကို မြန်မာ့မြေပေါ်က တိုက်ခိုက်မောင်းထုတ်ရာမှာ တိုင်းပြည်စည်းလုံးညီညွတ်ရေးအတွက် အင်းဝမင်းက ပြည်၊ တောင်ငူကို စည်းရုံးခဲ့တယ်။ သင် - ဘာကြောင့် ပေါ်တူဂီနယ်ချဲ့ကို တိုက်ထုတ်ဖို့ မပူးပေါင်းရတာလဲ"

"ဇေင်ကာနှင့် ငါသည် - ရန်သူမဟုတ်"

"ဇေင်ကာဟာ ပေါ်တူဂီလူမျိုးခြား ကျူးကျော်သူ နယ်ချဲ့ နတ်သျှင်နောင်"

"သူ့ကို ရခိုင်ဘုရင်က သန်လျင်စား ခန့်ခဲ့တာပါ"

"တောင်ငူကို တိုက်ယူသိမ်းဖို့ သင်က ဇေင်ကာကို စာစေခဲ့တယ်လို့ သိရတယ် - ဟုတ်ပါသလား"

"ငါမခေါ် - ငါမစေ"

ဒီမှာ - အမတ်သခံယာက ဇေင်ကာဘက်ကို လှည့်ပြီးမေးလိုက်တယ်။

"တောင်ငူဘုရင် နတ်သျှင်နောင်က - ဇေင်ကာ - သင့်ကို လာသိမ်းဖို့ ခေါ်တာ မဟုတ်ဘူးတဲ့။ သင် ဘာပြောချင်လဲ"

ဒီမှာ ဇေင်ကာက -



"တောင်ငူမင်းက ကြက်ရန်းပင်စားကို စာနှင့်စေပါသည်၊ မယုံသော် ကြက်ရိုးပင်စားကို မေးလှည့်ပါ"

သို့နှင့် ကြက်ရန်းပင်စားကို ခေါ်ယူစစ်ဆေးရတယ်။

"ကြက်ရန်းပင်စား"

"အမိန့်ရှိပါ - အရှင်"

"တောင်ငူဘုရင် နတ်သျှင်နောင်က ပေါ်တူဂီဗိုလ်မှူး ဇေင်ကာကို သင်နှင့် စာစေပြီး တောင်ငူကို သိမ်းဖို့လွှတ်တာ - ဟုတ်မှန်ပါသလား"

"အရှင် - ကျွန်တော်မျိုး သန်လျင်စားထံ သွားရတာ မှန်ပါသည်၊ ဒါပေမဲ့ - တောင်ငူဘုရင်က စာကို သဏ္ဍာလတ်နှင့်ထည့်ပြီး တံဆိပ်လက်ရာများကို ရိုက်ပိတ်သမို့ စာထဲမှာ ဘယ်လိုရေးထားမှန်း မသိပါ"

စစ်ဆေးမှုက ခပ်တိုတိုနှင့် ပြီးသွားခဲ့တယ်။

သည့်နောက် အင်းဝမင်း မဟာဓမ္မရာဇာက အမိန့်တော်ချမှတ်လိုက်တယ်။

"ကြက်ရန်းပင်စားရဲ့သက်သေထွက်ချက်အရ သန်လျင်စား ဇေင်ကာထံ တောင်ငူဘုရင် စာစေတာ သေချာတယ်။ ငါသည် တောင်ငူကို အလိုတော်ပြည့်စဉ်က တောင်ငူကို သိမ်းပိုက်ဖျက်ဆီးခြင်း အလျဉ်းမလုပ်ဘဲ နတ်သျှင်နောင်ကိုပြန်အပ်ခဲ့တယ်။ ဒါပေမဲ့ - တောင်ငူမင်းက ကျေးဇူးသစ္စာ မစောင့်စည်းဘူး။ ဇေင်ကာလည်း သူ့ကျေးဇူးရှင် ရခိုင်ဘုရင် မင်းရာဇာအပေါ် ကျေးဇူးသစ္စာ စောင့်သိခဲ့ဘူး။ သင်းက ကျူးကျော်သူ၊ နတ်သျှင်နောင်က တုလားကျွန်ခံချင်သူ၊ ဇေင်ကာက မိစ္ဆာဒိဋ္ဌိ - ဘုရားစေတီပုထိုး ကျောင်းကန်တခေပတွေကို ဖျက်ဆီးတဲ့သူ ဖြစ်တယ်။ ဒါကြောင့် သင်းတို့နှစ်ဦးကို မြို့လယ်ကောင်မှာ သံတံကျင်တင်၍ အဆုံးစီရင်စေ၊ မြို့သူမြို့သားအားလုံးလည်း မျက်မြင် ကြည့်ကြစေ"



www.burmeseclassic.com

www.burmeseclassic.com

ဇေင်ကာက ဟိုတုန်းက ပေါ်တူဂီသင်္ဘောပေါ်က စားပွဲထိုးကလေးပါ။ သို့သော် သူက ပေါ်တူဂီစကားရော၊ ရခိုင်စကားရောတတ်ကျွမ်းတော့ ရခိုင်ဘုရင့်နန်းတော်မှာ စကားပြန်လုပ်ရင်း ရခိုင်ဘုရင် မင်းရာဇာကြီးက သူကောင်းပြုခဲ့တယ်။

နောင်အခါ သူဟာ ရခိုင်အမတ်ကြီး မင်းစောထွတ်ရဲ့သမီး စောဘဒ္ဒါနဲ့ အကြောင်းပါ ညားခဲ့တယ်။ စောဘဒ္ဒါက ဒုတိယဇနီးဖြစ်ပြီး လွီဇာက တတိယဇနီးပါ။ လွီဇာက ဂိုအာဘုရင်ခံရဲ့တူမ၊ ပထမဇနီးက ပေါ်တူဂီမှာ ရှိတယ်။ ဇေင်ကာက ရခိုင်ဘုရင်ကို ခေတ်မီလက်နက်တွေ ဆက်သခဲ့တယ်။

ရခိုင်ဘုရင်ကလည်း ဇေင်ကာကို အားထားပြီး ပေါ်တူဂီကြေးစားတပ်မှာ ခေါင်းဆောင်ခန့်ထားပေးခဲ့တယ်လေ။ ရခိုင်မင်းရဲ့နေပြည်တော်ကို ကာကွယ်ဖို့ပေါ့။

ဒီလိုနဲ့ – ဇေင်ကာ မြောက်ဦးမှာ အရေးပါသူ ဖြစ်လာခဲ့တယ်။ ဗိုလ်မှူးဇွန်ကာကူရယ်လို့ ဖြစ်လာခဲ့တယ်။ ထင်ရှားလာတာပါ။

ဘုရင့်နောင်မင်း နတ်ရွာစံတော့ သားတော်နန္ဒဘုရင် နန်းတက်ခဲ့တယ်။ နန္ဒဘုရင်နှင့် ရခိုင်မင်းတို့ ချစ်ကြည်ရေးပျက်ခဲ့ကြတယ်။ ဒီလိုနဲ့ ရခိုင်ဘုရင် ဟံသာဝတီကို ချီတက်ခဲ့ရာမှာ ...

ဇေင်ကာရဲ့ပေါ်တူဂီ ကြေးစားအမြောက်တပ်ကလည်း ပါခဲ့တယ်။

ရခိုင်ဘုရင်က ပဲခူး – ဟံသာဝတီကို အလိုပြည့်လျှင် ချီးမြှင့်မြှောက်စားမယ်လို့ ဇေင်ကာကို ကတိပေးခဲ့တာကိုး။

အလိုပြည့်တော့ – ဇေင်ကာကို သန်လျင်စားအဖြစ် နေရာပေးခဲ့ရာက ဇေင်ကာက သူ့ကိုယ်သူ သန်လျင်ဘုရင် အမည်ခံပြီး ရခိုင်ဘုရင်ကို မလေးမခန့် လုပ်ခဲ့ပါရော။

ဒါကြောင့် – ရခိုင်ဘုရင်က သားတော် မင်းခမောင်းကို သန်လျင်ကို ချီတက်စေပြီး ဇေင်ကာကို တိုက်ခိုက်စေတယ်။



သည်တုန်းက နတ်သျှင်နောင်လည်း ပါတယ်။

ဇေင်ကာက လူသူ လက်နက်မြို့စီးကောင်းလို့ သန်လျင်ကို လက်ရသိမ်းနိုင်ဘဲ မင်းခမောင်းကို သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရတယ်။ ဇေင်ကာက ရွှေ ငွေနဲ့ ရွေးရမယ်လို့ ရာဇသံ ပေးသတဲ့။ ဒါနဲ့ – ဒင်္ဂါးငါးသောင်းနဲ့ ရွေးယူခဲ့တယ်။

သည်တော့ – ရခိုင်ဘုရင် မင်းရာဇာကြီးရဲ့သားတော် မင်းခမောင်းကိုပြန်လွှတ်ပေးပြီး – "ငါ့ကို သန်လျင်ဘုရင်အဖြစ် တန်းတူဆက်ဆံရမယ်" လို့ ပြောခဲ့တယ်။

ဇေင်ကာက အဲဒီလို ကျေးဇူးကန်းတဲ့ကောင်ပါ။

လောဘသားပါ။ မိစ္ဆာဒိဋ္ဌိပါ။

နောင်တော့ – ဟံသာဝတီတစ်ဝှမ်းက ဘုရားပုထိုးတွေဖျက်၊ ဌာပနာတော်တွေကို ဖောက်သူ၊ ကြေးခေါင်းလောင်းကြီးတွေ အမြှုပ်ဖျက်ပြီး အရည်ကျို အမြောက်သွန်း။

သူ့ကြောင့် ဓမ္မစေတီမင်းကြီးရဲ့ သမိုင်းဝင် ခေါင်းလောင်းတော်ကြီး ခဲ့မြစ်သုံးဆိုင်ရေအောက် ရောက်ရှိသွားခဲ့တယ်။ သူက အကြံကြီးတယ်လေ။

လက်နက်နိုင်ငံထူထောင်ပြီး တစ်နိုင်ငံလုံး သိမ်းပိုက်ဖို့ ကြံစည်လို့ အင်းဝမင်း မဟာဓမ္မရာဇာက လာရောက်တိုက်ခိုက် သုတ်သင်ရတာ။

ဇေင်ကာက တောင်ငူဘုရင် နတ်သျှင်နောင်ကို နာကြည်းခဲ့ဖူးတယ်။ ရခိုင်ဘုရင် သန်လျင်ကို လာတုန်းက တောင်ငူဘုရင် နတ်သျှင်နောင် ပါလာခဲ့လို့ပဲ။

ဒါကြောင့် – နတ်သျှင်နောင်ကို ပေးစာအရ ကယ်မလိုဟန်ပြုပြီး တောင်ငူကို တိုက်ခိုက်ဖျက်ဆီးလို့ တောင်ငူဘုရင်ကို သန်လျင်ခေါ်သွားခဲ့တာ။ ပြီး – တောင်ငူနန်းသုံးပစ္စည်းတွေ ရယူခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com

နတ်သျှင်နောင်က ယုံကြည်မှုလွန်ကဲပြီး လူပေါင်းမှားခဲ့တာ၊

ခုတော့ – ဇေယကာနဲ့ နတ်သျှင်နောင်ကို သုတ်သင်ရပြီ၊

သူတို့ကို သုတ်သင်စီရင်တဲ့နေ့က ...

၁၆၁၃ – ခုနှစ်၊ မတ်လ(၂၈) ရက်နေ့၊

သန်လျင်မြို့လယ်ကောင်မှာ ကားစင်တင်ထားကြတယ်၊

ကားစင်ပေါ်မှာတော့ ...

တောင်ငူဘုရင် နတ်သျှင်နောင်နှင့် သန်လျင်မြို့စား ပေါ်တူဂီဇေယကာ၊

ဆံပင်ဖရိုဖရဲ၊ ချွေးဖုန်အလူးလူး၊ ပေရေညစ်ပတ်လို့၊

အမှန်က အင်းဝမင်း မဟာဓမ္မရာဇာက နတ်သျှင်နောင်ကို မသတ်ချင်ပါဘူး၊ မြန်မာဆွေတော်ချင်းမို့ ညှာတာပါတယ်၊

နတ်သျှင်နောင် အမှားကို ဝန်ခံရင် လွှတ်ပေးဖွယ် ရှိပါတယ်၊

သို့သော် ...

နတ်သျှင်နောင်က မာတယ်၊ အညှံ့မခံဘူး၊

ငါနှင့် သန်လျင်မြို့စားတို့အပေါ် အပြစ်ရှိလျှင် စီရင်ပါ၊ ငါတို့ တစ်စိတ်တစ်ဝမ်းတည်းပဲလို့ ပြောခဲ့တဲ့အတွက် မာန်မာနကြောင့် အဆုံးစီရင်လိုက်ရတာပါ၊

သန်လျင်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်နဲ့ ကြည့်နေကြတယ်၊

မြို့သူမြို့သားတွေရဲ့မျက်နှာပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ ပေါ်တူဂီသန်လျင်စား ဇေယကာ သေရမှာကို ကြည့်ပြီးဝမ်းသာကြ၊

သို့သော် ...

လူပေါင်းမှားပြီး စီရင်ခံရသည့် တောင်ငူဘုရင် နတ်သျှင်နောင်ကို ကြည့်ပြီး စိတ်မကောင်းကြ၊ သူက ရတုစာဆိုဘုရင်၊ ရာဇဝင်တွင်လောက်တဲ့ ရတုကလျာနဲ့ ချစ်ခဲ့ဖူးသူ၊

ကြည့်နေတုန်း၊ စဉ်းစားနေကြတုန်းမှာပဲ ...၊



လက်မရွံ့တွေ ရောက်လာပြီး ...

သူတို့နှစ်ဦးကို သံတံကျင်လျှိုပြီး စီရင်လိုက်ကြတယ်၊

ဇေယကာရဲ့အသံနက်ကြီးနဲ့ အော်သံ၊ စူးဝါးနာကျင်အော်သံကို အဆုံးစီရင်ခံရပြီးဖြစ်တဲ့ သူ့မယား လွီဇာရဲ့ဝိညာဉ်က တစ်နေရာမှ ကြားမြင်၊ မျက်ရည်ကျနေလေမလားမသိ၊

❖ မောင်ညိုမှိုင်း (သန်လျင်)

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)(၂/ခ) ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com




**မြို့ပေါ်ရှိမျက်နှာကြီးဖဲဝိုင်းကို**
**ဝင်ရောက်ဖမ်းဆီးခဲ့သည့်**
**ရဲဝန်ထမ်းတစ်ယောက်၏**
**နောက်ဆက်တွဲပြဿနာများ..**

**ဒီသတ္တလောကကြီး**ထဲမှာဦးချိုရှိသောသတ္တဝါသည်ဦးချိုကိုအားကိုးလျက်၊အစွယ်ရှိသောသတ္တဝါတို့သည်လည်း အစွယ်ကိုအားကိုးလျက်၊ အဆိပ်ရှိသောသတ္တဝါတို့လည်း အဆိပ်အားကိုးလျက်၊ ဘဝတူ သတ္တဝါအချင်းချင်းနိုင်ရာစား မင်းမူနေထိုင်လျက် ရှိကြပေသည်။ အဲဒီလိုပဲငွေကြေးချမ်းသာသူတွေကလည်း ဆင်းရဲသားကျောမွဲလူတန်းစားတွေအပေါ် ဗိုလ်ကျစိုးမိုး အနိုင်ကျင့်နေတတ်ကြပေသည်။အရှိန်အဝါကြီးမားသူတွေရဲ့ခရှိန်တွေကလည်းစိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတတ်ကြပြီး ခရုဆံကျွတ်ဖွတ်မွဲပြာစု ဆင်းရဲသားလူတန်းစားတွေအပေါ်ကုပ်သွေးစုပ်နေရုံတင်မက အရွယ်ရောက်မယ်ကြွဲခါရှိသေးတယ်။ဆယ်ကျော်သက်မိန်းမပျိုကလေးတွေကိုလည်း ခြေတော်တင်တတ်ကြသေးတယ်။လုပ်ပိုင်ခွင့်ရှိသူတွေရဲ့အရှိန်အဝါနဲ့

www.burmeseclassic.com

www.burmeseclassic.com

အနိုင်ကျင့်စော်ကားနေတတ်ကြတယ်။ ဘုရားသိအမတ် ခလုတ်တိုက်ဆိုတဲ့စကားကို ဘယ်သူ့ကိုမှ ဂရုမစိုက်လုပ်ချင်တာ အကုန်လုပ်၊ ရှုပ်ချင်တာ အကုန်ရှုပ်တတ်တဲ့သာဓကလေးတစ်ခု ကြုံဖူးခဲ့တယ်။

၁၉၇၃ - ခုနှစ်လောက်က ကျွန်တော် ဓနုဖြူမြို့မရဲစခန်းမှာ အမှုစစ်အရာရှိတာဝန် ဆောင်ရွက်နေစဉ်က ဖြစ်ပါသည်။ ဓနုဖြူမြို့တွင် (ကုန်းမှာဝိုင်တင်၊ ရေမှာဘလှ) ဆိုတဲ့စကားတစ်ခု ရှိခဲ့ဖူးပါသည်။ ကုန်းမှာဝိုင်တင်ဆိုတာက ဓနုဖြူကားပိုင်ရှင်များအသင်းမှာ ဥက္ကဋ္ဌတာဝန် ဆောင်ရွက်နေတဲ့ ကားပိုင်ရှင် ဦးဝိုင်တင်ဆိုတဲ့ လူပုဂ္ဂိုလ်ကြီးတစ်ယောက် ရှိနေခဲ့သလို၊ ရေမှာ ဘလှဆိုတာကလည်း ဟင်္သာတရထားကုန် ပြေးဆွဲနေတဲ့ နှစ်ထပ်ကြား သင်္ဘောပုဂ္ဂလိကပိုင် ရေယာဉ်အသင်းရဲ့ဥက္ကဋ္ဌ တာဝန်ဆောင်ရွက်နေတဲ့ ဦးဘလှဆိုတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်လည်း ရှိနေခြင်း ဖြစ်ပါတယ်။

ခရီးသည်တွေ ဘာအကြောင်း၊ ဘာကိစ္စ၊ ဘာအခက်အခဲရှိရှိ အဆင်မပြေဘူးဆိုတာ မရှိစေရအောင် ဝန်ဆောင်မှု အပြည့်ပေးနိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေပါ။ စိတ်ရင်းစိတ်ထားကလေးတွေကလည်း ကောင်းမွန်ကြပါပေတယ်။ သူ့လိုင်းနဲ့သူတော့ စွမ်းရည်ထက်မြက် အထက်ကို ပေါက်ရောက်တဲ့ပုဂ္ဂိုလ်ကြီးတွေပါပဲ။ ကျွန်တော်ကလည်း ပြည်သူ့ရဲတပ်ဖွဲ့ကြီး၊ ငါကယ်တင်မှ နာမည်ကောင်းတော့မှာပဲဆိုတဲ့ ကြွေးကြော်သံနဲ့ တက်ကြွနေတဲ့ ကျောင်းဆင်းအသစ်စက်စက် ရဲအရာရှိငယ်လေးပေါ့ဗျာ။ ကျွန်တော့်မှာ ကောင်းတယ်၊ မကောင်းတယ်ရယ်လို့တော့ မပြောတတ်ဘူး။ မဟုတ်ရင် မခံချင်တဲ့စိတ်၊ တပ်ဖွဲ့အပေါ် နှိမ်ချစော်ကားပြောလာရင် ကြီးသော ငယ်သော၊ အထီးသော အမသော မရှောင်၊ ပက်ပက်စက်စက် ပြန်လည်ပြောဆိုတတ်တဲ့ညာဉ်ကလေးတစ်ခုတော့ ရှိနေလေရဲ့။ ကျွန်တော် ဓနုဖြူမှာ တာဝန်ကျနေစဉ်က နယ်စီးလုံခြုံရေးမှူးက ရဲအုပ်ဦးကွမ်းပါ။

စခန်းမှူးက သူရဲကောင်းမှတ်တမ်းဝင် ဦးသန်းရွှေ ဖြစ်ပါတယ်။ နှစ်ယောက်စလုံး စိတ်ရင်းကောင်းကြပါတယ်။ တစ်နေ့မှာ ဓနုဖြူနလက



ဥက္ကဋ္ဌဗိုလ်ကြီးကျော်လှဆိုသူ အိမ်မှာ အလှူတစ်ခုလုပ်တယ်လို့ကြားတယ်။ ဖိတ်ထားတဲ့မြို့သူမြို့သားဂုဏ်သရေရှိပုဂ္ဂိုလ်တွေကို မုန့်ဟင်းခါးကျွေးတယ်၊ အဲဒီတော့ နလကဥက္ကဋ္ဌက စခန်းမှူးကိုပြောတယ်။ ခင်ဗျားရဲစခန်းက နောက်ပြောင်းလာတဲ့ ဒုလုံခြုံရေးမှူးကလေးတွေကို အိမ်မှာ လုပ်အားပေးရန် စေလွှတ်ပေးပါတဲ့။ ပြောပုံဆိုပုံက ဘယ်လောက်ရင့်သီးလိုက်သလဲ။ ရဲအရာရှိငယ်တွေကို သူ့အိမ်မှာ (အိုက်တိုးပဂေးဆဲ) ခိုင်းဖို့တဲ့ဗျာ။

အဲဒီတော့ စခန်းမှူးက ကျွန်တော်တို့ကို ပြောတယ်။ ခင်ဗျားတို့လည်း ပြောင်းလာတာ မကြာသေးတော့ ဥက္ကဋ္ဌကြီးနဲ့လည်း ရင်းနှီးမှုရအောင် စားရင်းသောက်ရင်း လုပ်အားပေးသွားကြပါလို့ပြောတယ်။ ကျွန်တော်က မိဘအိမ်မှာတောင် ပန်းကန်မဆေး၊ လုပ်အားမပေးခဲ့ရပဲနဲ့ သူ့စိမ်းအိမ်မှာ သွားပြီး လုပ်အားပေး၊ ပန်းကန်ဆေးရမယ်ဆိုတော့ စားလည်း မစားဘူး၊ သွားလည်း မသွားဘူးလို့ ပြန်ပြောလိုက်တယ်။

ကျွန်တော်နှင့်အတူ ဓနုဖြူကိုပြောင်းလာတဲ့ တစ်ပတ်စဉ်လည်းကျောင်းဆင်းဖက်သူငယ်ချင်းကိုမောင်မောင်ဆိုသူက လေတပ်က နေရဲ့ရောက်လာတဲ့သူပါ။ ကိုမောင်မောင်ဟာ အင်မတန် အားနာတတ်ပြီး အင်မတန်အေးတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သူကတော့ နလကဥက္ကဋ္ဌအလှူအိမ်ကို သွားခဲ့တယ်။ ဓနုဖြူရဲစခန်းဟာ ကြားသင်္ဘောဆိပ်နဲ့နီးပြီး ရှေးဟောင်းအဆောက်အအုံလို့ပဲ ဆိုရမလား။ အင်္ဂလိပ်ခေတ်က ဆောက်ထားခဲ့တဲ့နှစ်ထပ်အဆောက်အအုံ ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်က မိသားစုမပါသွားသေးတော့ ရဲစခန်းအပေါ်ထပ်မှာ ကိုမောင်မောင်နှင့် အတူနေပါတယ်။ အပြင်မှာ ထမင်းလခပေးစားခဲ့ကြပါတယ်။

ရဲစခန်းရှေ့တည့်တည့်မှာ ဆိုက်ကားဂိတ် မဟုတ်ဘဲ ဆိုက်ကားတစ်စီး အမြဲရပ်ထားတာကိုရက်ကြာလာတော့ ကျွန်တော် သတိထားမိလာခဲ့တယ်။ နယ်ထိန်းရဲကို အကျိုးအကြောင်း မေးကြည့်တော့ ဓနုဖြူမီးသတ်ခန်းကား

www.burmeseclassic.com

အသင်းပိုင်နှစ်ထပ်အဆောက်အအုံအပေါ်ထပ်မှာ ဦးဝိုင်တင်တို့မြို့ထဲက စီးပွားရေးသမားတွေနဲ့ နေ့စဉ် ဖဲဝိုင်းလုပ်နေတတ်ကြောင်း၊ ဆရာတို့က အသစ်ပြောင်းလာတဲ့ အရာရှိတွေဆိုတော့ သူတို့ဖဲဝိုင်းကို လာဖမ်းမှာစိုးလို့ ဆရာတို့ လှုပ်ရှားမှုကို စောင့်ကြည့်နိုင်းထားတဲ့ ဆိုက်ကားဖြစ်ကြောင်း ပြောပြလို့သိခဲ့ရတယ်။ နယ်ထိန်းက ဆက်ပြောသေးတယ်၊ ကားဥက္ကဋ္ဌဦးဝိုင်းတင်တို့က မြို့မျက်နှာဖုံး ကားပိုင်သူဌေးတွေဖြစ်ကြောင်း၊ နလကဥက္ကဋ္ဌနဲ့လည်း ရင်းနှီးကြောင်း သူတို့ဖဲဝိုင်းကို ကျွန်တော်တို့ ရဲတွေ သွားမဖမ်းရဲကြဘူး။ မသိချင်ယောင်ဆောင်နေခဲ့ရတယ်တဲ့။

မြို့လယ်ကောင်က အထင်ကရ ဖဲဝိုင်းကြီးက မျက်နှာကြီးဖဲဝိုင်းတဲ့။ နလကဥက္ကဋ္ဌနဲ့လည်း ရင်းနှီးလို့ ရဲကလည်း မဖမ်းရဲကြဘူးတဲ့၊ ဆိုတော့ တစ်မျိုးကြီး ဖြစ်မနေဘူးလား။ မျက်နှာမွဲ ဆင်းရဲသားအသုဘအိမ် သင်္ချိုဟ်စရိတ်ကလေးရအောင် မသာစောင့်ကလေးဖြစ်အောင်လုပ်တဲ့ ချောက်တီးချောက်ချက် အသုဘဖဲဝိုင်းကလေးကိုတော့ အပေါ်က အာဏာပိုင်တွေက အဖမ်းခိုင်းခဲ့ကြတယ်။ အဲဒီလို ခနေဖြူမြို့ပေါ်မှာ ဥပဒေမိုး ကွက်ကြားရွာသလို အခြေအနေတွေကဖြစ်နေတယ်။ ဥပဒေဆိုတာလူတန်းစားမခွဲခြားရဘူးလေ၊ Laws do not discriminate against any one လို့ဆိုထားတယ်လေ၊ အဲဒီလိုပုံစံမကျတဲ့ကိစ္စ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားလာခဲ့ရတယ်၊ နောက်ဆုံးတော့ အဲဒီမြို့လယ်ခေါင်မီးသတ်အနီးက မျက်နှာကြီးကား သူဌေးတွေရဲ့ဖဲဝိုင်းကို ဖမ်းချင်စိတ်တွေ ကျွန်တော့်ရင်ထဲမှာ တဖွားဖွား ပေါ်ပေါက်လာခဲ့တယ်။ အဲဒီတော့ ဖဲဝိုင်းဖမ်းဖို့ ဖမ်းဝရမ်းကို မြို့နယ်တရားရုံးမှာ တောင်းယူထားလိုက်တယ်၊ ပြီးတော့ – စိတ်တူကိုယ်တူ တက်ကြွတဲ့လူငယ်ရဲဘော်တွေကို စည်းရုံးထားလိုက်တယ်၊ ခိုင်မာတိကျကြေးများတဲ့ဖဲဝိုင်းသတင်းကိုလည်း စုံစမ်းခိုင်းထားလိုက်တယ်။ တစ်နေ့တော့ နေ့ခင်း(၁)ချက်ထိုးမှာ



ဦးဝိုင်းတင်တို့ဖဲဝိုင်းအကြီးအကျယ်ပြုလုပ်နေရကြောင်းမြို့ပေါ်က ဂုဏ်သရေရှိလူကြီးလူကောင်း ဖဲသမားတွေလည်းပါကြောင်း သတင်းရခဲ့တယ်၊

အဲဒီတော့ – နယ်ထိန်းရဲဘော်တွေနဲ့ အရံအင်အားအဖြစ် အားနေတဲ့ ရဲဘော်တွေကိုစုစည်းလိုက်တော့ကျွန်တော်ပါအင်အား(၆)ယောက်လောက် ရခဲ့တယ်၊ ဘာလုပ်ဖို့ ဘယ်သွားဖို့ဆိုတာ ရဲဘော်တွေကို အသိမပေးသေးပဲ ဖဲဝိုင်းက တောင်ဘက်မှာ ဖြစ်နေတယ်ဆိုတော့ ကျွန်တော်က မြောက်ဘက်ကို ခြေကြောင်းပြထားလိုက်တယ်။ အမှုစစ်အရာရှိ ခားပြတရားခံဖမ်းထွက်မလို့ ဆိုပြီး သတင်းလွှင့်ထားလိုက်တယ်၊

ကျွန်တော်တို့ရဲဘော်တွေအားလုံး အဆင်သင့်ဖြစ်ပြီဆိုတဲ့အခါ ရဲစခန်းရှေ့မှာ ကျွန်တော့်ရဲ့လှုပ်ရှားမှုကို အကဲခတ် စောင့်ကြည့်နေတဲ့ ဆိုက်ကားသမားကို လှမ်းခေါ်လိုက်ပြီး ကျွန်တော် ပြန်မလာမချင်း ဘယ်ကိုမှမသွားရန် ကင်းအဖွဲ့ကို အပ်ထားလိုက်ပါတယ်။ ချက်ချင်းပဲ ကျွန်တော်နဲ့ ရဲဘော်တွေ ဆိုက်ကား(၃)စီးနဲ့ မီးသတ်အနီးက ကားဥက္ကဋ္ဌရုံးကို ရုတ်တရက် အလျင်အမြန် သွားခဲ့တယ်။ ဦးဝိုင်းတင်ကတော့ သူစောင့်ကြည့်ခိုင်းထားတဲ့ အထောက်တော် ဆိုက်ကားသမား ရှိနေတယ် အကြောင်းထူးရင် သတင်းရမှာဆိုပြီး စိတ်အေးလက်အေး ရှိနေပုံရနေမှာပါ။

ကျွန်တော်တို့အဖွဲ့တွေ ကားဥက္ကဋ္ဌရုံးသို့ ရောက်တော့ အောက်ထပ်မှ ကင်းစောင့်ချထားတဲ့လူကို ဘာမှမလှုပ်ရှားနိုင်ခင် ဘာစကားမှ မပြောရန် လျင်မြန်စွာ နှုတ်ပိတ်ထားလိုက်ပြီး ကျွန်တော်တို့နှင့်အတူ ခေါ်ပြီး အပေါ်ထပ်ကို အလျင်အမြန် တက်သွားခဲ့တယ်။ အပေါ်ထပ်ရောက်တော့ လူခုနစ်ယောက် ဝိုင်းကြီးကြီး၊ အလယ်မှာဖဲချပ်တွေနဲ့ ငွေပုံကြီး တွေ့လိုက်ရလို့ ကျွန်တော်က အားလုံးမလှုပ်နဲ့ – ငြိမ်ငြိမ်လေးထိုင်နေပါဆိုပြီး သေနတ်နဲ့ ချိန်ထားလိုက်တယ်။ ပြီးတော့ – ဖဲဝိုင်းဖမ်းရန်ဝရမ်းစာကိုလည်း ထုတ်ပြလိုက်ပါတယ်၊

www.burmeseclassic.com



> ကဲ–ဖမ်းချင်ဦး ဖဲဝိုင်း
> မှတ်ပြီလား။ နောင်တရပြီလား။
> သင်ခန်းစာရပြီလားလို့တော့ မမေးနဲ့။
> မှန်တယ်ထင်လို့ ဥပဒေနဲ့အညီ
> ဆောင်ရွက်ခဲ့ရတဲ့ ဒီဖြစ်ရပ်ဟာ
> သင်ခန်းစာယူစရာလည်း မလိုဘူး။
> နောင်တရစရာလည်း မလိုဘူး။
> ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ကတော့
> ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်း
> ပြောရရင် ဘယ်တော့မှလည်း
> နောင်တမရဘူး။ ဘယ်တော့မှလည်း
> ဒီမျိုးသင်ခန်းစာရယ်လို့လည်း
> မသတ်မှတ်ဘူး။

ဂုဏ်သရေရှိ ဖဲသမားကြီးတွေက အံ့အားသင့်တဲ့မျက်နှာနဲ့ ကျွန်တော့်ကို ဝိုင်းပြီး မော့ကြည့်နေကြတယ်။

အသင့်ခေါ်သွားတဲ့ သက်သေနစ်ယောက်နဲ့ သက်သေခံလောင်းကစားပစ္စည်း ဖဲထုပ်တွေ၊ ဖဲထုပ်ထည့်တဲ့ပန်းကန်ပြား၊ အောက်၌ ခင်းထားသော အခင်း၊ ငွေအမျိုးအစားလိုက်ကို ရေတွက်ကာ ရှာဖွေပုံစံလည်း ရေးသွင်း စနစ်တကျဖမ်းဆီးခဲ့ပါတယ်။ ပြီးတာနဲ့ – အားလုံးလက်တွေကိုကြိုးနှင့်တုပ်ပြီး ရုံးအောက်ထပ်ကို ဆင်းလာခဲ့ပါတယ်။ အဲဒီ့အခါ ကားဥက္ကဋ္ဌ ဦးဝိုင်းတင်က ကျွန်တော်တို့ ကားရှိပါတယ်။ ကျွန်တော်တို့အားလုံး ရဲစခန်းကို ကားနဲ့ လိုက်ခဲ့ပါ့မယ်လို့ ပြောပါတယ်။ ကျွန်တော်က ကားမစီးချင်ဘူး။ ပေါ်ဒီမြို့ရဲ့လမ်းမ အတိုင်း အညောင်းပြေ ကုန်းကြောင်းလမ်းလျှောက်ကြမယ်လို့ ပြောလိုက် တယ်။ ဦးဝိုင်းတင်ကြီးက မြို့မျက်နှာဖုံး ဂုဏ်သရေရှိ ဖဲသမားကြီးတွေနဲ့ဆို တော့ နည်းနည်းရှက်နေမှာပေါ့ဗျာ။

ကျွန်တော်ကလည်း လုပ်ငန်းနဲ့ပတ်သက်လာရင် အားမနာတတ်တော့ လမ်းမကြီးကနေပဲ လမ်းလျှောက်သွားမယ်။ ဖွတ်ပြောတော့ ဦးဝိုင်းတင်ကြီး က ထပ်ပြီးဈေးဆစ်တယ်။ ဒီလိုဆိုရင်လည်း လူရှင်းတဲ့ ကမ်းနားလမ်းကနေ လိုက်ပါရစေလို့တောင်းပန်ပြန်တယ်။ ကျွန်တော်ကလည်းလမ်းမကြီးကနေပဲ သွားမယ်ပြောပြီး အားလုံးကို မြို့လယ်လမ်းကနေ ကြိုးတစ်သီတစ်တန်းနဲ့ ရဲစခန်းကို ခေါ်ပြီးပြန်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံး ဂုဏ်သရေရှိ မျက်နှာကြီးဖဲဝိုင်းကို နောက်ပြောင်းလာတဲ့ ရဲအရာရှိက ဖမ်းသွားကြပြီဆိုပြီး လူတွေက မြောက်ပွဲကျနေတာပဲ ဝိုင်းအုံလိုက်ကြည့်နေကြသေးတယ်။ လူ အုပ်ထဲကတစ်မျိုး လူတွေကလည်း မကြားတကြား ကောင်းတယ်။ အခုမှ မျက်နှာကြီးဖဲဝိုင်း အဖမ်းခံရတော့တယ်ဆိုပြီး ကောင်းချီးသြဘာပေးသံတွေ လည်း ကြားခဲ့ရတယ်။

အဲဒီလိုနဲ့ ဘုရင်သီအမတ် ခလုတ်တိုက်တတ်တဲ့ မြို့ပေါ်က မျက်နှာကြီး ဖဲဝိုင်းတစ်ဝိုင်းကို ကျွန်တော်ငယ်စဉ်က မလိမ်မိုး မလိမ်မာ ဖမ်းခဲ့ပုံတွေကို အတွေ့အကြုံတစ်ခုအနေနဲ့နောင်လာနောက်သားများကျွန်တော့်ညီငယ်များ ကျွန်တော့်လို မမိုက်ကြဖို့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ မျက်နှာကြီးဖဲဝိုင်း ဖမ်း လိုက်နိုင်တဲ့ကျွန်တော်ကတော့ နာမည်ကောင်းလည်းမရ၊ ဆုငွေလည်းမရ၊ ချီးကျူးဂုဏ်ပြုခြင်းလည်းမခံရ၊ ကျွန်တော်ရခဲ့တဲ့ဆုလာဘ်ကတော့ အာဏာ ပိုင်တွေရဲ့ နေနှင့်အုံးပေါ့ကွာဆိုတဲ့ အပြုံးအတေးနဲ့ အကြည့်စိမ်းတွေကိုပဲ ခံခဲ့ရပါတယ်။

www.burmeseclassic.com

တပ်ဖွဲ့ထဲက စီနီယာကြီးတွေကလည်း မနူးမနပ် အကင်းမပါး၊ အလိုက်မသိရကောင်းလားဆိုတဲ့ ဝေဖန်သံတွေကိုသာ ခံခဲ့ရပါတယ်။ အဲဒီအပြီး အတေးတွေရဲ့နောက်ဆက်တွဲက ဘာလဲဆိုတော့ ရခိုင်ရိုးမဘက် မကျီးပင်ချောင်းသာဘက်မှာ သူပုန်တွေနဲ့ စစ်တပ်တိုက်ပွဲဖြစ်ကြပြီး သူပုန်တွေ အထိနာတာ ခနေဖြူ–ညောင်တုန်း၊ ဟသ်ာတဘက်ကို သူပုန်(၇၀)ကျော် ကစဉ့်ကလျားထွက်ပြေးသွားကြောင်း ကြေးနန်းဝင်လာပါတယ်။ အဲဒီတော့ မိမိမြို့နယ်လည်း သူပုန်တွေ ဖြတ်သန်းဝင်ရောက်လာမှု မရှိစေရအောင် တာတွေပေါ် ကိုက်(၁၀၀)တစ်ကင်း၊ အလျင်အမြန်ကင်းတွေ ချထားလိုက်ကြတယ်။

ခနေဖြူမြို့ပေါ်မှာ ကျွန်တော့်ထက် အရင်ရောက်နေကြတဲ့ စီနီယာ အပတ်စဉ်(၁)က အရာရှိတွေ ရှိပါလျက် ဘုရင်သီအမတ် ခလုတ်တိုက်တဲ့ ဖဲဝိုင်းကို ဖမ်းခဲ့မိတဲ့ နယ်မြေမကျွမ်း အတွေ့အကြုံနုသေးတဲ့ကျွန်တော့်ကို By name နဲ့ သူပုန်သတင်းစုံစမ်းရန် စေလွှတ်ပါဆိုပြီး နလကဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ ဘယ်တတ်မနိုင်မလဲ၊ အလိုက်မသိ အကင်းမပါး လိမ္မာရေးခြားမရှိတဲ့ ကျွန်တော်ဟာ ရဲဘော်(၇)ယောက်၊ ရိုင်ဖယ်သေနတ်(၇)လက်နဲ့ ခနေဖြူ တစ်ဖက်ကမ်း သံကြိုးတိုင်ဘက်ကိုကူးပြီး လက်နက်ကြီးမျိုးစုံနဲ့ ထွက်ပြေးလာတဲ့ ဆွေတော်မျိုးတော်ကို ရွှေသူပုန်တွေဆီကို သွားခဲ့ရပါတယ်။ ကိုက်(၅၀၀)ကျော်လောက်ကနေ သူပုန်တွေဟာ တောရိပ်ကိုခိုကာ ဖရိုဖရဲ သွားနေသည်ကို လှမ်းမြင်ခဲ့ရပြီးနောက် ကျွန်တော်တို့အဖွဲ့ သူပုန်အင်အားလက်နက်အမျိုးအစားများကို မှတ်ယူပြီး ခနေဖြူမြို့သို့ ပြန်လာပြီး သတင်းပို့ခဲ့ကြရပါတယ်။

ကဲ–ဖမ်းချင်ဦး ဖဲဝိုင်း–မှတ်ပြီလား၊ နောင်တရပြီလား၊ သင်ခန်းစာ ရပြီလားလို့တော့ မမေးနဲ့။ မှန်တယ်ထင်လို့ ဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့ရတဲ့ ဒီဖြစ်ရပ်ဟာ သင်ခန်းစာယူစရာလည်း မလိုဘူး၊ နောင်တရစရာလည်း မလိုဘူး။ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ကတော့ ကျွန်တော့်စိတ်ထဲရှိတဲ့အတိုင်း ပြောရရင် ဘယ်တော့မှလည်း နောင်တမရဘူး။ ဘယ်တော့မှလည်း ဒါမျိုးသင်ခန်းစာရယ်လို့လည်း မသတ်မှတ်ဘူး။ ဘုရင်သီအမတ် ခလုတ်တိုက်တာမျိုး ဒီလိုထပ်ကြုံရင် ဒီလိုပဲဆက်လုပ်ဦးမှာပဲလို့ အားမနာတမ်း ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါရစေ။

သတ္တဝါတွေ ကျန်းမာ ချမ်းသာကြပါစေ။

**မြေပြန့်သက်နိုင်**

## စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com




**နှစ်လောင်းဖြိုင်**
**လူသတ်မှုကြီးအား**
**မည်သို့မည်ပုံဖော်ထုတ်**
**အရေးယူနိုင်ကြပုံကို..**

**ပျဉ်းမကုန်းရွာ**နှင့် ဆင်သေကုန်းရွာမှာ (၄)မိုင်နီးပါးခန့်လောက်ဝေးပြီး ရွာနှစ်ရွာအကူး၌ကွဲ၊ နွားစားကျက်တောကြီး ရှိလေသည်။ ထို ကွဲ၊ နွား စားကျက်တောကြီးက ကျူပင်၊ ကိုင်းပင်၊ ယင်းပင်၊ ဆောက်ပြာပင်၊ ပျဉ်းမပင်၊ ကြေးပင်၊ သခွတ်ပင်တို့နှင့် ဆူးခြံတော၊ ဆိတ်နံတော၊ ဝိစပ်တောကြီးများက ချုံတောကြီးများဖြစ်ပြီး ဟည်းတိုက်အောင် တောထူထပ်လျက် ရှိသည်။ မည်သည့်နေရာကြည့်ကြည့် တောကြီးက မျက်စိတစ်ဆုံး တမျှော်တခေါ်။

ပျဉ်းမကုန်းရွာနှင့် ဆင်သေကုန်းရွာသို့ သွားမည်ဆိုလျှင် ထိုတောလမ်းကြီးထဲမှ ဖြတ်သွားရပေ၏။ တစ်ရွာနှင့်တစ်ရွာကူးရန် လူသွားလမ်းလေးနှင့် လှည်းလမ်းလေးတစ်လမ်း ရှိပေသည်။ ထိုလမ်းလေးမှအပ ဘေးဘယ်ညာက တောကြီးမျက်မည်း။ အရှောင်းအဝယ်များနှင့် ကိစ္စဝိစ္စများရှိပါက ထိုလမ်းမှသာ သွားကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ရွာနှစ်ရွာအကြားတွင် တာပွန်တိုက်နယ်မြို့နယ်လေးနှင့် ကြို့လေးပင် ရွာအကြားမှ ဖြတ်သန်းစီးဆင်းလာသည့် လယ်ကျ တူးမြောင်းရိုးကြီးတစ်ခု ရှိသည်။ အကျယ်ပေ(၃၀)ခန့်လောက်ရှိပြီး အနက် (၁၅)ပေခန့်လောက် ရှိ၏။ ထိုတူးမြောင်းက မိုးရာသီ၌သာ ရေစီးလေ့ရှိ၍ ယခုလို နွေကာလမျိုး၌ ရေများခန်းခြောက်ကာခြောက်သယောင်းနေတတ်ပေသည်။ ထိုရိုးမြောင်းကို မိုးရာသီရေစီးဆဲကာလ၌အလွယ်တကူ သွားလာကူးသန်းနိုင်ရန် ဝါးတံတား လေးတစ်ခု ပြုလုပ်ထားကြ၏။




[မှတ်ချက် - ယခုတော့ ထိုတောကြီး မရှိတော့ပါ။ ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း ဝါများ စိုက်ပျိုးရာ ကွင်းပြင်ကြီး ဖြစ်နေပါပြီ။]

စာရေးသူ

တစ်နေ့ ထိုတံတား၏ ပျဉ်းမကုန်းရွာဘက်အကူးထိပ်၌ အသက်(၅၀) ပတ်ဝန်းကျင်ခန့် လူကြီးတစ်ဦးနှင့် အသက် (၃၀)အရွယ် လူလတ်တစ်ဦးတို့ သေနတ်ဒဏ်ရာများနှင့် သေဆုံးနေလေသည်ကို အထမ်းအရွက်တို့နှင့် ဈေးရောင်းကြသော လင်မယားနှစ်ယောက်က တွေ့ရှိခဲ့ကြလေသည်။ သို့ ကြောင့် ပျဉ်းမကုန်းအုပ်စု ရ.ယ.က ဥက္ကဋ္ဌအား သတင်းပေးသဖြင့် ရ.ယ.က ဥက္ကဋ္ဌမှ သက်ဆိုင်ရာ နတ္တလင်းရဲတပ်ဖွဲ့စခန်းသို့ ဆက်လက်သတင်းပို့ တိုင်တန်းရလေ၏။

ညနေ (၃)နာရီလောက်တွင် စခန်းမှူး ဦးသန်းစိန်နှင့် နယ်ထိန်း(မြို့ပေါ် အထောက်) ခေါင်းဆောင်ဒုရဲအုပ် အုန်းသောင်း ခေါင်းဆောင်သော ရဲတပ်ဖွဲ့ ဝင်တို့ ရောက်လာကြပြီး ရဲလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ကြလေတော့သည်။

ဒုရဲအုပ် အုန်းသောင်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်အချို့က အလောင်း အနေအထား၊ ဒဏ်ရာဒဏ်ချက်၊ ပတ်ဝန်းကျင်အခြေအနေတို့ကိုစနစ်တကျ စစ်ဆေးဆောင်ရွက်၍ သက်သေခံပစ္စည်းတစ်ခုခုများ တွေ့လိုတွေ့ငြား ဇာတ်စိပ်တိုက်ရှာဖွေကြရင်း အလောင်းကို ဓာတ်ပုံမှတ်တမ်းများလည်း တင် ချက် ရှိလေ၏။

ရဲအုပ် (စခန်းမှူး) သန်းစိန်က ရ.ယ.က ဥက္ကဋ္ဌ ဦးမြသာနှင့်အတူ အလောင်းကို သေချာစွာ စစ်ဆေးရင်း သိလိုသမျှကို ဥက္ကဋ္ဌအား မေးလျက် မြန်း၏။

အလောင်းနှစ်လောင်း၏ ထူးခြားမှုမှာ အကြီးဆုံးလူ၏ အလောင်းအား လက်ပြန်ကြိုးတုပ်လျက်နှင့် တွေ့ရပြီး ဒဏ်ရာက သေသူ၏ရှေ့မှ ရင်ဝတည့်



www.burmeseclassic.com

www.burmeseclassic.com

တည့်သို့ သေနတ်ဖြင့် ချိန်ရွယ်ပစ်သတ်ထားခြင်းဖြစ်၍ လူငယ်၏အလောင်းများမှာမူ ကြိုးချည်ရာ တုပ်ရာ လုံးဝမရှိပဲ သေနတ်ဒဏ်ရာက နောက်မှပစ်ခတ်သတ်ဖြတ်ထားသော အနေအထားဖြစ်နေခြင်း ဖြစ်ပေ၏။

ထိုထူးခြားချက်နှစ်ခုကို ရဲအုပ်(စခန်းမှူး)သန်းစိန်က မှတ်တမ်းတင်ရင်း –

"ဥက္ကဋ္ဌ – သေသူတွေက ဘယ်သူဘယ်ဝါဆိုတာ မသိဘူးလားဗျ"

ဟု မေးလိုက်သည်။

"သိပါတယ် – စခန်းမှူးကြီး။ အကြီးဆုံးလူက ဦးသော်ကလို့ခေါ်ပါတယ်။ ရပ်ကျေးမှာတော့ ကြေးရတတ်တစ်ဦးပါ၊ လယ်တွေ၊ ကိုင်းတွေ အမြောက်အမြားနဲ့ ငွေတိုးပေးစားနေတဲ့သူပါ။ ဟိုရှေ့က ဆင်သေကုန်းရွာကပါ"

"လူငယ်ကတော့ ..."

"လူငယ်ကတော့ – သူ့ရဲ့မွေးစားသားဆိုရင်လည်း မမှားပါဘူး။ အသက်ဆယ်နှစ်လောက်မှာ အဖေရော၊ အမေရော ဒီတူးမြောင်းမှာ ရေနစ်သေဆုံးခဲ့ကြလို့ အဲဒီအချိန်ကစ ဦးသော်ကက မိုး – မိုးခ၊ နေ့ – နေ့ခနဲ့ ခေါ်ယူကျွေးမွေးပြီး ခိုင်းစေထားတဲ့ကလေးဆိုပါတော့။ သူ့နာမည်တော့ ကျွန်တော် ကောင်းကောင်း မသိဘူး ခင်ဗျာ့"

ဥက္ကဋ္ဌက စခန်းမှူး ရဲအုပ်သန်းစိန်၏အမေးကို သူသိသမျှ ဖြေကြားနေသည်။

"သူတို့ရဲ့အခြေအနေလေးတွေလည်း ပြောပါဦး – ဥက္ကဋ္ဌ"

"ကျွန်တော့်အမြင်တော့ အားလုံးက လူကောင်းတွေပါ။ ဦးသော်ကဆိုရင် ငွေတိုးပေးစားတယ် ဆိုပေမယ့် မရှိဆင်းရဲသားတွေအပေါ် အလွန်သနားတတ်ကြောင်း၊ ကိုယ်ချင်းစာတရားအပြည့်ရှိကြောင်း၊ ရတနာသုံးပါးကိုကိုင်းရှိုင်းပြီး ဘာသာရေး၊ သာသနာရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်လေ့ရှိကြောင်း နာမည်ကြီးပါတယ်"

"လူငယ်ရဲ့အနေအထားကရော ..."



"လူငယ်ပီပီ အနည်းအပါး သောက်တတ်တာကလွဲလို့ တခြားအာသတင်းမှုတော့ မကြားမိပါဘူး – စခန်းမှူးကြီး"

"ဟုတ်ကဲ့"

ထိုအခိုက် ဒုရဲအုပ် အုန်းသောင်းရောက်လာပြီး အမှုမှန် မပေါ်ပေါက်မီအတွင်း သတင်းလုံခြုံမှု ပေါက်ကြားမည် စိုးသည့်အတွက် စခန်းမှူး ရဲအုပ်သန်းစိန်အား အများမသိနိုင်စေရန် လျှို့ဝှက်နည်းဖြင့် သတင်းပို့လိုက်လေသည်။ စခန်းမှူးကလည်း တစ်ချက်မျှပြုံး၍ ခေါင်းဆတ်ခနဲ ညိတ်လိုက်၏။

ထို့နောက် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အုန်းသောင်း လျှို့ဝှက်တင်ပြသတင်းပို့ချက်များကို အရပ်သားများ မသိစေရန် စစ်ဆေး၍ အားရကျေနပ်သောက်သည်နှင့် –

"ဥက္ကဋ္ဌကြီး – ဒီအလောင်းတွေ မြို့ပို့ဖို့ ကူညီပါဦးဗျာ"

ဟု ပြောလိုက်လေ၏။

✪

ဆင်သေကုန်းရွာသို့ စခန်းမှူး ရဲအုပ်သန်းစိန်နှင့်အဖွဲ့ရောက်တော့ ညနေ(၅)နာရီခန့်လောက် ရှိပေပြီ။

ဦးသော်က၏အမျိုးသမီး ဒေါ်မာအေးက ရဲတပ်ဖွဲ့ဝင်များကို မြင်လိုက်ရသည်နှင့် တစ်စုံတစ်ရာ အကြောင်းထူးပြီအထင်နှင့် အိမ်ရှေ့ပြေးထွက်လာသည်။

"ဗိုလ်ကြီးတို့ – ဘာကိစ္စရှိလို့ပါလဲရှင်" ဟုလည်း အလောသုံးဆယ် မေးလိုက်၏။

စခန်းမှူးက စိတ်အေးအေးထားဖို့အကြောင်း ပြော၍ ဦးသော်ကနှင့် သူ့စာရင်းငှား ပျဉ်းမကုန်းရွာဘက် အကူးချောင်းအတက်၌ သေနတ်ဒဏ်ရာများနှင့် သေဆုံးနေကြောင်း အကျဉ်းရုံး၍ ပြောပြလိုက်သည်။

မမျှော်လင့်သောစကား ကြားလိုက်သည့်အတွက် ဒေါ်မာအေးက ရင်ဝသို့ လက်နှစ်ဖက်နှင့်ဖိရင်း –



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်မှ ဖြစ်ရလေ – ကိုသော်ကရယ်၊ အမယ်လေး – ကျွန်မယောကျ်ား သူတော်ကောင်းကြီးကို ဘယ်လိုလူတွေကများ သတ်လိုက်ပါလိမ့်၊ သူတော်ကောင်းကြီးရယ် – ဖြစ်မှဖြစ်ရလေခြင်း" ဟု အော်ဟစ်ငိုယိုလေတော့သည်၊ ဒေါ်မာအေးငိုသံကြောင့် ဦးသော်က၏ သားသမီးများနှင့် အနီးပတ်ဝန်းကျင် အိမ်များမှ ပြေးလာကြလေ၏၊ အဖြစ်မှန်ကို ကြားလိုက်ရသည်နှင့် ကမ္ဘာပျက်မတတ် ငိုယိုကြလေသည်၊

"မနက် (၉) နာရီလောက်က လှည်းယာဉ်လေးမှာ တပ်သွားတဲ့ ပြည်ကျော်နဲ့ ပြည်ချစ်တို့ ပြန်ရောက်လာဆိုကတည်းက တစ်ခုခုများ ဖြစ်ပလား လို့ တွေးတော့ တွေးမိသား၊ ကျွန်မကတော့ နွားတွေ ပြန်လာပုံထောက်ရင် လှည်းက ဖြုတ်ပြီး နွားတွေ လွှတ်ထားတုန်း ပြန်ပြေးလာတာထင်တာ၊ အခုတော့ ကျွန်မထင်သလိုမဟုတ်ပဲ ကိုယ်ကျိုးနည်းပါပေ့ါလား – ကျေးဇူးရှင်ကြီးရယ်"

ဒေါ်မာအေးက ရင်ပတ်စည်တီး အားရပါးရ ဆက်လက်ငိုကြွေးနေသည်၊

စခန်းမှူးနှင့်အဖွဲ့က မည်သည့်စကားမျှမပြောပဲ ဒေါ်မာအေး၏ငိုသံများကို နားထောင်ရင်း ရောက်လာသမျှသူများကို အကဲခတ်နေလေ၏၊ ခဏအတွင်းမှာပင် လူတွေက တစ်ရွာလုံးလိုလို ဖြစ်သွားသည်၊

"ညက – အိပ်မက်တာ အိပ်မက်တွေ မကောင်းလို့ မသွားပါနဲ့ဆိုတာကို မိန်းမစကားတော့ နားမထောင်ဘူး၊ သူရင်းငှားစကားနားထောင်လို့၊ ခုတော့ တော်တို့နှစ်ယောက်စလုံး သေရပြီမဟုတ်လား၊ ကျွန်မ ဘယ်လိုဖြေရမလဲ ကိုသော်ကရယ်"

ဒေါ်မာအေးကတော့ ပြောလိုက်၊ ငိုလိုက်၊

"Record လုပ်ထားပါ"

စခန်းမှူးက ဒုရဲအုပ် အုန်းသောင်းကို ခပ်တိုးတိုး ပြောလိုက်သည်၊ ဒုရဲအုပ် အုန်းသောင်းက ပြုံး၍ ခေါင်းတစ်ချက် ညိတ်လိုက်၏၊



"ငိုလိုက်ကြီးရယ် – ကျွန်မယောကျ်ား – ကယ်ပါဦး"

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူးဗျာ"

"ခု – သူတို့ ဘယ်မှာလဲ ဟင်"

"ခုတော့ – အလောင်းတွေကို မြို့ပို့လိုက်ပါပြီ၊ လိုအပ်တဲ့စစ်ဆေးမှုတွေ၊ ဆရာဝန်စစ်ချက်တွေပြီးရင်တော့ ပြန်ယူလို့ရပါတယ်ဗျာ"

ဒေါ်မာအေးက ငိုနေရင်းမှ စခန်းမှူးကို မေးလိုက်သည်၊ စခန်းမှူး ရဲအုပ် သန်းစိန်ကလည်း တကယ်ပင် ကူညီမည်ဖြစ်ကြောင်း စာနာစိတ်နှင့် ပြောကာ လိုအပ်သမျှ မေးစမ်းစစ်ချက်ယူ၍ စခန်းသို့ ပြန်ခဲ့ကြလေ၏၊

ဝ✪ဝ

စခန်းရောက်သည်နှင့် သူသိမ်းဆည်းလာခဲ့သည့် သေဆုံးလူငယ်၏ အိတ်ထဲမှရရှိသော စာလေးတစ်စောင်နှင့်အလောင်းတွေ့ဘေးမှတွေ့ရသည့် ဆေးပြင်းလိပ်တိုကို ဒုရဲအုပ်အုန်းသောင်းက စခန်းမှူးအားအပ်ရင်း ရှင်းပြလိုက်၏၊

"ဒီဆေးပြင်းလိပ်တိုက အလောင်းနှစ်လောင်းဘေးမှာ တွေ့ရတာပါ ဆရာ၊ ထူးခြားလို့ သိမ်းလာခဲ့တာပါ၊ ဒီလူသတ်မှုနဲ့ ဆက်စပ်ပတ်သတ်နိုင်ပါတယ်၊ ဒီစာလေးကတော့ သေသူလူငယ်ရဲ့အကျႌအိတ်ကပ်ထဲက ရတာပါ၊ နောက်ပြီး ..."

ဒုရဲအုပ် အုန်းသောင်း၏ စကားမဆက်မီ စခန်းမှူးက –

"ဘာလဲ – သောင်ခုံထဲမှာ မြင်းခွာရာတွေ ရှုပ်ယှက်ခတ်အောင် တွေ့ကြောင်း ပြောမယ်မဟုတ်လား" ဟုဖြတ်မေးလိုက်၏၊ ထို့နောက် တစ်ဆက်တည်း "ကျွန်တော်လည်း တွေ့တယ်ဗျ၊ ကျွန်တော် သတိထားမိတယ်၊ မြင်းဟာ နောက်ကြောင်းက လိုက်လာပြီး နောက်ကြောင်းပဲ ပြန်လှည့်သွားတယ်လေ" ဟု ပြောလိုက်သည်၊

www.burmeseclassic.com

ဒုရဲအုပ် အုန်းသောင်းက စခန်းမှူးကို အထင်ကြီးသည့်မျက်လုံးများနှင့် ကြည့်လိုက်၏။

"နောက်ပြီး - အဲဒီမြင်းဟာ ခြေတစ်ဖက် ဆာနေတဲ့မြင်းဗျ"

ဟု စခန်းမှူးက ဆက်ပြောလိုက်ပြန်သည်။

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ - ဆရာ"

ဒုရဲအုပ်အုန်းသောင်းက နားမလည်သလို မေးလိုက်၏။ ထိုအခါ စခန်းမှူးရဲအုပ်သန်းစိန်က ပြုံး၍ ပခုံးတစ်ချက် တွန့်လိုက်ရင်း -

"အဲဒါ - thought reasoning ပေါ့ဗျာ" ဟု ဆိုလိုက်ရင်း -

"ဒီလိုဗျ - အဲဒီမြင်းခြေရာတွေထဲမှာ ခွာတစ်ဖက်ချတဲ့ နေရာက မြေနဲ့ ထိရုံကလေးပြီး ခြေရာ မထင်ဘူးဗျ။ မျက်စိကစားလိုက်တော့ လာရာလမ်း၊ တက်ရာလမ်းတွေမှာ အဲဒီပုံစံကို သွားတွေ့ရတယ်။ အဲဒီမြင်းသာ လူသတ်မှုနဲ့ ဆက်စပ်နေမယ်ဆိုရင်တော့ ဒါအကောင်းဆုံး၊ အထင်ရှားဆုံးသဲလွန်စကြီးပဲ" ဟု ဆက်ပြောလိုက်၏။

ထို့နောက် စခန်းမှူးက စားပွဲပေါ် လက်ကိုင်ပဝါနှင့် အုပ်တင်ထားသည့် ဆေးပြင်းလိပ်တိုနှင့် စာရွက်ခေါက်ကလေးကို ကြည့်လိုက်ကာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ခေါက်ရိုးပင် မကျိုးသေးသော စာရွက်ခေါင်းလေးကို ဖွင့်ဖတ်လိုက်သည်။

စာမှာ သွေးများ စွန်းပေနေသဖြင့် မနည်းဖတ်ယူရလေ၏။

"တောက်ထိန် - ငါတို့အစီအစဉ်အားလုံး ပြီးနေပြီ၊ မင်းဘက်ပဲ ကျန်တော့တယ် - ဒါပဲ"

စာမှာ တိုတိုလေးဖြစ်သည်။ ရေးသူ၏အမည်နှင့် နေရပ်လိပ်စာလည်း မပါရှိပေ။ စာကို သုံးသပ်ပါက တောက်ထိန်ဆိုသူ ဦးသော်က၏ စာရင်းငှားအတွက် ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နိုင်သလို အမှုနှင့်လည်း ဆက်စပ်နေနိုင်ကြောင်း စခန်းမှူးက သတိပြုလိုက်မိပေ၏။

ဝ✪ဝ



ဦးသော်ကနှင့် တောက်ထိန်တို့ သေဆုံးမှုက အမှုမှန်ဖော်ထုတ်ရာ၌ လွယ်မလိုလိုနှင့် ခြေရာလည်းပျောက်၊ ရေလည်းနောက်သလို ဖြစ်နေရ၏။ စခန်းမှူးနှင့်အဖွဲ့လျှို့ဝှက်စွာ ခြေတစ်ဖက်ဆာနေသောမြင်းကို ရှာကြပေမယ့် ပတ်ဝန်းကျင်၌ ထိုလိုမြင်းမျိုးက မရှိ။ ဆင်သေကုန်း၊ ကြို့ပင်စခန်း၊ တောင်ယာတော၊ ဖုန်းဆိုးစုရွာများ၌မြင်းတွေရှိသော်လည်း ခြေတစ်ဖက်ဆာ (ကျိုး) နေသော ထိုမြင်းမျိုး ရှာ၍မတွေ့ချေ။

တောက်ထိန်၏စာအရလေ့လာကြသောအခါတွင်လည်း တောက်ထိန်ယခုလာမည့် နွေရာသီ၌ မိန်းမယူမည့်အကြောင်းမှလွဲ၍ လေ့လာ၍မရသည့်အတွက် မိန်းမယူရန်အကြောင်းနှင့်ဆက်စပ်၍ အစီအစဉ်များ ပြီးနေပြီဖြစ်ကြောင်း ရေးသောစာဟူ၍သာ မှတ်ယူရတော့မလို ဖြစ်နေရပေ၏။

နောက်တစ်ခုက ဆေးပြင်းလိပ်တိုကိစ္စ။

ဆေးပြင်းလိပ်တိုကိစ္စနှင့် ပတ်သက်၍လည်း ဆင်သေကုန်းရွာ၌ ဆေးပြင်းလိပ်တိုသောက်သူတွေက အတော်များသည်။ ရွာရှိလူကြီးအတော်များများ ဆေးပြင်းလိပ်သောက်ကြသည်။ သည်တော့ မထူးသလို ဖြစ်နေသည်။

အထက်မှလည်း ဤအမှုပေါ်ပေါက်ရန် ညွှန်ကြားချက် အထူးပေးထားသဖြင့် စခန်းမှူးသန်းစိန် အမှုမှန် ဖော်ထုတ်ပေါ်ပေါက်နိုင်ရန် အတွေးအခေါ်ကောင်းကောင်းနှင့် စဉ်းစားနေရလေ၏။

ဒေါ်မာအေး ပြောဆိုငိုကြွေးသံကို အသံဖမ်းလာခဲ့သော်လည်း -

"ညကအိပ်မက်မက်တာအိပ်မက်တွေမကောင်းလို့မသွားပါနဲ့ဆိုတာကို မိန်းမစကား နားမထောင်ဘူး။ သူရင်းငှားစကားအောင်လို့ ခုတော့ တော်တို့နှစ်ယောက်စလုံး သေရပြီမဟုတ်လား။ ကျွန်မ ဘယ်လို ဖြေရမှာလဲ ကိုသော်ကရယ်" ဟူသည့်ထူးခြားတော့မလို အသံကလွဲလို့ဘာမျှမထူးခြား၊ အကယ်၍သာ သူရင်းငှားဖြစ်သူတောက်ထိန်မသေပဲ အသက်ရှင်ရက် ကျန်ခဲ့ပါက ၎င်းထံမှ ရရှိသောစာနှင့်ဆက်စပ်၍ အဓိပ္ပာယ်တစ်မျိုး ကောက်ယူနိုင်သော်လည်း ယခုတော့ တောက်ထိန်ကလည်း သေပြီမို့ ထူးခြားနိုင်စရာ

www.burmeseclassic.com

လည်း မရှိသလို ဖြစ်သွားရပေ၏။ သို့ကြောင့် နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ ထိုဆုံးဖြတ်ချက်ကိုလည်း ပြည်သူ့ရဲတပ်ဖွဲ့မြို့နယ်မှူး ဒုရဲမှူး သက်ပိုင်ထံ ကိုယ်တိုင်သွားရောက်၍ အစီရင်ခံလိုက်လေသည်။

○✪○

ဆင်သေကုန်းရွာ၏ ရွာလယ်တာရိုးလမ်းပေါ်၌ သားသားနားနား ဝတ်ဆင်ထားသော လူတစ်ယောက် သားရေလွယ်အိတ်တစ်လုံးကို လွယ်၍ လျှောက်လာနေသည်။ အသက်(၄၀)ခန့်လောက်သာ ရှိဦးမည်ဖြစ်ပြီး ဖျတ်လတ်သန်မာပုံရှိပေ၏။

ဆင်သေကုန်းရွာမှာ ရွာလယ်၌တာရိုးကြီးဖို့ထားသောကြောင့် ရွာတန်းထက် တာရိုးက မြင့်နေသည်။ နစ်ဖက်တန်း မျက်နှာချင်းဆိုင် ရွာတန်းဖြစ်သော်လည်း တစ်တန်းနှင့်တစ်တန်းကကိုက်(၁၀၀)ခန့်လောက်ဝေးလေ၏။ ထိုသူက တာရိုးပေါ်လျှောက်ရင်း အိမ်များကိုလည်း မျက်စိကစားလျက်ရှိသည်။ အိမ်တစ်အိမ်ကို ရှာနေသည့်ပုံစံမျိုး ဖြစ်သည်။

ရွာ၏ သုံးပုံနစ်ပုံခန့်လောက် ရောက်သည်နှင့် လမ်းပေါ်၌ တွေ့ရသော ကလေးတစ်ယောက်ကိုဦးသော်က အိမ်ကိုမေး၍လိုက်ပို့ခိုင်းသဖြင့် ကလေးက ဒေါ်မာအေးအိမ်ကို ကိုယ်တိုင်လိုက်ပို့သည်။

အိမ်ရောက်သည်နှင့် ကလေးက ဒေါ်မာအေးအား -

"ဒီညွှန့်သည်က အရီးမာအေးတို့ အိမ်မေးလို့ ကျွန်တော်လိုက်ပို့တာ" ဟုပြော၍ ညွှန့်သည်ကိုလည်း "ဒါ - ဦးရီးသော်ကရဲ့ အမျိုးသမီးပဲ" ဟု ပြောပြီးထားခဲ့ကာ ပြန်သွားလေ၏။

"အော် - လာကွဲ့ - ထိုင်ပါ"

ဒေါ်မာအေးက ညွှန့်သည်ကို ခေါ်လိုက်သည်။



"ဒီရွာကို ငယ်ငယ်တုန်းက တစ်ခေါက်သာရောက်ပြီး မရောက်တာကြာတော့ မမှတ်မိတော့ဘူး။ အဒေါ် - ကျွန်တော့်ကို မှတ်မိလား - ကျွန်တော် ဝင်းကျော်လေ၊ ဦးလေးသော်ကရဲ့ အစ်မဝမ်းကွဲသားပါ"

ညွှန့်သည်ကလည်း သူ့ကိုယ်သူ မိတ်ဆက်ရင်း အိမ်ထဲ ဝင်လာသည်။

အိမ်ထဲ ရောက်သည်နှင့် -

"ဦးလေးကော - မမြင်ပါလား၊ ဘယ်သွားလို့လဲ - အဒေါ်" ဟု မေးလိုက်၏။

ထိုအခါ ဒေါ်မာအေးက တရှုံ့ရှုံ့ငိုရင်း -

"မင်းဦးလေး မရှိတော့ဘူး - သူငယ်ရဲ့ - သေပြီ" ဟု ပြောလိုက်သည်။

"ဟာ - ဟုတ်လား၊ ဘာရောဂါနဲ့သေတာလဲ - အဒေါ်၊ ကြားရတာ စိတ်မကောင်းလိုက်တာ၊ ဦးလေးနဲ့ မတွေ့ရတာကြာလို့ လမ်းကြုံဝင်လာကာမှပဲ"

"သေတာကတော့ ရိုးရိုးရောဂါနဲ့သေတာမဟုတ်ပါဘူးကွယ်၊ ပျဉ်းမကုန်း၊ လယ်တန်းငယ်ရွာတွေဘက် အိမ်က သူရင်းငှားနဲ့ ရစရာရှိတဲ့ ကြွေးလေးတွေ သိမ်းရအောင်သွားရင်း တူးမြောင်းရိုးမှာ သူများအသတ်ခံရတာပါ" ဟု ငိုရှိုက်ရင်း ပြောလိုက်သည်။

"ဟာ - ကြားရတာစိတ်မကောင်းလိုက်တာ - အဒေါ်ရယ်၊ ဘယ်လောက်ကြာပြီလဲ ဟင်၊ ကြွေးတောင်းအပြန် ပိုက်ဆံလိုချင်လို့ လမ်းက သက်သက်စောင့်သတ်တာနဲ့ တူတယ်နော်"

ညွှန့်သည်ကလည်း စိတ်မကောင်းသလိုပြောရင်း ဝေဖန်လိုက်၏။

"တစ်လသာသာလောက်ပဲ ရှိပါသေးတယ် - သူငယ်ရယ်၊ သတ်တာကတော့ ဘာဖြစ်လို့သတ်မှန်းမသိပါဘူးကွယ်၊ ကြွေးတောင်းအသွားပဲ သေတာလား၊ အပြန်မှသေတာလား မပြောတတ်ပါဘူး"

"အော် - သူရင်းငှားကကော"

"သူလည်း အသတ်ခံရတယ်ကွဲ့၊ မင်းဦးလေး သေရတာကလည်း သူ့ကြောင့်ပါပဲကွယ်၊ နောက်လမှာ မိန်းမယူမှာမို့ လယ်တန်ငယ်ပျဉ်းမကုန်း

www.burmeseclassic.com

ဘက်က ကြွေးတွေကို ချက်ချင်းသွားတောင်းဖို့ သူလောဆော်တာလေ၊ နောက်နေ့တွေဆို သူ မလိုက်နိုင်တော့လို့ဆိုပြီး အဲဒီနေ့မှာ ကြွေးတောင်းဖို့ အတင်းပြောလို့ မင်းဦးလေးလဲ သူ့အားနာပြီး လိုက်သွားတာ"

"တောက် - ဖြစ်မှဖြစ်ရလေ - ဦးလေးရယ်၊ ဒါထက် - အိမ်ကကော တခြားဘာတွေပါသွားသေးလဲ"

"အိမ်ကတော့ ဘာပစ္စည်းမှ ပါမသွားပါဘူး။ ခါတိုင်းဆို - မင်းဦးလေးက ဘယ်သွားသွား ရွှေထုပ်ကို ယူသွားနေကျ။ အဲဒီနေ့ကျမှ ရွှေထုပ်ကို ကျွန်း သေတ္တာထဲ ထည့်ပစ်ခဲ့တာ ပထမတော့ အဒေါ်တို့တောင် မသိပါဘူး၊ ရွှေထုပ် ပါသွားပြီထင်တာ၊ နောက်နေ့မှ သေတ္တာထဲမှာ တွေ့လို့ ထားပစ်ခဲ့တာကို သိရတာ"

ထိုအချိန် ဒေါ်မာအေး အိမ်ရှေ့သို့ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူ၊ မုတ်ဆိတ်ဖြူ၊ ပါးသိုင်းမွေးအဖြူနှင့် အဘိုးအိုတစ်ဦး ရောက်လာပြီး "အိမ်ရှင်တို့ ခဏလာပါရစေ" ဟု ခွင့်တောင်းလိုက်သည်၊ ဒေါ်မာအေးက "လာပါရှင် - ခွေး မကိုက်တတ်ပါဘူး" ဟုပြောကာ ခေါ်လိုက်သည်၊

အိမ်ထဲရောက်သည်နှင့် အဘိုးအိုက -

"ကျုပ်က ဗေဒင်ဆရာပါ၊ ဗေဒင်လေး၊ ဘာလေး မေးနိုင်ပါတယ်၊ ဗေဒင် မေးတော့ ကိုယ်ကံဇာတာ အနိမ့်အမြင့် သိရတာပေ့ါ၊ ယတြာလေး၊ ဘာလေး လုပ်သင့်လည်း လုပ်ရတာပေ့ါ" ဟု ပြောသဖြင့် ညွှန့်သည်က "အဒေါ် - မေးပါ လား၊ ဟုတ်တာပေ့ါ - ကိုယ့်ကံဆိုတာ ဘယ်ပြောနိုင်မှာလဲ၊ ဗေဒင်မေးခ ဘယ်လောက်လဲ၊ ကျွန်တော် ပေးပါ့မယ်" ဟု တိုက်တွန်းလိုက်လေ၏၊

ဒေါ်မာအေးကလည်း အားငယ်ပူဆွေးနေသည့်အခိုက်မို့ ဗေဒင်ကို မယုံ သော်လည်း မေးဖြစ်လေသည်၊ ဗေဒင်ဆရာကလည်း ဦးသော်က သေဆုံး သည်ကအစ ကွက်တိဟောသဖြင့် ဒေါ်မာအေးက ယုံသွားသည်၊ ဗေဒင်ဆရာ အဘိုးအိုက ဒေါ်မာအေး ဟောပြီးသည်နှင့် ညွှန့်သည်ဘက်လှည့်လာကာ မေတ္တာဖြင့် ဟောပါမည်ဆိုပြီး ဆက်လက်ဟောပြန်၏၊



"အော် - လက်စသတ်တော့ - ငါ့တူက မြင်းကုန်သည်ကိုး၊ ဟုတ်တယ် မဟုတ်လား - မလိမ်နဲ့နော်၊ ဒီဗေဒင်ဆရာက ဟောလိုက်ရရင် သွေးထွက် အောင် မှန်တယ်၊ ဟုတ်,မဟုတ် - ဟိုညီမကြီး မေးကြည့်"

ဗေဒင်ဆရာ အဘိုးအိုကြီးက ဝင့်ကြွားစွာ ပြောနေသည်၊

"ဟုတ်ပါတယ် - ဆရာကြီး၊ ဆရာကြီးဟောတာ မှန်ပါတယ်၊ ကျွန်တော် က မြင်းအရောင်းအဝယ်သမားပါ၊ မြင်းဆိုရင် ကျိုးသော ကန်းသော၊ ဖိုသော မသော မရွေးပါဘူး၊ အကုန်ဝယ်ပါတယ်"

"ဝယ်မှာပေ့ါ၊ မောင့်လက်ထဲ ရောက်လာသမျှမြင်းက အကုန်အကျိုး ပေးတာကိုး"

ဗေဒင်ဆရာကြီးက ညွှန့်သည်ကို ဟောပြီးသည်နှင့် အိမ်ထဲမှ ပြန်ထွက် သွားလေသည်၊ လမ်းမပေါ်ရောက်သည်နှင့် -

"ဗေဒင်ဟောတယ်၊ ဗေဒင်မေးလိုသူများ မေးနိုင်ပါတယ်၊ မမှန်ရင် တစ်ပြားမှ မပေးပါနဲ့၊ မှန်မှပေးပါ" ဟု တကြော်ကြော် အော်သွားလေသည်၊

"ဗေဒင်ဟောပေးပါတယ်၊ ဗေဒင်ဝါသနာပါသူတွေ လှမ်းခေါ်ပါ"

ဗေဒင်ဆရာကြီး လမ်းပေါ်မှပျောက်သွားသောအခါ ဒေါ်မာအေးက ညွှန့်သည်လူငယ်အား -

"သူငယ်က မြင်းအရောင်းအဝယ်လုပ်တာကိုး၊ ရောက်တုန်း အေးအေး ဆေးဆေးနေဦးပေ့ါကွယ်၊ ဒီနယ်မှာလည်း မြင်းတွေရှိတယ်ကွဲ့" ဟု ပြော လိုက်၏၊

"ဟုတ်ကဲ့ - တစ်ရက်၊ နှစ်ရက်တော့ နေမယ်စိတ်ကူးထားပါတယ်၊ ဒီနားတစ်ပတ်က မြင်းတွေလည်း ကြည့်ရင်းပေ့ါ"

ထိုအချိန် ချင်းလွယ်အိတ်အကျားအဟောင်းကြီး လွယ်ထားသော အရှုံးတစ်ယောက်ကလည်း ဟိုအိမ်ထဲဝင်၊ ဆေးလိပ်တိုတွေကောက်လိုက်၊ ဒီအိမ်ထဲဝင် ဆေးလိပ်တိုတွေကောက်လိုက်နှင့် တေးတကြော်ကြော်ဆိုရင်း ဆေးပြင်လိုပ်တိုများကို ညှပ်တစ်ချောင်းနှင့် ကောက်လျက် ရှိလေသည်၊

✪



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့၌ ဒေါ်မာအေး၏သား မောင်သိန်းလှိုင်က ရွာထဲမှ မြင်းမွေးပြီး မြင်းအရောင်းအဝယ်လုပ်သူ ဦးလာဘထံ ခေါ်လာပြီး ဆက်ပေး၏။

ဦးလာဘမှာ ဦးသော်ကတို့ အရွယ်လောက်ပင်ရှိပြီး သန်မာထွားကျိုင်းသူဖြစ်၍ ခန္ဓာကိုယ်က တုတ်တုတ်ခိုင်ခိုင်နှင့်ဖြစ်သည်။ အသားညို၍ နှုတ်ခမ်းမွေးကားကားနှင့် ခန့်ညားသူတစ်ယောက် ဖြစ်ပေသည်။ ဖော်ရွေတတ်သူလည်းဖြစ်၏။

ဧည့်သည်က မြင်းပွဲစားဟု သိသည်နှင့် သူ့တွင်လည်း မြင်းတွေရှိကြောင်း၊ တောင်ယာတောရွာတွင်ရှိသည့် ညီအစ်ကိုတော်တစ်ယောက်ထံတွင်လည်း "မွေးဘက်" တွေ ပေးထားကြောင်း၊ အလိုရှိပါက လိုက်ပြမည်ဖြစ်ကြောင်း ပြောလေ၏။ ဧည့်သည်ကလည်း လိုက်ကြည့်မည်ဟု အကြောင်းပြန်ပြောလေသည်။

ထိုအချိန် ယမန်နေ့က ရွာထဲ၌ တကြော်ကြော်နှင့် "ဗေဒင်ဟောတယ်၊ ဗေဒင်ဟောတယ်" ဟုအော်သွားသော ဗေဒင်ဆရာအဘိုးကြီးက ပြန်ရောက်ပြီး ဦးလာဘ၏အိမ်ရှေ့၌ "ဗေဒင်မေးလိုသူများ ဗေဒင်မေးနိုင်ပါတယ်၊ မမှန်ရင် ပိုက်ဆံတစ်ပြားမှမပေးပါနဲ့" ဟု အော်နေပြန်သဖြင့် မောင်သိန်းလှိုင်နှင့် ဧည့်သည်က အလွန်မှန်သည့်ဗေဒင်ဆရာဖြစ်ကြောင်း၊ ကြည့်ဖူးကြောင်း ပြောသည့်အတွက် ဦးလာဘက စိတ်ဝင်စားလာကာ ဗေဒင်မေးရန် လှမ်းခေါ်လိုက်လေ၏။

ဗေဒင်ဆရာအဘိုးကြီးက ဦးလာဘ၏ဇာတာမှာအလွန်ကောင်းကြောင်း ဒီဇာတာရှင်မျိုးက ဩဇာတိက္ကမနှင့် ပြည့်စုံသူများဖြစ်ကြောင်း ဟောကာ သူ့ဗလာစာအုပ်လေးကို ထုတ်ပေး၍ လက်မှတ်ကိုကြည့်ပြီး ဟောလိုသည့်အတွက် လက်မှတ်ထိုးခိုင်းလိုက်လေသည်။ ဦးလာဘကလည်း တန်း၍ လာဘဟူသော လက်မှတ်ကို ထိုးပေးလိုက်သည်။

ဗေဒင်ဆရာအဘိုးအိုက လက်မှတ်ကိုကြည့်ကာ အကောင်းတွေဟော သွားသဖြင့် ဦးလာဘက ဗေဒင်ဆရာကို အလွန်သဘောကျသွားလေ၏။



ဗေဒင်ဆရာနှင့်မောင်သိန်းလှိုင်ပြန်သွားသောအခါ ဦးလာဘနှင့် ဧည့်သည်တို့လည်းတောင်ယာတောရွာသို့ မြင်းကြည့်ရန် ထွက်ခဲ့ကြလေ၏။

တောင်ယာတောရွာသို့ ရောက်သည်နှင့် ကိုင်းခင်းများအတွင်း လွှတ်ထားသောမြင်းများကိုဦးလာဘနှင့်ဦးလာဘ၏ညီ၊ဦးမာဃကလိုက်ပြသည်။ အစာစားနေကြသော ဆယ့်ကိုးကောင်လောက်ရှိသည့် မြင်းအုပ်ကြီးကို ဧည့်သည်က တွေ့သည်နှင့် ၎င်းမြင်းအုပ်အတွင်းရှိ သန်မာလှသော မန်ကျည်းစေ့ရောင်မြင်းကြီးကို ဧည့်သည်က သဘောကျသွားလေသည်။

"ဦးလာဘရေ - ကျွန်တော်တော့ ဟိုမြင်းကြီးကို ကြိုက်သွားပြီဗျို့၊ ဈေးဘယ်လောက်ပြောလဲ" ဟု မေးလိုက်သည်။

ထိုအခါ ဦးလာဘက -

"ဈေးထားပါဦး - မြင်းကို အသေအချာကြည့်ပါဦး - ငါ့တူရယ်၊ အဲ့ဒီမြင်းကြီးကလွန်ခဲ့တဲ့လက ထူးတွင်းကြီးထဲ ခြေချော်ကျလို့ ခြေတစ်ချောင်းကောင်းကောင်းမသန်ဘူး" ဟု ပြောလိုက်သဖြင့် -

"ရပါတယ် - ဦးရယ်၊ ဈေးသာ ပြောပါ၊ ကျွန်တော် တိရစ္ဆာန်ဆရာဝန်နဲ့ပြပြီး ဆေးကုမွေးပါ့မယ်" ဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် မြင်းကို စရန်ရိုက်ကာ တစ်ပတ်ခွာ ချိန်းလိုက်၏။

တစ်ပတ်တိတိကြာသောနေ့တွင်ကား ဦးလာဘနှင့်အဖွဲ့ကို ဦးသော်ကတို့သေဆုံးမှုနှင့် ပတ်သက်၍ ရဲက ဖမ်းဆီးလိုက်လေ၏။

○✪○

မြို့နယ်မှူး(ဒုရဲမှူး)ရုံးခန်းတွင်းသို့ စခန်းမှူး ရဲအုပ်သန်းစိန် အလေးပြုပြီး ဝင်လာသည်။

အစီရင်ခံစာများ ထိုင်ဖတ်နေသည့် မြို့နယ်မှူးက စခန်းမှူးအား မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်ကာ အမှုတွဲများကို ထပ်လိုက်ရင်း -



www.burmeseclassic.com

www.burmeseclassic.com

"အော် - မောင်သန်းစိန် - လာထိုင်ပေ့" ဟု ရင်းနှီးစွာ ဆိုလိုက်သည်။

စခန်းမှူး ရဲအုပ်သန်းစိန် မြို့နယ်မှူး၏ ရှေ့စားပွဲထိပ်ရှိ လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကဲ - ဘာထူးလဲ - လုပ်ပါဦး"

"အဲဒါပဲ - ကိုယ်တိုင်လာအစီရင်ခံတာပါ။ မြို့နယ်မှူး - ကျွန်တော် မြို့နယ်မှူးဆီ အစီရင်ခံပြီးကတည်းက ကျွန်တော်က သေသူဦးသော်ကရဲ့ တူဝမ်းကွဲ မြင်းကုန် သည်အဖြစ် သရုပ်ဆောင်၊ ဒုရဲအုပ် နယ်ထိန်းခေါင်းဆောင် ကိုအုန်းသောင်းက ဗေဒင်ဆရာအဘိုးအိုအဖြစ်နဲ့ နယ်ထိန်းတပ်ကြပ်ကြီး ဆရာကြီးမြမောင်က အရူးဟန်ဆောင်ပြီးအချိတ်အဆက်မိမိ လှုပ်ရှားခဲ့ကြပါတယ်"

"ကျွန်တော်က ရာဇဝင်လူဆိုးစာရင်းနဲ့တိုက်ပြီး လူသတ်မှုမှာ ဖြစ်နိုင်ခြေရှိသူတွေကို ထောက်လှမ်းရင်း အခင်းဖြစ်ပွားရာနေရာမှာ တွေ့ခဲ့ရတဲ့ မြင်းခွာရာတွေအရမြင်းကိုစုံစမ်းဖော်ထုတ်ခဲ့ပါတယ်။ ဒုရဲအုပ်ကိုအုန်းသောင်းက သေသူ ဦးသော်ကရဲ့ သူရင်းငှားတောက်ထိန်အိတ်ထဲကရတဲ့စာနဲ့ ပတ်သတ်ပြီး တိုက်နိုင်အောင် လက်ရေးပါရဂူဆီ တင်ဖို့ လူဆိုးစာရင်းဝင်တွေရဲ့ လက်မှတ်တွေကို ဖျူးပဘာမြောက် နည်းပရိယာယ်တွေနဲ့ ရယူခဲ့ပါတယ်"

"နယ်ထိန်းတပ်ကြပ်ကြီးကတော့ အရူးဟန်ဆောင်ပြီး အခင်းဖြစ်ပွားရာမှာ တွေ့တဲ့ဆေးပြင်းလိပ်တိုအတွက် သင်္ကာမကင်းတဲ့ အိမ်တွေက ဆေးပြင်းလိပ်တိုတွေကို ဝင်ကောက်ခဲ့ပါတယ်။ ခုလက်ရေးပါရဂူကတော့ လက်ဝေ့ဌာနကကော အဖြေပြန်ကျလာပါပြီ။ အားလုံးမှာ ကျွန်တော်တို့ ထင်တဲ့ အတိုင်းပါပဲ - အိုကေပါ"

မြို့နယ်မှူးကြီးက စခန်းမှူး ရဲအုပ်သန်းစိန် အစီရင်ခံနေတာကို ခေါင်းတဆတ်ဆတ်ညိတ်၍ သဘောကျစွာ နားထောင်နေသည်။

"အဖြစ်က ဦးလာဘဆိုသူက ဦးသော်ကရဲ့သူရင်းငှားတောက်ထိန်ကို သူ့တူမနဲ့ မြူပြီး ဦးသော်ကဆီက ရွှေထုပ်ကိုယူဖို့ အားထုတ်ခဲ့တာပါ။



ောက်ထိန်ရဲ့ပြောပြချက်အရ ဦးသော်က ဘယ်သွားသွား ရွှေထုပ်ကြီး တယ်ဆိုတာ သူတို့သိထားကြပါတယ်။ ဒါကြောင့် - တောက်ထိန်နဲ့ အချိန်း ဆက်လုပ် စာရေးပြီး ဦးသော်ကကို အပြင်ခေါ်ထုတ်ခိုင်းခဲ့ပါတယ်။ ောက်ထိန်အိတ်ကပ်ထဲက ရတဲ့စာဟာ ဦးလာဘ ရေးတာပါ"

"တောက်ထိန်ကလည်း နောက်လမှာ သူ့အိမ်ထောင်ပြုတော့မှာဖြစ်တဲ့ တွက် ရစရာရှိတဲ့ ကြွေးမြီတွေကို လောလောဆယ်သိမ်းဖို့ တိုက်တွန်းပြီး ကုန်းနဲ့ ဆင်သေကုန်းအကူး တူးမြောင်းရိုးကနေ စောင့်ခိုင်းပါတယ်။ သော်ကတို့ လှည်းယာဉ်လေးနဲ့ လာလည်းလာရော ဖမ်းပြီး ဦးသော်ကကို တ်ပြန်ကြီးတုပ်၊ ပစ္စည်းတောင်းပါတယ်။ ဒါပေမဲ့ - သူတို့က ရုပ်တွေဖျက် ကြတော့ ဦးသော်ကက ဘယ်သူဘယ်ဝါဆိုတာတော့ မသိပါဘူး။ စ္စည်းကလည်း ပါမလာတော့ မပေးနိုင်ပါဘူး။ သူကလည်း အဲဒီနေ့ကျမှ တ်လေးတယ်ဆိုပြီး ရွှေထုပ်ကို ထားခဲ့တာပါ။ ဒါတွေဟာ ဦးလာဘပေးတဲ့ ြောင့်ချက်တွေပါ ခင်ဗျာ"

"ဦးလာဘတို့လည်း သူတို့လိုတာမရတော့ စိတ်ဆိုးပြီး ဦးသော်ကကို ောက်လုံးပြူးနဲ့ ပစ်သတ်လိုက်ပါတယ်။ ဦးသော်ကသေပြီး တောက်ထိန် ဆက်ရှင်နေရင် တောက်ထိန်က အဲဒီအမှုကို ဖော်မှာစိုးသွားတယ်။ သော်ကသေပြီး တောက်ထိန်အသက်ရှင်နေရင် တောက်ထိန်ကနေ သနာဖြစ်နိုင်တာကိုတွက်မိသွားတယ်။ ဒါနဲ့ပဲ - တောက်ထိန်ကိုပါနောက် နေ ပစ်သတ်ခဲ့ကြတာပါ။ အစဖျောက်လိုက်တဲ့သဘောပေါ့"

"ဒါပေမဲ့ - အဲဒီအမှုနဲ့ပတ်သက်ပြီး တောက်ထိန်ပါအပြတ်ရှင်းပြီး လက်စ ျောက်ခဲ့ပေမယ့် သူတို့စီးလာတဲ့ မန်ကျည်းစေ့ရောင်မြင်းကြီး ထူးတွင်းထဲ ုလို့ လက်နာသွားတဲ့အတွက် သောင်ခုံပေါ်မှာ ထင်ကျန်ခဲ့တဲ့ ခြေရာတွေ ဲ ဦးသော်ကနဲ့ တောက်ထိန်အလာကိုစောင့်ရင်း သောက်ခဲ့တဲ့ ဆေးပြင်း ိတ်တိုရယ်၊ နောက်ပြီး - ဦးလာဘကိုယ်တိုင်ရေးပြီးတောက်ထိန်ကိုပေးခဲ့တဲ့ ရယ်ကိုတော့ သူတို့မဖျောက်နိုင်ခဲ့ပါဘူး။ နောက်ပြီး - အဲ့ဒီဦးလာဘဆို က ရာဇဝင်လူဆိုးပါ - မြို့နယ်မှူး"

www.burmeseclassic.com

"ခုတော့ – သူတို့အားလုံး ဖြစ်မှုကျူးလွန်ကြောင်း ဝန်ခံပြီး အချုပ်ထဲရောက်နေကြပါပြီး တကယ်တော့ – ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ကြောင်း – ခုတော့ – သူတို့သိသွားကြပါပြီ ခင်ဗျား"

**နေဝန်းနီ**

[ဝန်ခံချက် – ဖြစ်ရပ်မှန်လေးတစ်ခုအား အမည်နာမ၊ နေရပ်လိပ်စာများ လွှဲပြောင်း၍ ခံစားရေးဖွဲ့ခြင်းဖြစ်ပါသည်။]

**စာမူရှင်များသို့..**



# မျိုးသစ်

## ဆံတစ်ပင်ဟာင်း

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သမားတစ်ယောက် ဇာတ်ထဲတွင် အသက်ခံလိုက်ရမှ တာဝန်ရှိတစ်ယောက်ပရိယာယ် သုံးကာ ရှာဖွေစုံစမ်းဖော်ထုတ်ရာ..

**မြို့နယ်**တစ်မြို့နယ်၏ နာမည်ကြီးဘုရားပွဲတစ်ခု။

နှစ်စဉ်မပြတ် ကျင်းပမြဲ ဘုရားပွဲပေမို့ စည်ကားလှပါသည်။ ဈေးဆိုင်တန်းများ၊ မုန့်ဆိုင်တန်းများမှာလည်း တမျှော်တခေါ်ကြီးပါ။ ဗျာနေထွက်ကုန်များနှင့်အတူဝယ်ခြမ်းချင်စရာ လူသုံးကုန်၊ အလှကုန်ပစ္စည်းများကို ရောင်းချနေသဖြင့် ဝယ်သူများမှာ တိုးဝှေ့လျက် ရှိနေကြ၏။ စားသောက်ဆိုင်များနှင့်အတူ တိုးတိုးတိတ်တိတ် ရောင်းချနေသော အရက်ပုန်းဆိုင်များကလည်း တင်းကျမ်း။ အနီးပတ်ဝန်းကျင်မြို့ရွာများမှ တကူးတကလာကြသဖြင့် ပို၍စည်ကားနေသည်ဟု ဆိုရမည်ပင်။

ယခုနှစ်(ပန်တျာကျော်ကျော်ခိုင်) ဇာတ်အဖွဲ့ကိုငှားထားသည့်သတင်းမှာ တစ်နယ်လုံးပျံ့နှံ့ပြီး အထူးအထွေ ကြော်ငြာရန် မလိုတော့ပါ။ ဇာတ်မင်းသားလေး ကျော်ကျော်ခိုင်က

ငယ်ဂုဏ်ရှိ၍ရုပ်ချော၊အသံကောင်း၊အပြောကောင်း၊ပန်တျာချောင်းဆင်းဒီပီ အကတွင်လည်း နာမည်ရနေသူတစ်ယောက်။ ပန်တျာကျော်ကျော်ခိုင်ဇာတ်အဖွဲ့မှာ မင်းသားတစ်ယောက်ကောင်းသာ မဟုတ်၊ အုံကျင်းကလည်းတောင့်တင်းသည်။ ရေမှိုင်း အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်းဇာတ်နှင့် ဘက်စုံပြည့်သည်။ မင်းသမီး၊ မင်းသား၊ လူရွှင်တော်၊ မင်းသမီးကြီး၊ မင်းသားကြီး၊ မင်းသားလတ် အင်အားများအပြင် ပြဇာတ်ကောင်းများ၊ ဇာတ်ရှိ၊ အနောက်တိုင်းဂီတ၊ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ဆက်တင်မီးခွင်၊ အသံနအစ အားလုံးမှာ ဖြည့်ဆည်းဆန်းသစ်ထား၏။

တစ်ရက်ကြို ပွဲကူးလာနိုင်ခဲ့သည့်မို့ အချိန်ရသဖြင့် ကားသုံးစီးနှင့်အပြည့်ပါလာသည့် ဇာတ်သေတ္တာ၊ ဇာတ်ပစ္စည်းများကို နေရာချ၍ ဇာတ်ခုံခေါ်နှင့် အောက်ပိုင်းတို့တွင် ပြင်ဆင်နေကြရသည်။ ဇာတ်အဖွဲ့သားအားလုံးမှာ ကိုယ်စီကိုယ်င အလုပ်များနေချိန်လည်း ဖြစ်သည်။

သည်နယ်၊ သည်ဒေသမှာ ဘုရားပွဲဆိုသော်လည်း သာမန်ဇလာပွဲဇာတ်ကလေးများသွင်းခြင်း မဟုတ်။ ပွဲကန်ထရိုက်မှ နာမည်ကြီးဇာတ်များကိုသာသွင်း၍ လူဝင်ခ၊ ဖျာလက်မှတ်များ ရောင်းချကာ ဘုရားပွဲလာသူ၊ ဇာတ်ပွဲကြည့်သူများ ပြည့်နက်စွာ နှစ်စဉ်စည်ကားလှသည့်ဘုရားပွဲကို ရက်တိုင်တိုင် ကျင်းပမြဲ ဖြစ်၏။

ဇာတ်ခုံပိုင်း ပြင်ဆင်မွမ်းမံနေသကဲ့သို့ မြန်မာ့တေးဂီတအတွက် (စိန်အောင်လွင်)ဆိုင်းအဖွဲ့မှ မြန်မာ့ဆိုင်းပစ္စည်းများကို နေသားတကျ တပ်ဆင်နေရချိန်လည်း ဖြစ်သည်။ ဆိုင်းသေတ္တာအချို့ကို အောက်ခံထိုင်နိုင်ရန် ပစ္စည်းများထုတ်ပြီး ပြင်ဆင်ကြရသည်။

"ကိုညက်ရေ - သေတ္တာတွေက သံချက် နည်းနည်းကြွနေတယ်၊ ကိုမယ်ထင်တဲ့ သေတ္တာအားလုံးကို ပြင်ပေးပါဦးဗျာ"

ထုံးစံအတိုင်း ဆိုင်းဆရာ စိန်အောင်လွင်က အလုပ်နားချိန်တွင် လက်သမားအလုပ်ကို လုပ်ကိုင်လေ့ရှိသူ ဦးညက်ကို အမှုကပ်ပြန်ပါသည်။ ဆိုင်းဆင်ပြီးသော်လည်း ဦးညက်မှာ ရဲတင်း၊ လွှ၊ သံများနှင့်အလုပ်ရှုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သူဇာတ်သားအများ ထမင်းစားနေချိန်အထိ သူ့မှာ အလုပ်က မပြီးတတ်သေး။

မန်နေဂျာ ကိုစိုးထွဋ်တစ်ယောက် ထမင်းစားပြီးသွားပုံရ၏။ သွားကြားထိုးတံလေးကို ပါးစပ်ကိုက်၍ ရယ်ရွှန်း၊ ဖတ်ရွှန်း မျက်နှာပေးဖြင့် ဆိုင်းဝိုင်းအနီးသို့ ရောက်လာသည်။ ဦးညာက်မတွေ့ချင်၊ မမြင်ချင်ဆုံးတစ်ယောက်ပါ။ အရွံ့မုန်းဆုံးတစ်ယောက်ဆိုက ပိုမှန်မည်၊ ကိုစိုးထွဋ်ကို မမြင်ယောင်ပြု၍ နောက်ခိုင်းကာ လုပ်မြဲအလုပ်ကို ဆက်လုပ်နေမိသည်၊ ဇာတ်ထဲတွင် မတွေ့ချင် မြင်နေရသူတွေဖြစ်သဖြင့် အတတ်နိုင်ဆုံး ရှောင်ခဲ့၏။ အရှက်အကြောက်မရှိ ရင်ဆိုင်ဝံ့သည်က သူပါပဲ။ တကယ်တမ်း မခံချင်သည်က သူ၏ခနိုးခနဲ့အပြုံး။ ရင်ထဲကိုအပ်နှင့်ဆွသလို ခံစားနေရပေမင့် မပြောသာ။ ပြောလိုက်လျှင်လည်းကိုယ်ပဲအရှက်ရမည်က သေချာသည်။ ဦးညာက်အနီးတွင်ရှိနေသည့်တိုင် နှုတ်ဆက်ခေါ်ပြောမလုပ်သဖြင့် ကိုစိုးထွဋ် ထွက်သွားရန်ပြင်သည်။ ဦးညာက်မှာ ရင်တွင်းမှ မကျေနပ်မှုများက ဒေါသပုံစံသို့ ပြောင်းလဲလာသည်တွင် စက်ဆုပ်ရွံမုန်းခြင်းကို တံတွေးအဖြစ် ထွီခနဲထွေး ထုတ်မိသည်၊ သိသိနှင့် ကိုစိုးထွဋ်က ဂရုမစိုက်၊

"ဟား - ဟား - ရယ်ဖို့ကောင်းတယ်ကွာ။ ကိုယ့်ဟာကိုယ်လည်း မပိုင်မနိုင်ပဲ၊ ဒီကြားထဲ သူများကို ရန်လိုဝန့်တိုသေး။ သနားစရာ - ဒုက္ခ - ဒုက္ခ ဟား - ဟား"

ကိုစိုးထွဋ်စကားများမှာ တစ်ဖက်သားဖြစ်သူ ဦးညာက်နားထဲသို့ ကျင်ခနဲ ဝင်လာ၏။

"ဟေ့ကောင် - ဘာပြောတယ်ကွ"

ဦးညာက် - ဒေါသဖြင့် လှမ်းမေးလိုက်သည်။

"ကျုပ်ပြောနေတာတွေ ခင်ဗျားကြားသားနဲ့၊ ဘာလုပ် ထပ်မေးရှင်ရတာလဲ၊ ဘာလဲ - ထပ်ကြားချင်သေးလို့လား"

ကိုစိုးထွဋ်က မခန့်ပက်စက် ပြန်ပြောနေသည်ကို ဦးညာက် အံကြိတ်နားထောင်နေရ၏။



"မင်းလိုကောင်ကတော့ အချောင်နိုက် သိုက်တူးနေတဲ့လူစားပဲ၊ မင်းကြောင့် သူတစ်ပါးထိခိုက်မှာ၊ စိတ်ဆင်းရဲမှာစိုးတာမဟုတ်ဘူး၊ မင်းပြောတော့ မင်းစကားပေ့ါ၊ တစ်နေ့ - မင်း ဒုက္ခလှလှကြီး တွေ့မှာပါ"

"တွေ့ - တွေ့လေဗျာ၊ ဒုက္ခဆို ချိုနဲ့လားပေ့ါ၊ ခင်ဗျားသာ သူများလျှောက်ရမ်းမနေနဲ့ ကိုယ့်လူကိုယ် နိုင်အောင်ထိန်း၊ ကျုပ်တို့က ပေးရင်ယူ၊ ကျွေးရင်စားမှာပဲ"

"အောင်မယ် - မင်းက ပြောရတယ်လို့ကွာ၊ တယ်လေ - ငါ"

"ပြောတော့ - ခင်ဗျားက ဘာဖြစ်ချင်လို့လဲ"

တစ်ဆင့်ထက် တစ်ဆင့်တက်လာသည့် ကိုစိုးထွဋ်၏ ရင့်သီးစော်ကားလှသော စကားများကြောင့် ဦးညာက်ဒေါသဟုန်ဖြင့် မျက်လုံးများ ပြာဝေပြီး ဘာမှမမြင်တော့။ လက်ထဲတွင် အသင့်ကိုင်ထားသည့်ရဲတင်းကို ဆုပ်ကိုင်ရင်း ပြေးဝင်လာသည်၊ ထမင်းစားချိန်မို့ ရုံတွင်းရုံပြင်တွင် လူရှင်းနေသည့် အပြင် ဇာတ်ခုံကွယ်တွင် သူတို့ပြဿနာ ဖြစ်နေသည်ကို မြင်သူမရှိ။

"အား ..."

"လာကြပါဦး - လာကြပါဦး - ဦးညာက်မူးလဲလို့"

အသံနက်ကြီးနှင့် အော်သံနောက်တွင် ကိုစိုးထွဋ်၏အော်သံကို ကြားလိုက်ရပါသည်၊ ဦးစွာရောက်လာသူက ဦးမော်တာကြီး၊ ဦးညာက်တစ်ယောက် သွေးအိုင်ထဲတွင် ခွေခွေလေး လဲနေပါသည်။ ဦးမော်တာကြီးက ဦးညာက်ကို ကမန်းကတန်းပွေ့ထူလိုက်သည်တွင် ခေါင်းမှာလည်း သွေးတို့ စိုရွှဲလျက်၊ ရဲတင်းတစ်လက်က အနီးရှိ မြေပေါ်တွင် ကျနေ၏။

"ကိုညာက် - ကိုညာက် - သတိထားလေ"

ဦးမော်တာကြီးကို ဦးညာက်အားယူ၍ မျက်လုံးဖွင့်ကြည့်သည်။

"ငါ့ကို - ငါ့ကို လုပ်တာ - ကြွက် - ကြွက်"

တိုးညင်းသော လေသံဖြင့် ပြောပြီးနောက် ဦးမော်တာကြီး ပွေ့ချီထားရာမှ မေးတစ်ချက်ထိုး၍ ဦးညာက် ခေါင်းလည်ကျသွားပါသည်၊ ဦးမော်တာ

ကြီးမှာ ကြောင်တိကြောင်တောင် ဖြစ်နေ၏။ စောစောက အော်သံကြောင့် တစ်စတစ်စ လူများ ဝိုင်းအုံလာကြသည်။

"ဆေးရုံပို့ - ဆေးရုံပို့"

အားလုံးက ဦးညာကိုကို ဆေးရုံပို့ရန် ဝိုင်းပြောနေကြချိန်တွင် ဦးညာက်မှာ အသက်မရှိတော့ပါ။

ညနေစောင်းတွင် သွေးတိုးဝေဒနာရှိသူ ဦးညာက်တစ်ယောက် အလုပ်လုပ်နေနိုက်မူးလဲသွားရာမှသေတ္တာစောင်းနှင့်ခေါင်းရိုက်မိ၍သေဆုံးရခြင်း သတင်းမှာ ပြန့်လွင့်လာ၏။

အဖြစ်မှန်အားလုံး သိမြင်နေသူတစ်ဦးက ရှိနေသည်ကို မည်သူမှ မသိ၊ တိုင်ဖုံးလိုက်ကာကြားမှ ထိုသူထွက်သွားသည်ကိုလည်း မြင်သူမရှိ။

☠

"လာ - ဦးလေး - ဒီမှာထိုင်"

အရက်ဆိုင်ထဲသို့ ဝင်လာသူ ဦးမော်တာကြီးမှာ စားပွဲတစ်နေရာလွတ် မရှိအောင် လူများနေသည့်ဆိုင်အတွင်း လှမ်းခေါ်သူတစ်ယောက်ကြောင့် နေရာရခဲ့သည်။

"ကျေးဇူးပါပဲ - ငါ့တူရာ"

ဆောင်းထားသည့် ဝါးခမောက်ကို အနီးရှိသံချိတ်တွင် ချိတ်လိုက်ပြီး စားပွဲမှာ ဝင်ထိုင်လိုက်သည်။ မျက်နှာတွင် အဆီပြန်နေသည့် ချွေးစေးတို့ကို အိတ်အတွင်းမှ လက်ကိုင်ပုဝါ ညစ်ထေးထေးတစ်ထည်ဖြင့် သုတ်လိုက်၏။

"ဦးလေး - ဘာသောက်၊ ဘာစားမှာလဲ - မှာလေ"

စောစောက လှမ်းခေါ်လိုက်သူမှ ပြောနေသဖြင့် အရက်မမှာရသေး သည်ကို သတိရလာမိသည်။

"အေး - အေးအေး - ဟေ့ကလေး - အရက်တစ်ပိုင်းနဲ့ မြေပဲဆားလှော် တစ်ထုပ်ပေးကွာ"



"ဟာ - ဦးလေး - တစ်ပိုင်းနဲ့တော့ အာသာပြေမယ်မထင်ပါဘူး။ ဟေ့ကောင်လေး - အရက်တစ်လုံးနဲ့ ကြက်ရိုးတစ်ပွဲပေး။ နောက်ပြီး - မြေပဲ တစ်ပန်းကန် ချပေးကွာ"

သူ့ရှေ့တွင် ထိုင်နေသူက သူ့အကြောင်းသိဟန်ဖြင့် မှာနေသော်လည်း သူ့တွင် ပိုက်ဆံလုံလုံလောက်လောက် မပါခဲ့။ ရှိသမျှလေးနှင့် မျှတအောင် သောက်စားသွားမည်ဟု သူစဉ်းစားမိ၍ ဆိုင်ထဲဝင်လာခဲ့ခြင်းကို သူသာ အသိဆုံး။

"မလုပ်နဲ့ - မလုပ်နဲ့ - ကျုပ် အဲဒီလောက် မတွေ့စတ်နိုင်ပါဘူး"



> မင်းလိုကောင်တွေကတော့
> အချောင်နိုက် သိုက်တူးနေတဲ့လူစားပဲ။
> မင်းကြောင့် သူတစ်ပါးထိခိုက်မှာ၊
> စိတ်ဆင်းရဲမှာစိုးတာမဟုတ်ဘူး။
> မင်းပြောတော့ မင်းစကားပေါ့။
> တစ်နေ့ - မင်း ဒုက္ခလှလှကြီး
> တွေ့မှာပါ။

www.burmeseclassic.com

ဦးမော်တာကြီး လက်ကာကာ၊ ခေါင်းခါခါနှင့်ပြောနေဟန်ကို တစ်ဖက်လူကြည့်၍ သဘောကျသွားပုံဖြင့် တဟားဟား ရယ်လိုက်သည်။

"ကိစ္စမရှိပါဘူး - ဦးလေးရယ်၊ ကျွန်တော် တိုက်မှာပါ၊ သောက်မှာသာ သောက် - ဘာမှ အားမနာနဲ့ - ဟုတ်ပလား"

"ဟာ - ဒုက္ခရှာလို့ကွာ၊ နို့ - နေပါဦး - မင်းကိုလည်း ငါမသိပါလား"

"ဦးလေးတို့က စင်ပေါ်ကလူတွေပဲ၊ ကျွန်တော်တို့ကို ဘယ်သိပါ့မလဲ၊ ဦးမော်တာကြီးဆိုတဲ့ ပန်တျာကျော်ကျော်မိုင် ဇာတ်အဖွဲ့နာမည်ကြီးလူရွှင်တော်ကြီးကို ပရိသတ်ဖြစ်နေတဲ့ ကျွန်တော်တို့က သိတာဆန်းသလား"

ဦးမော်တာကြီး တမင်ဟန်လုပ်ကာ ငြင်းနေရသော်လည်း အရက်ကို ခုံမင်တွယ်တာ စွဲလမ်းနေသည်က အမှန်၊ ဦးမော်တာကြီး ဇာတ်သက်ရင့်၍ အသက်ခြောက်ဆယ်ကျော်လာသည့်တိုင် ငယ်စဉ်ကတည်းက စွဲမက်လာခဲ့သော အရက်ကိုတော့ မဖြတ်နိုင်သေး၊ လျှာဖျားတွင် စို့သီးလာသည့် တံတွေးတို့ကို အကြိမ်ကြိမ် မျိုနေရ၏။

အရက်ဆိုင်စားပွဲထိုးကလေးက အရက်တစ်လုံးနှင့် ဖန်ခွက်တစ်ခွက်၊ ရေတစ်ပုလင်းကို ဦးစွာချပေးသည်၊ ပြီးတော့ - ကြက်ရိုးဟင်းနှင့် မြေပဲတစ်ပန်းကန် ရောက်လာပြန်သည်။

"ကဲ - သောက်ပါ - ဦးလေး၊ ဦးရဲ့ပရိသတ်တစ်ယောက်က ညွှန့်ဝတ်ပြုတယ်လို့ သဘောထားပေါ့"

ဦးမော်တာကြီး တုန်ရီသောလက်ဖြင့် အရက်ကိုငှဲ့၍ ရေအနည်းငယ်ထည့်ပြီး ဂွပ်ခနဲ မော့လိုက်၏၊ နောက်တော့ - မြေပဲကို နှိုက်ဝါးနေသည်၊ အရက်နှစ်ခွက်သုံးခွက်သောက်ပြီးမှ ဦးမော်တာကြီး အနည်းငယ်အာသွက်လျှာသွက်ဖြစ်လာ၏၊

"ငါ့တူက ဘာလုပ်သလဲ၊ မင်းကြည့်ရတာ ပိုက်ဆံဝါလားတစ်ယောက် ပုံပဲကွ"



"သိပ်မပြောက်နဲ့ - ဦးလေးရယ်၊ မိုးတက်ကပ်နေပါ့မယ်၊ ကျွန်တော်က ကားသမားတစ်ယောက်ပါ၊ ကားသမားဆိုတော့ တစ်ခါတလေ ဘေးပေါက်ကလေး၊ ဘာလေး ရတာပေါ့ဗျာ"

"ဟုတ်တာပေါ့၊ ကားသမားလည်း ဘေးပန်းဝင်ငွေ ရှိတာပဲ၊ တို့လိုအနုပညာသမားတွေကတော့ စပေါ်စရုန်ရယ်၊ နေ့တွက်ရယ်ပြတ်တယ်ဆိုခါလိုပြနေပြီပေါ့၊ တို့အလုပ်က လေ့ဦး စိုတော့စို၊ လေ့ဦး ခြောက်တော့ခြောက်၊ မကြားဖူးဘူးလား"

"ခေတ်ကြုပ်တော့ သဘင်သည် ဇတ်သတဲ့၊ ခေတ်မကြုပ်လည်း ဇတ်နေတာပါပဲကွာ"

ဦးမော်တာကြီးက သူ့စကားနှင့်သူ သဘောကျ၍ တဟီးဟီး ရယ်နေသည်။

"ဒါထက် - ဦးလေးတို့ဇာတ်အဖွဲ့ထဲက နဲ့ဆရာကြီး ဦးညာဏ် ဆုံးသွားပြီဆို၊ နဲ့သမားကောင်းကြီးပါဗျာ - နမြောစရာပဲနော်၊ ဦးလေးတို့လည်း ဒုက္ခရောက်မှာပဲ"

"ငါ့တူက ဒါတွေလည်း သိတာကိုး၊ ဟုတ်တယ် - ကိုညာဏ် ဆုံးသွားပြီ၊ တို့အားလုံးကတော့ ယူကြုံးမရပေါ့ကွာ၊ နဲ့သမားကောင်းတစ်ယောက်ဖြစ်ဖို့က လွယ်မှတ်လို့၊ ကိုညာဏ်လက်ထောက်နဲ့ တွဲဖက်မိလို့ တစ်ယောက်ရှာရတာပေါ့၊ ဒါပေမဲ့ - ကိုညာဏ်ဆုံးတာကို ကြိတ်ဝမ်းသာတဲ့လူလည်း ရှိမယ်လေ"

"ဘယ်လို - ဦးရဲ့၊ ဆန်းဆန်းပြားပြားဗျာ၊ သူတစ်ဖက်သား သေတာကိုပဲ ဝမ်းသာရတယ်လို့"

"သမားရိုးကျတော့ မင်းပြောတာမှန်ပါတယ်၊ ဒါပေမဲ့ - သူ့မယားနဲ့ ဖြွက်ပျင်းက ကြိတ်ဝမ်းသာနေမှာကွ"

ဦးမော်တာကြီးက အရက်တစ်ကျိုက် မော့လိုက်ပြီး ကြက်ရိုးတစ်ချောင်းကို ကိုက်ဝါးနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"စပ်စုတယ်တော့ မထင်ပါဦး - ဦးရယ်၊ ကျွန်တော် - ဦးလေးပြောတာ နားမလည်လို့ - ရှင်းပြပါဦး"

ဦးမော်တာကြီး ခွက်တွင်းမှ အရက်လက်ကျန်ကို အပြီးသတ်ပြီးမှ စကားစ၏။

"အေးလေကွာ - မင်းက ဒီနေ့ ငါ့အတွက် ဒကာဆိုတော့ ငါကလည်း မချွင်းမချန်ပြောပြရမှာပေါ့။ ကိုညက်ဖနီးကလွန်ခဲ့တဲ့သုံးနှစ်လောက်တည်းက ဆုံးတယ်လေ။ ခယူထားတာက စမောလေး။ သူ့ထက် အသက်ဆယ့်ရှစ်နှစ်လောက် ငယ်တယ်။ ကောင်မလေးက အရင်ယိမ်းသမလေး။ ယော - အရှင်မွေးတော့ နေ့ချင်းကြီး ခပြဇာတ်ထဲမှာ လက်ထောက်မင်းသမီးလေ။ နာမည်က မြလေးစိန်တဲ့။ တို့ဇာတ်ထဲကလည်း လူအစုံသား။ မှန်မှန်ကန်ကန်လူတွေရှိသလို၊ မမှန်မကန်တွေ တစ်ပုံကြီးပေါ့။ အဲဒီမှာ ဇာတ်ရှုပ်တွေ ပေါ်လာတာပါပဲ။ ကြွက်ပျင်းဆိုတာ မင်းသိတယ်မဟုတ်လား။ ကိုယ်တိုင်တွင်းမတူးဘူး။ သူများတွင်း အောင်းတတ်တာမျိုး ..."

ကြက်ရိုးတစ်ပန်းကန်မှာလည်း တစ်ဝက်သာသာ ကျန်တော့၏။ ဦးမော်တာကြီးက အရက်ဆက်သောက်နေပြန်ပါသည်။

"မင်းက ငါ့ကိုသာ အသောက်ခိုင်းနေတာ - မင်းလည်း မသောက်ပါလားကွ"

"ဦးလေးမလာခင် ကျွန်တော်က ပြီးသွားပြီလေ။ ဦးလေးတစ်ယောက်တည်း သောက်နေရမှာစိုးလို့ပါ။ စကားကောင်းနေတာလည်း ပါတာပေါ့။ ကဲ - ဦးလေး - စကားဆက်ပါဦး"

"ငါ့စကား ဘယ်ရောက်သွားပြီလဲ။ အဲ - တို့ထဲက မန်နေဂျာစိုးထွဋ်ဆိုတာက ကြွက်ပျင်းလိုအကောင်စား။ သူ့ကြောင့် မင်းသမီးလှမျိုးနွယ်တို့လင်မယား ကွဲခဲ့ရပြီး လှမျိုးနွယ်လည်း ဒီဇာတ်က ပြေးရရော။ ထမင်းချက်ကြီး ဦးသန်းမောင်ရဲ့တူမလေး - အကသင်မယ်ဆိုပြီး ရွာက လိုက်လာတာ သင်းနဲ့ မရှင်း၊မရှင်းဖြစ်ရာက ရွာမှာ သူ့ကို တစ်ဖက်သတ်ကြိုက်နေတဲ့ ကောင်



လေးယူလိုက်မှ ကလေးအတွက် လင်ကောင်ဖော်နိုင်တာမျိုး။ ခု - ကိုညက့် အနီးအလှည့် ..."

စကားကို အဆုံးမသတ်သေးပဲ ဦးမော်တာကြီး အရက်ငုံ့နေပြန်၏။

"သူတို့အကြောင်းကို ဟိုလူပြော၊ ဒီလူပြောနဲ့ ကိုညက်က ရိပ်မိပြီး လင်မယားချင်း စကားများကြတယ်လေ။ ခက်တာက ကောင်မလေးကိုယ်တိုင် ဆိပ်ပါ၊ပါဆိုတော့ ကိုညက် မပြောသာဘူးပေါ့။ ဖြစ်ချင်လာလို့ ဆိုရမယ်။ ဟိုနေ့က ကိုညက် သွေးပေါင်တွေတက်ပြီး မူးလဲသွားတော့ သေတ္တာစောင်းနဲ့ ခိုက်မိလို့ သေရတယ်လေကွာ"

"နို့ - နေပါဦး - ဦးလေးရဲ့ နဲ့ဆရာကြီးသေတော့ အနီးအနားမှာ ဘယ်သူမှ မရှိကြဘူးလား"

ဦးမော်တာကြီးက ဘေးဘီကို ပြူးပြူးပျာပျာ ကြည့်လိုက်၏။

"ရှူး - တိုးတိုးပြောပါကွာ။ ဘယ်ကသတင်းကြားတယ်မသိဘူး။ ရဲတွေလာစစ်တယ်။ အလောင်းကိုလည်း ဆေးရုံပို့လိုက်ရတယ်လေ။ သေမှုသေခင်း ဖွင့်တယ်ဆိုလားပဲ။ တကယ်တော့ - အနားမှာ ငါနဲ့ ကြွက်ပျင်း ရှိတယ်ကွ။ သူရှိတယ်ပြောရင် အစစ်အဆေး၊ အမေးအမြန်းတွေ ထူနေမှာစိုးလို့ဆိုပြီး ငါ့ကိုပြောထားတော့ ရဲမှာ ငါတစ်ယောက်တည်း ရှိပါတယ်လို့ ထွက်ခဲ့ရတယ်။ တို့က မန်နေဂျာနဲ့မကင်းနိုင်သူတွေပဲမဟုတ်လား။ အမှန်ဆို - အော်သံကြားမှ ငါက ပြေးဝင်လာတာ။ အနီးဆုံးရှိနေတာ သူပဲ"

"ဒါဆို - ရိုးမှရိုးပါ့မလားဗျာ"

"ငါ့တူရေ - မင်းတွေးသလို ငါလည်း တွေးမိတယ်၊ ဒါပေမဲ့ ..."

ဦးမော်တာကြီး စကားမများအောင် မနည်းကြိုးစားနေပုံရသည်။ အရက်ခွက်ကိုသာ သဲကြီးမဲကြီး သောက်နေသည့်တိုင် သူ့စိတ်ထဲတွင် ကျေနပ်ပုံမရသည်မှာ ပေါ်လွင်နေ၏။

"ဒီလိုအကျင့်ပျက်တဲ့လူမျိုး ဆက်ထားနေရသေးလား။ မောင်းထုတ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟွန်း - ငါ့တူအပြောက တယ်ကောင်း။ သူက ဇာတ်ထောင်ရဲ့ ယောက်ဖအရင်းကြီးလေး၊ တို့ဇာတ်ဆရာတောင် သူ့ကို မာမာပြောရဲတာ မဟုတ်ဘူး။ အဲဒါကြောင့်လည်း ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေတာပေါ့"

"ဒီလိုလား"

တဖြည်းဖြည်း ဦးမော်တာကြီး ရေချိန်ကိုက်သွားပေပြီ။ ပုလင်းလွတ်၊ ဖန်ခွက်လွတ်နှင့် ကြက်အရိုးအရင်းတို့မှာ စားပွဲပေါ် အစုလိုက်၊ အပုံလိုက်။ ကားသမားဆိုသူမှ ကျသင့်ငွေများ ရှင်းပေးပြီးနောက် လူစုခွဲခဲ့ကြသည်။

"ကျေးဇူးတင်တယ် - ငါ့တူ၊ ရုံဘက်ရောက်ရင် ဝင်ခဲ့နော်"

ဦးမော်တာကြီးက လက်တပြပြနှင့် နှုတ်ဆက်ကာ ပြန်သွား၏။ ကားသမားဆိုသူမှာ ထောင်ထားသည့်စက်ဘီးကိုယူ၍ နင်းထွက်သွားသည်က မြို့ထဲဘက်ဆီသို့ ...။

* * *

နံနက်စောစော ...

အလုပ်သမားလေးတစ်ဦးက ဈေးဝယ်တောင်းကိုထမ်း၍ဦးသန်းမောင်နှင့်အတူ ဈေးထဲမှ ထွက်လာသည်။ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ဘူးသီးနှင့် ဟင်းစားများမှာ တောင်းတွင် အပြည့်။ ဈေးပြင်တွင် စောင့်နေသည့် ဆိုက်ကားတစ်စီးပေါ်သို့ ဈေးဝယ်တောင်းနှင့် အလုပ်သမားကလေးကို တင်ပေးလိုက်ပြီး စက်ဘီးအပ်သည့်ဌာနသို့ ဦးသန်းမောင် ထွက်ခဲ့၏။ သူ့စက်ဘီး အစုတ်ကလေးကို အပ်နှံထားရာမှ ထုတ်ယူခဲ့၍ စီးနင်းရန် ပြင်နေစိုက် သူ့နာမည်ခေါ်သံ ကြားလိုက်ရသည်။

"ဦးသန်းမောင် - ကျွန်တော်ပါဗျ"

ဦးသန်းမောင် လှည့်ကြည့်လိုက်သည်တွင် သူ့ကိုခေါ်နေသူမှာ မျက်နှာစိမ်းလူရွယ်တစ်ဦး။ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် ကျနလှစ်သောခန္ဓာကိုယ်ပိုင်ရှင်တစ်ယောက်ပါ။ သို့သော် ထိုသူကို သူလုံးဝမသိ။ မျက်နှာစိမ်းလူရွယ်ကပြုံးစစဖြင့်သူ့အနီးစက်ဘီးတစ်စီးကိုတွန်း၍ကပ်လာသည်။

"ဦးလေးရဲ့အလုပ်သမားကလေးကို ပြန်လွှတ်လိုက်ပါ။ ဦးလေး - ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပြီးမှ ပြန်တာပေါ့"

"ဟာ - ထမင်းချက်ရဦးမှာကွ၊ လိုက်လို့မဖြစ်ဘူး။ တော်ကြာ - ငါ့အဆူအမာန်ခံနေရပါ့မယ်ကွာ"

"သိပ်မကြာပါဘူး - ခဏလေးပါဗျာ"

ဦးသန်းမောင်မှာ မသိကျွမ်းသူတစ်ယောက်နောက်သို့ ဘာကိစ္စမှန်း မသိ၍ မလိုက်ဝံ့။ ငြင်းမည်ဟု ပါးစပ်ပြင်နေစိုက် လူရွယ်က အိတ်တွင်းမှ ဓာတ်ပြားလေးတစ်ပြား ထုတ်ပြလိုက်၏။ ဦးသန်းမောင် မျက်လုံးပြူးသွားသည်။

"ကျုပ် - ကျုပ် - လိုက်ခဲ့ပါ့မယ်၊ ခဏစောင့်ပါနော်"

ပြောပြောဆိုဆို လမ်းအကူးအဖြတ်တွင် ရပ်စောင့်နေသည့် ဆိုက်ကားနောက်ကို စက်ဘီးနင်း၍လိုက်ကာ မှာစရာရှိသည်တို့ မှာပြီး လူရွယ်ရှိရာသို့ ပြန်လှည့်လာသည်။

သို့ဖြင့် လူရွယ်သွားရာနောက်သို့ စက်ဘီးနင်း၍ လိုက်ခဲ့၏။ အထွေအထူး စကားမဆိုမိ။

ဇာတ်အဖွဲ့ရှိရာ ရုံထဲသို့ ဦးသန်းမောင်ပြန်ရောက်လာချိန်မှာ တစ်နာရီပင် မကြာတတ်။ ထွက်လာသည့်ချွေးတို့ကို သုတ်ပြီး ဦးသန်းမောင် သူ့အဖွဲ့နှင့်အတူ ချက်ရေး၊ ပြုတ်ရေးအတွက် စီမံနေရပါသည်။ ချက်ရေးပြုတ်ရေးအတွက် တာဝန်ယူထားရသူမို့ နေရာတိုင်းမှာ သူပါနေရ၏။

နေ့လယ်ပိုင်း အားလုံးအိပ်စက်အနားယူနေချိန်တွင် ဦးသန်းမောင်မှာ မနားနိုင်သေး။ မယောင်မလည်ဖြင့် ဇာတ်ခုံနောက်ပိုင်းဝင်လာသည်။ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ကိုစိုးထွဋ်ကို သူ့အိပ်ရာထက်တွင် တွေ့လိုက်ရသည်။

www.burmeseclassic.com

အိပ်ရာပေါ်တွင်လှဲရင်း မျက်စိများ မှေးစင်းကာ နားကြပ်ကက်ဆက်မှ ဂီတအရသာကို ဖိမ်ခံနားထောင်နေ၏။

"ကိုစိုးထွဋ် - ကိုစိုးထွဋ်"

ဦးသန်းမောင်၏ခေါ်သံကို မကြား။ ဂီတရေလျဉ်ကြော စီးမျောနေသဖြင့် အနားကပ်၍ လှုပ်ယမ်းမိသည်။ ကိုစိုးထွဋ်က နားကြပ်ကိုဖြုတ်ပြီး မော့ကြည့်လိုက်၏။

"ဘာကိစ္စရှိလို့လဲ - ဦးသန်းမောင်"

"မနက်တုန်းက ဈေးထဲသွားတော့ မင်းအသိဆိုတဲ့လူတစ်ယောက်က စာတစ်စောင် ပေးလိုက်တယ်။ မင်းကို မတွေ့သေးလို့ မပေးရသေးတာ"

"ဘယ်သူများပါလိမ့်"

"မသိဘူးကွ - လူခပ်ငယ်ငယ်ပဲ။ ဒီမှာရော့ - မင်းကို ဆက်ဆက်ပေးပါလို့ တို့ကို မှာလိုက်တယ်"

ဦးသန်းမောင်က အင်္ကျီအိတ်အတွင်းမှ စာအိတ်တစ်လုံးကို ထုတ်ပေးလိုက်သည်။

"အင်း - အင်း - ပေးခဲ့လေ"

ကိုစိုးထွဋ် စာအိတ်ကို လှမ်းယူလိုက်၏။ သူ စာအိတ်ကို ဖောက်ဖတ်နေချိန်တွင် ဦးသန်းမောင် ပြန်ထွက်သွားပြီဖြစ်သည်။ စာကို အစအဆုံး ဖတ်ပြီးနောက် ကိုစိုးထွဋ် မျက်စိမျက်နှာပျက်နေ၏။ ဘေးဘီကို တစေ့တစောင်း လှည့်ပတ်အကဲခတ်လိုက်သည်။

စာရွက်ကို အိတ်တွင်း ထိုးထည့်၍ ထိုင်နေရာမှ ဇာတ်ရုံနောက်ဘက်ဆောင့်တွင် ဝိုင်းစုစကားပြောနေသည့် အမျိုးသမီးလေးများရှိရာသို့ ရောက်သွားပြန်သည်။ အမျိုးသမီးလေးများနှင့် စကားတစ်ခွန်း နှစ်ခွန်းပြောပြီး ဇာတ်ရုံအပြင် ထွက်သွားသည်။ သူ့လှုပ်ရှားမှုအားလုံးကို အကဲခတ်နေသူက ဦးသန်းမောင်။ အမျိုးသမီးလေးများထံသို့ ဦးသန်းမောင် ရောက်သွားပြန်၏။



"ဟဲ့ - ကောင်မလေးတွေ - စောစောက ကိုစိုးထွဋ်ကို တွေ့လိုက်သလား ဈေးဘိုး ထပ်တောင်းရဦးမှာ - ဘယ်ရောက်သွားတယ်မသိဘူး"

"ဦးလေးကြီးရေ - ထုံးစံအတိုင်း - မြလေးစိန်ကို လာရှာတာလေ။ ဘုရားသွားတယ်ဆိုလို့ လိုက်သွားလေရဲ့"

"အော် - ဒီလူနှယ် - တယ်ခက်ပါလား။ ဘယ်လိုက်ရှာရပါ့"

ဦးသန်းမောင် ညည်းညည်းညူညူဖြင့် ဟိုလိုလို၊ ဒီလိုလိုနှင့် ထွက်လာ ရုံပြင်တွင် ထောင်ထားသည့်စက်ဘီးကိုဆွဲ၍ လမ်းအတိုင်း နင်းထွက်သည်။

ဘုရားပေါ်တွင် မြလေးစိန်က ဘုရားဝတ်ပြုနေဆဲ။

အတန်ကြာ - ဘုရားရှိခိုးနေရာမှအထတွင် သူမကို ရပ်စောင့်နေသူ ထွဋ်အား ပက်ပင်းတွေ့လိုက်ရ၏။

"ဟင် - အစ်ကိုထွဋ် - ဘုရားပေါ် လိုက်လာရအောင် ဘာကိစ္စများ ကြီးလာပြန်တာလဲ"

ကိုစိုးထွဋ်က စိတ်ပျက်လက်ပျက် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဘုရားအစ်မက အေးအေးဆေးဆေး ဘုရားပေါ်ရောက်နေတာ။ ငါ့မှာ ခေါင်းမီးတောက်နေပြီ"

"ဘာ - ဘယ်လို - ဘာဖြစ်လို့ ခေါင်းမီးတောက်ရတာလဲ"

"ဟဲ - ဘုရားရင်ပြင်မှာ လူရှုပ်တယ်။ ဟိုနောက်ဘက် သွားရအောင်"

ကိုစိုးထွဋ်နှင့် မြလေးစိန်တို့ ငါးကန်ဘက်သို့ လျှောက်လှမ်းလာကြ ။ ငါးကန်ဇရပ်မှာ လူရှင်းသဖြင့် ငါးစာကျွေးသည့်အဆောင်တွင် သူတို့ ထိုင်လိုက်ကြ၏။

မျက်နှာ၊လက်ဟန်များဖြင့် ကိုစိုးထွဋ် ပြောနေသည့်စကားများကို စိန်ပါးစပ်အဟောင်းသားနှင့် နားထောင်နေပါသည်။ အချိန်အတော်

www.burmeseclassic.com

ကြာကိုစိုးထွဋ်က မြလေးစိန်နှင့် အချီအချစကားပြောနေပြန်သည်။ နော
တော့ - သူတို့နှစ်ယောက် ဘုရားနတ်လမ်းအတိုင်း အရှေ့ဘက်မုခ်မှ ထွ
သွားကြသည်။ သူတို့ထွက်သွားချိန်တွင် ငါးကန်အလှူခံပုံးဘေးရှိ တ
ကွယ်မှ လူရွယ်တစ်ယောက် ထွက်လာပြီး ပတ်ဝန်းကျင်ကို အကဲခတ်လို
၏။

ပြီးနောက် - ဘုရားမြောက်ဘက်မုခ်မှ ခပ်သွက်သွက် လျှောက်ထွ
သွားတော့သည်။ ညနေစောင်းမို့ နေရောင်က ဖျော့တော့မှေးမှိန်လာ၏။

ယနေ့ ဇာတ်ပွဲ၏ နောက်ဆုံးည။

နှုတ်ဆက်ပွဲမို့ လူက ဝက်ဝက်ကွဲအောင် စည်ကားလှသည်။ မန်နေ
ကိုစိုးထွဋ်မှာ ဇာတ်ပွဲကိစ္စ၊ ပွဲကူးကိစ္စများကို မစဉ်းစားနိုင်အား။ သူ့အ
နှင့်သူ ရှုပ်နေသဖြင့် သူ့တွဲဖက်ကောင်လေးကို လွှဲထားရသည်။ သူကအ
တစ်ထုပ်ဖြင့် ဗျာများနေ၏။

ဇာတ်ပွဲကနေသည့် ဘုရားပွဲရုံနှင့် မိုင်ဝက်ခန့် မရှိတတ်၊ ရှိတတ်
အားကစားကွင်းကြီးမှာ ထီးထီးကြီး ရှိနေ၏။ ချိန်းထားသူက သ
အားကစားကွင်းအတွင်း ချိန်းဆိုခဲ့သည်။ ဦးသန်းမောင်ယူလာပေးခဲ့သ
စာက သူ့ကို ခြိမ်းခြောက်ငွေညှစ်သည့်စာသက်သက်၊ ဒီညပိုင်းငွေနှစ်
သူ့ကိုလာပေးရန် တောင်းဆိုခဲ့သည်။ အကယ်၍မပေးလျှင် သူ့အကြော
ကောင်းကောင်းသိရမည်ဟု ဆိုထားပြန်၏။ သူ - တစ်ယောက်တည်းလာ
ရန်ကိုလည်း စာထဲတွင် ထည့်ရေးထားသည်။ ကိုစိုးထွဋ် ဘောင်းဘီ
အညိုနှင့် စပို့ရှပ်အပြာကိုဝတ်၍ အပေါ်မှ ဂျာကင်အညိုတစ်ထည်ကို
ဝတ်ထားကာ လိုအပ်သည့်ပစ္စည်း ပါ,မပါ စမ်းကြည့်ပြီးမှ ထွက်ခဲ့သ
လက်နှိပ်ဓာတ်မီးတစ်ဖက်၊ ကျွတ်ကျွတ်အိတ်အထုပ်တစ်ဖက်ဖြင့် ရုံ



ည့်ထွက်ခဲ့ရာ အခန့်သင့်တွေ့ရသည့် ဆိုက်ကားတစ်စီးပေါ်တက်၍
အားကစားကွင်းဘက် အနင်းခိုင်းလိုက်သည်။ လမ်းထောင့်အရောက်တွင်
ကားခပေးပြီး ဆိုက်ကားကို ပြန်လွှတ်လိုက်ကာ ကွင်းအတွင်း ဝင်လာ
၏။

ကွင်းစပ်မှ စာထဲတွင် ပါသည့်အတိုင်း လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်
ည် သုံးကြိမ်လုပ်ပြရာ ပွဲကြည့်စင်ထောင့်ဆီမှ မီးသုံးချက် ပြန်ထိုး
လျှောက်သွားခဲ့သည်။ လ,မထွက်သေး၍ မှောင်ရိပ်ကျနေသည့်
ည့်စင်ထောင့်တွင် လူတစ်ယောက်က အကျအန ထိုင်နေ၏။ အားကစား
ရှိ လျှပ်စစ်မီးသီးက နောက်ခံပြုနေသဖြင့် မျက်နှာကို သဲသဲကွဲကွဲမမြင်
န့်ပန်က လူရွယ်တစ်ယောက်ပါ။

"ကိုယ့်လူ - ကျုပ်မှာတာ - ပါလား"

သူ မကြားဖူးသေးသည့် အသံတစ်သံကြောင့် ကိုစိုးထွဋ် အနည်းငယ်
န်လှုပ်သွား၏။

သို့သော် မရဲသော်မှ ပြေးခဲစေ သူက ဟန်လုပ်တတ်သည်။

"ခင်ဗျားက ကျုပ်မှာ အပြစ်ရှိတယ်လို့ ဘယ်လိုလုပ်သိတာလဲ။ ဒီကိစ္စ
ကျုပ်နဲ့ အနေသာကြီးပါ။ ဖြစ်ခဲ့တာကိုက ကျုပ်နဲ့အဝေးကြီး ..."

လူစိမ်းက ဟက်ခနဲ ရယ်လိုက်သည်။

"ခင်ဗျားအတော်ရယ်ရတဲ့လူပဲ။ ခင်ဗျားမှာအပြစ်မရှိဘူးလို့သေချာရင်
ည်း ကျုပ်ဆီ ဘာလုပ်လာရတာလဲ။ ကျုပ်တောင်းတာ မပေးနဲ့လေ။ စမ်းရဲ
စမ်းကြည့်လိုက်ပေါ့"

ကိုစိုးထွဋ် နှုတ်ဆွံ့သွားသည်။ အတန်ကြာ စဉ်းစားပြီးမှ လေသံပြောင်း
သွား၏။

"ကျုပ် - ကျုပ် - တကယ်မလုပ်ခဲ့ပါဘူးဗျာ - ယုံပါ"



www.burmeseclassic.com

www.burmeseclassic.com

"တယ်ခက်တဲ့လူပဲ - ကိုညက်ကို သတ်ဖို့အထိ ခင်ဗျား မရည်ရွယ်ဘူး ဆိုတာမှန်တယ်။ ဒါပေမဲ့ - ခင်ဗျားပယောဂ၊ ခင်ဗျားတွန်းလိုက်လို့ သေ တယ်ဆိုတာကိုကော ငြင်းမလား - ကဲ - ပြော"

"ဒါတော့ ..."

"အင်းလေ - ကျုပ်စာထဲမှာ ရေးပေးခဲ့ပြီပဲ၊ ခင်ဗျားတို့အပြစ် ခင်ဗျား သိရင် ကျုပ်တောင်းတဲ့ငွေ ပေးပေါ့၊ ခင်ဗျားနဲ့ အလိုတူ အလိုပါ မြလေးစိန်ပဲ၊ ခင်ဗျားတို့အပြစ်ကို ဖုံးပေးနိုင်တာ ငွေနှစ်သိန်း၊ မဟုတ် တော့ - ဟင်း - ဟင်း"

ကိုစိုးထွဋ် အကြပ်ရိုက်သွားသည်၊ လူစိမ်းက အပ်ကျမပ်ကျ ပြောပြ သည်ပဲ၊

"ကျုပ်မှာ ခင်ဗျားတောင်းတဲ့ငွေ ပါလာပါတယ်၊ ကျုပ်သိချင်တာ ဇာတ်ထဲမှာဖြစ်တဲ့ကိစ္စ ခင်ဗျား ဘယ်လိုပါလာရတာလဲ၊ ခင်ဗျားနဲ့ကျု ပြီးသူ့ရန်ဘက်တွေလည်း မဟုတ်ပါဘူး၊ ဦးမော်တာက မြှောက်ပေး လား၊ ဦးသန်းမောင်နဲ့ ပေါင်းကြံတာလား"

"ခင်ဗျား မဆိုင်တာတွေမေးပြီး အချိန်ဆွဲနေတာပဲ၊ ဘယ်သူ မြှောက်မပေးဘူး၊ ဘယ်သူနဲ့မှလည်း ပေါင်းမကြံဘူး၊ ကျုပ်ငွေလိုချင် ကျုပ်တောင်းတာ ခင်ဗျားသိချင်တာ - ဒါအကုန်ပဲလား"

ကိုစိုးထွဋ် ဘာမျှပြန်မပြောနိုင်တော့ပါ၊ ငွေထုပ်ကို လှမ်းလိုက်ရ၏၊

"ကဲ - ရော့ဗျာ"

လူစိမ်းက မထင်မှတ်ပဲ ငွေထုတ်ကို ဖွင့်ဖြဲ၍ လက်နှိပ်ဓာတ်မီးနှင့် ကြည့်သည်၊

"ဟား - ဟား - ဒီအရိုးမျိုး မလုပ်နဲ့လေ၊ အပေါ်တစ်ရွက်၊ အောက်တ ရွက် ငွေစက္ကူထည့်ပြီး ကြားက စက္ကူတွေ ဖြတ်ထည့်ထားတာ၊ ခင်ဗျား ဒီ လုပ်လိမ့်မယ်လို့ ကျုပ်ထင်သားပဲ"



ပွဲကြည့်စင်ပေါ်မှ လူရွယ်က ဆတ်ခနဲ ခုန်ဆင်းလိုက်၏၊

"အေး - ဟုတ်တယ် - မင်းက သိပ်သိလွန်းတော့ ဉာဏ်နောက် လိုက် သွားပေါ့ကွာ၊ လူတစ်ယောက်က နှစ်ယောက်သတ်ရတာ မဆန်းပါဘူး၊ ဒါ့လိုလူကို ဒီလိုကျောလို့မရဘူးဆိုတာ မင်းမသေခင် မြဲမြဲမှတ်သွား"

ဘယ်အချိန်ထုတ်လိုက်သည်မသိ ကိုစိုးထွဋ်လက်ထဲ ဓားတစ်ချောင်း က ရောက်လာပြီး ဝှေ့ယမ်းနေရင်း တဟားဟားရယ်သည်၊ လူစိမ်းက ကိုစိုးထွဋ်ကို ဂရုမစိုက်သည့်ဟန်ပန်၊

ကိုစိုးထွဋ် - လူစိမ်း၏အလစ်အငိုက်ကို လှည့်ပတ်စောင့်သည်၊

"ကဲ - သေစမ်းကွာ"

ကိုစိုးထွဋ် - ဓားကို ဘယ်ညာဝှေ့ယမ်းလိုက်ချိန်တွင် လူစိမ်းက ရှိရှောင် လိုက်၏၊ ကိုစိုးထွဋ် - ညာခြေတက်၍ ဓားဖြင့် အဖြောင့်ထိုးပြပြီးမှ ဘယ်ဝိုက် ထိုး.ထိုးလိုက်သည်၊ လူစိမ်းမှာ သာသာပင် ကိုစိုးထွဋ်ညာဘက်သို့ ဘယ် ခြေချွန်းစောင်းတက်၍ ညာလက်ဖျံဖြင့် ဓားကိုင်လက်ကို အားထည့်ရိုက် လိုက်ရာ ဓားလွတ်ကျသွားသည်၊ တစ်ဆက်တည်း ကိုစိုးထွဋ်တက်ထား သည့်ခြေကို သူ၏နောက်ကျန်ညာခြေနှင့် တံကောက်ခွက်ပိုင်းကို ဖိနင်း လိုက်သည်တွင် ဒူးထောက်လဲလာသဖြင့် မျက်နှာပိုင်းအား ညာတံတောင် ခံတ်လိုက်ပြန်ပါသည်၊ အယိုင်အလဲတွင် ညာခြေစောင်းဖြင့် ကိုစိုးထွဋ် ညာနံအိမ်ဘေးသို့ ခပ်ဆတ်ဆတ် ကန်သွင်းလိုက်၏၊

ကိုစိုးထွဋ် - အထိနာစွာ လဲနေသည့်အပေါ်မှစီးမိုး၍(ချောက်)ဆိုသော အသံနှင့်အတူ လက်ထိတ်ခတ်ပြီးဖြစ်သွားတော့သည်၊ ပွဲသိမ်းသွားပေပြီ၊

"ထွက်လာကြတော့ဗျို့ - ဒီမှာမိထားပြီ"

ပွဲကြည့်စင်နောက်မှ ထွက်လာသူများက လက်နက်ကိုယ်စီနှင့်ပြည်သူ့ ရဲနှစ်ဦး၊ ပြီးတော့ - အရပ်လူကြီးနှစ်ဦးနှင့် ဦးသန်းမောင်တို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရုံးခန်းအတွင်း တရားခံထံမှ တရားဝင်ထွက်ချက်ယူပြီးနောက် အရပ်လူကြီးနှစ်ဦး၊ သတင်းထောက် ကိုကိုအေးတို့ စခန်းမှူးနှင့် စကားပြောနေကြသည်။

"ဒီကိစ္စမှာ ကျွန်တော့်ဆီကို အမည်မဖော်လိုသူတစ်ဦးဆိုပြီး အမှုစဖြစ်တဲ့နေ့ချင်း ပစ်စာတစ်စောင် ရောက်လာတယ်။ ဖြစ်ရတဲ့ကိစ္စမှာ မတော်တဆမှုးလဲရာက သေတ္တာစောင်းနဲ့ ဆောင့်မိပြီး သေရတာပါလို့ သတင်းဖြန့်ထားပေမယ့် မရိုးသားပါဘူးလို့ပါတယ်။ ကိုမော်တာကြီးကို စစ်ကြည့်ပါတဲ့၊ ပထမဦးမော်တာကြီးကိုစစ်တော့ သူတစ်ယောက်ထဲရှိတယ်ပဲပြောထားလို့ တစ်ခါပြန်စစ်မှ ငါ့ကိုလုပ်တာ ကြွက်ဆိုတဲ့စကားစကို ရတယ်။

"တကယ်တော့ - ငါ့လုပ်တာ ကြွက်ပျင်းလို့ ပြောချင်တာနဲ့တူတယ်ဆရာ"

"ဟုတ်တာပေါ့ - ကိုကိုအေး တွက်တာမှန်ပါတယ်။ ဦးမော်တာကြီးထပ်စစ်တော့ သူတို့ဇာတ်ထဲမှာ ကိုစိုးထွဋ်ကို မကျေနပ်တာတစ်ယောက်ရှိတယ်၊ အဲဒါ - ဦးသန်းမောင်ပဲလို့ သိရပြန်တယ်။ ဦးသန်းမောင်ကို စည်းရုံးရတာ မခက်ပါဘူး၊ သူကလည်း ခံပြင်းနာကြည်းထားတာ၊ သူနဲ့လုပ်ကြံပြီး ခြိမ်းခြောက်စာပေးလိုက်တယ်၊ သူ့လှုပ်ရှားမှုတွေကိုလည်း ဦးသန်းမောင်က သတင်းပို့နေတော့ အားလုံးသိတဲ့အတိုင်း အမှုမှန်ပေါ်သွားတော့တာပေါ့"

"ဒါထက် - စခန်းမှူးကြီးပစ်စာက ဘယ်သူရေးတာလဲ ဟင်"

သတင်းထောက် ကိုကိုအေးစကားကြောင့် စခန်းမှူးကြီး ပြုံးလိုက်သည်။

"ခင်ဗျားတို့က ဘယ်သူထင်လို့လဲ - ဆိုပါဦး"

"ကျွန်တော်တော့ - ဦးမော်တာကြီး ထင်တာပဲ"

"လွဲသွားပြီ - ပစ်စာပစ်တာ - ဦးသန်းမောင်ပဲ၊ သူက ဇာတ်ထဲထမင်းချက်နေပေမယ့် ခုနစ်တန်းထိ နေခဲ့ဖူးတယ်၊ ကိုစိုးထွဋ်ကို မကျေနပ်လို့စောင့်ကြည့်နေတာ၊ အဲဒီနေ့က ထမင်းစောစောစားပြီး ကိုစိုးထွဋ်ထွက်သွားတော့ ဦးညက်ကျန်ခဲ့တာ၊ ဆိုင်းအဖွဲ့သားတစ်ယောက်ပြောလို့ ကြားထဲက သူစပ်ဖြဖြလုပ်သွားတယ်၊ ဒီအချိန် - ဦးသန်းမောင်က အနားမှာ နောက်ဆုံးလိုက်ချောင်းကြည့်ပြီး အဖြစ်မှန်သိပေမယ့် တခြားမျက်မြင်မရှိဘူး၊ သူပြောရင်လည်း အငြိုးထားလို့ပြောတယ်ဖြစ်ဦးမယ်၊ အဲဒီမှာ ပစ်စာရေးပို့လိုက်တယ်၊ ဒီအမှုမှာ သူ့အများကြီး ကူညီတာပါပဲ"

စခန်းမှူးကြီးကစကားအစသတ်လိုက်၍၊ အရပ်လူကြီးတစ်ယောက်မှ စကားဆက်လိုက်ပါသည်။

"ဒါထက် - စခန်းမှူးကြီးရဲ့အိုင်အိုက ဘယ်သူ့၊ ဟိုဒုရဲအုပ်ကလေးဟာလေ ..."

"အိုင်အို မြစိန်ကို ပြောတာလား"

"ဓားကိုင်ထားတဲ့ရန်သူကို လက်နက်မပါ၊ ဗလာချီရင်ဆိုင်သွားတာ မြစိန်သလား မမေးနဲ့၊ တစ်ဖက်လူ မြေပေါ်လဲနေတာပဲ မြင်လိုက်ရတယ်"

"သူက ဒီစခန်းပြောင်းလာတာ မကြာသေးဘူးလေ၊ သိုင်းပြောင်းပြန်ဆရာလေး၊ ဒါလောက်တော့ ရှိမှာပေါ့"

"အော် - ဒါကြောင့်ကိုး"

မျိုးသစ်

www.burmeseclassic.com



www.burmeseclassic.com

နူးရင်း၊ ကြက်မောက်စသော ရာသီစာသီးပင်များကိုလည်း စိုက်ပျိုးထားသေးသည်။ ရွာအနောက်ဘက်ပိုင်းမှာတော့ လယ်ကွင်းများရှိသည်။ ချောင်းနား၊ မြောင်းနားနေကြသူများကတော့ သားငါးရှာဖွေကြသည်။ အနီးပတ်ဝန်းကျင်က ရွာများကတော့ ကရင်ရွာဟု ခေါ်ကြပါသည်။ အများစုက ကရင်လူမျိုးများဖြစ်ခြင်းကြောင့်ဖြစ်သည်။ ထိုရွာတွင် ဘုရားရှိခိုးကျောင်းလည်း ရှိသည်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းလည်း ရှိသည်။

စင်စစ် ရွာနာမည်က အိန္ဒရာဇာဖြစ်သည်။ ထိုရွာသည် ရေးနှင့် ထားဝယ်ကြားမှာရှိသောရွာဖြစ်သည်။ ဂန္ထဝါတောင်ခြေနှင့် ပိုနီးသောကြောင့် ရထားလမ်းနှင့် ပိုပြီးနီးပါသည်။ ကားလမ်းနှင့် အဝေးကြီးဖြစ်ပါသည်။ သည်ရွာကလေးသို့ ထွန်းကျော် မထင်မှတ်ပဲ ရောက်လာခဲ့သည်။ ရွာနာမည်ကိုလည်း ခုမှ ကြားဖူးသည်။

သူသည် မော်လမြိုင်မှ အစောဆုံး ထွက်လာသော ထားဝယ်ရထားနှင့် လိုက်လာခဲ့သည်။ ဆယ်နာရီကျော်ကျော်ရောက်တော့ ရေးဘူတာကိုရောက်ခဲ့သည်။ ရေးဘူတာမှာ ရထားပြောင်းစီးပြီး ထားဝယ်သွားမည်ဖြစ်သည်။ ရည်ရွယ်ချက်ကတော့ သတ်သတ်မှတ်မှတ်မရှိပါ။ တစ်ခုတော့ ရှိပါသည်။ သူ့အတွက် ဘေးကင်းလုံခြုံမှုရလျှင် အကောင်းဆုံးဖြစ်ပါသည်။ သည်ဘေးကင်းလုံခြုံမှုဆိုတာကတော့ ပြည်သူ့ရဲများ ဖြစ်ပါသည်။

ရေးမှ ရထားထွက်ထွက်ခြင်း ဘူတာတွင် ယခင် သူနှင့် သိကျွမ်းဖူးသော ကိုမောင်ရွှေကို ရိပ်ခနဲ မြင်တွေ့လိုက်ခြင်းကြောင့် ဆောင်းထားသော သံပုရာဦးထုပ်ကို ခပ်ငိုက်ငိုက်ဖြစ်အောင် ဆွဲချကာ ပုန်းကွယ်နေလိုက်တော့၏။ တော်သေးသည်။ ရထားက ဘီးလိမ့်ကာ စတင်ထွက်ခွာနေခြင်းကြောင့်ဖြစ်သည်။ ကိုမောင်ရွှေကား ယခင်က ရန်ကုန်တိုင်းအတွင်းမှဖြစ်ပြီး ယခုတော့ မွန်ပြည်နယ်ဒေသတစ်ခုခုကို ပြောင်းရွှေ့သွားပြီဖြစ်သော ဒုရဲအုပ်ကိုမောင်ရွှေဖြစ်သည်။

စိတ်ထင်တော့ ကိုမောင်ရွှေ ပြောင်းရွှေ့လာသောနေရာသည် ရေးမြို့ဖြစ်နေတာလားဟု ထင်လိုက်မိပါတော့သည်။ ထွန်းကျော်နှင့်ကိုမောင်ရွှေကအတော့်ကိုပင် ရေစက်ဆုံမှုက ရှိပါသည်။ ပထမဦးဆုံး ဒုရဲအုပ် မောင်ရွှေသည် ဤမြို့နယ်တွင် တာဝန်ကျပါသည်။ သူ တာဝန်ကျစဉ် စက်ရုံတစ်ခု၏ ပစ္စည်းသိုလှောင်ရုံတစ်ခုဖောက်ထွင်းမှုဖြစ်သည်။ ပစ္စည်းသိုလှောင်ရုံဖောက်ထွင်းသူ သုံးဦးအနက် ထွန်းကျော်တစ်ဦးတည်းသာ လွတ်မြောက်ထွက်ပြေးခဲ့သည်။

ထွန်းကျော်သည် ကိုယ်ရောင်ပြသည့်အနေနှင့် ပုသိမ်ဘက်ကို ထွက်ပြေးခဲ့သည်။ သို့သော် ပုသိမ်အထိ ကားဖြင့် ဆက်မသွားတော့ဘဲ ဗိုလ်မြတ်ထွန်းတံတားအလွန်တွင် နေဖြူသို့ ကားပြောင်းစီးပြီး နေဖြူမှတစ်ဆင့် ဇက်လှေယာဉ်တစ်စီးဖြင့် မင်းဘူးသို့ ရောက်လာခဲ့သည်။ မင်းဘူးမှ အမ်းတောင်ကြားလမ်းအတိုင်း ရခိုင်ရိုးမတောင်ပေါ်သို့ရောက်ခဲ့သည်။ ဤသို့ဖြင့် သူသည် ဒုရဲအုပ် မောင်ရွှေလက်မှ ကိုယ်ပျောက်ဝိဇ္ဇာ လုပ်ခဲ့သည်။

ဘယ်လောက်ကြာသည်အထိ ရိုးမပေါ်မှာ ခိုအောင်းနေသလဲဆိုတော့ ဒုရဲအုပ် မောင်ရွှေ မွန်ပြည်နယ်သို့ မပြောင်းမချင်း သုံးနှစ်သုံးမိုးတောင် ကြာခဲ့၏။ ဟော – ရေစက်က မကုန်ချင်သေးတော့ ယခုတစ်ခါလည်း ဒုရဲအုပ်မောင်ရွှေရှိရာ မွန်ပြည်နယ်သို့ သူရောက်ရှိပြန်ပြီဖြစ်သည်။

ဒုရဲအုပ် မောင်ရွှေကလည်း ထွန်းကျော်သည် မွန်ပြည်နယ်သို့ တိမ်းရှောင်နေကြောင်းမသိရသေးသကဲ့သို့ ထွန်းကျော်အနေနှင့်ကလည်း ဒုရဲအုပ်မောင်ရွှေ ရေးမြို့နယ်မှာ ရောက်နေကြောင်း မသိရပါ။ နှစ်ဦးလုံးက ဝုက်ဖဲကိုယ်စီနှင့် ဖြစ်နေပါ၏။ ဝုက်ဖဲကို လှန်မိပါက သူလျှင်ရင်သူ၊ လက်ဦးယူမည့်သူလို ဖမ်းသူနှင့်တိမ်းသူ ဖြစ်နေကြပါလိမ့်မည်။

❀ ☸ ❀

ရထားသည် ရေးဦးစွာ ချောင်းတောင်းဘူတာကို ရောက်သည်။ ထို့နောက် ရွာင်ဘူတာသို့ရောက်ခဲ့သည်။ ထိုဘူတာမှတစ်ဆင့် ရထားသည် နေးတုံ့နေးတုံ့နှင့် ရုန်းကန်နေရကာ ရထားစက်ခေါင်းကလည်း မနိုင်ဝန်ကို

www.burmeseclassic.com

သူစိမ်းယောက်ျားကလေးများကို မြင်တွေ့လေတိုင်း အဘွားကြီးသည် လွန်ခဲ့သော ခြောက်လခန့်က ကွယ်လွန်သွားရရှာသော သူ့သား စောမူးသာကို စွဲလမ်းတာ ထင်မှတ်မှားပြီး ခေါ်နေလေ့ရှိခြင်းပင်ဖြစ်သည်။ တကယ်လည်း ထိုသားစိတ်ကြောင့် ယဉ်ယဉ်ကလေးဖြင့် စိတ္တဇရောဂါ စွဲကပ်နေပါသည်။ သူ့သားကို တွေ့လိုတွေ့ငြားနှင့် အိမ်သားများအလစ်တွင် ရှာရိုးကိုးပေါက် ရှာထွက်တတ်သည်။ ယခုလည်း ရှာရင်းနှင့် ကုက္ကိုပင်အောက်တွင် မူးလဲကျနေခြင်းဖြစ်၏။



ထမ်းကာ ဆွဲရုန်းရသလို ဝီခေါ်သံကိုလည်း ကြားနေရပါတော့သည်။ ကြား[illegible] မှာပါ။ ရထားကြီးက တောင်တန်းကြီးကို တက်နေရပြီကိုး။

ရထားလမ်းဝဲယာမှာတော့ ဝါးတောကြီးတွေက ဟည်းထအောင် တော[illegible] ဖြစ်နေပါသည်။ သည်တော၊ သည်တောင်ကို မြင်လိုက်ရတော့ အတော်[illegible] စိတ်ချမ်းသာသွားတော့သည်။ သည်နေရာသည် သူ့အတွက် တဒင်္ဂတော[illegible] လုံခြုံမှုရှိသည်ဟု ယူဆထားလိုက်မိပါ၏။ ရထားသည်မှန်မှန်ကြီး ခုတ်မောင်း[illegible] လာရာ နတ်ကြီးစင်ဘူတာ၊ ထိုမှတစ်ဆင့် မင်းသားဘူတာသို့ ရောက်ရှိ[illegible]



သည်၊ သူကြည့်လိုက်သောအခါ တောတောင်သဘာဝအခြေအနေက [illegible]ကယ်ကို သူ့ကို အကာအကွယ်ပေးသည့်နေရာဟု မှတ်ယူထားသည်။ ထို့နောက် ရထားသည် ရှေ့ဆက်ခုတ်မောင်းလာရာ ဘူတာတစ်ခုသို့ ဆိုက် ရောက်နေကြောင်း သူ တွေ့လိုက်ရ၏။ ကျေးလက်တောရွာဘူတာမို့ သွေ့ သွေ့ခြောက်ခြောက်ဖြစ်နေပါ၏။ သူ့ကို အတော်ကြီး အေးချမ်းမှု ပေးနေသည့် ဒေသလည်း ဖြစ်နေပါ၏။ ဘူတာနာမည်ကို ကြည့်လိုက်တော့ ထူးဆန်းနေ သလိုဖြစ်နေပါ၏။ အိန္ဒရာဇာတဲ့။

❁ ❁ ❁

ထွန်းကျော်သည် အိန္ဒရာဇာဘူတာမှာ ဆင်းလိုက်သည်။ ပြီးတော့ – ရွာ လမ်းဟု ဆိုရမည်ဖြစ်သော မြေနီလမ်းအတိုင်း လျှောက်လာသည်။ အိမ်တွေ ကလည်း ကျိုးတိုးကျဲတဲနိုင်လှသည်။ တစ်အိမ်နှင့်တစ်အိမ် ဆိုတာကလည်း အဝေးကြီးမှာ ရှိနေကြသည်။ လူသွားလူလာလည်း ပြတ်နေသည်။ ရွာအပြင် မှိုင်ထင်ပါသည်။

ထိုသို့ တစ်ယောက်ဟည်း လျှောက်လာစဉ် တစ်စုံတစ်ဦးများ တွေ့မှာ သားလို့ မျှော်လင့်မိပါသည်။ အကယ်၍ တစ်ဦးတလေကို တွေ့မိပါက အကူ အညီတောင်းရင်း မိတ်ဖွဲ့ကာ တည်းခိုဖို့နေရာ တောင်းမည်ဟု စိတ်ကူးထား [illegible] တွေ့မည့်တွေ့တော့လည်း အမေအိုကြီးတစ်ဦးကို တွေ့ရှိရလိုက်သည်။ ကုက္ကိုပင်ကြီးအောက်မှာ လဲနေကာနေသောအမေကြီးပင် ဖြစ်၏။

"အမေကြီး – အမေကြီး – ဘာဖြစ်တာလဲ"

သူ ထပ်ကာခေါ်လိုက်တော့ အမေအိုကြီးက တအင်းအင်း တအဲအဲလုပ် ကာ မျက်လုံးကို ဖွင့်ကြည့်သည်။ ပြီးတော့ – ဝဲတဲတဲ စကားသံဖြင့် မူးတယ် လေဟု ပြန်ဖြေ၏။

"အိမ် ဘယ်မှာလဲ – လိုက်ပို့ပေးမယ်လေ"

"ဟိုးမှာလေ ..."

www.burmeseclassic.com

သူ ညွှန်ပြသော ဟိုးမှာဆိုသည်မှာ ဘာမျှမမြင်ရသော ဟိုးမှာဖြစ်ပါ၏။ အမေကြီးအသံက တိုင်းရင်းသူ ကရင်တစ်ယောက်၏လေသံ ပေါက်နေသည်။ ပြီးတော့ - သူ နားလည်လိုက်ပါတော့သည်။ ကရင်တစ်ဟိုးဆိုတာ မန္တလေးတစ်ပြလောက်ဝေးခြင်းပင်ဖြစ်သည်။ ဘာပဲပြောပြော ဤမြေနီလမ်း အဝတိုင်း သွားလျှင်တော့ သူတို့အိမ် ရောက်မည်မှာ အမှန်ပင်။

အမေကြီးကို ကုန်းပိုးကာ မြေနီလမ်းအတိုင်း လာခဲ့ရာ တစ်နေရာ ရောက်တော့ -

"အမိုး - အမိုး - ဘာဖြစ်နေတာလဲ"

မိန်းကလေးတစ်ဦးက ကြားဖြတ်ဝင်ကာ မေးလိုက်ပါတော့သည်။ သူ့ကို ကြည့်ရတာ အလွန်လည်း စိုးရိမ်ထိတ်လန့်ပုံပေါ်ပါသည်။ အမေကြီးထံမှ ဘာတုံ့ပြန်ချက်မှ မရရှိခြင်းကြောင့် ထွန်းကျော်ဘက်လှည့်ကာ -

"သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲရှင်"

"ဟို - ကုက္ကိုပင်အောက်မှာလဲနေလို့"

"ဟိုမှာ - နန်းတို့အိမ်ရောက်ပြီ"

ခြံအကျယ်ကြီးထဲက တဲအိမ်ကြီးကြီးတစ်လုံးကို တွေ့လိုက်ရသည်။ သူတို့ခြံကြီးထဲ ဝင်လိုက်ကြတော့ ခွေးတွေထွက်ပြီး ဟောင်ကြတော့သည်။ သူစိမ်းတစ်ရံစာဖြစ်သော ထွန်းကျော်ကို ရန်မူကာ ဟောင်ခြင်းဖြစ်သည်။ သည်တော့ - ကောင်မလေးက တဟဲ့ဟဲ့နှင့် နင်ထုတ်နေရပါတော့၏။

ထွန်းကျော်သည် လေဝင်လေထွက် ကောင်းစွာရသောနေရာတွင် အမေအိုကြီးအား လှဲအိပ်နေစေလိုက်၏။ တစ်အိမ်လုံးမှာ ဘယ်သူမှ မရှိကြပါ။ အထူးသဖြင့် ယောကျ်ားလေးတွေဖြစ်ပါ၏။

"ဖထီးလည်း မရှိပါလား။ ဘယ်သွားနေပါလိမ့်"

အိမ်အခြေအနေကိုကြည့်ပြီး ကောင်မလေးက ညည်းညည်းညူညူ ပြောဆိုသံကို ကြားလိုက်ခြင်းအားဖြင့် အဖေဆိုသော ယောကျ်ားသားတစ်ယောက် ရှိနေသေးသည်ကိုတော့ ထွန်းကျော် သိရှိရလိုက်သည်။

"ဖိုးမူ - ဖိုးမူ - နင့်အမိုး ရောက်လာပြီဆို"

အဘိုးကြီးတစ်ယောက် ရေးကြီးသုတ်ပျာနှင့် အိမ်ခြံဝင်းထဲ ဝင်ရောက်လာရင်း ကောင်မလေးကို မေးလိုက်သည်။ ကောင်မလေးက ဝမ်းသာအားရ နှာပြန်ဖြေလိုက်၏။

"ဟုတ်တယ် - ဖထီး။ ဟောဒီက အစ်ကိုကြီး လာပို့တယ်"

သည်တော့မှ - ဖထီးကြီးသည် ထွန်းကျော်ကို သတိတရနှင့် ကြည့်ဖြစ်လိုက်၏။ သူ မတွေ့ဘူး၊ မမြင်ဘူးသော သူစိမ်းတစ်ဦးဖြစ်နေခြင်းကြောင့် အံ့ဩခြင်းနှင့်အတူ ဝမ်းသာမိပါတော့၏။

"ဒါနဲ့ - နင်က ဘယ်သူလဲဝေ့"

"ကျွန်တော့်နာမည်က ထွန်းကျော်ပါ။ ဒီရွာကို မရောက်ဘူးလို့ အလည်လာတာပါ"

"တယ်ဟုတ်ပါလား။ ဒါနဲ့ - နင် - ဘယ်မှာတည်းမှာလဲဝေ့"

"တည်းစရာမရှိပါဘူး ခင်ဗျား"

သည်အခါမှာတော့ သားအဖနှစ်ယောက်စလုံး၏ အကြည့်တွေက သူ့အပေါ်ပြုကျလာလေတော့၏။ ပြီးတော့ - တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အဖြေရှာနေကြတော့၏။ ထိုအခါ လဲလျောင်းနေဆဲ အမေကြီးသည် မျက်လုံးကို မှေးကာ ဖွင့်ကြည့်ရင်း -

"ဖိုးခွား - ဖိုးဖိုးခွား - ဘယ်မှမသွားနဲ့"

အဘွားကြီးက လက်တစ်ဖက်ဖြင့် ထွန်းကျော်လက်ကို ဖမ်းကိုင်လိုက်သည်။ ဤအခါ ထိုအပြုအမူကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သွားရသောသူများမှာတော့ ဖထီးတို့သားအဖများပင်ဖြစ်၏။ သည်လိုပါပဲ၊ သူစိမ်းယောကျ်ားလေးများကို မြင်တွေ့လေတိုင်း အဘွားကြီးသည် လွန်ခဲ့သော ခြောက်လ နှစ်က ကွယ်လွန်သွားရရှာသော သူ့သား စောမူးသာကို စွဲလမ်းကာ ထင်မှတ်ပြီး ခေါ်နေလေ့ရှိခြင်းပင်ဖြစ်သည်။ တကယ်လည်း ထိုသားစိတ်ကြောင့် သည်ယဉ်ကလေးဖြင့် စိတ္တဇရောဂါစွဲကပ်နေပါသည်။ သူ့သားကို တွေ့လို တွေ့ငြားနှင့် အိမ်သားများအလစ်တွင် ရွာရိုးကိုးပေါက် ရှာထွက်တတ်သည်။ ခုလည်း ရှာရင်းနှင့် ကုက္ကိုပင်အောက်တွင် မူးလဲကျနေခြင်းဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

တောင်သူကြီး စောဖအုပ်နှင့် နော်နန်းပိုတို့သည် ဤအိန္ဒရာဇာ ရွာသူရွာသားများ ဖြစ်ကြသည်။ ပြီးတော့ - အကြင်လင်မယားလည်း ဖြစ်သေးသည်။ သူတို့တွင် စောမူးသာနှင့် နန်းသီဂီအမည်ရှိသော သားသမီးနှစ်ယောက်လည်းရှိပါသေးသည်။ သားကြီး စောမူးသာက ကျောင်းပြီး၍အလုပ်ဝင်လုပ်ခဲ့သည်။ ပြီးတော့ - လွန်ခဲ့သောခြောက်လခန့်ကတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်။ ထိုသတင်းကို သူတို့မိသားစုများ ကြားရပါသော်လည်း ကိုယ်တိုင် သင်္ဂြိုဟ်ခွင့် မပြုနိုင်ကြပါ။ ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်အနီးတွင် ကွယ်လွန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ သို့သော် သားဖြစ်သူနှင့် လုပ်ဖော်ကိုင်ဖက်များက ကောင်းစွာသင်္ဂြိုဟ်လိုက်ကြောင်းနှင့်တကွ ခံစားခွင့်အဝဝတို့ ပြီးပြည့်စုံအောင် ဖန်တီးပေးကာ သင်္ဂြိုဟ်သည့်အခမ်းအနား မှတ်တမ်းမှတ်ရာ ဓာတ်ပုံများကိုပါပြသခဲ့၍ကျေနပ်နေရပါ၏။ အမေကြီးက ထိုဓာတ်ပုံကိုကြည့်နေရာမှ စိတ်ဖောက်သွားခြင်းဖြစ်၏။

နန်းသီဂီကတော့ ဆယ်တန်းအောင်မြင်ပြီးသည့်နောက် မော်လမြိုင် ပညာရေးကောလိပ်သို့ နှစ်နှစ်သင်တန်း တက်ရောက်အောင်မြင်ပြီး မင်းသားကျေးရွာတွင် မူလတန်းဆရာမ ဝင်လုပ်နေခဲ့သည်။ သူတို့နေသော အိန္ဒရာဇာရွာနှင့် မင်းသားကျေးရွာသည် နှစ်မိုင်နီးပါးမျှသာ ဝေးခြင်းကြောင့် စက်ဘီးနှင့် အသွားအပြန်လုပ်နေလေ့ရှိ၏။

အမေကြီးကိုယ်တိုင်ကလည်း ထွန်းကျော်ကို သားအဖြစ် မြင်နေရတာကတစ်ကြောင်း၊ သူကိုယ်တိုင် အမေကြီးကို သယ်ပိုးလာခဲ့သည်ကတစ်ကြောင်း၊ ထွန်းကျော်ကိုယ်တိုင် ဤရပ်ရွာ၏ သူစိမ်းဧည့်သည်ဖြစ်နေတာကတစ်ကြောင်း၊ သူ့မှာ တည်းခိုစရာအိမ် မရှိတာကို ပြောထားခြင်းကြောင့်တစ်ကြောင်းကြောင့် သူတို့အိမ်မှာပင် ဖထီးကြီး စောဖအုပ်က တည်းခိုခွင့် ပြုလိုက်ရ၏။

ညစာကို တောရွာဓလေ့ထုံးစံအတိုင်း နေမဝင်မီမှာပင် စားကြသည်။ စားသောက်ပြီးတော့ အိမ်ရှေ့ကွပ်ပျစ်မှာပင် ဖထီး စောဖအုပ်နှင့် ထွန်းကျော်တို့ စကားလက်ဆုံကျနေတော့သည်။ စကားလမ်းကြောင်းက သေဆုံး



သူ့သားအကြောင်းကို ရောက်သွားတော့၏။ ပြီးတော့ - ဓာတ်ပုံအယ်(လ်)ဘမ်တစ်ခုကို ထွန်းကျော်အား ပြသခဲ့၏။ သူ့သား သင်္ဂြိုဟ်စဉ်က ရိုက်ထားသောဓာတ်ပုံတွေပင် ဖြစ်၏။ ကြေကွဲစရာတော့ ကောင်းနေပါတော့သည်။

နောက်ဆုံး ဓာတ်ပုံတစ်ပုံကြောင့် ထွန်းကျော် ဓာတ်လိုက်ခံရသလို ကျင်ခနဲ ဖြစ်သွားပါတော့၏။ အသက်ထင်ရှားရှိစဉ်ကာလက သူ့သား ရိုက်ကူးထားသော ဓာတ်ပုံဟု ဆိုပါသေး၏။

"ဖိုးခွားလေး - သူသေဆုံးတော့ သူ့အမိုး အားကြီးစိတ်ထိခိုက်တယ် တွဲ့"

❀❀❀

ထွန်းကျော် အိပ်၍မပျော်တော့ပါ။ ရေပြောင်း၊ မြေပြောင်း၊ အိပ်ရာပြောင်းခြင်းကြောင့် အိပ်မပျော်ခြင်းတော့ မဟုတ်ရပါ။ သူ့အာရုံထဲမှာ ဖိုးခွားပုံလေး ဆိုသည့် ဖထီးစကားက မေ့ပျောက်၍ မသွားပါ။ ဘွဲ့ရဝတ်ရုံနှင့် ခန့်ညားထည်ဝါလှသော ဖိုးခွားလေးဓာတ်ပုံကလည်း စက္ခုအာရုံက ပျောက်ကွယ်မသွားပါ။ မျက်စိမှိတ်ထားရင်းနှင့်ပင် တရစ်ဝဲဝဲ ပေါ်လာပါတော့၏။ သူသိသော ဒုရဲအုပ် တင်မောင်ဦးနှင့်တော့ အတော့်ကို ဆင်ပါသည်။

"လူက တူပေမယ့် နာမည်ကတော့ လွဲနေတာပဲလေ"

သူ့အတွေးသည် တစ်ချိန်သောကာလဆီ ရောက်ရှိသွားပြန်တော့သည်။ သူလည်း ရိုးမတောင်ပေါ်ရှိ ချင်းတိုင်းရင်းသားတို့ထံမှာ ခိုလှုံဆဲဖြစ်နေပေမယ့် အခွင့်သာလျှင် ရန်ကုန်နယ်မြေဆီသို့ အလစ်ဝင်ရောက်တတ်သည်။ တစ်ပတ်လောက် စနည်းနာပြီး အခြေအနေပေးသည်နှင့် ဖောက်ထွင်းမှုကျူးလွန်လေ့ရှိသည်။ သူသည် တစ်ကိုယ်တော် ဖောက်ထွင်းသည့်အနေနှင့် စက်ရုံပိုင်ဂိုဒေါင်ကို ဖောက်ထွင်းရာ သူ့အဖော်နှစ်ယောက် အဖမ်းခံပြီး သူကတော့ ရိုးမတောင်ပေါ်ရာမှာ သွားရောက်ခိုအောင်းနေရပါတော့၏။ သည်ခါသည်းက သူသည် တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာ ဖြစ်နေရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးဦးအကျစောသောကာလက သူ ရန်ကုန်ကို ဆင်းလာခဲ့သည်။ တစ်မိုးတွင်းလုံး စားသောက်နေထိုင်ရန်အတွက် ငွေကြေးကိုရှာရန်အတွက်ဖြစ်သည်။ သူ့လို ဒုစရိုက်ဂိုဏ်းသားအချို့ကတော့ ငွေကြေးကိစ္စဟူသည်မှာ ထောင်ကြိုးတန်းလျှောက်ကစားခြင်း ဖြစ်ပါ၏။

❁ ☸ ❁

မိုးက တဖွဲဖွဲရွာချနေသည်။ ညသည် အရှက်ဦးဆီသို့ ရွေ့လျားနေပါသည်။ ဈေးသည်များစတင်လှုပ်ရှားနေပါပြီ။ မိုးက တစိမ့်စိမ့်နှင့်အရုဏ်ဘက်ရောက်တော့မှာမို့ အိမ်သားများ စိတ်ချလက်ချ အိပ်မောကျနေတော့သည်။ ဒါတွေကို လေးငါးရက်ကြာမျှ လေ့လာထားသော ထွန်းကျော်က အခွင့်ကောင်းယူကာ ဖောက်ထွင်းခဲ့သည်။

အားလုံးပြီးစီးကုန်တော့ ကြံ့ရာကားနှင့် ထောက်ကြန့်ဘက်ထွက်လာသည်။ ပြီးတော့ - ရခိုင်ဘက်သွားမည်။ ခရီးသည်တင်ကားနှင့် လိုက်လာခဲ့သည်။ ကားက ပြည်အထိ ရောက်မှာဆိုတော့ ဘာဖြစ်လဲ၊ ရန်ကုန်မြေနှင့်ဝေးဖို့ရာက အဓိကပါပဲ၊ ပြည်ရောက်မှ ကားပြန်ပြောင်းစီးလည်း ရတာပဲ၊ အလုပ်ကိစ္စနှင့် လာတာကြောင့် သိပ်ကြာကြာ ရန်ကုန်မှာ မနေပါ၊ ပြီးတာနှင့် ခြေရာပြန်ဖျောက်ပြန်တော့၏။ အများစုက သူဖြစ်လိမ့်မည်ဟု မထင်ကြပါ၊ သူကလည်း ရန်ကုန်မှာမှ မရှိတာကိုး။

တစ်မိုးတွင်းလုံး ချင်းရွာကလေးမှာပင် နေထိုင်ခဲ့သည်။ မိုးလေ ကုန်ဆုံးပြီး မြောက်ပြန်လေ ကစားသည့်ကာလရောက်မှ သူ ရွှေစက်တော်ဘုရားပွဲဆီသို့ ခြေဦးလှည့်လာတော့သည်။ ဦးစွာ မင်းဘူးဈေးထဲသို့သွားမည်။ ဘုရားဖူးဟန်ဆောင်ပြီး သူ ရန်ကုန်က ဖောက်ထွင်းယူလာသော လက်စွပ်ကလေး၊ ဟန်းချိန်းကလေးကို တို့ထိတို့ထိ ရောင်းလိုက်မည်။ အများကတော့ ဘုရားဖူးရင်း ငွေပြတ်သွားခြင်းကြောင့် ထုခွဲသည်ဟု ထင်ပါလိမ့်မည်။

ထို့နောက်ရွှေစက်တော်ဘုရားပွဲသို့ကာလရှည်လျားစွာ သွားနေပါတော့သည်။ သူ့အတွက် တည်းခိုစရာတွေက အပေါသားဖြစ်သည်။ ဘုရားတောင်



ခြေကိုကွေ့ပတ်ရစ်စီးနေသော မန်းချောင်းတစ်ဖက်ကမ်းတွင် တဲတွေအများကြီးရှိသည်။ သည်တဲတွေက ခုလိုရေနည်းချိန် သောင်ထွန်းနေသောကာလမှာပင် ရှိကြသည်။ ပြီးတော့ - သည်လိုတဲမှာနေရင်းနှင့် ဘုရားပွဲတွင် ရောင်းချသောမုန့်များအမျိုးစုံကိုလုပ်ရောင်းလေ့ရှိကြသည်။ သူ့အဖို့ငွေကြေးအနည်းငယ် ထောက်ပံ့လိုက်ရုံနှင့် သူတို့နှင့် ကောင်းစွာပေါင်းဖော်နေရတတ်သည်။ ဤနည်းအတိုင်း သူ့ရိုးမပျောက်ဘဝကို အသုံးချနေလေ့ရှိပါသည်။

သူသည် တစ်နှစ်လျှင် ရွှေစက်တော်၌ နှစ်ကြိမ်သုံးကြိမ်မြောက်အလုပ်ဖြစ်သည်။ သူသည် တာဝန်ရှိသူများ မျက်လုံးဒေါက်ထောက်ကြည့်ရသည်အထိ အလုပ်မလုပ်တတ်ပါ။ မပိုင်လျှင် ခြင်တောင် မရိုက်ဘူးဆိုသည့်စကားအတိုင်း ပိုင်မှ သေချာမှ လုပ်တတ်သည်။ တစ်ခုကောင်းတာက တစ်ကိုယ်တော်သမားမို့ ဘယ်သူ့ဘယ်ဝါကိုမှ ထောက်ထားညှာတာစရာ မလိုခဲ့ခြင်းပင်ဖြစ်၏။

တစ်နှစ်မှာတော့ သူ မြောက်ဥက္ကလာတွင် နေထိုင်ခဲ့စဉ်က သိကျွမ်းခဲ့ဖူးသော အိုက်ယီဆိုသူကို တွေ့ရှိရလိုက်သည်။ ဒီအကောင်က ထိုစဉ်အခါက ဆင်းရဲတာမှ အတော့်ကို ဆင်းရဲပါ၏။ မိဘကလည်း သူငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့သည်။ ရန်ကုန်မြောက်ဥက္ကလာရှိ ဦးလေးတော်သူထံမှာ နေရသည်။ ဦးလေးက တော်ရှာပေမယ့် သူ့မိန်းမက သူ့အပေါ် တစ်စက်ကလေးမှ မကောင်းပါ၊ နေရာတကာမှာ အပြစ်ရှာတတ်၏။ သူ့နမျာ ပညာတတ်ရာ၍ ရရာကျပန်းအလုပ်လုပ်ရင်း ရရှိလာသော ငွေကြေးများကို တစ်ပြားတစ်ချပ်မှ မကျန်အောင် အဒေါ်ထံ အပ်ရသည်။ သုံးဖို့စွဲဖို့ ဆေးလိပ်ဖိုးတောင် မပေးတာကြောင့် ထွန်းကျော်တို့ကပင် ပေးကမ်းကျွေးမွေးနေရသည်။

အိုက်ယီနှင့် သူ ကွဲကွာသွားသည်မှာ လေးငါးနှစ်လောက် ရှိပါပြီ၊ သူလည်းရန်ကုန်မြေမှဝေးကွာနေသည်မှာကြာပြီဖြစ်သောကြောင့် အိုက်ယီတစ်ယောက်ဘယ်ရောက်လို့ဘယ်ပေါက်နေသည်ကိုမသိရတော့ပါ၊ ထူးခြားတာက အိုက်ယီသည် တစ်မူထူးခြားစွာ ပြောင်းလဲနေခြင်းဖြစ်သည်။ ဂုတ်



www.burmeseclassic.com

www.burmeseclassic.com

ထောက်ဆံပင်ရှည်ရှည်နှင့်အကောင်းစားရောဘင်မျက်မှန်ကိုတပ်ထားသည်။ ပါးစပ်နှင့်မပြတ်အောင် ငါးသုံးလုံးစီးကရက်ကိုလည်း တအားဖွာနေသည် ထင်ပါသည်။ လက်ညှိုးနှင့် လက်ခလယ်တွေမှာ ဆေးလိပ်မီးခိုးတွေကြောင့် ဝါထိန်၍နေပါသည်။ ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် ဖစ်ပိုမီးခြစ်ကိုလည်း ဆောင်ထားသေးသည်။ နံ့သာရောင်စပို့ရှပ်နှင့် သားရေအစစ်၊ ဂျာကင်၊ ဂျင်းဘောင်းဘီတို့ကိုလည်းစတိုင်ကျကျ၊ ရှူးဖိနပ်ကိုလှလှပပစီးထားသေးသည်။ အကောင်းစားကုလားအုတ်တံဆိပ်ဖိနပ်ဟု ထင်လိုက်ပါ၏။ ထုထည်နှင့်ကြီးမားသော ဟန်းချိန်ကလည်း ဝင်းဝါလို့။

တကယ့်ကို ထူးထူးခြားခြားပြောင်းလဲလာသော အိုက်ယီပင် ဖြစ်ပါ၏။ သူသာမဟုတ်သေးပါ။ သူနှင့်အတူပါလာသော လူနှစ်ယောက်ကလည်း သူ့နယ်ပင် ဝတ်စားထားပါ၏။ ထို့နောက်အိုက်ယီသည် သူ့အားစားသောက်ဆိုင်တစ်ခုအတွင်းသို့ ခေါ်သွားပါတော့သည်။ မန်းချောင်းတစ်လျှောက် နေရာပြင်ကျယ်သည် ခုတော့ - စားသောက်ဆိုင်ကြီးတွေ၊ တဲချောင်းကြီးတွေနှင့် ပြည့်ကျပ်နေပါပြီ။

"ဒါနဲ့ - နေပါဦး - ထွန်းကျော်။ မင်းအလုပ်က"

"ရဲနဲ့ လိုက်တမ်းပြေးတမ်းကစားနေတုန်းပေါ့ကွာ။ ဒါနဲ့ - မင်းကောရန်ကုန်မှာပဲလား"

"ငါ့ဦးလေး ဆုံးပြီးကတည်းက ငါလည်း ရှမ်းပြည်ပြန်ခဲ့တာ ကြာပြီလေ။ ဟောဒါက ငါ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေလေ"

အိုက်ယီက သူ့လူနှစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်။ တစ်ခဏအတွင်းမှာပင် ရင်းနှီးသွားတော့၏။

"အိုက်ယီ - မင်းကိုကြည့်ရတာ ခွင်(ဂွင်)ကောင်းကောင်း မိထားတယ် ထင်တယ်"

"ဟုတ်တယ် - မင်းလိုတော့ - ပမွှားခွင်(ဂွင်)တော့မဟုတ်ဘူး။ တကယ့်မီလျံနာခွင်(ဂွင်)ကွ။ ဘာလဲ - အားကျနေလား။ မင်းလို လက်စလက်န၊ ခြေစွမ်းခြေစရှိသူဆိုလျှင် ငါတို့ဆရာကြီးကလည်း သဘောကျမှာပါ"



သည်စကားတစ်ခွန်းတည်းနှင့်ပင်လျှင် ထွန်းကျော်သည် အိုက်ယီတို့အပြန်တွင် ရှမ်းပြည်နယ်သို့ အတူတက်လာကြတော့သည်။ မရောက်ဘူး၊ မမြင်ဘူးသောဒေသဖြစ်နေ၍သူ့အတွက်တစ်မျိုးတစ်ဖုံစိတ်ချမ်းသာနေပါ၏။ အထူးသဖြင့် မတွေ့ဘူး၊ မမြင်ဘူးသော မျက်နှာစိမ်းတွေကြောင့် သူ ပိုစိတ်ချမ်းသာရပါ၏။ အကယ်၍တစ်စုံတစ်ဦးက မျက်နှာသိများဖြစ်နေလျှင် သူ့လိုရာဇဝတ်မှုနှင့် မကင်းသူအဖို့မှာတော့ ကျောမလုံ့စရာ၊ လိပ်ပြာမသန့်စရာဖြစ်စရာအကြောင်း ရှိပါသည်။

"ဟောသည်ဓာတ်ပုံရှင်ကိုတော့ သတိထားပါ။ ငါတို့ကို ဒုက္ခပေးဖို့ရောက်လာတဲ့ မူးယစ်နှိမ်နင်းရေးအဖွဲ့ထဲကပဲ"

အိုက်ယီသည် သူ့ကို ဓာတ်ပုံတစ်ပုံပြကာ သတိပေးစကား ပြောကြားနေပါ၏။ အိုက်ယီသည် သူ့ဆရာကြီးအား အမျိုးမျိုးအာမခံချက်၊ အမျိုးမျိုးသော ထောက်ခံချက်များနှင့်အတူ ထွန်းကျော်အား အဖွဲ့သားအဖြစ် လက်ခံပါရန် တင်ပြတောင်းဆိုခဲ့၏။ ဆရာကြီးကလည်း အိုက်ယီကို လက်ကသုံးတောင်ဝှေးသဖွယ် အားကိုးရခြင်းကြောင့် သူ့အား လွယ်လင့်တကူ လက်ခံလိုက်၏။ အဖွဲ့သားအဖြစ် လက်ခံခဲ့သည်။ ပြီးတော့ - အသေးသုံးငွေ ငါးသိန်းလောက်ကိုလည်း ချီးမြှင့်လိုက်သေး၏။

"ဒုရဲအုပ် တင်မောင်ဦးတဲ့၊ အမိကကတော့ သူ့ကို ရှောင်ဖို့ပဲ"

❀ ❀ ❀

အိုက်ယီတို့ စတည်းချနေထိုင်တာကတော့ နမ့်ဖက်တာတွင်ဖြစ်၏။ သည်ရွာကတော့ ရွာကြီးတစ်ရွာဟု ခေါ်ဆိုရမည်ဖြစ်သည်။ ကွတ်ခိုင်နှင့် မူဆယ်ကြားတွင်ရှိသောရွာဖြစ်သည်။ မြန်မာပြည်တစ်နံတစ်လျား သွားလာနေကြသော ကုန်တင်ကားကြီးများ၊ ခရီးသည်တင်ကားကြီးများ စုပေါင်းနားခိုရာနေရာလည်း ဖြစ်သည်။ ပြီး - သည်နေရာက နယ်စပ်နှင့် မနီးလည်း မနီးလွန်း၊ မဝေးလည်း မဝေးလွန်းခြင်းကြောင့် သွားရေးလာရေး လွယ်ကူသည့်နေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းကျော်သည် ကုန်တင်ကားတစ်စီးနှင့် နမ့်ဖက်တာမှ သန်းခေါင်လောက်တွင် ထွက်ခဲ့သည်။ ခရီးလမ်းလည်း မကျွမ်း၊ လုပ်ငန်းလည်း မကျွမ်းသေးသော သူ့အဖို့ အိုက်ယီက ဆရာဖြစ်နေပါတော့၏။ အိုက်ယီပြောသမျှဆိုသမျှကို နာခံကာ ခိုင်းသမျှကို လုပ်နေရပါ၏။ အိုက်ယီကလည်း သူ့ဆရာကြီး ညွှန်ကြားထားသည့်အတိုင်းကို အကောင်အထည်ဖော်နေရ၍ ယခုကဲ့သို့ စီမံညွှန်ကြားနေရခြင်းဖြစ်၏။

နှစ်ခေါက် သုံးခေါက်လောက်ရောက်တော့ သည်နယ်မြေအထာကိုတီးမိ၊ ခေါင်မိသလို ရှိလာတော့၏။ ဦးစွာ – ကားကြီးနှင့် ကုန်တွေ တင်လာမည်။ ကုန်တွေထားရာအောက်တွင်တော့ အံဝှက်တွေ ရှိသည်။ ထိုအံဝှက်များအတွင်းမှာတော့ တစ်ဖက်နိုင်ငံကို ပေးပို့ရမည့် မူးယစ်ဆေးဝါးများရှိသည်။ ဤဆေးဝါးများကို ရွှေလီမြစ်ကမ်းနားအထိရောက်အောင် ပို့ပေးရသည်။ ထိုနေရာတွင် ပစ္စည်းသယ်ယူပေးမည့်အဖွဲ့သားများ စောင့်ကြိုနေသည်။ သူတို့က ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသောစက်တပ်မော်တော်ပေါ်တင်ပေးလိုက်မည်။ ဒီလုပ်ငန်းအဆင့်ထိပြီးလျှင် အောင်မြင်ပြီးဖြစ်ပါတော့သည်။

ယာဉ်လမ်းကြောင်းကလည်း (၁၀၅)မိုင်အထိ ဆက်သွား၍ မဖြစ်နိုင်ပါ။ ထို (၁၀၅)မိုင်ဂိတ်စခန်းသည် ငါးနာရီနောက်ပိုင်းမှ ဂိတ်ဖွင့်တာကတစ်ကြောင်း၊ အစစ်ဆေး အမေးအမြန်း အထူးပြောဆုံးနေရာဖြစ်နေတာကတစ်ကြောင်း၊ (၁၀၅)မိုင်ဂိတ်စခန်းမရောက်မီ ရွှေသမင်တောင်ကြောနောက်ဘက်မှ ပန်းထွက်ကာ ရွှေလီကမ်းနားအရောက်သွားမှသာ လုံခြုံစိတ်ချရမည်ဖြစ်သည်။

အပြန်မှာတော့အသင့်စောင့်ကြိုနေသောလေအေးစက်တပ်ထားသော ဖိမ်ခံကားကလေးနှင့်ကြယ်ခေါင်ကိုဖြတ်၊ မူဆယ်မြို့ကိုပတ်ပြီး ပြန်လာရုံပင်ဖြစ်၏။ ဤလိုလုပ်ငန်းတွေ ရှောရှောရှူရှူအောင်မြင်သွားပါက သူ့အိတ်ကပ်ထဲသို့ မြောက်မြားစွာသော ထောင်တန်အုပ်တွေ လိမ့်ပြီးဝင်လာတော့၏။ ထို့ကြောင့်လည်း ဤဒေသသို့ရောက်ပြီး တစ်နှစ်တာကာလအတွင်းမှာပင်



ထွန်းကျော်၏ နေမှုထိုင်မှု၊ ဝတ်မှုစားမှုသည် အစစ အရာရာ ပြောင်းလဲခဲ့ပါတော့၏။

ထွန်းကျော်ကိုလည်း ဆရာကြီးလုပ်သူက ယုံကြည်စိတ်ချစွာဖြင့်တာဝန်ပေးအပ်သည့်အဆင့်သို့ ရောက်လာပြီဖြစ်၏။ အိုက်ယီကဲ့သို့ အားထားရသူအဖြစ် လက်ခံထား၏။ အိုက်ယီနှင့်ထွန်းကျော်ကို တစ်နေရာစီခွဲပြီး ခေါင်းဆောင်စေလေတော့သည်။

ကနေ့တော့ ထွန်းကျော်အား အထူးတာဝန်တစ်ရပ် ပေးအပ်ထားပါသည်။ သည်လမ်း၊ သည်ခရီးကိုတော့ ကျွမ်းပြီးသားဖြစ်၏။ အထူးတာဝန်ဟုဆိုရခြင်းမှာ ကနေ့တင်ပေးလိုက်သည့်ပစ္စည်းများမှာ အရေအတွက်ကလည်းများ၊ တန်ဖိုးကလည်းကြီး၊ ပြီးတော့ – ရှော့ပတ္တမြား၊ ရှော့နဂါးဆိုသည့်ပစ္စည်းပေးပြီးသည်နှင့် ငွေချေရမည်မို့ သူတို့ဘက်မှ ဖျံမကျရလေအောင် သတိထားရမည်ဖြစ်၏။

ပြီးတော့ – ဤတစ်ခါတော့ တောလမ်းခရီးကို အသုံးပြုရမည်ဖြစ်သည်။ သွားရမည့်ခရီးစဉ်က (၁၀၅)မိုင်ဂိတ်အထိ သူတို့သည် ကားဖြင့် သွားရမည်။ (၁၀၅)မိုင်ဂိတ်ဟု ဆိုပါသော်လည်း ဂိတ်အဆုံးသို့ သွားရမည်မဟုတ်ပါ။ ဂိတ်သို့မရောက်မီ ညာဘက်လမ်းအတိုင်း ကားကို မောင်းလို့ရသည်အထိ မောင်းသွားရပါမည်။ မော်တော်ကားမောင်းနှင်လို့ မရတော့သည်အထိ လမ်းအခြေအနေဆိုးပါက ရပ်တန့်လိုက်ပြီးလှားဖြင့် တောကိုဖြတ်၊ တောင်ကိုပတ်ကာ သွားရမည်။ ထိုခရီးသည် မုန်းယူးအထိ ရှည်ပါသည်။ မုန်းယူးကနေပြီး ပန်ဆိုင်း(ကြူကုတ်)ကို ဆက်သွားရပါမည်။ ကြူကုတ်(ပန်ဆိုင်း)ရောက်လျှင် ရွှေလီမြစ်ကို ကောက်ကွေ့စွာဖြင့် တွေ့ရမည်ဖြစ်သည်။ မြစ်တစ်ဖက်ကမ်းမှာ ခမ်းတီနီမြို့ကလေး ရှိသည်။ သည်ဘက်မှာတော့ ပန်ဆိုင်းမြို့ရှိသည်။ တစ်ဖက်ကမ်းမှ လောစ်တို့အုပ်စုက သည်ဘက်ကမ်းအခြေအနေကို စောင့်ကြည့်နေမည်။ အခြေအနေကောင်းပါက ဆက်ပြီးကူးလာကြမည်။ နံနက်နှစ်နာရီ မှာ ဆုံကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းကျော်တို့အုပ်စုသည်ညကိုးနာရီလောက်ကတည်းကနမ့်ဖက်တာမှ ထွက်လာသည်။ နံနက်တစ်နာရီလောက်တွင် သတ်မှတ်ထားသောပန်ဆိုင်းဘက်ခြမ်းရှိရွှေလီကမ်းနဘေးသို့ရောက်ရှိလာခဲ့သည်။ ဟိုမှာဘက်ကမ်းကိုကြည့်လိုက်တော့ ဘာမှမမြင်ရပါ။ ပိတ်ဆို့နေသော မြူများကြောင့်နှင်းမှုန်များကြောင့်လည်း မဟုတ်ပါ။ သတ်မှတ်ထားတာက နှစ်နာရီဆိုတော့နာရီဝက်လောက်အချိန်က စောနေသေးသည်။ ထိုသို့ စောနေခြင်းကြောင့်ဟိုဘက်ကမ်းက လူရိပ်မပြသလို သည်ဘက်ကလည်း ကိုယ်ရောင်မပြဖြစ်နေပါ၏။ သည်လိုနှင့်နှစ်နာရီထိုးပါတော့သည်။ ရှေးဦးစွာထွန်းကျော်တို့ဘက်ကပိုင်းလော့လက်နှိပ်မီးကလေးနှင့်အချက်ပေးလိုက်သည်။ အကြောင်းပြန်ချက် တုံ့မလာပါ။ ဒုတိယအကြိမ် အချက်ပေးသည်။ ဘာမျှထူးမလာပါ။ တတိယအကြိမ်အချက်ပေးတော့မှဟိုဘက်ကအလင်းရောင်တစ်ပွင့်ထွက်ပေါ်လာပါသည်။ ထိုအလင်းရောင်နှင့်အတူ လှေကလေးတစ်စင်းသည် နှင်းမှုန်ထုအကြားကို ထိုးဖောက်ကာ လှုပ်ရှားလာပါတော့၏။ ဤအခါမှထွန်းကျော်တစ်ယောက် ဟင်းခနဲ သက်ပြင်းချနိုင်ပါတော့၏။

"ကဲ - အိုက်ဖုံး - လားပေါ်ကပစ္စည်းတွေ မြေပေါ်ချထားတော့"

လား - ကယ်ရီသမား - အိုက်ဖုံးကို ထွန်းကျော်က ပြောလိုက်သည်။ အိုက်ဖုံးတို့အဖွဲ့က လားနှစ်ကောင်ဖြင့်မနေ့ညကတည်းက လာစောင့်နေကြသည်။ လောစံတို့အုပ်စု ရောက်လာတော့ ပစ္စည်းတွေကိုစစ်ဆေးသည်။ မှန်ကန်တိကျမှုရှိပြီးကျေနပ်ပြီဆိုတော့မှလောစံတို့အုပ်စုက အတက်ချီကေ့(စ)ကို ဖွင့်ပြလိုက်သည်။ တစ်ဖက်နိုင်ငံသုံးငွေတွေ ဖြစ်သည်။ ပိတ်လိုက်သောအတက်ချီကေ့(စ)ကို မြေပြင်ပေါ်မှ ထွန်းကျော် ကောက်အယူတွင် -

"ထွန်းကျော် - လက်ဖျားနဲ့တောင် မထိနဲ့"

အမိန့်ပေးသံက သူ့နောက်ကျောမှ ထွက်ပေါ်လာသည်။ ထိုအမိန့်သံကြောင့် ပစ္စည်းတွေကို ထမ်းယူတော့မည်။ လောစံတို့အုပ်စုကလည်း လက်ရွံ့သွားပါတော့၏။



"ဟော့ကောင် - အိုက်ဖုံး"

ထွန်းကျော်က အိုက်ဖုံး သစ္စာဖောက်သွားသည်ဆိုတာ သိခြင်းကြောင့်လှည့်ကာ ဟောက်လိုက်မိ၏။ ထိုအခါ အိုက်ဖုံးက သူစွပ်ထားသော ဆံပင်ရှည်အတုကို ဆွဲချွတ်ပြလိုက်၏။ ပြီးတော့ - သွားအတုတွေကိုလည်း ချွတ်ပြလိုက်၏။ ထိုရုပ်သွင်သည် နဂိုရုပ်သွင်ဖြစ်နေကာ လရောင်အောက်တွင်ထင်ထင်ရှားရှား တွေ့မြင်လိုက်တော့မှ -

"ဟင် - ဒုရဲအုပ် တင်မောင်ဦး"

သူ့အား အိုက်ယီ မကြာခဏ သတိပေးစကား ပြောကြားထားသောဒုရဲအုပ် တင်မောင်ဦးပင် ဖြစ်သည်။ သူနင်းထားတာက ကမ်းစပ်မြေဖြစ်ပါသည်။ ကမ်းစပ်သည် သဲအတိနှင့် ကမ်းစပ်ဖြစ်သည်။ ထိုသဲအတိ မြေပြင်ကိုဒိနပ်ဦးနှင့် ရုတ်တရက် ထိုးကော်လိုက်သည်။ ထိုးကော်လိုက်သည့်အရှိန်ကြောင့် သဲမုန်တိုင်းတစ်ခုဖြစ်ပေါ်ကာ ပတ်ဝန်းကျင်ဆီ လွင့်စဉ်သွားပါတော့သည်။

အထူးသဖြင့် ရှေးရှုခြင်းခံရသူ တင်မောင်ဦးက အခံရဆုံးဖြစ်သည်။ ထွန်းကျော် ယခုလို လျင်လျင်မြန်မြန်ကြီး တိုက်ခိုက်လိမ့်မည်ဟု သူ မျှော်လင့်ထားပါ။ ထွန်းကျော်က လျင်မြန်သည်။ ပါးနပ်မှုရှိသည်ဆိုတာကိုတော့ သူ့သူငယ်ချင်း ကျောင်းဆင်းဖက် ဒုရဲအုပ် ကိုမောင်ရွှေက သတိပေးထားဖူးပါသည်။ ခုလို သဲမုန်တိုင်းငယ်တစ်ခု ပေါ်ပေါက်လာသည်ကို ကာကွယ်သည့်အနေနှင့် သူသည် မျက်စိမှိတ်ကာ လက်အကူအညီဖြင့် ကာကွယ်လိုက်စဉ်မှာပင် အခွင့်ကောင်းကိုစောင့်နေသော ထွန်းကျော်က လျင်မြန်မှုကိုအားကိုးကာ ထွက်ပြေးပါတော့၏။

ထို့အတူ လောစံတို့ လူစုနှင့်တကွ ထွန်းကျော်နှင့်အတူပါလာသောအဖွဲ့ဝင်တစ်ဦးကိုလည်း လှုပ်ရှားမှု လက်မဦးမှာပင် ဒုရဲအုပ်တင်မောင်ဦးနှင့်အတူပါလာသူ ဆရာတစ်ဦးက ဖမ်းဆီးနိုင်ခဲ့ပါ၏။

စင်စစ် - အိုက်ဖုံးတို့လူစုသည် မနေ့ကတည်းက လားနှစ်ကောင်၊ လူနှစ်ယောက်တို့ဖြင့် ကြိုတင်စောင့်ဆိုင်းနေသည်မှာလည်း အမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်ထွန်းကျော်တို့အဖွဲ့ရောက်မလာမီနာရီပိုင်းအတွင်းမှာပင် သူတို့အား ဒုရဲအုပ် တင်မောင်ဦးနှင့် အဖွဲ့သားများက ထိန်းသိမ်းထားလိုက်သည်။ ပြီးတော့ – နေရာချင်း လဲလိုက်ပါတော့၏။

ထွန်းကျော်သည် ရှမ်းပြည်နယ်မှ ထွက်ပြေးလာခဲ့သည်။ လောစံတို့ပါ အဖမ်းခံရသည်ဆိုတော့ သူ့ကိုလည်း လောစံတို့ခြမ်းက ရဲအဖွဲ့တွေ သိမည် ဖြစ်ပါ၏။ ဒါကြောင့် – ပြည်မဘက်ကို ထွက်ပြေးလာခဲ့သည်။ သူ့အတွက် ဘုမိနက်သန် နေရာမှန်ကား ရိုးမတောင်ပေါ်ရှိ ချင်းရွာကလေး ဖြစ်ပါ၏။ ချင်းရွာကလေးတွင် တစ်လလောက် နားနားနေနေနေပြီး ရွှေစက်တော်ဘုရားပွဲတော်သို့ ဆင်းလာခဲ့သည်။ ထိုဘုရားပွဲတော်တွင် သူ ဘာမှမလှုပ်ရှားပါ။ သူ့လို ဒုစရိုက်ဂိုဏ်းသားများနှင့် ဆုံပါသော်လည်း လက်ခါ ခေါင်းခါနှင့် ရှောင်နေပါတော့၏။

နှစ်လလောက်ကြာတော့ ဘုရားပွဲတော်သို့ရောက်ရှိလာသော ဂျာနယ်များမှ ရှမ်းပြည်နယ်မှ သူ့လုပ်ဖော်ကိုင်ဖက်များ၏သတင်းကို တွေ့ရှိရပါတော့သည်။ အိုက်ယီနှင့်တကွ သူ့ဆရာကြီးများအပေါင်းအဖော်အားလုံး မူးယစ်အဖွဲ့က ဖမ်းဆီးထားပြီးဖြစ်ကြောင်း ခေါင်းဆောင်တစ်ဦးဖြစ်သူ ထွန်းကျော်က လွတ်မြောက်နေဆဲဖြစ်ကြောင်း သတင်းများ ပါရှိလေခဲ့သည်။

နောက်သတင်းဆိုးတစ်ခုကတော့ မူးယစ်အဖွဲ့စီးနင်းလာသော မော်တော်ယာဉ်ကို လက်နက်ကိုင် မူးယစ်ဆေးဂိုဏ်းမှ တိုက်ခိုက်ရာ ဒုရဲအုပ် တင်မောင်ဦး ကျဆုံးသွားကြောင်း သတင်းကိုပါ ကြားသိရသည်။

ထို့ပြင် ဘုရားဖူးအဖွဲ့နှင့်အတူ ရောပါလာသော ဒုစရိုက်ဂိုဏ်းသားတစ်ယောက်က ဒုရဲအုပ် ကိုမောင်ရွှေတစ်ယောက် ရန်ကုန်တွင် မရှိတော့ကြောင်း ပြည်နယ်တစ်ခုသို့ ပြောင်းရွှေ့သွားကြောင်းကို ပြောပါသေး၏။

သူ့အဖို့ တစ်ရန်တော့ အေးပြီဟု မှတ်ယူကာ ရန်ကုန်ပြန်ဆင်းလာလေ၏။ ရန်ကုန်မှာလည်း ကြာကြာမနေလိုက်ရပါ။ ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးအမှုသည် အရှိန်လျော့ပါးသွားခြင်းမရှိသေးပါ။ အဓိကအားဖြင့် သူ့ကို အလို



ရှိနေဆဲဖြစ်၏။ ရဲစခန်းတိုင်းကိုလည်း သူ့ကို ဖမ်းပေးဖို့ အကြောင်းကြားထား၏။ ထို့ကြောင့် တစ်နေရာသို့ ထပ်ပြေးရပါဦးတော့မည်။

နောက်ဆုံးတော့ ထွန်းကျော်တစ်ယောက် အိန္ဒရာဇရွာကလေးရှိ နန်းသီဂီတို့အိမ်မှာ တည်းခိုခွင့်ရသွားပါလေတော့၏။ ထွန်းကျော်သည် ဖထီးကြီးနှင့်အတူခြံအလုပ်လုပ်ပေးသည်။ ရာသီစာသီးနှံပင်များ စိုက်ပျိုးပေးသည်။



ဤဒူးလေးသည် မသုံးတာကြာပေမဲ့ အကောင်းပကတိအတိုင်း ရှိနေပါသေးသည်။ ရုံဝန်ရုံခါ နန်းသီဂီသည်ပင်လျှင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ရင်း ပစ်တတ်သေးသည်။ ထိုဒူးလေးနှင့်ပတ်သက်ပြီး ဖထီးကြီးကို မေးစုံးပါ၏။ ထိုမှတစ်ဆက်တည်း ကလေးဦးခေါင်းဟု ဆိုရမည်ဖြစ်သော အရိုးခေါင်းကလေး လေးငါးခုကိုလည်း စိတ်ဝင်စားခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ခြေလက်ပေါ့ပါးပြီးအမြင်မတော်လျှင် ထလုပ်ပေးတတ်သော ထွန်းကျော်ကိုလည်း ဖထီးက သဘောကျသည်။ နေ့လယ် တစ်နေ့လယ်ခင်းလုံးမှာတော့ နန်းသိဂီ အိမ်မှာ ရှိမနေပါ။ နံနက်ကတည်းက စက်ဘီးနှင့် ကျောင်းသွားပြီဖြစ်၏။

ထို့ကြောင့် နေ့လယ်နေ့ခင်းဆိုလျှင် ဖထီးကြီးနှင့် ရေနွေးကြမ်းသောက်လိုက်၊ ထွေရာလေးပါးပြောလိုက်နှင့် ရောက်တတ်ရာရာစကားပြောနေတတ်၏။ အမိုးကတော့ သူ့စိတ်လက်ကြည်သာလျှင် စကားတွေဝင်ရော၏။ ကွယ်လွန်သူ ဖိုးစွားကို သတိရပါက ထောင့်တစ်နေရာရာမှာ ငိုင်ပြီးနေလေ့ရှိသည်။

ဤဒေသကို ထွန်းကျော် ရောက်ရှိလာသည်မှာ တစ်လလောက်ရှိပါပြီ။ အချိန်အားရလျှင် ရွာရိုးကိုးပေါက် လျှောက်သွားတတ်သည်။ ရွာခံလူတချို့နှင့်လည်း ခင်မင်ရင်းနှီးခဲ့ပါသည်။ အများအားဖြင့် သူတို့သည် မော်တော်ဆိုင်ကယ်ကို ခေတ္တငှားကား မောင်းနှင်စီးလေ့ရှိပါသည်။ သူ အမြဲတမ်း သွားလေ့ရှိသည့်နေရာကတော့ ရွာဦးစေတီဖြစ်သည်။ တောဘုရားမို့ ထုံးသင်္ကန်းဖွေးဖွေးကိုသာ ကြည်ညိုခွင့် ရပါသည်။

နေရာတကာကို စေ့စေ့စပ်စပ် သိချင်သည်။ မြင်ချင်သည့်ဆန္ဒသည် သူ၏ မွေးရာပါသန္တာဟု ဆိုရမည်ဖြစ်သည်။ သူအသိချင်ဆုံးက အိမ်နံရံမှာ ချိတ်ထားနှင့်သော ဒူးလေးနှင့် မြားကျည်တောက်ဖြစ်ပါသည်။ ဒူးလေးကတော့ ကရင်လူမျိုးများ အများဆုံးအသုံးပြုလေ့ရှိကြသည်။ ဤဒူးလေးသည် မသုံးတာကြာပေမဲ့ အကောင်းပကတိအတိုင်း ရှိနေပါသေးသည်။ ရံဖန်ရံခါ နန်းသိဂီသည်ပင်လျှင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ရင်း ပစ်တတ်သေးသည်။ ထိုဒူးလေးနှင့်ပတ်သက်ပြီး ဖထီးကြီးကို မေးဖူးပါ၏။ ထိုမှတစ်ဆက်တည်းကလေးဦးခေါင်းဟုဆိုရမည်ဖြစ်သော အရိုးခေါင်းကလေးလေးငါးခုကိုလည်း စိတ်ဝင်စားခဲ့သေး၏။

"အေး - ငါလား - ဟိုတုန်းက ကံပေါက်သတ္တုတွင်းမှာ လုပ်တယ်လေ အဲဒီတောထဲမှာ သားကောင်တွေ ပေါမှပေါပဲ။ မျောက်တွေဆို အားကြီးများပေါ်။ ငါကလည်း တောလိုက်ဝါသနာပါတာမို့ အားချိန်မှာ တောချည်း လိုက်နေတယ်။ ငါသွားရင် ချေ(ဂျီ)တို့၊ ဆတ်တို့၊ တောဝက်တို့ ရမြဲပဲ။ မရဘူးဆိုရင် မျောက်တစ်ကောင်တော့ ရတာပဲ။ ဟိုမှာ ခေါင်းရိုးတွေက မျောက်ခေါင်းခွံတွေလေ။ မသိရင်တော့ ကလေးခေါင်းခွံလို့ထင်မှာပဲ"

သူသည် မုဆိုးအလုပ်နှင့် အကျိုးပေးကြောင်း၊ တောလိုက်ရာမှာ သူတို့ ရှေးရိုးအစဉ်အဆက်မလေ့ထုံးစံအတိုင်း ဒူးလေးကိုသာ သုံးကြောင်း၊ သူ့သားနှင့်သမီးကိုလည်း သင်ထားပေးကြောင်း၊ သမီးဖြစ်သူ နန်းသိဂီဆိုလျှင် ပျံနေသော ငှက်ကိုပင် မှန်အောင် ပစ်ခတ်နိုင်သည်အထိ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြောင်း ထွေထွေရာရာ ပြောတတ်ပါသေး၏။ သူ ပင်စင်ယူပြီးသည့်နောက်ပိုင်း သူ့ဇာတိချက်မြှုပ်ရာ အိန္ဒရာဇာသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

တစ်ရက်မှာတော့ နန်းသိဂီသည် ကျောင်းမှ ရွှင်လန်းဝမ်းမြောက်စွာနှင့် ပြန်လာခဲ့သည်။ ပြီးတော့ - သူ့ဖခင်ကြီးအား စာတစ်စောင်ကို ထုတ်ပြပြီး ကရင်လို ပြောပါတော့သည်။ သားအဖနှစ်ယောက်စလုံး၏မျက်နှာက ချိုမြရွှင်ပျနေပါတော့သည်။ သူကတော့ ဘာဆိုဘာမှ မသိခဲ့ပါ။ ကရင်လို ပြောဆိုနေကြခြင်းကြောင့် ဖြစ်ပါသည်။ ဆိုလိုတာက ကရင်စကား မတတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သူ့အပေါင်းအဖော် ဆိုင်ကယ်ကယ်ရီသမားများထံ ကရင်စကား အခြေခံသင်ကြားပါရန် အကူညီတောင်းမိပါတော့၏။ သူ့အပေါင်းအဖော်များကလည်း ပထမနေ့အဖြစ်လက်တွေ့အသုံးချရမည့်စကားတစ်ခွန်းကိုသာ သင်ကြားပေးလိုက်၏။ မြန်မာလိုအဓိပ္ပာယ်မှာ မင်္ဂလာပါဟူ၍ဖြစ်ပါ၏။ ယင်းစကားကတော့ ကမ္ဘာသုံးလူမှုဆက်ဆံရေးနယ်ပယ်မှာ အဓိကအရေးပါဆုံးလက်နက်ဖြစ်ပါ၏။

"ဝါ - ဝါ - အဲ"

တစ်နေ့မှာတော့ ကျောင်းမှပြန်လာသော နန်းသိဂီအား ခြံအဝတွင် ဆုံမိခြင်းကြောင့် သူတတ်ထားကြောင်း ကရင်စကားဖြင့် ခပ်ကြွားကြွား နှုတ်ဆက်လိုက်သည်။ ကြားလိုက်ခါစမှာတော့ အဝတ်ပင် နားဝင်မှာ ကြမ်းတမ်းလှပါ

www.burmeseclassic.com

သည်ဟုထင်မိပါသည်။ ပြန်စဉ်းစားကြည့်လိုက်တော့ သူကဖြေ့သည်လည်း ဖြစ်၊ တစ်စုံတစ်ဦးက ချောက်(ချောက်)တွန်းလိုက်ခြင်းကြောင့် ဆန္ဒမပါပဲ သဘောရိုးရိုးနှင့် ပြောလိုက်တာပဲဟု ယူဆလိုက်မိသည်။ သည်တော့ မျက်နှာကို အချိုသာဆုံးဖြစ်အောင် ပြုံးလိုက်ပြီး -

"ဒီမှာ - ကိုထွန်းကျော် - နားမလည်လို့ပြောတာလား။ ကျွန်မကတော့ နားမလည်ဘဲပြောတာလို့ မှတ်ယူလိုက်မယ်"

သာသာလေးနက်ကာ ခပ်သွက်သွက် ထွက်ခွာသွားသော နန်းသိင်္ဂီကို ကြည့်ပြီး သူ စိတ်မကောင်းဖြစ်ရပါ၏။ သူ့စကားသည် တကယ့်ကို နန်းသိင်္ဂီ လက်မခံလိုသောစကားဖြစ်သည်ကို သိခြင်းကြောင့် သူ့အပေါင်းအဖော်များကို ပြန်ပြောပြလိုက်မိ၏။ ထိုအခါ အပေါင်းအဖော်များက ဟားတိုက်ကာ ရယ်မောရင်း တကယ့်အစစ်အမှန် အဖြေစကားကို ပြောကြားလိုက်၏။ ထိုအဖြေစကားကြောင့် သူ နန်းသိင်္ဂီအပေါ် အားတုံ့အားနာဖြစ်သွားလေတော့၏။ ဒါကြောင့် - ပြန်တောင်းပန်ရတော့၏။

"ဟိုနေ့ကစကားကြောင့် တောင်းပန်ပါတယ် - နန်း"

"အဲဒီ့နေ့က တစ်ခါတည်းဖြေပြီးပြီးလေ။ ကိုထွန်းကျော် တကယ်ပဲ နားမလည်ဘဲပြောတဲ့စကားလို့။ ဒါနဲ့ - ကိုထွန်းကျော်ရဲ့ဘဝရေခရီးက ဘယ်လိုလဲ"

"ကျွန်တော် - ကောဓသောင်းအထိ သွားဖို့လုပ်နေပါတယ်။ နောက်အပတ်ဆို ထားဝယ်မြစ်ကနေ စက်လှေတစ်စင်းနဲ့ လိုက်သွားမယ်။ ဟိုဘက်ကမ်းမှာ အလုပ်သွားလုပ်ပါ့မယ်။ အဲဒီတော့မှ နန်းတို့ကျေးဇူးကို ဆပ်ပါ့မယ်"

"ကျေးဇူးတုံ့ပြန်ချင်လို့ဆိုတဲ့စကားကို မပြောပါနဲ့။ လူလူချင်း ရိုင်းပင်းကူညီတဲ့သဘောပါ"

"တကယ်လို့ - ကျွန်တော် သုံးလေးနှစ်အကြာ ပြန်ရောက်လို့ အဲ - ဒီ ဝါဝါအဲ ဆိုတဲ့စကားကို နားလည်သူတစ်ယောက်အနေနဲ့ ပြောကြားရင်ကော လက်ခံမှာလား - နန်း"



"အရာရာ နောက်ကျနေပြီ - ကိုထွန်းကျော်၊ ဟိုနေ့က စာတစ်စောင်ကို ကိုင်ပြီး ဖထီးနဲ့ပြောနေကြတာကို တွေ့တယ်မဟုတ်လား။ အဲဒါ - မောင့်ဆီက စာပဲ၊ မောင်က နန်းနဲ့ လက်ထပ်ဖို့လာမှာတဲ့"

နန်းသိင်္ဂီက စကားစကိုဖြတ်ကာ ထွက်သွားတော့၏။ သူ့မှာသာ အတွေးသပိုင်းထောင်သောင်းမကကျန်နေတော့၏။ သူ့လိုရာဇဝတ်သားတစ်ယောက်က ဤကဲ့သို့ ပြစ်မျိုးမဲ့မတင်သော မိန်းမပျိုမလေးတစ်ဦးနှင့် ဂဟေဆက်နိုင်မှာလား။ ရွှေဆိုရွှေချင်း၊ ငွေဆိုငွေချင်းမှ ဂဟေဆက်လို့ရသည်မဟုတ်ပါလား၊ သူ့လို ပေကျံနေသောလက်က ဖြူစင်သန့်ရှင်းသော ပိတ်စတစ်စကို ဘာကြောင့်ကိုင်တွယ်ရဲပါ့မလဲ။ လုံခြုံစိတ်ချမှုမရှိသော သူ့ရင်ခွင်တွင်းသို့ ဆွဲခေါ်ယူသင့်ပါဘူးလေ။ သူ့ကိုလွတ်လပ်စွာ ပျံသန်းနေသော ငှက်ကလေးအသွင် ရှင်းသန့်စွာ မွှေးပျံ့နေသောပန်းကလေးအသွင်အဖြစ်နှင့်သာ မြင်ချင်ပါသည်၊

ပြီးတော့ - သူ မမြင်ဘူး၊ မတွေ့ဘူးသေးသော နန်းသိင်္ဂီ၏မောင်ဆိုသူနှင့် သူတို့အဆင်ပြေမှုကိုလည်း မြင်ချင်ပါသေးသည်။ မောင်သည် ဖြူဖြူလား၊ ချောချောလားတော့ မသိပါ။ သူသိတာတစ်ခုတော့ ရှိပါသည်၊ မောင်သည် တကယ့် လူကောင်း ဖြစ်ပေလိမ့်မည်၊ လူကောင်းဖြစ်တာမို့ သူသည် နန်းသိင်္ဂီကို "ချစ်ပါတယ်" လို့ ရဲရဲဝံ့ဝံ့ ပြောဆိုဖြစ်သည်ထင်ပါသည်၊ သူ့လိုမျိုးတော့ သုံးလေးနှစ်ကြာမှ တစ်ခါ "ဝါဝါအဲ့" လို့ ပြန်ပြောဖြစ်မှာမဟုတ်ပါ။

ကနေ့လည်း ထုံးစံအတိုင်း ရန်ကုန်မှလာသော ရထားကို ဘူတာရုံမှာ ဆိုင်ကယ်ကယ်ရီသမားများနှင့်အတူ ထိုင်စောင့်ရင်း စကားစမြည် ပြောနေခဲ့တော့သည်။ ရထားပေါ်မှ ဆင်းလာသောသူများကို အကြိုအပို့လုပ်ပေးနေသူများမှာ ဆိုင်ကယ်ကယ်ရီသမားများ ဖြစ်ပါသည်၊

ရထားသည် သုံးနာရီလောက်ဆိုလျှင် ပုံမှန်ဆိုက်ကပ်လာပါတော့သည်၊ ရထားဆိုက်သည်နှင့် ခရီးသည်များ တိုးဆင်းကြသည်။ သည်လိုနှင့် ထွန်းကျော်သည် ရထားပေါ်မှ ဆင်းလာသော ယောက်ျားသားတစ်ယောက်ကို တွေ့လိုက်ရ၍ အံ့သြနေမိပါ၏။ ထိုအတူ ရထားပေါ်မှ ဆင်းလာသော သူသည် ထွန်းကျော်ကိုမမျှော်လင့်ဘဲ တွေ့ရှိခြင်းကြောင့် မှင်တက်မိသလိုဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နစ်ဦးသား အငိုက်မိသလို ဖြစ်နေစဉ် ထွန်းကျော် စတင်လှုပ်ရှားပါတော့၏။

သည့်အတွက်ကြောင့် နီးရာဆိုင်ကယ်တစ်စီးကို စက်နှိုးကာ ထွက်ပြေးလေတော့၏။ ထွန်းကျော်ထွက်ပြေးလေတော့မှ ထိုသူလည်း သတိပြန်လည်ကာ နီးရာဆိုင်ကယ်ကို စက်နှိုးကာ လိုက်လေတော့၏။ ဆိုင်ကယ်ပိုင်ရှင်က သူ့ဆိုင်ကယ်အား မပြောမဆိုပဲ သူစိမ်းတစ်ယောက်က ကောက်ကာင်ကာ မောင်းထွက်သွားခြင်းကြောင့် "ဟေ့လူ - ဟေ့လူ" ဟုအော်ကာကျန်ရစ်တော့၏။ ဆိုင်ကယ်ပေါ်မှ လူကလည်း -

"နောက်မှရှင်းမယ် - ကျုပ် - ဒုရဲအုပ် ကိုမောင်ရွှေဗျ"

သည်လမ်း၊ သည်ခရီးကို ကျွမ်းကျင်အောင် လေ့လာထားခြင်းနှင့် ဦးစွာလျင်မြန်စွာ ထွက်ခွာလာခြင်းအပေါ် အခြေခံ၍ ထွန်းကျော်တစ်ယောက် ဒုရဲအုပ် ကိုမောင်ရွှေကို မျက်ခြေပြတ်နိုင်ခဲ့သည်။ ခပ်လှမ်းလှမ်းဆီမှ ဆိုင်ကယ်သံ တဘုတ်ဘုတ်ကိုလည်း ကြားနေရဆဲ ဖြစ်ပါသည်။ သို့သော် လမ်းချိုးလမ်းသိမ်ထဲမှာမို့ သူ မမြင်မတွေ့ရပါ။ သူကတော့ ထားဝယ်သွားကားလမ်းမကြီးပေါ် ရောက်နေပါပြီ။

နှလိုပြတ်ကျန်ရစ်မှန်းသိတော့မှ တစ်ဝက်တစ်ပျက် စိတ်အေးရတော့၏။ သူ့ကို ရဲတစ်ဖွဲ့လုံးက မြေလှန်ကာ ရှာဖွေနေကြောင်း ခုတော့ ထင်ရှားပါပြီ။ ဘယ်လိုနည်းနှင့် သူ့သတင်းကို အနံ့ရသွားသည်ကို မသိရပါ။ တစ်ခုတော့ရှိတာပါ။ ဤနေရာတွင် တစ်လကိုးသီတင်း စိုအောင်းနေမှတော့ တစ်စွန်းတစ်စသော သူ့သတင်းကိုကြားသိရမှာပါ။ သူကလည်း သူပါပဲ။ စောစောစီးစီး ရေကြည်လည်းနောက်၊ မြေရာလည်း ဖျောက်သင့်ပါသည်။

❀ ❀ ❀

မရမ်းချောင်းကျေးရွာကို လွန်ခဲ့ပြီဖြစ်၏။ မကြာမီ အုန်းပင်ကွင်းထဲ ရောက်တော့မည်ဖြစ်၏။ ရှေ့သို့သာ ဆက်ပြီးမောင်းနှင်နေပါက လမ်းလည်ဆုံးမည်မဟုတ်သလို ဓာတ်ဆီလည်းကုန်သွားနိုင်သည်။ ဤအခါရဲလက်ထဲ



အလိုလို ရောက်သွားရတော့မည်။ သည်တော့ - ရှေ့ညာဘက်တွင် ခနီခြုံကြီးရှိသည်။ ခနီခြုံဆုံးလျှင်တော့ တစ်ငြိမ့်ငြိမ့်စီးဆင်းနေသော ထားဝယ်မြစ်ကြီးရှိသည်။

သူသည် ဘယ်ဘက်စပါးကွင်းတွေထဲမှာ ဆိုင်ကယ်ကို ဖွက်ထားလိုက်သည်။ ပြီးတော့ - ခြေမျက်စိမြုပ်မျှ ရွံ့ဗွက်ထူလှသောခနီတောကိုဖြတ်သည်။

ဒုရဲအုပ် ကိုမောင်ရွှေ တွေးခေါ်ချက်ကလည်း မှန်ကန်သည်ဟု ဆိုရပါသည်။ ထားဝယ်လမ်းမကြီးပေါ် သူ့ဆိုင်ကယ် စတင်ဘီးချစဉ်မှာတော့ သည်အောင် နယ်မြေကျယ်ပြန့်သော၊ အန္တရာယ်များပြားသော ရန်ကုန်လမ်းမကြီးအတိုင်းတော့ မပြေးတန်ရာ။ ထားဝယ် - မြိတ် ကားလမ်းအတိုင်းသာ ပြေးတန်ရာသည်။ ဤနေရာသည် သူ့အဖို့ မျက်နှာစိမ်းတွေသာ များခြင်းကြောင့် သိသူမရှိသလောက် ရှားသည့်နယ်မြေကျဉ်းဖြစ်သည်။ ဒါကြောင့် - ဒီကောင်ထားဝယ်သွားလမ်းကိုသာ သုံးရမည်ဖြစ်၏။ ခုတော့ - ထွန်းကျော်ကို ဒုရဲအုပ်ကိုမောင်ရွှေ မျက်ခြည်လုံးဝပြတ်နေပါတော့သည်။ သို့သော် အားတော့လျှော့၍မဖြစ်ပါ။ သားကောင်လည်း သားကောင်အလျောက်မာယာတွေများသေးသည်။ မုဆိုးကလည်း မုဆိုးအလျောက် ပညာသား ပါရသေးသည် မဟုတ်ပါလား။

မျက်ခြည်ပြတ်သွားသည်ဆိုပေမယ့် စပါးကွင်းကြီးများကို ဂရုတစိုက်ကြည့်ကာ မောင်းနှင်လာသည်။ တစ်နေရာရောက်တော့ သူ ဆိုင်ကယ်ကိုရုတ်တရက် ရပ်လိုက်သည်။ မသင်္ကာဖွယ်ရာမြင်ကွင်းတွေကြောင့်ဖြစ်သည်။ ညီညီညာညာရှိနေသော စပါးပင်များသည် တစ်နေရာမှာတော့ ပုံပျက်ပန်းပျက်ဖြစ်ကာ စပါးပင်များ ပြိုလဲနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ဆိုင်ကယ်ကိုရပ်ကာ ကြည့်လိုက်တော့ အဖြေပေါ်လာပါပြီ။ ငြိမ်သက်စွာ လဲလျောင်းနေသော ဆိုင်ကယ်တစ်စီးကို တွေ့လိုက်ရ၏။ လူရိပ်လူခြေကိုတော့ ထိုးကွင်းများမှာ မတွေ့ရ၍ ...

တစ်ဖက်ခြမ်းမှ ခနီခြုံကြီးကို ကြည့်လိုက်မိသည်။ ရှေးဦးစွာ ဗွက်မြေများကြားတွင် ထင်ရှားစွာမြင်တွေ့လိုက်သော ခြေရာစွပ်ကြောင်းများပင်ဖြစ်၏။

www.burmeseclassic.com

ခြေရာရှင်ကို ရှာဖွေလိုက်တော့ ကမ်းစပ်မှ ခနီလက်တစ်ခုကို အားပြုကာ တစ်ဖက်ကမ်းသို့ ကူးခတ်နေသော ထွန်းကျော်ကို တွေ့ရပါတော့၏။

ဤနေရာ၌ကောက်ရိုးတစ်ပင်တွေ့လျှင်လည်းအားကိုးရမည်ဖြစ်ပါ၏။ ဘာကြောင့်လည်းဆိုတော့ ဒုရဲအုပ် ကိုမောင်ရွှေလက်မှ လွတ်ရေးသည် ပထမ၊ ဦးစားပေးဖြစ်သည်။ ဒါကြောင့် – ရရာခနီလက်ကိုအားကိုးကာ ကူးနေရခြင်း ဖြစ်၏။ မြစ်၏တစ်ဖက်ကမ်းကို ရောက်ပါက နတ်အိမ်တောင်ရွာသို့ ရောက်မည်ဖြစ်၏။ ထိုမှတစ်ဆင့် တောလမ်းခရီးအတိုင်း ဆက်သွားပါက ရဲတွေ လက်လှမ်းမမီသောဒေသသို့ ရောက်မည်ဖြစ်၏။ ဒါကြောင့် ကူးခတ်နေဆဲ။

သူ ကူးခတ်နေဆဲမှာပင် နောက်ဘက်မှ တဘုတ်ဘုတ်နှင့် မြည်သံပေးကာပဲ့ထောင်စက်လှေကလေးလိုက်လာသည်ကိုတွေ့ရှိရ၏။ အားတက်သွား၏။ ကယ်တင်ရှင် တွေ့ပြီဖြစ်၏။ သူက ပဲ့ထောင်စက်လှေကလေးကို လှမ်းတားလိုက်၏။ လှေကလေး အရှိန်လျှော့သွားတော့ ထွန်းကျော်သည် ကြောင်တစ်ကောင်အလား ကိုယ်ကိုဖော့ကာ လှေပေါ်သို့ မြောက်ခနဲ တက်လိုက်သည်။ ပြီးတော့ – ပါးစပ်မှလည်း –

"ဟိုဘက်ကမ်းကို ပို့ပေးပါ"

သူ အကူညီတောင်းလိုက်သည်။ စက်လှေကလေးကို အရှိန်မြှင့်ကာ မောင်းလိုက်သည်။ သူကတော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ သူ့အပျော်မဆုံးခင်မှာပင် လှေကလေးသည် နောက်ပြန်လှည့်ကာ မောင်းနေခြင်းကြောင့် –

"ဟေ့လူ – ဘာလုပ်တာလဲဗျ"

စက်လှေသမားက သူ့စကားကို မကြားသယောင်ပြုကာ ဆက်မောင်းနေသည်။ သည်လိုသာ ဆက်မောင်းနေပါက သူလာရာကမ်းစပ်သို့သာ ပြန်ရောက်တော့မည်။ ပြန်ရောက်လျှင် သူ့အဖို့ ကျားခံတွင်းသို့ ပြန်သက်ဆင်းရမည်ဖြစ်၏။ သူသည် နောက်သို့ မျက်နှာမူပြီး စက်မောင်းသူအား ရေထဲသို့ ကျသွားအောင် လုပ်မည်ဟူသောသဘောဖြင့် ထိုသူအပါးသို့ ချဉ်းကပ်သွားမိတော့သည်။



ထိုအကြံဉာဏ်ကိုရိပ်မိသော စက်လှေသမားကလည်း သူ့အား အကာမခံပါ။ ခြေတစ်ချောင်းစာ အကွာအဝေး ရောက်လာသည်နှင့်ထွန်းကျော်အား ထိုင်လျက်အနေအထားနှင့်ပင် ထွန်းကျော်ဘောင်းဘီကြားသို့ ခြေဦးကိုပစ်သွင်းလိုက်သည်။ မထင်မှတ်ဘဲ အဝိုက်ခံလိုက်ရခြင်းကြောင့် ထွန်းကျော် အထိနာသွားကာ မျက်နှာရှုံ့မဲ့မဲ့နှင့် ကုန်းကွကွအနေအထားကိုရောက်ရှိသွားတော့၏။ သူ၏လှုပ်ရှားမှုအရှိန်ကြောင့် လှေကလေးသည် လူးလွန့်သွားပါတော့၏။ စက်လှေသမားက သူ့ကို အမိန့်ပေးလိုက်၏။

"မလှုပ်နဲ့ – ထွန်းကျော်။ အသက်ပါသွားမယ်"

သည်အသံရှင်ကိုကြည့်လိုက်တော့ စောစောကလို ဝါးခမောက်လည်း ဆောင်းထားခြင်းမရှိတော့။ ဆေးတံကို တွင်တွင်ကြီး ခဲထားခြင်းလည်းမရှိတော့သော ပဲ့ချိတ်စက်လှေမောင်းသူကို တွေ့ရလိုက်၏။ လက်ထဲမှာလည်း ပစ္စတိုဖြင့် သူ့အား ချိန်ထားဆဲဖြစ်၏။

"ဟင် – ဆရာ – ကိုမောင်ရွှေ"

"ဟုတ်တယ် – ငါလာတာ မင်းကို ဖမ်းဖို့မဟုတ်ဘူး။ ဒါပေမဲ့ – တွေ့တော့လည်း ဖမ်းရတာပေါ့ကွာ။ ကဲ – လွတ်နိုင်သေးလား။ မင်းငြိမ်ငြိမ်လိုက်ခဲ့ပါ"

သူက ငြိမ်ခံပြီး လိုက်မလာနိုင်ပါ။ သူ့ ထောင်ထဲမှာ နှစ်ရှည်လများလည်း မနေချင်ပါ။ ဘယ်သူမဆို မနေချင်ကြပါ။ အကြံဉာဏ်ထုတ်နေပါတော့၏။ ကောင်းသောငြိမ်ခြင်းဖြင့် ငြိမ်နေခြင်းမဟုတ်ပါ။ လှေဦးသည် ကမ်းစပ်သို့ ချဉ်းကပ်လာနေပါပြီ။ လှေ၏ထုံးစံအတိုင်း လှေဦးက အလျင်ကပ်ရပါမည်။ သူက အလျင်ဆင်းရပေမည်။ သို့သော် သူ့အား ဒုရဲအုပ် ကိုမောင်ရွှေက သေနတ်နှင့် ချိန်ထားလျက် ရှိနေခြင်းကြောင့် သေနတ်အနေအထား ပြောင်းရန်အတွက် လှေသည် ကမ်းနားသို့ဆိုက်ရန်အလုပ်တွင် လှေနံတစ်ဖက်ကို သူ ဆောင့်နင်းလိုက်၏။

လှေသည် အနေအထားပျက်ကာ မှောက်တော့မလိုလို ဖြစ်သွားတော့၏။ မောင်းထိန်းခလုတ်ပေါ်လက်ညှိုးတင်ထားသည်မှာလည်း ထိုအခြေအနေကြောင့် အလိုလို ညှစ်ပြီးသား ဖြစ်နေတော့၏။ ထို့ကြောင့် –

www.burmeseclassic.com

"ဒိုင်း" ခနဲ သေနတ်သံက ထွက်ပေါ်လာပါသည်။ သူ့အား ခြောက်လှန့်သလိုဖြစ်ကာ ပျက်စီးယိုယွင်းနေသော အနေအထားကိုအခွင့်ကောင်းယူကာ ထွန်းကျော် ကမ်းပေါ်သို့ ခုန်တက်လိုက်တော့သည်။ ပြီးတော့ - ခနိတောထဲသို့ ပြေးဝင်လိုက်၏။ သူ၏ မူလလမ်းကြောင်းပေါ် တစ်ဖန်ရောက်မည်ဖြစ်ပါသည်။ ခနိတောမှ အထွက်တွင်တော့ သူ့ဘယ်ဘက်နားမှာ ဗိုးခနဲ အသံပြင်းပြင်းတစ်ခုသည် ဖြတ်သန်းသွားသည်။ ထို့နောက် တုတ်ခိုင်ကြီးမားလှသော ခနိလက်တစ်ခုကို ဒုတ်ခနဲအသံဖြင့် သွားနိုက်ပါတော့သည်။

"ကိုထွန်းကျော် - တစ်ဖဝါးမှ မလှုပ်နဲ့"

သူ့ရှေ့တူရူမှ အမိန့်ပေးနေသူမှာ နန်းသီဂီဖြစ်ပါ၏။ သူ့လက်ထဲမှာ သူတို့ဘေးဘီအစဉ်အဆက်ကတည်းက ကိုင်ခဲ့သောဒူးလေးကို အသင့်အနေအထားမှာ ကိုင်ထားပါ၏။ စောစောပိုင်းကတည်းက သေတွင်းပစ်မှတ်ကို ရောက်အောင်ပစ်နိုင်သော်လည်း သူ့လက်စွမ်းအရည်အချင်းကို သူ့အား အမြည်းသဘော ပေးချင်လွန်းလို့ဘယ်ဘက်နားမှပွတ်ကာသီကာ ပွတ်သပ်သွားပြီး ခနိလက်မှာ မျှားတံစိုက်သွားအောင် ပစ်လိုက်ခြင်းပင် ဖြစ်သည်။

"ကျွန်မအစ်ကိုဟာ ရှင်တို့ ဒုစရိုက်သမားတွေကြောင့် ဆုံးရှုံးရတယ်။ အမေက သားကြောင့် ဝေဒနာတွေ ဖြစ်ရတယ်။ အဲဒီ ကျွန်မအစ်ကိုက ကျွန်မတို့အခေါ်ကတော့ စောမူးသာ၊ ဝန်ထမ်းလောကမှာတော့ ဒုရဲအုပ်တင်မောင်ဦးပါပဲ။ သူကျောင်းပြီးတော့ သင်တန်းတက်ပြီး သူကျောင်းဆင်းပြီး ခွင့်ရလို့ ပြန်လာတယ်။ သူ့သူငယ်ချင်းတစ်ယောက်လည်း ပါလာတယ်။ သူဟာ ကျွန်မ လက်ထပ်မယ့်သူ အလောင်းအလျာပဲ"

"ကျွန်တော့်ကို သွားခွင့်ပြုပါ - နန်းရယ်။ ခဏကြာရင် နောက်က လိုက်လာတော့မယ်"

"ဒီလောက်ထိတော့ နိုင်ငံ့တာဝန် ကျေပြွန်ရပါမယ်။ ပြီးတော့ - ရှင်ဟာ ကျွန်မအစ်ကိုလက်က လွတ်အောင် ရုန်းထွက်သွားနိုင်ပေမယ့် မယုံရင် ရှင်ခြေတစ်လှမ်းတိုးကြည့်ပါ။ အစ်ကို့အတွက် လက်စားချေပြီးသား ဖြစ်စေရမယ်"



နန်းသီဂီလက်ရည်ကို သူ ကြားသိခဲ့သည်မဟုတ်ပါလား။ ပျံနေသော ငှက်ကိုတောင် ပစ်ကျအောင် ပစ်ခတ်နိုင်စွမ်းရှိသည်ဟု ဖထီးကြီးက ဆိုထားသည်မဟုတ်ပါလား။ ခုတောင် - အမြည်းသဘောနှင့် မြားတစ်စင်းကို သုံးချထားသည်မဟုတ်ပါလား။ သည်နောက်တော့ - ခနိတောအတွင်းမှ ခြေသံများကို ကြားလိုက်ရသည်။

"ကဲ - မောင် - သူ့ကို ဖမ်းသွားတော့"

ဟင် - မောင်လို့ဆိုပါလား။ ဒါဆို - အစ်ကို့သူငယ်ချင်းပေါ့။ ပြီးတော့ သူနဲ့လက်ထပ်မယ့်သူဟာလည်း အစ်ကို့သူငယ်ချင်းပဲပေါ့။ ထိုသို့သော အတွေးတွေ ပေါ်ပေါက်နေဆဲမှာပင် ငါလာတာ မင်းကို ဖမ်းဖို့မဟုတ်ဘူးဆိုသောစကားကိုကြားယောင်လာ၏။ ဒါဆို - ခုလိုရောက်ရှိလာတာ နန်းသီဂီနှင့် လက်ထပ်ဖို့လာတာပေါ့။ ဘာပဲဖြစ်ဖြစ်၊ ငါဟာ ယုန်ထောင်ကြောင်မိတဲ့ သားကောင်ဖြစ်နေပါကလား။

ဒုရဲအုပ် ကိုမောင်ရွှေသည် သူ့ကို လက်ထိတ်ခတ်လိုက်တော့သည်။ သူတို့နှစ်ဦးကြားအောင် ထွန်းကျော် ပြောလိုက်ပါတော့၏။

"ခင်ဗျားတို့မင်္ဂလာလက်ဖွဲ့အတွက် ကျွန်တော်ဟာ မင်္ဂလာလက်ဆောင်သားကောင်ဖြစ်ပါရစေ"

မှုံသူမှန်

www.burmeseclassic.com

www.burmeseclassic.com



# အဘိုးတို့ ဘယ်သူသတ်သနည်း

...အဘိုးဖြစ်သူ
ရုတ်တရက် သေဆုံးသွားရာမှ
နောက်ဆက်တွဲဇာတ်လမ်းကို
စိတ်ဝင်စားဖွယ်ရာအဖြစ်
အောက်ပါအတိုင်း..

**တယ်လီဖုန်း** မြည်လာသည်။

"မောင်ကျော်ရွှေလား"

"ဟုတ်ပါတယ် - အဘွား။ ပြောပါ"

"ဒီမနက်ပဲ မင်းအဘိုး ဆုံးသွားတယ်"

"ဟာ - မဖြစ်နိုင်တာပဲ - အဘွားရာ။ အဘိုး ဘာကြောင့် ဆုံးရတာလဲ"

"အဖြစ်က ဆိုးလွန်းပါတယ်။ မင်း ခဏပြန်လာလို့ မရဘူးလား"

"ပြန်လာရမှာပေါ့ - အဘွားရယ်။ ကျွန်တော် ချက်ချင်း ပြန်လာခဲ့မယ်။ အဘိုးက ကျန်းကျန်းမာမာရှိလျက်နဲ့ ဘာရောဂါကြောင့် ဆုံးတာလဲ"

"သူ့ကိုယ်သူ သတ်သေတာကွဲ့။ မင်းရောက်လာမှ ဆက်ပြောတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com

အဘွားက ဖုန်းချသွားသည်။ အဘိုး၏သတင်းကြောင့် တုန်လှုပ်နေပါသည်။ မဖြစ်နိုင်ပါ။ အဘိုးသည် အလွန်ကျန်းမာလှသည်။ သူ့ကိုယ်သူသတ်သေရလောက်အောင် အဘိုး မိုက်မဲမည်မဟုတ်။ အဖိုးအတွက် လောကမှာ လုပ်စရာအလုပ်တွေ ရှိနေသည်။ ထိုအလုပ်များမပြီးစီးပဲ အဘိုးထွက်ခွာသွားမည် မဟုတ်ပါ။ အဘွားထံမှ ပြည့်စုံအောင် မသိလိုက်ရပါ။ အဘွားကလည်း ကြာကြာပြောချင်ဟန်မရှိပဲ ဖုန်းချသွားသည်။

ကျော်ရွှေနှင့် သားမောင်မောင် ဝေဘာဂီရွာကြီးသို့ ပြောင်းလာသည်မှာ သုံးနှစ်ကျော်သာ ရှိသေးသည်။ ဇနီးကွယ်လွန်ပြီးနောက် သားတော်မောင်နှင့် အတူနေခဲ့ရာ သားမောင်မောင်က ပညာရေးဘွဲ့ရပြီး ဝေဘာဂီရွာသို့ ပြောင်းရသဖြင့် သားကို စိတ်မချ၍ လိုက်လာခဲ့ခြင်းဖြစ်သည်။ ငယ်စဉ်ကစ၍ မိဘအိမ်တွင် နေခဲ့ရာမှ တစ်ခါမှမရောက်ဘူးသော ဝေဘာဂီသို့ စွန့်စား၍လာခဲ့ကြခြင်းဖြစ်သည်။ ဝေဘာဂီသို့ ရောက်သည်နှင့် အဘိုး ဦးလွန်း၊ အဘွား ဒေါ်မှန်တို့အိမ်တွင် ငှားရမ်းနေခဲ့သည်။ အဘိုး၏အိမ်မှာ နှစ်ထပ်တိုက်သေးသေးဖြစ်ရာ အဘိုးတို့နှစ်ယောက်က အပေါ်ထပ်တွင်နေပြီး ကျော်ရွှေတို့သားအဖက အောက်ထပ်တွင် နေခွင့်ရသည်။ တစ်နှစ်ခန့် အတူနေမိသောအခါ အဘိုးဦးလွန်းကို အဖေရင်း၊ အဘိုးရင်း၊ ဒေါ်မှန်ကို အဘွားရင်းကဲ့သို့ ချစ်ခင်မိတော့သည်။ အဘိုးတို့၊ အဘွားတို့နှင့် မိသားစုအရင်းသဖွယ် နေထိုင်ခဲ့ကြသည်။

လွန်ခဲ့သောသုံးရက်က ရန်ကုန်၊ တောင်ဥက္ကလာရှိ မိဘများ၏အိမ် မီးလောင်သဖြင့် ကျော်ရွှေချက်ချင်းလိုက်လာခဲ့ရသည်။ အိမ်မှာတစ်ခြမ်းသာ မီးလောင်သဖြင့် ပြန်လည်ပြင်ဆင်ရန်နှင့် မိဘနှစ်ပါးကို အားပေးနေရပါသည်။ ထိုအချိန် အဘိုးကွယ်လွန်ကြောင်း အဘွားက ဖုန်းဆက်သဖြင့် မယုံကြည်နိုင်အောင် အံ့သြရပါသည်။ အဘိုး၏အသုဘမီစေရန် နံနက်စောစော ထွက်သော ကားနှင့် ဝေဘာဂီသို့ပြန်ခဲ့သည်။ ကျော်ရွှေ အိမ်သို့ရောက်သည့်အခါ အသုဘချရန် ကြေးစည်ရိုက်နေချိန် ဖြစ်သည်။



“မင်းအဘိုးကို ကြည့်ပါဦး”

အဘွားက ပြောသဖြင့် ကျွန်းသားခေါင်းထဲရောက်နေသော အဘိုးကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရသည်။ အဘိုးကို မြင်ရမှ အဘိုး တကယ်သေပြီဖြစ်ကြောင်း ယုံကြည်နိုင်တော့သည်။ အဘိုးကို ထိုင်၍ကန်တော့ရင်း အဘိုးကို စူးစိုက်ကြည့်မိသည်။ အဘိုးသည် တည်ငြိမ်လျက်ပင် ရှိသည်၊ ပါးခွက်များ ချောင်ကျပြီး မျက်နှာမှာ အလွန်ပိန်သွားသယောင် ရှိပါသည်။ အဘိုးသည် စိတ်ဓာတ်ခိုင်မာသဖြင့် အဘိုးထံမှ ပညာများစွာရခဲ့ပါသည်၊ အကြံကောင်း ဉာဏ်ကောင်းများ ရသည်။ ဝိပဿနာတရား အားထုတ်ရန် လမ်းညွှန်ခဲ့သည်။ အဘိုးလို အကျင့်သီလနှင့် ပြည့်စုံပြီး လက်ရှိဘဝတွင် မဂ်ဉာဏ်ရအောင် တရားကျင့်ရန် စိတ်ပိုင်းဖြတ်ထားသူဖြစ်ပါလျက် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့သည်ကို နားမလည်နိုင်အောင် ရှိပါသည်။

“မောင်ကျော်ရွှေ – ရောက်ပါပြီ၊ ထကြည့်ပါဦး – ကိုလွန်းရဲ့”

အဘွား၏ ကျယ်လောင်စွာ အော်ဟစ်ငိုလိုက်သံကြောင့် ပရိသတ်များ လန့်သွားကြသည်။ အဘွား၏အော်ဟစ်ငိုသံကြောင့် ကျော်ရွှေပင် မျက်ရည်ဝဲလာပါသည်။ အသုဘပို့ဆောင်ရေးအဖွဲ့က အသုဘချရန် အဘွားကို လာရောက်ခေါ်ဆောင်သွားပါသည်။ အဘိုး၏အသုဘမှာ စည်ကားပါသည်။ ကျော်ရွှေသည် နောက်ဆုံးမှ တစ်ဦးတည်း တွေးတောငေးမောရင်း လိုက်ခဲ့သည်။ လူတိုင်း တစ်နေ့ ထိုခရီးကို လှမ်းရမည်မှန်း သိပါသည်။ အဘိုးသည် တရားကို မရမချင်း ကြိုးစားမည့်သူဖြစ်ပါလျက် ယခုလိုအချိန်မရောက်မီ သူ့ကိုယ်သူ လုပ်ကြံလိုက်သည်ကို မယုံကြည်နိုင်သေးပါ။ အဘိုးသည် တစ်စုံတစ်ဦး၏ပယောဂကြောင့် သေရခြင်း ဖြစ်နိုင်သည်ဟု တွေးမိပြန်သည်။ အဘိုးကို မည်သူသတ်သနည်း၊ တရားခံကို ဖော်ထုတ်ရမည်။ အဘိုးသည် လူတိုင်းနှင့် အဆင်ပြေပြီး လူချစ်လူခင် ပေါများသူဖြစ်၍ ရန်သူ ရှာမရအောင် ဖြစ်ရသည်။ အဘိုးနှင့်မကြာခဏ ရန်ဖြစ်သူမှာ အဘွားသာဖြစ်သည်။ အဘွားနှင့် တကျက်ကျက် ရန်ဖြစ်သော်လည်း အဘိုးက အဘွားကို အလွန်ချစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိပါသည်။ ရန်ဖြစ်ရသည်မှာလည်း တစ်ဦးကိုတစ်ဦး ချစ်လွန်းသောကြောင့်ဖြစ်သည်။ အဘိုးက တရားရရန် ဘုန်းကြီးဝတ်ချင်သည်။ တောထွက်ချင်သည်။ အဘွားက လုံးဝခွင့်မပြု၍ ရန်ဖြစ်ရခြင်းဖြစ်သည်။

ကျော်ရွှေသည် အဘိုးခေါ်၍ ရွာဦးကျောင်းဆရာတော်ထံ ရောက်ဖူးသည်။ ဆရာတော်၏ထံတွင် တရားစခန်းဝင်ဖူးသည်။ အဘိုးက ထိုသို့တရားစခန်းဝင်ရုံနှင့် မကျေနိုင်ပါ။ တောထဲ တောင်ထဲ ဆိတ်ငြိမ်ရာတွင် တရားကျင့်လိုသည်။ အဘိုးခေါ်၍ မဟာမြိုင်တောသို့ ကျော်ရွှေရောက်ဖူးသည်။ အဘိုးက သူ တစ်နေ့တွင် ထိုနေရာသို့ ရောက်အောင်သွားမည်ဟု ကြုံးဝါးထားသည်။ သင်္ကြန်ရက်တွင် မဟာမြိုင်တောသို့ သွားကြရန် ကျော်ရွှေနှင့် တိုင်ပင်ထားခဲ့သည်။

"တို့ - ဒီလိုပဲ တရားစခန်းဝင်လိုက်၊ အိမ်ပြန်နေလိုက် လုပ်နေရင် လောကီက ထွက်နိုင်မှာမဟုတ်ဘူး။ တကယ်တရားရဖို့ဆိုရင် လောကီကိုစွန့်မှ တရားရမှာ ..."

အဘိုးပြောသည်ကို ကျော်ရွှေ သဘောပေါက်ပါသည်။

"အဘိုးပြောတာ မှန်ပါတယ်။ ကျွန်တော့်အတွက်က သားကို အဘွားထံ အပ်ထားခဲ့လို့ ရတယ်၊ အဘိုးက အဘွားရဲ့ခွင့်ပြုချက် ရပ့်မလား"

"ရွာထဲမှာ အိမ်ထောင်ခွဲနေတဲ့ သမီးကို အဘိုး လျှို့ဝှက်တိုင်ပင်ထားတာတော့ ရှိတယ်၊ တကယ်လို့ အဘိုးထွက်သွားရင် သမီးတို့မိသားစုက အိမ်ကို ပြောင်းလာပြီး နေပေးကြမှာပါ၊ အဘွားရဲ့ခွင့်ပြုချက်ရမှ တရားအလုပ် လုပ်ရမယ်ဆိုရင် ဒီတစ်သက်ရဖို့ မလွယ်ဘူး၊ တစ်ခုတော့ ရှိတယ်၊ တို့သင်္ကြန်ကာလ တစ်လသွားမယ့်ကိစ္စကိုတော့ သူ ခွင့်ပြုထားပါတယ်၊ မဟာမြိုင်မှာလည်း ကတိပေးထားပြီဆိုတော့ တို့သွားဖြစ်အောင် သွားရမယ်"

အဘိုးနှင့် တိုင်ပင်ထားသည်မှာ သင်္ကြန်ကာလ တစ်လ၊ မဟာမြိုင်သို့ သွားနေရန်ဖြစ်သည်။ သင်္ကြန်ရက်နီးလာမှ ရန်ကုန်ကကိစ္စ ပေါ်လာသည်။ ထိုအချိန် အဘိုးက ကွယ်လွန်ပြန်သည်။ အဘိုး ကွယ်လွန်သည်မှာလည်း ယုံကြည်လက်ခံနိုင်ဖွယ် မရှိပါ။ တရားရအောင်ကြိုးစားနေသူဖြစ်၍ သူ့ကိုယ်



သူ သတ်သေသည်မှာ လုံးဝမဖြစ်နိုင်ပါ။ မဖြစ်နိုင်သော်လည်း အဘိုး၏ အလောင်းသည် မကြာမီ မြေမြှုပ်ခံရတော့မည်။ ကျော်ရွှေသည် အသုဘပို့ရင်း အမျိုးမျိုးစဉ်းစားနေခဲ့သည်။ ညဘက်၌ ဧည့်သည်ရှင်းခိုက် အဘွားကို မေးမိပြန်သည်။

"အဘွားရယ် - အဘိုးက သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ ကျွန်တော် ယုံကြည်လို့ မရဘူး။ အဘွားရော - ယုံရဲ့လား"

"မင်းရှေ့တင် မင်းအဘိုးအလောင်းကို မြေမြှုပ်ခဲ့ရပြီ၊ သူ ရေးတဲ့ စာအရ ယုံရတော့မှာပေါ့။ သူရေးတဲ့လက်ရေး၊ သူ့အိပ်ရာခေါင်းမှာ အဆိပ်တွေ့တယ်၊ ဆရာဝန်စစ်တော့ - ပါးစပ်ထဲမှာ အဆိပ်တွေ့တယ်၊ ဆရာဝန်ကတောင် အတည်ပြုထားမှတော့ မယုံလို့ ရမလားကွဲ့"

"ဆရာဝန်က အဘိုးကို ခွဲစိတ်ပြီး စစ်ဆေးမှု ပြုသေးသလား - အဘွား"

"ဒါလောက် သေချာနေမှတော့ ခွဲစိတ်ပြန်ရင် ပိုပြီးပုံပန်းပျက်ရုံ ရှိမှာပေါ့။ လုပ်စရာလည်း မလိုဘူးထင်ပါတယ်"

"ဒါဆို - အဘွား လက်ခံနိုင်တယ်ပေါ့"

"အဘက်ဘက်က အထောက်အထားတွေရှိနေတော့ ယုံရတာပေါ့ ကွယ်"

"အခြားတစ်ယောက်ယောက်က အဘိုးကို သေကြောင်းကြံတာရော မဖြစ်နိုင်ဘူးလား - အဘွား၊ အဘွားရော - တွေးမကြည့်မိဘူးလား"

"သူ့ကိုသတ်ချင်တဲ့လူ မရှိနိုင်ပါဘူးကွယ်၊ သူ့ရဲ့ရန်ဘက်ဆိုလို့ ဒီကမ္ဘာမှာ အဘွားတစ်ယောက်ပဲ ရှိတယ်၊ ရန်ဖြစ်နေကြတာကလည်း မုန်းလို့မဟုတ်ပဲ၊ တစ်ဦးကိုတစ်ဦး ချစ်လွန်းလို့ ရန်ဖြစ်ကြရတာပါ။ သူမှာ မိတ်ဆွေပဲ ရှိတယ်၊ ရန်သူ မရှိဘူး"

"အဘွားပြောတော့လည်း ဟုတ်သလိုပဲ၊ ကျွန်တော်ကတော့ အဘိုး သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ ယုံလို့မရသေးဘူး"

ကျော်ရွှေ အမျိုးမျိုး စဉ်းစားခဲ့သည်။ အဘိုး သူ့ကိုယ်သူ သတ်မသေနိုင်ဟု ထင်မြင်သည့်အဖြေကလွဲ၍ တွေးတောမရခဲ့ပါ။ အဘိုးကို သေကြောင်း

www.burmeseclassic.com

ကြံသူကို စဉ်းစားရာတွင် အနီးစပ်ဆုံး တကျက်ကျက်ဖြစ်သူမှာ အဘွားသာ ရှိသည်။ အဘွားနှင့်ရန်ဖြစ်ခဲ့ခြင်းမှာလည်း မုန်းလို့မဟုတ်ပဲ ချစ်လို့ဖြစ်သဖြင့် မစဉ်းစားရဲအောင် ရှိပါသည်။ ကျော်ရွှေစိတ်မလျှော့သေးပါ။ အဘိုး သူ့ကိုယ်သူ သတ်မသေနိုင်ဟု ယုံကြည်ခဲ့လျှင် အဘိုးကို သတ်သူကို ရှာရမည်။ တရားခံကို ဖော်ထုတ်ရမည်။ ငယ်စဉ်ကပင် စုံထောက်ဝတ္ထုများ ဖတ်ခဲ့ပြီး စုံစမ်းထောက်လှမ်းခြင်းကို ဝါသနာထုံသူပီပီ တရားခံပေါ်အောင် ခြေရာခံ လိုက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

နောက်နေ့ နံနက်စောစော အိမ်က ထွက်ခဲ့သည်။ ဆေးရုံကြီးဆီသို့ ဦးတည်လျှောက်ခဲ့သည်။ ဆေးရုံသည်မြစ်ကမ်းဘေးတွင်ရှိသဖြင့် ဆရာဝန်ကြီးက နေ့စဉ်နံနက်တိုင်း မြစ်ကမ်းတွင် လမ်းလျှောက်လေ့ရှိသည်။ နံနက်စောစောတွင် နှင်းမှုန်များက တဖွဲဖွဲ ကျဆင်းနေသည်။ နှင်းမှုန်အောက်တွင် မြစ်ပြင်ကို ဖြတ်သန်းလာသောလေကို ရှူရှိုက်ရသည်မှာ ကျေနပ်စရာဖြစ်ပါသည်။ လမ်းလျှောက်ရင်း လေရှူနေသော လူအုပ်ထဲတွင် ဆရာဝန်ကြီးကို တွေ့လိုက်ရသည်။ ဆရာဝန်ကြီးမှာ မြစ်ကမ်းစပ်မှ တက်လာပုံရပြီး တုတ်ကောက်ကို ထောက်လျက် နားနေပုံရသည်။ ကျော်ရွှေသည် ဆရာဝန်ကြီး အနီးသို့ ကပ်လိုက်သည်။

"ဆရာကြီး - လမ်းလျှောက်က ပြန်လာတာလား"

"ကိုကျော်ရွှေပါလား"

"ဆရာကြီးကို မေးစရာတစ်ခု ရှိလို့ပါ"

"မေးစရာရှိရင် မေးပါ"

"ဒီလိုပါ - ဆရာ။ အဘိုး ဦးလွန်း ကွယ်လွန်တော့ ဆရာကြီး သွားကြည့်ခဲ့တာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်။ ကျုပ်ရောက်တော့ ဦးလွန်း အသက်မရှိတော့ပါဘူး"

"အဘိုးက တကယ်ပဲ သူ့ကိုယ်သူ အဆုံးစီရင်သွားတာလား - ဆရာ"

"ဒါပေါ့ဗျာ။ သက်သေခံပစ္စည်းတွေ တွေ့ရတော့ ဒီလိုပဲ အတည်ပြုရတာပေါ့"



"သူ အဆိပ်သောက်တယ်ဆိုတာ တကယ်လား - ဆရာ"

"သူကိုယ်တိုင် အဆိပ်သောက်ပါတယ်လို့ စာရေးခဲ့တယ်လေ။ လက်ကျန်အဆိပ်ပုလင်းကိုလည်း တွေ့ရတယ်၊ သူ့ပါးစပ်ထဲမှာလည်း အဆိပ်ရည်အချို့တွေ့ရတယ်။ ဒါလောက်ဆိုရင် ခိုင်လုံနေပြီမဟုတ်လား"

"ဒါလိုပါ - ဆရာ။ သူ့ရဲ့ဝမ်းဗိုက်ကို ခွဲစိတ်စစ်ဆေးဖို့ လိုမလားလို့ပါ"

"ဒါက ဒီလိုရှိတယ် - ကိုကျော်ရွှေရဲ့။ မိသားစုတွေက လူသတ်မှုလို့ သံသယရှိပြီး ရဲမှာ အမှုဖွင့်မယ်ဆိုရင် သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီး စစ်ဆေးပေးနိုင်ပါတယ်။ ဒေါ်မှန်က အမှုဖွင့်ချင်နေလို့လား"

"မဟုတ်ပါဘူး - ဆရာကြီးရယ်။ အဘိုး - ကွယ်လွန်ချိန် ကျွန်တော်ကလည်း အနားမှာ မရှိ၊ ကျွန်တော်က အဘိုးနဲ့ အနီးကပ်ဆုံး ပေါင်းသင်းခဲ့တော့ အဘိုးရဲ့စိတ်ဓာတ်ကို သိနေလို့ပါ။ အဘိုးလို စိတ်ဓာတ်ခိုင်မာတဲ့လူဟာ ဒီလိုနည်းနဲ့ လောကကို အရှုံးပေးမှာ မဟုတ်ဘူးလို့ ထင်လို့ပါ"

"ဒါပေမဲ့ - ကိုကျော်ရွှေရယ်၊ လူ့စိတ်ဆိုတာ ပြောင်းလဲတတ်ပါတယ်။ ကာယကံရှင် ဒေါ်မှန်ကိုယ်တိုင်က လက်ခံရင် ကန့်ကွက်မယ့်လူလည်း မရှိတဲ့ကိစ္စ၊ ကိုကျော်ရွှေက ဘာကြောင့် ဒါလောက်စိတ်ဝင်စားနေတာလဲ။ ခင်ဗျားက လူသတ်မှုလို့ ထင်လို့လား။ ခင်ဗျားက ခိုင်လုံရင် စခန်းကို အကြောင်းကြားလို့ရတာပဲ"

"မဟုတ်ပါဘူး - ဆရာကြီးရယ်။ ဖြစ်နိုင်,မဖြစ်နိုင် စဉ်းစားကြည့်တာပါ"

"အော် - ဒါထက် - ဦးလွန်းမရှိတဲ့နောက် ဒေါ်မှန်ကို ဘယ်သူစောင့်ရှောက်မှာလဲ၊ ကိုကျော်ရွှေတို့သားအဖပဲလား"

"သူ့သမီးနဲ့ သားမက် အိမ်ပေါ်ပြန်ရောက်နေကြပါပြီ။ အဘွားအတွက် စိတ်ချရပါပြီ။ အဘိုးရှိစဉ်ကတည်းက အဘိုး စီစဉ်ခဲ့တာပါ။ သူမရှိရင် အဘွားကို စောင့်ရှောက်ဖို့ သမီးနဲ့သားမက်ကို ကြိုတင်ပြောပြီးသားပါ"

"ဒါဆိုလည်း ရှင်းနေတာပဲ - ကိုကျော်ရွှေရ။ ဦးလွန်းက သူသေမှာကို ကြိုတင်သိနေတာ ထင်ရှားနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုမဟုတ်ဘူး ခင်ဗျား၊ အဘိုးက လူ့ဘောင်ကို ငြီးငွေ့ပြီး သာသနာ့ဘောင်ကို ဝင်ဖြစ်ခဲ့ရင် အဘွားကို စောင့်ရှောက်ဖို့ ကြိုတင်စီစဉ်တာပါ"

"အော် - ဒီလိုလား"

ကျော်ရွှေသည် ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်၊ အချိန်ရတိုင်း အတွေးအာရုံတွင် အဘိုးက ရောက်လာသည်၊ အဘိုး ဘာကြောင့်သေရသည်၊ အဘိုးကို ဘယ်သူသတ်သည်တို့ကို အချိန်ရတိုင်း တွေးနေခဲ့သည်၊ အဘိုး သူ့ကိုယ်သူ သတ်သေခြင်းကို လက်မခံနိုင်ပါ၊ အဘိုးရက်လည်ဆွမ်းကျွေးပြီးသည်နှင့် ရန်ကုန်သို့ ပြန်ရသည်၊ အိမ်ပြုပြင်ရေးလုပ်ငန်းများကို မနားမနေ ဆောင်ရွက်ခဲ့ရာ တစ်လခန့်တွင် ပြီးစီးခဲ့သည်၊ သကြံန်ရက်မတိုင်မီ ဝေဘာဂီသို့ ပြန်ခဲ့သည်၊ ဝေဘာဂီရောက်သည်နှင့် အဘိုးကို သတိရလာသည်၊ အဖိုးမရှိသည့် ဝေဘာဂီတွင် နေ၍မပျော်တော့ပါ၊ သကြံန် အရောက်လာခဲ့ပါမည်ဟု ကတိပေးခဲ့သော မဟာမြိုင်တောသို့ သွားရန် စဉ်းစားလိုက်သည်၊ အဘိုးကို တမ်းတသတိရသည့်စိတ်များ ပြေပျောက်စေရန် မဟာမြိုင်တောသို့ ထွက်ခဲ့ပါသည်၊ အဝေးပြေးကား အဆင့်ဆင့်ပြောင်း၍ စီးကာ နှစ်ရက်အကြာတွင် မဟာမြိုင်သို့ ရောက်ပါသည်၊ အဘိုးနှင့် တစ်ခေါက်ရောက်ဖူးထား၍ ထိုကျောင်းသို့ ရောက်အောင် သွားနိုင်ခဲ့ပါသည်၊

ကျောင်းအဝင်ဝတွင် တံမြက်စည်းလှဲနေသော အဘိုးအိုကို တွေ့ရသည်၊ အဘိုးအိုက မြေပြင်ကိုကြည့်၍ တံမြက်စည်း လှဲနေသဖြင့် သူ့ကိုမြင်ဟန်မတူပါ၊ ခေါင်းပေါင်းထုထုကြီးကို ပေါင်းထားပြီး ပတ်ဝန်းကျင်ကို အာရုံမပြုပဲ သစ်ရွက်များကိုသာ တံမြက်စည်း လှဲနေပါသည်၊ မြင်ရသည့်မြင်ကွင်းအရ အဘိုးဦးလွန်းအရွယ်လောက် ရှိနိုင်သည်ဟု ထင်ရသည်၊

"ဒီမှာ အဘိုးခင်ဗျား၊ ကျွန်တော် ဝေဘာဂီရွာက လာခဲ့တာပါ"

ကျော်ရွှေက အသံကျယ်ကျယ်ပြောမှ အဘိုးက ကြားပုံရသည်၊ ကျော်ရွှေကို သေသေချာချာကြည့်ပြီး မေးလိုက်သည်၊



"ဝေဘာဂီက မောင်ကျော်ရွှေ ထင်တယ်၊ တစ်ယောက်တည်းလား၊ ဦးလွန်းဆိုတာကော မပါဘူးလား၊ မောင်ရင်တို့ရောက်လာရင် ဝါးကျောင်းမှာ နေရာပေးဖို့ ဆရာတော်က မှာထားပါတယ်"

အဘိုးကြီး၏လေသံမှာ အသက်ကြီး၍ အသံဩနေသော်လည်း သူကြားဖူးသောအသံနှင့် တူနေပါသည်၊

"ဟုတ်ကဲ့ပါ - အဘိုး၊ အဘိုးဦးလွန်းနဲ့ အတူလာဖို့ စီစဉ်ထားတာပါ၊ ဦးလွန်းက ရုတ်တရက် ကွယ်လွန်သွားလို့ တစ်ယောက်ထဲ လာခဲ့ရတာပါ"

"ဒါတွေက သင်္ခါရတရားတွေပဲကွယ်၊ လူဆိုတာ သေမျိုးဖြစ်လို့ လူတိုင်းသေရမှာချည်းပါ၊ ဒါကြောင့် - သေရမှာကြောက်ပြီး ဒီနယ်မြေကို ရောက်လာကြတာပေါ့၊ မောင်ရင်လည်း အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားလိုက်ပေါ့ကွယ်"

အဘိုး၏စကားသံကိုကြားလိုက်ရသည်နှင့် ကျော်ရွှေ ဝေခွဲ၍မရအောင်ရှိနေပါသည်၊ အဘိုး၏လေသံမှာ ကွယ်လွန်သူဦးလွန်း၏လေသံနှင့် တူလွန်းသောကြောင့် စကားပင် ပြန်မပြောနိုင်တော့ပဲ အဘိုးကို စူးစိုက်ကြည့်နေမိသည်၊ ကျော်ရွှေသည် အရဲစွန့်၍ မေးလိုက်သည်၊

"အဘိုး - အဘိုးဟာ ကျွန်တော့်အဘိုး ဦးလွန်း ဟုတ်ပါတယ်နော်"

"မောင်ရင့်အဘိုးက ကွယ်လွန်ပြီဆို၊ လောကမှာ လူတူမရှားဆိုတဲ့စကားလည်း ရှိတာပဲ၊ မောင်ရင်ရဲ့အဘိုးဦးလွန်းက ကျုပ်နဲ့ တူနေလို့လား"

ကျော်ရွှေသည် အဘိုး၏စကားကို ဂရုမစိုက်တော့ပဲ အဘိုးကို ပြေး၍ဖက်လိုက်သည်၊ အဘိုးကို လွတ်ထွက်မသွားအောင် တင်းတင်းဖက်လိုက်သည်၊

"ကျွန်တော်ဟာ အဘိုး ဘယ်ဘဝရောက်ရောက် မှတ်မိနေပါတယ်၊ အဘိုးက တခြားလူကိုသာ ပြောလို့ယုံချင်ယုံမယ်၊ ကျွန်တော်ကတော့ ဒါဟာ ကျွန်တော့်အဘိုးဦးလွန်းဆိုတာ သေချာသိတယ်၊ အဘိုး - မသေဘူးဆိုတာ မြဲသိနေတယ်၊ အခု ကိုယ်တိုင်တွေ့လိုက်ရတော့ ကျွန်တော့်ယူဆချက် သွားပြီ၊ အဘိုးမသေတာ ဝမ်းသာလိုက်တာ - အဘိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ရွှေသည် အဘိုးကို ဆက်၍ရှိုက်ကြီးတငင် ငိုနေပါတော့သည်။

"ကဲ - တိတ်ပါတော့ကွယ်။ အဘိုးနဲ့ တွေ့ရပြီပဲ"

"ဝမ်းသာလွန်းလို့ပါ - အဘိုးရယ်။ အဘိုးရဲ့အသုဘရှုစဉ်က မျက်ရည်တစ်ပေါက်မှ မကျခဲ့တဲ့ကျွန်တော်ဟာ ဝမ်းသာလွန်းလို့ ငိုမိတာပါ။ ဒီဘဝတော့ မတွေ့ရတော့ဘူးလို့ ထင်ထားခဲ့တဲ့အဘိုးကို အခုလို တွေ့လိုက်ရတော့ ကျွန်တော့်လောက် ဝမ်းသာရမယ့်လူ ရှိပါဦးမလား - အဘိုးရယ်"

"လာ - လာ - အဘိုးတို့နေရမယ့် ဝါးကျောင်းကို အမြန်သွားရအောင်"



သူ့ကိုယ်သူ စိတ်သတ်၍
လူ့လောကကို အရှုံးပေးလိုက်ကြောင်း
စာရေး၍ ဦးလွန်း၏ပါးစပ်ထဲသို့ ပိုးသတ်ဆေး
ထည့်ကာ လက်ကျန်ပုလင်းကို အိပ်ရာပေါ်
ဖြန်းလိုက်သည်။ ပေသီးကို ပီပြင်စွာ
သရုပ်ဆောင်ရန် အသေးစိတ် တိုင်ပင်ပြီး
ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင်
ဖန်တီးလိုက်သည်။



အဘိုးက ရှေ့က ဦးဆောင်သွားသဖြင့် ကျော်ရွှေ နောက်က လိုက်ခဲ့ရသည်။ ဝါးကျောင်းဆိုသည့်အတိုင်း ဝါးများချည်းသက်သက်ဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ သေသေသပ်သပ် လှလှပပ ရှိပါသည်။ ကျောင်းမှာ အနည်းငယ်ကျဉ်းသည်ဟု ထင်ရသော်လည်း တရားအလုပ်လုပ်မည့်သူများအတွက် လုံလောက်ပါသည်။ ကျော်ရွှေသည် ကျောင်းသို့ ရောက်သည်နှင့် ကျောင်း၏သန့်ရှင်းရေး၊ ကျောင်းဝန်းကျင် သန့်ရှင်းရေးများ လုပ်ခဲ့ပါသည်။ အဘိုးကိုပင် စကားမပြောနိုင်ပဲ တစ်နေကုန်မှ လုပ်ငန်း ရပ်နားလိုက်သည်။ ညဘက်ရောက်မှ အဘိုးနှင့် စကားပြောခွင့်ရပါသည်။

"အဘိုးရယ် - အဘိုး - ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပါဦး"

"ပြောပါ့မယ်ကွယ်။ ဒီအကြောင်းတွေကို ဆရာတော်နဲ့ မင်း နှစ်ဦးပဲ အဘိုးပြောခဲ့တာပါ။ ကျန်တဲ့လူတွေကတော့ သိစရာမလိုပါဘူး"

အဘိုးက သူ၏ဇာတ်ကြောင်းကို ပြောပြပါသည်။ ကျော်ရွှေရန်ကုန်သွားပြီးတစ်ဦးတည်းကျန်ခဲ့သည့်အချိန်မှ စတင်၍ဖြစ်ကြောင်းကုန်စင်ကို ဇာတ်လမ်းအသွင်ဖြင့် ပြောပြပါသည်။ အဘိုး၏ဇာတ်လမ်းမှာ အလွန်ထိတ်လန့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ ကြေကွဲဖွယ် ကောင်းလှပါသည်။ အဘိုး၏ပြောပြချက်ကို ဇာတ်လမ်းသဖွယ် တင်ပြလိုက်ပါသည်။

ဦးလွန်းသည် ကျော်ရွှေကို သားအရင်းကဲ့သို့ အားကိုးချစ်ခင်သည်။ ကျော်ရွှေရန်ကုန်သို့ထွက်သွားသည့်အခါ တိုင်ပင်ဖော် မရှိ၍ အားငယ်သလိုခံစားရသည်။ တရားအလုပ်ကို သေသည်အထိ လုပ်ချင်ပါသော်လည်း ဇနီးတခွင့်မပြု၍ စိတ်ပျက်နေသည်။ သူ့ဘဝသည် အသက်ရှင်လျက် သေသူကဲ့သို့ ဖြစ်ခဲ့ရသည်။ ယခုဘဝတွင် တရားမရနိုင်တော့သဖြင့် ဝမ်းနည်းကြေကွဲရသည်။ တစ်နေ့တွင် မမျှော်လင့်ပဲ ပေသီး ရောက်လာသည်။ ပေသီးသည် ဦးလွန်း၏အစ်မကြီးမှ မွေးသောသား ဖြစ်သည်။ ပေသီးသည် ဝေဘာဂီသို့ လာလေ့ရှိပါသည်။ ယခုလို အကြောင်းမကြားပဲလာသဖြင့် ဦးလွန်းပင် အံ့သြနေသည်။ အကြောင်းမရှိပဲ လာသဖြင့် ပေသီးပြောမည့်စကားကို စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးလွန်း - ကျွန်တော်နဲ့အတူ ဦးလေးကွန်းလည်း ပါလာတယ်"

"ဟယ် - မောင်ကွန်း - ဘယ်မှာလဲ"

"ဦးလေးကွန်းက ထောင်က လွတ်လာပြီ၊ ထောင်ထဲမှာ ကျန်းမာရေးမကောင်းလို့ သူ့ဘဝရဲ့နောက်ဆုံးအချိန်ကို ရောက်နေပြီ၊ သူ့ကို ကြိုမယ့်လူမရှိလို့ ထောင်က အကြောင်းကြားစာရလို့ ကျွန်တော် သွားကြိုခဲ့တယ်၊ အိမ်ကို ခေါ်သွားရင် မေမေက လက်မခံမှာစိုးရိမ်လို့ ဒီကိုခေါ်လာရတာ၊ ဦးလေးလွန်းကသာ လက်မခံရင် သွားစရာ မရှိတော့ဘူး"

ဦးကွန်းမှာ ဦးလွန်း၏အမြွှာမွေးညီဖြစ်သည်၊ ငယ်စဉ်ကစ၍ ဆိုးလွန်းသဖြင့် ဆွေမျိုးများက လက်မခံပဲ စွန့်ပစ်ထားခြင်း ခံရသည်၊ လူသတ်မှုဖြင့် ထောင်ကျသွားသည်ကိုပင် မည်သူမှ သွားမတွေ့ကြပါ၊ ပေသီးသာ တစ်ခါတစ်ရံ ထောင်ဝင်စာ တွေ့တတ်သည်၊ ထောင်ထဲတွင် ရောဂါကျွမ်းမှ လွတ်ခွင့်ရခဲ့သည်၊ ပေသီးခေါ်လာ၍ ဦးကွန်း ရောက်လာကြောင်း သိရသည်၊ ဦးလွန်းသည် ညီကို တွေ့လိုလှပါသည်၊

"မောင်ကွန်းရဲ့အခြေအနေက တော်တော်ဆိုးသလား"

"ကျွန်တော် မြင်းလှည်းနဲ့ ခေါ်လာတယ်၊ ဦးလေးလွန်း လက်ခံမယ်ဆိုရင် ကျွန်တော် ခေါ်ခဲ့ပါ့မယ်၊ သူ့ကို ကောင်းကောင်းသဂြိုဟ်ပေးရင် ကျေနပ်ရမှာပါ၊ အခုလောက်ဆိုရင်တောင် အတော်စိတ်မချရတော့ဘူး"

"ကဲ - ဒါဆိုလဲ - အိမ်ခေါ်ခဲ့ပါကွာ၊ ဆုံးပါးသွားရင်လည်း မြေကျတဲ့အထိ ငါ တာဝန်ယူပါ့မယ်၊ ငါ့ညီအတွက် နောက်ဆုံးကူညီမှုပဲပေါ့"

ဦးလွန်းသည် ညီအတွက် စိတ်ပူသည်သာမက စိတ်ပျက်လျက် ရှိပါသည်၊ နှစ်ပေါင်းများစွာ အဆက်အသွယ်ပြတ်နေသော ညီက စိတ်မချမ်းသာစရာသတင်းနှင့်အတူ ရောက်လာသည်၊ တစ်သက်လုံး ကောင်းကျိုးမပေးသည့်ညီမှာ သေသည်အထိ ဒုက္ခပေးလျက်ရှိသည်၊ နောက်ထပ် ဒုက္ခမပေးနိုင်တော့ပြီဖြစ်၍ နောက်ဆုံးအနေဖြင့် ကူညီရန် ဆုံးဖြတ်လိုက်ရသည်၊ မကြာမီ အိမ်ရှေ့သို့ မြင်းလှည်းရောက်လာသည်၊ ဦးကွန်းမှာ မလှုပ်ရှားနိုင်တော့ပြီဖြစ်၍ ပေသီးက အိမ်ပေါ်သို့ ပွေ့ချီလာသည်၊ အိပ်ရာပေါ် ချလိုက်



သည်နှင့် အသက်မရှိတော့ကြောင်း သတိထားမိသည်၊ ဦးကွန်း၏အလောင်းကိုကြည့်ရင်း စိတ်ကူးတစ်မျိုး ရလိုက်သည်၊ မောင်ကွန်း၏အလောင်းကို မြေမြှုပ်သဂြိုဟ်ရာတွင် မောင်လွန်း၏စိတ်အလိုမကျမှုများ၊ စိတ်ညစ်စရာများကို ရော၍ မြေမြှုပ်သဂြိုဟ်လိုက်ရမည်၊ သူ့စိတ်ကူးကို သူ သဘောကျနေသည်၊ သူ့ဘဝကို မြေမြှုပ်လိုက်ပြီးပါက ကျန်သက်တမ်းကို လူသစ်စိတ်သစ်ဖြင့် သူလိုရာ ပုံဖော်ရန် ဖြစ်သည်၊ သူ၏စိတ်ကူးကို အမြန်ဆုံးအကောင်အထည်ဖော်ရတော့သည်၊ သူ့ကိုယ်သူ စိတ်ညစ်၍ လူ့လောကကို အရှုံးပေးလိုက်ကြောင်း စာရေး၍ ဦးကွန်း၏ပါးစပ်ထဲသို့ ပိုးသတ်ဆေးထည့်ကာ လက်ကျန်ပုလင်းကို အိပ်ရာပေါ် ဖျန်းလိုက်သည်၊ ပေသီးကို ပီပြင်စွာ သရုပ်ဆောင်ရန် အသေးစိတ် တိုင်ပင်ပြီး ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် ဖန်တီးလိုက်သည်၊ အကွက်စေ့စေ့ ဖန်တီးလိုက်သဖြင့် ခြေရာလက်ရာ မကျန်ပဲ သေသပ်စွာ အဆုံးသတ်နိုင်ခဲ့ပါသည်၊ အဘိုးဦးလွန်းက သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်မှ ကျော်ရွှေမှာ သဘောပေါက်ရပါတော့သည်၊ မည်သို့ပင်ဖြစ်စေ၊ အဘိုးနှင့် ပြန်လည်ဆုံစည်းခွင့်ရ၍ ကျော်ရွှေ ဝမ်းသာရပါသည်၊

ကောင်းသော်

www.burmeseclassic.com

www.burmeseclassic.com

# မွေးမြို့ရဲ့မြူမှုံမှာ
# တောင်ကြားမြူသိန်းဆင်း



**ရှမ်းပြည်နယ်ရှိစွန့်ပစ်ထားသော
ရေကန်ဟောင်းတစ်ကန်ကိုပြုပြင်ကာ
မွေးမြူရေး၊ စိုက်ပျိုးရေး လုပ်ကိုင်
ရာမှ ထူးနှစ်ကိုယ် ပူးစာဖက်လာရပုံကို..**

**၁၉၇၆-ခုနှစ်** တုန်းက ကျွန်တော် သီပေါမြို့ကို တာဝန်နဲ့ ပြောင်းလာခါစပေါ့။ တောင်ပေါ်မြို့ကလေးက အလွန်အေးချမ်းပါတယ်။ ရာသီဥတုအရရော၊ ပတ်ဝန်းကျင် အနေအထားအရရော သာယာအေးချမ်းလွန်းလို့ကျွန်တော် အလွန်သဘောကျ နှစ်ခြိုက်မိပါတယ်။ နံ့ဝင်ဘာလဆန်းစ ဆိုတော့ ဆောင်းရာသီနှင်းမှုန်ကလေးတွေ ဝေ့ဝေ့ဝါးဝါးနဲ့ အလွန်နှစ်လိုဖွယ်ရာ တောင် စခန်းမြို့ကလေးပါပဲ။

ရောက်ခါစ ငါးရက်တစ်ဈေးနေ့နဲ့ ကြုံတာနဲ့ တပည့် ကျော် သံချောင်းကို ခေါ်ပြီး ဌာနက ပေးထားတဲ့ HONDA (125)ဆိုင်ကယ်အစုတ်ကလေးနဲ့ သွားကြတာပါ။ တောင် ပေါ်ငါးရက်တစ်ဈေးနေ့ဆိုတာ အလွန်ပဲ စည်ကားပါတယ်။ ဒေသထွက် အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ တောထွက် ပစ္စည်းနဲ့ အမှတ်တရပစ္စည်းကလေးတွေ၊ စားသောက်စရာ

www.burmeseclassic.com

www.burmeseclassic.com

မျိုးစုံကို ရောင်းဝယ်ဖောက်ကားကြတာပါ။ ကျွန်တော်က ဒေသထွက် ဟင်းသီးဟင်းရွက်တွေနဲ့ဒေသအစားအစာကိုအလွန်ကြိုက်ပါတယ်။ အေးချမ်းတဲ့ ရာသီဥတုရှိတာမို့ ဆောင်းတွင်းထွက်သီးနှံက အလွန်စုံပါတယ်။

ပန်းဂေါ်ဖီပွင့်ကြီးတွေက တစ်ပိဿာလောက်အချိန်စီးပြီး ထမင်းစားပန်းကန်ပြားနီးနီးကြီးပါတယ်။ မုန်လာဥကြီးတွေက တံတောင်လောက် ရှည်လျားပြီးဖြူဖွေးနဖပ်နေတာပဲ။ ဂေါ်ရခါးသီး၊ ဂေါ်ဖီထုပ်၊ အာလူး၊ ကြက်သွန်ဖြူနီ အသီးအနှံတွေက အလွန်စုံတယ်။ ကျွန်တော်ကြိုက်တဲ့ ဆီတို့ဟူး၊ ပဲပုပ်၊ မုန်ညင်းချဉ်၊ အချဉ်အမျိုးမျိုးကလည်း အတော်စုံတယ်။ ဒေသထွက်စားစရာတွေကတော့ ရှမ်းခေါက်ဆွဲ၊ ရှမ်းထမင်းချဉ်၊ တို့ဟူးသုပ်နဲ့ ကောက်ညှင်းမုန့်တွေပါပဲ။ ဒေသထွက်အရက်အမျိုးမျိုးလည်း ပါ,ပါသေးတယ်။

အဲဒီ့နေ့က ကျွန်တော်တို့ဟင်းချက်စရာအသီးအနှံတွေဝယ်ခြမ်းပြီးဈေးအထွက်က လက်ဖက်ရည်ဆိုင်မှာ ရှမ်းစာတွေ ဝယ်စားပြီး လက်ဖက်ရည်ချိုသောက်နေကြတုန်း ရှမ်းအမျိုးသမီးတစ်ဦးကို အမျိုးသားနှစ်ဦးနဲ့ အမျိုးသမီးနှစ်ဦးတို့က ဝိုင်းရံလာပြီး ကျွန်တော်တို့စားသောက်နေကြတဲ့ဆိုင်ရှေ့ရောက်တော့ အမျိုးသမီးက လှမ်းကြည့်တယ်။ ကျွန်တော်လည်း လှည့်အကြည့်နဲ့ဆုံကြတော့ သူမက ပြုံးပြတယ်။ ပါးအို့နီနီ၊ သွားတက်ကလေး အဖွေးသားနဲ့ အလွန်ချစ်စရာ ကောင်းပါတယ်။ ဒါပေမဲ့ - သူမကို ကျွန်တော် မသိပါဘူး။ အတော်တော့ ထူးဆန်းနေပါတယ်။

ရှမ်းအနွယ်ဝင်မို့ ပန်းနုရောင်အသားအရေနဲ့ ရှမ်းရိုးရာဝတ်စုံက အလွန်လိုက်ဖက်ပါတယ်။ ဆိုင်ရှေ့မှာတော့ ကျွန်တော့်ဆိုင်ကယ်အစုတ်ပေါ်မှာ ဝယ်ပြီးချိတ်ဆွဲထားတဲ့ ဟင်းချက်စရာ အသီးအနှံနဲ့ အထုပ်တွေက တို့လို့တွဲလောင်း။ သူမက အဲဒါကို အမြင်မတော်ဘူးထင်ပါတယ်။ ချုပ်ထားတဲ့ အဝတ်အိတ်ကြီးတစ်လုံးကို ဆိုင်ကယ်ထိုင်ခုံပေါ် ပစ်ချပေးသွားပြီး ပစ္စည်းထည့်ဖို့ လက်ဟန်ခြေဟန်နဲ့ပြတယ်။ ပြီးတာနဲ့ ကျွန်တော့်ကို လက်ပြပြီး သူမရဲ့အဖွဲ့နဲ့အတူ ထွက်ခွာသွားပါတယ်။ ကျွန်တော်လည်း ယောင်တောင်ပေါင်တောင်နဲ့ လက်ပြန့်တတ်ဆက်လိုက်မိပါတယ်။



ဆိုင်တွင်းမှာ စားသောက်နေကြတဲ့လူအားလုံးကလည်း ဝိုင်းကြည့်နေကြပါတယ်။ ကျွန်တော့်တပည့် သံချောင်းကလည်း ရှမ်းခေါက်ဆွဲစားနေရင်းက - "ဆရာ - ဆရာ့အသိလား။ အခြွေအရံတွေနဲ့ဆိုတော့ အကောင်ကြီးသားသမီးဖြစ်မယ်ထင်တယ်"

"အဲ - ငါလည်း မသိဘူးကွ။ သူ နှုတ်ဆက်လို့ ငါလည်း ပြန်ပြီးနှုတ်ဆက်လိုက်မိတာ။ ဆိုင်ကယ်ပေါ်မှာလည်း အဝတ်အိတ်တစ်လုံး ပစ်ချပေးသွားတယ်။ ဈေးဝယ်ပစ္စည်းတွေထည့်ဖို့ ထင်ပါရဲ့"

ထိုအချိန်တွင် ကျွန်တော်တို့ဝိုင်းအနီးတွင် ကပ်ထိုင်နေသော ဘကြီးတစ်ဦးက - "လူကလေးကစော်ဘွားကြီးမြေးနဲ့သိတယ်ထင်ပ။ ဒီသူငယ်မက ဆီပေါစောဘွားကြီးရဲ့မြေးတော်ပဲ။ ဈေးဝယ်တာ အလွန်ဝါသနာပါတယ်ကွဲ။ ငါးရက်တစ်ဈေးနေ့တိုင်း ဈေးဝယ်လာတတ်တယ်ကွဲ့"

"ဟုတ်ကဲ့ - အဘ။ ကျေးဇူးတင်ပါတယ်။ တက္ကသိုလ်တုန်းက ကျောင်းနေဖက်ထဲက ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်တော့ မမှတ်မိဘူးဖြစ်နေပါတယ်"

"ဒါနဲ့ - အဘ - သူတို့က ဘယ်မှာနေတာပါလဲ ခင်ဗျ"

"ဈေးအနောက်ဘက် - ဟော့ဟိုက ဟော်နန်းအဟောင်းကြီးရဲ့မြောက်ဘက်က အသစ်ဆောက်ထားတဲ့ တိုက်အိမ်ကြီးမှာနေတာကွဲ့။ နာမည်က ဆာစန္ဒီနွယ်တဲ့"

"အော် - ဟုတ်ကဲ့ပါ - အဘ။ ကျေးဇူးတင်ပါတယ်"

"ကဲ - သံချောင်းရေ - ပြန်ကြစို့ဟေ့။ ချက်ရ၊ ပြုတ်ရဦးမှာ"

"ဟုတ်ကဲ့ - ဆရာ"

ကျွန်တော်က ဘွဲ့ရထောင်မှူးပေါက်စ ဖြစ်သည်။ အကျဉ်းဦးစီးဌာန ထောင်မှူးအပါတ်စဉ်(၆)မှ သင်တန်းဆင်းခဲ့ပြီး သီပေါထောင်တွင် တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းဆောင်ရန် ရောက်ရှိနေသည်မှာ တစ်ပတ်ပင် မပြည့်သေးပါ။ ထို့ကြောင့် သီပေါဟော်နန်းကြီးအနီးရှိငါးရက်တစ်ဈေးနေ့တွင် ကြုံကြိုက်သောကြောင့် နှစ်သက်ရာ ဒေသထွက် အစားအစာများအား တပည့်ကျော် သံချောင်းနှင့် အတူ လာရောက်၍ ဝယ်ယူလေ့လာနေခြင်းဖြစ်ပါသည်။ လူပျိုလူလွတ်ဖြစ်၍လည်း ထောင်မှူးအိမ်ကြီးတွင် တစ်ဦးတည်းနေရရာ အဖော်အဖြစ် နယ်ခံ တပည့် သံချောင်းအား အားကိုးနေရခြင်း ဖြစ်ပါသည်။

ဆိုင်ကယ်ပေါ်မှ ဝယ်ယူထားသော ပစ္စည်းများအား ရှမ်းစော်ဘွားမြေး ပေးသွားသော အဝတ်အိတ်ကြီးဖြင့် ထည့်ရန်လည်း မထည့်ရက်၊ အဝတ်အိတ်ကြီးမှာ ထူထဲပြီး ဂျပ်စုတ်အိတ်အကောင်းစားကြီး ဖြစ်သည်။ ထို့ကြောင့် ထိုအိတ်ကြီးအား အမှတ်တရ သိမ်းဆည်းပြီး ကြိမ်လက်ဆွဲခြင်းကြီးတစ်လုံးအား တပည့်ကျော်ကို ဝယ်ခိုင်း၍ ဈေးဝယ်ပစ္စည်းများအား ထည့်သွင်းပြီး ပြန်ခဲ့ကြပါသည်။

အိမ်ပြန်ရောက်တော့ ဆရာတပည့်နှစ်ဦး တတ်သမျှ၊ မှတ်သမျှ ချက်ပြုတ်ကြော်လှော်ကြသည်။ အသီးအနှံနှင့် အသားများမှာ အလွန်လတ်ဆတ်ပါသည်။ နယ်ထောင်တွင် တာဝန်ထမ်းဆောင်ရသည်မှာ အလွန်ဟန်ကျပါသည်။ ရုံးထုတ်၊ ရုံးပြန် အကျဉ်းသား အချုပ်သားက အလွန်နည်းပါသည်။ နေ့စဉ်လည်း မရှိပါ။ အကျဉ်းသား အချုပ်သားဦးရေကလည်း (၂၀၀)ကျော် (၃၀၀)ခန့်သာ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး၏ အိပ်ဆောင်တစ်ဆောင်စာပင် မရှိ။ နေ့စဉ် အချုပ်သစ်ဝင်သည့် (ပုံစံခန်း) လူဦးရေကိုပင် မမီပါ။ ထို့ကြောင့် ကျွန်တော်တို့ အကျဉ်းထောင်အုပ်ချုပ်သူများ လွန်စွာအားလပ်ကြသည်။ အလုပ်ရှိမှ အထဲဝင်ကြသည်။ ထောင်ပိတ် ထောင်ဖွင့်ချိန်တွင် အရာရှိများ တစ်လှဲစီ ဝင်ကြသည်။ ထောင်မှူးကြီးက ထောင်တာဝန်ခံ၊ ကျန်နှစ်ဦးက ထောင်မှူးများနှင့် အကြပ်ဝန်ထမ်းများ စုစုပေါင်းဝန်ထမ်း(၃၀)ခန့်သာ ရှိသည်။



ထောင်တွင်းလုပ်ငန်းကလည်း စိုက်ပျိုးရေးလောက်သာ ရှိသည်။ ရာသီဥတုအေးချမ်းပြီး အသီးအနှံပေါသောဒေသဖြစ်သောကြောင့် အကျဉ်းသားများအား ကျွေးရန် သီးနှံများအား စိုက်ပျိုးခြင်းထက် ဝယ်၍ကျွေးရသည်က အဆင်ပြေသည်။ ကရိကထမများပါ။ အလုပ်မရှိသောကြောင့်သာ အကျဉ်းသားများအား စိုက်ပျိုးရေးအလုပ်ကို ပေးထားရခြင်းဖြစ်ပါသည်။ ယခင်အချိန်အခါများက ထောင်တွင်း၌ လက်သမားလုပ်ငန်း ရှိသည်ဟု သိရသည်။ သစ်များ ရှားပါးပြီး သယ်ယူရန် အခက်အခဲရှိသောကြောင့် လက်သမားလုပ်ငန်းကို ဖျက်လိုက်ပြီး ယခုအခါ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ညွှန်ကြားလာပြန်သည်။ ကျွန်တော်က ပျားဂေဟာ စိုက်ပျိုးမွေးမြူရေးကေဒါဆင်းဖြစ်သောကြောင့် မွေးမြူရေးကို ဦးဆောင်လုပ်ကိုင်ရန် သီပေါထောင်သို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။

ကျွန်တော့်လုပ်ငန်းများက ပထမဦးစွာ ဝက်မွေးမြူရေးအဆောင်များ ဆောက်လုပ်ရမည်။ ဒုတိယ ဆေးဝါးနှင့် အစားအစာ၊ အိုးခွက်များ၊ တတိယ မျိုးကောင်းမျိုးသန့် ရှာဖွေဝယ်ယူရန် ဖြစ်ပါသည်။ မွေးမြူရန် စုဆောင်းပြင်ဆင်ချိန်က အနည်းဆုံး (၆)လခန့် ကြာပေလိမ့်မည်။ ထိုအချိန်က LARGE WHITE၊ LAND RACE ဟူသော အနောက်တိုင်းဝက်မျိုးက ရှားပါးပြီး မြန်မာပြည်အတွင်းသို့ ဗီယက်နမ်ဝက်မျိုးလောက်သာ နိုင်ငံခြားဝက်မျိုးများ ဝင်ရောက်ပါသေးသည်။ ဗီယက်နမ်ဝက်မျိုးမှာ အမည်းရောင်ဖြစ်ပြီး အရှေ့တောင်အာရှသားဖြစ်သောကြောင့် မြန်မာပြည်ရာသီဥတုဖြင့်လည်း ကိုက်ညီပြီး အကြမ်းခံပါသည်။ LARGE WHITE က ဝက်ဖြူမျိုး၊ နားရွက်သေး၍ အကောင်ကြီးသည်။ ရောဂါဒဏ် ခံနိုင်သည်။ တစ်ကောင်လျှင် အလေးချိန်မှာ ပိဿာ(၁၀၀)ကျော်အထိ ရှိပါသည်။ LARGE WHITE ကလည်း အကောင်ကြီးသည်။ အဖြူမျိုး၊ နားရွက်က ကြီးပြီး အကြမ်းမခံ၊ ရောဂါရလွယ်သည်။ ထို့ကြောင့် မြန်မာ့အစိုးရမွေးမြူရေးခြံများတွင် LARGE WHITE



www.burmeseclassic.com

ဝက်မျိုးကိုသာ အဓိကထား၍ မွေးမြူကြသည်။ ထိုဝက်မျိုးကလည်း နေ့စဉ်အစားအစာနှင့် ရေထဲတွင် ပဋိဇီဝကာကွယ်ဆေးများ၊ အားထည့်သွင်းကျွေးရပြီး ကာကွယ်ဆေးများကိုလည်း လအလိုက် ထိုးနှံပေးရပါသေးသည်။

ယခုအခါတွင် တောင်ကြီးမြို့ပေါ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်ပိုရေးရှင်းက နိုင်ငံခြားမျိုးများအား တိုးချဲ့မွေးမြူလာသောကြောင့် ခေတ်နှင့်အညီ လူအင်အားများသော ကျွန်တော်တို့၏ အကျဉ်းဌာနတွင်လည်း မွေးမြူရေးလုပ်ငန်းအား စတင်အကောင်အထည်ဖော်ရန် ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးသင်တန်းဆင်းကေဒါများအား မြန်မာပြည်အတွင်း ဖြန့်၍တာဝန်ချထားပေးခြင်း ဖြစ်ပါသည်။

ကျွန်တော့်အား သီပေါထောင်တာဝန်ခံက ထောက်ပံ့ရေးဌာနနှင့် စိုက်ပျိုးမွေးမြူရေးတာဝန်ခံအဖြစ် တာဝန်ချထားပေးရာ နေ့စဉ်အကျဉ်းသားများအတွက် စားနပ်ရိက္ခာထုတ်ပေးခြင်း၊ စားနပ်ရိက္ခာ ဝယ်ယူစုဆောင်းရခြင်း မွေးမြူရေးခြံများ ဆောက်လုပ်၍ သစ်ဝါးစုဆောင်းဝယ်ယူရခြင်းဖြင့် ပထမရောက်စ တစ်လအတွင်း အလုပ်များသည်။ ထောင်ငယ်ကလေးဖြစ်သောကြောင့် ဌာနပိုင်ကားလည်း မရှိပါ။ အဆင်ပြေသလို ကားငှားသုံးရသည်။ ကျွန် တော်ကလည်း ကျွန်တော့်အစွမ်းအစကိုပြ၍ ဝက်မွေးမြူရေး စီမံကိန်းသာမက အမေရိကန်ဥစားကြက်များ မွေးမြူရန်လည်း ကြက်ခြံများဆောက်လုပ်ရ သေးသည်။

ငါးရက်တစ်ဈေးနေ့တွင်တော့ ကျွန်တော် နားသည်။ တပည့် မောင်သံချောင်းနှင့် ဈေးဝယ်ထွက်၊ လေ့လာလေ့ရှိပါသည်။ ဒုတိယအပတ်တွင်တော့ ကျွန်တော် ဝီရိယကောင်းစွာဖြင့် ထောင်တွင်းလုပ်ကြိုးပုတီးနှစ်ကုံးကို စီစဉ်ထားပြီး ဈေးဝယ်ထွက်ခဲ့ပါသည်။ ဝယ်ခြမ်းပြီး နားနေကျလက်ဖက်ရည်ဆိုင်တွင် ဆိုင်ကယ်အား ဆိုင်ရှေ့တွင်ရပ်၍ ဝယ်ယူထားသောပစ္စည်းများအား ကြိမ်ခြင်းတောင်းကြီးဖြင့် အသေအချာ ထည့်ထားပါသည်။





ကျေးဇူးတင်ပါတယ် — ကိုတင့်ထူးရေ။ ဒီကြိုးပုတီးလေးတွေက ထောင်ထဲက အကျဉ်းသားတွေ လုပ်တာပေါ့နော်။ အတော်အသေးစိတ်ဆန်ပြီး လက်ရာမြောက်ပါတယ်။ ကျွန်မတို့က ဆင်စွယ်ပုတီးပဲ စိပ်နေရတာ။ အခုတော့ ပေါ့ပေါ့ပါးပါး ကြိုးပုတီးစိပ်ရတာပေါ့။ မယ်မယ့်ကိုလည်း တစ်ကုံးပေးလိုက်ပါ့မယ် ”

ကျွန်တော်တို့စားသောက်နေကြစဉ် စောစန္ဒီနွယ်တို့အဖွဲ့ရောက်လာပြီး ဆိုင်ရှေ့မှ ကျွန်တော့်ဆိုင်ကယ်အစုတ်ကို ကြည့်ကြပြန်သည်။ ဤတစ်ခါတော့ ကျွန်တော်က ဆိုင်ရှေ့သို့ထွက်၍ ကြိုပါသည်။

“မစန္ဒီ – ခဏလောက်ထိုင်ပါလား။ တစ်ခုခုသုံးဆောင်ရင်း ကျွန်တော် ဧည့်ဝတ်ဆောင်ပြန်ပေးချင်လို့ပါ”

ဤတစ်ခါတော့ စောစန္ဒီ ဦးဆောင်ပြီး သူတို့အဖွဲ့က လက်ဖက်ရည်ဆိုင်အတွင်းသို့ လိုလိုလားလား လိုက်လာကြသဖြင့် ကျွန်တော်က စားပွဲထိုးအား နေရာထိုင်ခင်း အမြန်လုပ်ခိုင်းရသည်။

www.burmeseclassic.com

"ထိုင်ကြပါ – စားလိုရာ မှာစားကြပါ ခင်ဗျား"

သူတို့အဖွဲ့ စားပွဲထိုးကလေး ခင်းကျင်းပေးသော ထိုင်ခုံများတွင် ဝင်ထိုင်ကြပြီး စောစန္ဒီနွယ်က –

"ကိုတင့်ထူးဝေ – ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ"

"ဒီလိုပဲပေါ့ဗျာ – သီပေါမြို့ကလေးမှာ တစ်ဦးနာမည် တစ်ဦးသိဖို့မခဲယဉ်းပါဘူး"

"ဟုတ်ပါရဲ့ရှင်။ ကျွန်မကလည်း ကိုတင့်ထူးဝေတို့ ထောင်ကို စိတ်ဝင်စားနေတော့ လေ့လာရတာပေါ့။ ဒါနဲ့ – ထောင်ထဲမှာ ယာယီအဆောက်အအုံတွေ ဆောက်နေတာ ဘာအတွက်လည်း ရှင့်"

"အော် – အဲ့ဒါလား။ ကျွန်တော်က ပျားဂေဟာသင်တန်းဆင်းကျော်ထောင်မှူးပါ။ စိုက်ပျိုးမွေးမြူရေးထောင်မှူးပေါ့ဗျာ။ ထောင်ထဲမှာ နိုင်ငံခြားချဲ ဝက်မြို့တွေနဲ့ ဥစားကြက်တွေ မွေးမြူဖို့ ယာယီအဆောက်တွေ ဆောက်နေတာပါ။ မစန္ဒီက မွေးမြူရေးကို ဝါသနာပါလို့လား"

"ဟုတ်ကဲ့ရှင့် – ကျွန်မက မန္တလေးတက္ကသိုလ် မြန်မာစာအဓိကနဲ့ ဘွဲ့ရခဲ့ပေမဲ့ စိုက်ပျိုးမွေးမြူရေးကို ဝါသနာပါတယ် ရှင့်"

"ဟုတ်ကဲ့ ခင်ဗျား။ အဲ့ဒါဆိုရင် – ထောင်ထဲမှာ မွေးမြူရေးကိစ္စတွေ အောင်မြင်တာနဲ့ လာရောက်လေ့လာဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ အခုတော့ – ဟိုတစ်ပတ်က ကျွန်တော့်ကို အိတ်လက်ဆောင်ပေးခဲ့သလို ကျွန်တော်ကလည်း အမှတ်တရအနေနဲ့ ထောင်ထွက်ကြိုးပုတီးကလေး လက်ဆောင်ပြန်ပေးပါရစေ"

ကျွန်တော်ပေးသော ကြိုးပုတီးကလေးနှစ်ကုံးအား မစန္ဒီက အသေအချာ ကိုင်တွယ်ကြည့်ပြီး ကျေနပ်နှစ်သက်စွာဖြင့် –

"ကျေးဇူးတင်ပါတယ် – ကိုတင့်ထူးဝေ။ ဒီကြိုးပုတီးလေးတွေက ထောင်ထဲက အကျဉ်းသားတွေ လုပ်တာပေါ့နော်။ အတော်အသေးစိတ်ဆန်ပြီး လက်



သူ သတ်သေသည်မှာ လုံးဝမဖြစ်နိုင်ပါ။ မဖြစ်နိုင်သော်လည်း အဘိုး၏ အလောင်းသည် မကြာမီ မြေမြှုပ်ခံရတော့မည်။ ကျော်ရွှေသည် အသုဘမှ ရင်း အမျိုးမျိုးစဉ်းစားနေခဲ့သည်။ ညဘက် ဗြည့်သည်ရှင်းနိုက် အဘွားကို မေးမိပြန်သည်။

"အဘွားရယ် – အဘိုးက သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ ကျွန်တော် ယုံကြည်လို့ မရဘူး။ အဘွားရော – ယုံရဲ့လား"

"မင်းရှေ့တင် မင်းအဘိုးအလောင်းကို မြေမြှုပ်ခဲ့ရပြီ။ သူ ရေးတဲ့ စာအရ ယုံရတော့မှာပေါ့။ သူရေးတဲ့လက်ရေး၊ သူ့အိပ်ရာဘေးမှာ အဆိပ်တွေ့တယ်၊ ဆရာဝန်စစ်တော့ – ပါးစပ်ထဲမှာ အဆိပ်တွေ့တယ်၊ ဆရာဝန်ကတောင် အတည်ပြုထားမှတော့ မယုံလို့ ရမလားကွဲ့"

"ဆရာဝန်က အဘိုးကို ခွဲစိတ်ပြီး စစ်ဆေးမှု ပြုသေးသလား – အဘွား"

"ဒါလောက် သေချာနေမှတော့ ခွဲစိတ်ပြန်ရင် ပိုပြီးပုံပန်းပျက်ရုံ ရှိမှာပေါ့၊ လုပ်စရာလည်း မလိုဘူးထင်ပါတယ်"

"ဒါဆို – အဘွား လက်ခံနိုင်တယ်ပေါ့"

"အဘက်ဘက်က အထောက်အထားတွေရှိနေတော့ ယုံရတာပေါ့ ကွယ်"

"အခြားတစ်ယောက်ယောက်က အဘိုးကို သေကြောင်းကြံတာရော မဖြစ်နိုင်ဘူးလား – အဘွား။ အဘွားရော – တွေးမကြည့်မိဘူးလား"

"သူ့ကိုသတ်ချင်တဲ့လူ မရှိနိုင်ပါဘူးကွယ်၊ သူ့ရဲ့ရန်ဘက်ဆိုလို့ ဒီကမ္ဘာမှာ အဘွားတစ်ယောက်ပဲ ရှိတယ်၊ ရန်ဖြစ်နေကြတာကလည်း မုန်းလို့မဟုတ်ပဲ၊ တစ်ဦးကိုတစ်ဦး ချစ်လွန်းလို့ ရန်ဖြစ်ကြရတာပါ၊ သူ့မှာ မိတ်ဆွေသာရှိတယ်၊ ရန်သူ မရှိဘူး"

"အဘွားပြောတော့လည်း ဟုတ်သလိုပဲ၊ ကျွန်တော်ကတော့ အဘိုး သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ ယုံလို့မရသေးဘူး"

ကျော်ရွှေ အမျိုးမျိုး စဉ်းစားခဲ့သည်။ အဘိုး သူ့ကိုယ်သူ သတ်မသေနိုင်ဘူး ထင်မြင်သည့်အဖြေကလွဲ၍ တွေးတောမရခဲ့ပါ။ အဘိုးကို သေကြောင်း

www.burmeseclassic.com

"ထိုင်ကြပါ - စားလိုရာ မှာစားကြပါ ခင်ဗျား"

သူတို့အဖွဲ့စားပွဲထိုးကလေး ခင်းကျင်းပေးသော ထိုင်ခုံများတွင် ဝင်ထိုင်ကြပြီး စောစန္ဒီနွယ်က -

"ကိုတင့်ထူးဝေ - ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ"

"ဒီလိုပဲပေါ့ဗျာ - သီပေါမြို့ကလေးမှာ တစ်ဦးနာမည် တစ်ဦးသိဖို့မခဲယဉ်းပါဘူး"

"ဟုတ်ပါရဲ့ရှင်၊ ကျွန်မကလည်း ကိုတင့်ထူးဝေတို့ ထောင်ကို စိတ်ဝင်စားနေတော့ လေ့လာရတာပေါ့၊ ဒါနဲ့ - ထောင်ထဲမှာ ယာယီအဆောက်အအုံတွေ ဆောက်နေတာ ဘာအတွက်လည်း ရှင့်"

"အော် - အဲ့ဒါလား၊ ကျွန်တော်က ပျားဂေဟာသင်တန်းဆင်းကောဒ် ထောင်မှူးပါ၊ စိုက်ပျိုးမွေးမြူရေးထောင်မှူးပေါ့ဗျာ၊ ထောင်ထဲမှာ နိုင်ငံခြားမျိုး ဝက်မြို့တွေနဲ့ ဥစားကြက်တွေ မွေးမြူဖို့ ယာယီအဆောက်တွေ ဆောက်နေ တာပါ၊ မစန္ဒီက မွေးမြူရေးကို ဝါသနာပါလို့လား"

"ဟုတ်ကဲ့ရှင့် - ကျွန်မက မန္တလေးတက္ကသိုလ် မြန်မာစာအဓိကနဲ့ ဘွဲ့ ခဲ့ပေမဲ့ စိုက်ပျိုးမွေးမြူရေးကို ဝါသနာပါတယ် ရှင့်"

"ဟုတ်ကဲ့ ခင်ဗျား၊ အဲ့ဒါဆိုရင် - ထောင်ထဲမှာ မွေးမြူရေးကိစ္စတွေ အောင်မြင်တာနဲ့ လာရောက်လေ့လာဖို့ ကျွန်တော် ဖိတ်ခေါ်ပါတယ်၊ အ တော့ - ဟိုတစ်ပတ်က ကျွန်တော့်ကို အိတ်လက်ဆောင်ပေးခဲ့သလို ကျွန် တော်ကလည်း အမှတ်တရအနေနဲ့ ထောင်ထွက်ကြိုးပုတီးကလေး လက် ဆောင်ပြန်ပေးပါရစေ"

ကျွန်တော်ပေးသော ကြိုးပုတီးကလေးနစ်ကုံးအား မစန္ဒီက အသေ အချာ ကိုင်တွယ်ကြည့်ပြီး ကျေနပ်နစ်သက်စွာဖြင့် -

"ကျေးဇူးတင်ပါတယ် - ကိုတင့်ထူးဝေ၊ ဒီကြိုးပုတီးလေးတွေက ထောင် ထဲက အကျဉ်းသားတွေလုပ်တာပေါ့နော်၊ အတော်အသေးစိတ်ဆန်ပြီးလှတ်



ဘွားတော်တစ်ယောက်ဆိုလျှင် ဒေါ်လေးမိထွေးတို့ အသိုင်းအဝိုင်းအားလုံး လူတွေအားလုံး ကန်တော့ကြရမည်၊ ဟေမာန်အိပ်သောအခန်းထဲတွင် စားပွဲငယ်တစ်ခု သွင်းသည်၊ စားပွဲပေါ်တွင် ဘုရားပုံတော်ကားချပ်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရက်ကန်းစင်တောင်ဆရာတော်၊ ဘိုးပေါက်ဆိန်၊ အဘ ရာကျော်ပုံများတင်သည်၊ ဟေမာန်တို့မြို့နှင့် မဝေးလှသောညောင်လေးပင် အထွက်တွင် စမ်းကလေးဆရာတော် နာမည်ကြီးနေသည်၊

စမ်းကလေးဆရာတော်၏ တရားနာလျှင် နိဗ္ဗာန်ရောက်မည်ဟူသော သတင်းဖြင့် ဟေမာန် စမ်းကလေးရွာသို့ ရောက်သည်၊ စမ်းကလေးဆရာ တော် ဟောကြားသောတရားကို ဟေမာန် နာရသည်၊ ဘာမှနားမလည်ပါ၊ မိမိကိုယ်မိမိတစ်မဂ်တစ်ဖိုလ်ရပြီဟုယုံကြည်သည်၊ ဟေမာန်အိမ်ပြန်ရောက် သောအခါမည်သူနှင့်မှ စကားသိပ်မပြောတော့ သူတို့ထက် ဟေမာန်က မြင့် သည်၊

"မဟေမာန် - နွေ့အကျီနှစ်ထည် မီးပူတိုက်ပေးပါ"

"ဟဲ့နွေ - ငါ့ကို မခိုင်းနဲ့၊ ငါက နင်တို့ထက် အဆင့်မြင့်တယ်"

ဟေမာန်ပြောသောအဓိပ္ပာယ်ကို နွေနွေဦးက မပေါက်၊

"ဘာလဲဟာ၊ ငါတို့အိမ်မှာ လာကပ်နေပြီး အဆင့်က မြင့်ချင်သေးတယ်"

ဟေမာန်က ဒေါ်လေးမိထွေးကို တောင်းဆိုသည်၊

"ဒေါ်လေးမိထွေး - ဘုရားခန်းနဲ့ ကပ်လျက်က အခန်းမှာ ဟေမာန် နေ မယ်၊ ဟေမာန်က စတိုခန်းမှာ နေရပြီး ဒေါ်လေးနဲ့ ကျော်ကျော်ဦး၊ နွေနွေဦး တို့က အပေါ်မှာနေတော့ အကုန် ငရဲအိုး ဖောက်ထိုးကျကုန်မယ်"

"အော် - ဟေမာန်ရယ် - အပေါ်မှာ အခန်းလွတ် မရှိလို့ သမီးကို မပေး တာပါ၊ စတိုခန်းကလည်း အကျယ်ကြီး၊ သမီး စားရ၊ သောက်ရတာကအစ ဒေါ်လေး ပြည့်စုံအောင် ကျွေးနေတာ၊ သားသားကိုလည်း ဒေါ်လေး ချစ်နေ တာ၊ သမီး - စိတ်တွေ လျှော့ပါဦး"

ဟေမာန် စိတ်တွေ ကယောက်ကယက် ပိုဆိုးလာသည်၊ ဟေမာန် ခံစားရသည်၊ တစ်ရက်၊ ဟေမာန် အခန်းထဲမှ သားသားကို ဒေါ်လေး ချီစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဟေမာန်အခန်းတွင်းမှ ဘုရားပုံတော်နှင့် ဘိုးတော်ပုံများ တင်ထားသော စားပွဲပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ဟေမာန်ကြောင့် အထိတ်တလန့် ဖြစ်ရသည်။ အညိုရောင်ဝမ်းဆက်နှင့် ဟေမာန်က ခပ်တည်တည်ပင်။

"ဟဲ့ - ပလုတ်တုတ် - ဟေမာန် - စားပွဲပေါ်မှာ ဘာတက်လုပ်တာလဲ၊ ဒီစားပွဲကရော ဘယ်တုံးက ဒီအခန်းထဲ သွင်းထားတာလဲ၊ ဘုရားပုံတွေ၊ ဘိုးတော်ပုံတော်တွေက မိန်းမထဘီတွေ၊ အတွင်းခံတွေထားတဲ့အိပ်ခန်းထဲ ဘာလို့ ရောက်နေတာလဲ၊ ဘုရားခန်း သီးသန့်ရှိလျက်နဲ့၊ ငရဲတွေတော့ ကြီးကုန်တော့မှာပဲ"

ဟေမာန်က ခပ်တည်တည်။

"ဟဲ့ - သမီးတော်ကြီး တင့်တင့် - မယ်တော်ကို ကန်တော့စမ်း - ကန်တော့စမ်း"

"အော် - ဒုက္ခပါပဲ၊ ဟေမာန်တစ်ယောက်နဲ့တော့။ အင်း - ရှာသာကြီးပို့ရမယ်ထင်ပါရဲ့"

ဒေါ်လေးညည်းတွားရင်း ထွက်သွားသည်။ ဟေမာန်စိတ်တွေ ပို၍ မငြိမ်မသက် ဖြစ်လာသည်။ မျက်လုံးထဲတွင် ပုံရိပ်အမျိုးမျိုး မြင်ရသည်။ အသံတွေ အမျိုးမျိုး ကြားရသည်။ ဟေမာန်က ကြားရသမျှ ပေါက်ကရတွေ ပြောသည်။

"ဟဲ့ - သားတော် - ဆိုင်ကယ် မစီးနဲ့၊ နင့်ဆိုင်ကယ်နောက်မှာ မျက်လုံးပြူးပြူးနဲ့ ခေါင်းတစ်လုံးသရဲ ပါလာတယ်"

"ဟဲ့ - သမီးတော်နွေ - ဟိုအကောင်နဲ့မတွဲနဲ့၊ အဲဒါ - လူပျိုယောင်ဆောင်ထားတဲ့ ကလေးသုံးယောက်အဖေဟဲ့"

"ဟဲ့သမီးကြီး တင့်တင့် - ငါးကိုးလေး၊ လေးကိုးငါး အပိုင်ထိုးဟဲ့"

တစ်အိမ်လုံး ဟေမာန်ကို လန့်လာကြသည်။

"မေမေ - မဟေမာန်ကို ရှာသာကြီးပို့မှ ရတော့မယ်"

"ဟုတ်တယ် - မေမေ၊ နွေ - သူ့ကိုကြောက်တယ်၊ ညအိပ်ပျော်နေတုန်းများ လည်ပင်းဝင်ညှစ်မလား၊ နေ့ခင်းအလစ်မှာများ ခေါင်းလိုက်ခွဲမလားနဲ့"



"အေးပါ - သားတို့၊ သမီးတို့ရယ်။ မေမေလည်း သိပါတယ်။ တစ်ရက်၊ နှစ်ရက်အတွင်း မေမေ ဟေမာန်ကို ရှာသာကြီး ပို့မယ်၊ ညအိပ်ချိန်ဆိုရင် အခန်းတံခါး လော့ချထား၊ နေ့ခင်းနေ့လယ် သတိနဲ့နေ။ သူ့ကို အလစ်မပေးနဲ့"

ဒေါ်လေးမိထွေးတို့သားအမိတစ်တွေ ဟေမာန်ကို သတိထားဆက်ဆံသည်။ ညအိပ်ချိန်တွင် သူတို့အခန်းတံခါးတွေ သူတို့ ကန့်လန့်ထိုးထားသည်။

ဟေမာန့်နားထဲ အသံတွေ ကြားနေရသည်။ ဒါဟာ အထက်အရပ်က ပုဂ္ဂိုလ်များ ဟေမာန်ကို ညွှန်ကြားတာ ဖြစ်မည်ဟု ယုံကြည်သည်။

"ဟဲ့ - သမီး - ဒီအိမ်ကလူတွေဟာ အောက်တန်းစားတွေ၊ ဒီလူတွေနဲ့ ဆက်မနေနဲ့၊ ငါ့သမီး - အထက်ဘုံကို လာခဲ့တော့ ရထားနဲ့ လာခဲ့၊ သေတယ်ဆိုတာ ကြောက်စရာမရှိဘူး။ ရှင်ခြင်းနဲ့သေခြင်းကြားမှာ ကန့်လန့်ကာပါးပါးပဲ ရှိတယ်၊ ငါ့သမီး - လာဖြစ်အောင်လာခဲ့၊ လာခဲ့နော် - လာခဲ့ - အခုလာခဲ့ လာခဲ့နော်"

ဟေမာန် ညသန်းခေါင်ကျော် အိမ်မှထွက်ရန် အပြင် တရေးနိုး အပေါ့သွားသော ကျော်ကျော်ဦးနှင့် တိုးသဖြင့် ပျက်သွားသည်။

"မဟေမာန် - ဒါက ဘယ်လဲ"

"ခြံထဲ ဆင်းမလို့ ..."

"မဆင်းနဲ့၊ ဒါ - အိပ်ချိန် - ပြန်အိပ်"

"ငါ့ကို နင် အမိန့်ပေးစရာ မလိုဘူး"

ဟေမာန်က အထက်မှ အမိန့်အတိုင်း ရထားနှင့် အထက်နိဗ္ဗာန်ဘုံသို့ သွားရန် ကြိုးစားနေသူ၊ ညစဉ်အလစ်ချောင်းရင်း မည်သူမှ မနိုးသော ဤညတွင် ဟေမာန် အပြင်ထွက်ခွင့်ရပြီ၊ သားသားကို နမ်းသည်၊ စောင်နှင့်ထွေးသည်။

"သားသား - နေခဲ့နော်၊ အထက်အမိန့်က သားကို ခေါ်ဖို့မပါဘူး၊ မေမေ ပြန်လာခေါ်မယ်"



www.burmeseclassic.com

ညဥ့်နက်သန်းခေါင် အိမ်မှ ထွက်ခဲ့သည်။ ရထားလမ်းဆုံ ရောက်သော အခါ ရထားလမ်း၊ ဇလီဖားတုံးများအတိုင်း လျှောက်ခဲ့သည်။ ဟေမာန်ခေါင်း တွေ နောက်ကျိနေသည်။ ရထားလာချိန်အထိ ဟေမာန် တွေဝေနေဆဲ၊

ယခုတော့ အမြန်ရထားကြီးက ဟေမာန်ကို ဘဝသစ်တစ်ခုဆီ ပို့ဆောင် ခဲ့ပြီ၊

ဒေါ်တင့်တင့်တို့တစ်အိမ်လုံး မျက်ရည်မစဲနိုင်၊ ဟေမာန်သည် ဒေါ်တင့် တင့်၏ တူမအရင်း ဖြစ်သည်။ ဒေါ်တင့်တင့် ချီပွေ့ထိန်းကျောင်းခဲ့ရသည်၊ သမီးရင်းနှယ် ချစ်ခဲ့ရသည်၊ ဟေမာန်က နဂိုထဲက အတွေးနက်သည်၊



စိန်ပန်းပင်က
တစ်စုံတစ်ယောက်
ခုန်ဆင်းလိုက်သလို ဖျတ်ခနဲ
လှုပ် သွားသည်။ ကျော်ကျော်ဦး
ကြက်သီးထသွားသည်။ စိန်ပန်းပွင့်
ကြွေလေး တစ်ပွင့်ကိုကောက်၍
စိန်ပန်းပင်ပင်စည်ကို ပုတ်ခတ်သည်။
ပြန်လာခဲ့သော လမ်းတစ်လျှောက်
ကျော်ကျော်ဦး ကြက်သီးတွေ
ထနေမိသည်။

အတွေးခေါင်သည်၊ စိတ်ထက်သည်၊ စိတ်မှာသည်၊ ဘဝတွင် အောင်မြင်မှု နှင့် အထွတ်အထိပ် အကောင်းဆုံးကို လိုချင်ခါမှ ရလာသော အဆိုးများကို လက်မခံနိုင်သူ ဖြစ်သည်။ စိတ်ဖိစီးမှုတွေများ၊ ကိုးကွယ်မှုတွေ မှားပြီး စိတ် ဖောက်ပြန်လာသည်၊

အိပ်ရာမှ နိုးသောအခါ ပွင့်နေသော အိမ်တံခါးမကြီးနှင့် ခြံတံခါးက အခန်းထဲတွင် မရှိတော့သော ဟေမာန် ထွက်သွားကြောင်း သက်သေဖြစ် သည်။ မိန်းမတစ်ယောက် ရထားကြိတ် သေသည်ဟူသောသတင်းကြောင့် ကျော်ကျော်ဦး ဆိုင်ကယ်ဆွဲ၍ သွားကြည့်သည်။ အလောင်းမှာ ပုံဖော်မရ အောင် အပိုင်းပိုင်း အတစ်တစ်၊ အသားစတချို့ရထားလမ်းဘေးမှာ စိန်ပန်း ပင်တွင် ကပ်နေသည်။ အလောင်း၏ အညိုရောင်ဝတ်စုံက ဟေမာန်ဦးဖြစ် ကြောင်း မငြင်းနိုင်၊

ယခု ရက်လည်ပြီး ဟေမာန် ဆုံးသည်မှာ တစ်လကျော်သည့်တိုင် ဒေါ်တင့်တင့် ငို၍မဆုံးနိုင်၊ နွေနွေဦးနှင့် ကျော်ကျော်ဦးက ဒေါ်တင့်တင့် လောက် မခံစားရ၊

“ဝါး – အိပ်ချင်လိုက်တာ – မေမေရယ်၊ ဘာဖြစ်တာလဲ မသိဘူး။ ဇက် တွေ လေးလာပြီ”

ညဉ့်ခန်းဆက်တီပေါ်တွင်စာဖတ်နေသော နွေနွေဦးက မဂ္ဂဇင်းကိုချရင်း ဆိုဖာမှ ထသည်၊ နွေနွေဦး ရုတ်တရက် ထိုးကျသွားသည်။

“ဟဲ့ – ဟဲ့ – မိနွေ – မိနွေ”

နွေနွေဦးက ချက်ချင်း ကုန်းထလာသည်။ နွေနွေဦး၏မျက်လုံးများက တလယ်ကလယ်ဖြင့် အရောင်ပြောင်းသွားသည်။ မျက်လုံးတွေက စိမ်းလဲ့ နေသည်၊

“ဒေါ်လေးမိတွေး”

နွေနွေဦး၏နှုတ်မှထွက်လာသောအသံကဟေမာန့်အသံမို့ဒေါ်တင့်တင့် ရော၊ ကျော်ကျော်ဦးပါ ထိတ်လန့်တုန်လှုပ်သွားသည်။

www.burmeseclassic.com

"ဒေါ်လေးမိထွေး - သားလေးကို စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဟေမာန်မိုက်မိလို့ - ဟီး - အီး - အီး"

နွေနွေဦးက ငိုရှိုက်ရင်း ဒေါ်တင့်တင့်ပေါင်ပေါ်မှ သားကို ချီပွေ့ရန်ကြိုးစားသည်၊ ကလေးက ထိတ်လန့်တကြား အော်ငိုသည်၊

"ဟေမာန် - နင် ဟေမာန်လား"

ဒေါ်တင့်တင့် ကြောက်ကြောက်လန့်လန့်နှင့်မေးသည်၊

"ဟုတ်ပါတယ် - ဒေါ်လေးမိထွေးရယ်၊ ဟေမာန်ပါ - ဟီး - အီး - အီး"

ဒေါ်တင့်တင့် အနည်းငယ် အကြောက်အလန့် ပြေသွားသည်၊

"ဟေမာန်ရယ် - သမီးရယ် - မိုက်လှချည်လား၊ ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာလဲ"

"ဟုတ်ပါတယ် - ဒေါ်လေးမိထွေးရယ်၊ အခု - ဟေမာန် သိပ်ဒုက္ခရောက်တာပဲ၊ လူ့ဘဝမှာ ဒါန၊ သီလ၊ ဘာဝနာဆိုတာ မရှိခဲ့လို့ အကိုးအကွယ်တွေမှားခဲ့လို့၊ အယူအဆတွေ မှားခဲ့လို့ ဟေမာန် မကျွတ်မလွတ်ဖြစ်နေပြီ၊ စားရေးသောက်ရေး မဲ့နဲ့ အရမ်းဒုက္ခရောက်တာပဲ၊ ဟေမာန် နေတဲ့ အပင်ပေါ်က အကောင်ကြီးတွေက ဟေမာန်ကို အနိုင်ကျင့်ကြတယ်"

"ဒေါ်လေးတို့ ရက်လည်ဆွမ်းကပ်အမျှဝေတော့ သမီးမရဘူးလား၊ တစ်လပြည့် အမျှဝေတာရော သမီး မရဘူးလား"

"အဟင့် - အဟင့် - ရက်လည်ဆွမ်းကပ်တဲ့အချိန်က ဟေမာန် သေမှန်းမသိသေးဘူး၊ ရထားလျှောက်ပြီး လိုက်စီးနေလို့ အမျှဝေတာ မရလိုက်ဘူး၊ တစ်လပြည့်လုပ်တဲ့နေ့က ဟေမာန်ကို အပင်ပေါ်က အကောင်ကြီးက လိုက်ရိုက်လို့ ထွက်ပြေးနေရတာနဲ့ မရလိုက်ဘူး - ဟီး - အီး - အီး"

"သမီးရယ် - ဖြစ်မှဖြစ်ရလေ၊ ဒေါ်လေး - ဘာလုပ်ပေးရမလဲ"

"ဟေမာန်နေတဲ့ စိန်ပန်းပင်မှာ ဒေါ်လေးလာခေါ်ပေးပါ၊ ဝါပဆွမ်းလောင်းမှာ မြို့ပေါ်သံဃာကုန် ဆွမ်းလောင်းပြီး ဟေမာန်ကို အမျှဝေပေးပါ၊ ဟေမာန် ဒီဘဝကြီးကို အရမ်းကြောက်လို့ပါ - ဒေါ်လေးမိထွေးရယ်"

"စိတ်ချ - သမီး၊ မနက်ဖြန်မနက်ပဲ - ဒေါ်လေးမိထွေး လုပ်ပေးပါ့မယ်"



"အင့် - ဟင့် - ဟင်း - ဝါး"

နွေနွေဦး ဝါးခနဲ သမ်းသည်၊ ဟေမာန် ပြန်ထွက်သွားပြီ၊

"မမေ - နွေ အိပ်ပျော်သွားတာလား မသိဘူး"

နွေနွေဦးက ဘာမှသိလိုက်ဟန်မတူ၊ အဖြစ်အပျက် အစအဆုံးကို မြင်လိုက်သော ကျော်ကျော်ဦးက ပြောသည်၊

"နင့်ကိုယ်ထဲ မဟေမာန် ဝင်သွားတာ"

"ဟယ် - တကယ်လား၊ ကြောက်စရာကြီး"

ဒေါ်တင့်တင့်က တည်ငြိမ်သောမျက်နှာဖြင့် သားနှင့်သမီးကို ပြောသည်၊

"သားနဲ့သမီး - နင်တို့အစ်မအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးရမယ်၊ သမီးက ဝါပဆွမ်းလောင်းမှာ နက်ဖြန် အရုဏ်ဆွမ်းလောင်းဖို့ ငွေတစ်သိန်းသွားလှူပြီး ကွယ်လွန်သူ မဟေမာန်ဦးအား ရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှုလို့ ပြောပေးပါ၊ နက်ဖြန်အရုဏ် အမျှဝေဖို့ တောရကျောင်းဆရာတော် ပင့်ဖို့ သားက စီစဉ်၊ ညနေ ရထားလမ်းဘေးက စိန်ပန်းပင်မှာ ဟေမာန်ကို သွားဖိတ်ရမယ်၊ အဲဒါ - သားတာဝန်"

ဆွမ်းလောင်းရန် ဘုန်းကြီးပင့်ရန်ကိစ္စများ ဆောင်ရွက်ပြီးသောအခါ ညနေစောင်းတွင် ကျော်ကျော်ဦးတစ်ယောက် ရထားလမ်းဘေးမှ မဟေမာန်၏ အသားစများ ကပ်နေခဲ့သော စိန်ပန်းပင်ဆီ လာခဲ့သည်၊ ရထားလမ်းက လူသွားလူလာပြတ်နေသဖြင့် ရှင်းနေသည်၊ စိန်ပန်းပင်ကြီးကလည်း ငြိမ်သက်နေရာ ကျော်ကျော်ဦးစိတ်ထဲ ချောက်ချားမိသည်၊

"မဟေမာန် - မနက်ဖြန် အရုဏ်ဆွမ်း လောင်းမယ်၊ မဟေမာန်ကို အမျှဝေပေးမယ်၊ မဟေမာန် - တရားနာဖို့ကြွပါ"

စိန်ပန်းပင်က တစ်စုံတစ်ယောက် ခုန်ဆင်းလိုက်သလို ဖျတ်ခနဲ လှုပ်သွားသည်၊ ကျော်ကျော်ဦး ကြက်သီးထသွားသည်၊ စိန်ပန်းပွင့်ကြွေလေး တစ်ပွင့်ကိုကောက်၍ စိန်ပန်းပင်ပင်စည်ကို ပုတ်ခတ်သည်၊ ပြန်လာခဲ့သော လမ်းတစ်လျှောက် ကျော်ကျော်ဦး ကြက်သီးတွေ ထနေမိသည်၊

www.burmeseclassic.com

"မေမေ - မဟေမာန် ပါလာပြီ"

ဒေါ်တင့်တင့်က ပျာပျာသလဲ တံခါးဖွင့်သည်။

"လာ - လာ - သား - သူ အိပ်ခဲ့တဲ့အခန်းမှာ နေရာပြင်ထားတယ်"

အပုပ်နံ့စူးစူးက အိမ်ထဲ ဝင်လာသည်။ နွေ့နွေ့အချစ်တော် ခွေးလေး ဂျက်စမင်က မအူစဘူးအူသည်။ ကြောင်မလေးရွှေတုံးကအမွေးများဖွာလျက် တစွီးစွီး အော်နေသည်။ ဟေမာန်ဦး၏သားလေးကပါ အထိတ်တလန့် ငိုသည်၊ ဒေါ်တင့်တင့် တောင်းပန်ရပြီ။

"ဟေမာန်ရယ် - ဒေါ်လေးမိတွေး - တောင်းပန်ပါတယ်။ အေးအေးဆေးဆေးနေပါ။ ဘယ်သူ့ကိုမှ လန့်အောင်မလုပ်ပါနဲ့"

ထိုအခါမှ ကလေးအငိုတိတ်သွားသလို၊ ခွေးလေးဂျက်စမင်နှင့် ကြောင်မလေး ရွှေတုံးပါ ငြိမ်သွားသည်။ ပါလာသော စိန်ပန်းပွင့်လေးကို ဟေမာန် အိပ်ခဲ့သည့်ခုတင်ပေါ် တင်သည်။ အခန်းတံခါးကို စေ့ထားလိုက်သည်။

နိဂုံး၏နိဂုံး

"ယနေ့ယခု သံဃာတော်အရှင်မြတ်များကို အရိုက်ဆွမ်းလောင်းလှူရသော ကုသိုလ်၏ အဖို့ဘာဂအလုံးစုံကိုလည်းကောင်း၊ တောရကျောင်း သံဃာတော် အရှင်မြတ်များကို ဆွမ်းကပ်လှူရသော ကုသိုလ်၏ အဖို့ဘာဂ အလုံးစုံကိုလည်းကောင်း၊ ထီး၊ ဖိနပ်၊ ယပ်၊ အနေကထိုင်၊ သင်္ကန်း၊ ကပ်လှူရသောကုသိုလ်၏ အဖို့ဘာဂအလုံးစုံကိုလည်းကောင်း လွန်ခဲ့သော တစ်လ ကျော် နှစ်လအတွင်းက ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့သော သာသနာ တော်တွင် ယုံကြည်သက်ဝင်သော သာသနာဒါယိကာမ မဟေမာန်ဦးအား အမျှပေးဝေပါ၏။ မဟေမာန်ဦးသည် အလုံးစုံသောကုသိုလ်၏အဖို့ဘာဂကို ရ၍ လူနတ်ချမ်းသာ ရရှိရောက်ရှိခံစားနိုင်ပါစေ"

"အားလုံးကြားကြားသမျှ အမျှ - အမျှ - အမျှ - ယူတော်မူကြပါကုန်သော်"

"မဟေမာန်ဦးရေ - အမျှ - အမျှ - အမျှ - ယူတော်မူကြပါကုန်သော်"

အမျှဝေ ကြေးစည်ထုသံ၊ ရေစက်ချခြင်းများ ပြုလုပ်ရင်း ဒေါ်တင့်တင့် သမီးလို ချစ်ခဲ့သော တူမလေးကို သတိရ မျက်ရည်ကျသည်။ ရင်ခွင်ထဲတွင် ဝင်ထိုင်နေသော သားသားလေးကလည်း မျက်ရည်များ ရွဲနေသည်။

ဒီတစ်ခါ ပြုလုပ်ပေးသောကောင်းမှုကုသိုလ်ကြောင့် အယူဝါဒ လွဲမှားခဲ့ သော တူမလေး ဟေမာန် ကောင်းရာသုဂတိဘုံ ရောက်လိမ့်မည်ဟု ဒေါ်တင့်တင့် ယုံကြည်မျှော်လင့်မိပါသည်။

သန္တာမြတ်ဆောင်း

စာရှုမျှား

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com

**ရွာလူကြီး** ဦးမြသန်း၏မျက်လုံးများသည် မီးပွင့်မတတ် ပြူးကျယ်စူးရဲနေပြီး နှုတ်ခမ်းတို့မှာလည်း တင်းမာဖိပိတ်လျက် စိတ်အလိုမကျမှု၊ ဒေါသထွက်မှုတို့ကို ဖော်ပြလျက်ရှိ၏။ ထိုသို့ဖြစ်နေသည်မှာ ဦးမြသန်းတစ်ယောက်သာမဟုတ်ဘဲ ရွာမှလူငယ်များဖြစ်သော မောင်တိုးကြွယ်တို့အုပ်စုနှင့် အခြားရွာသူရွာသားများ၊ အားလုံး၏ ဒေါသတကြီးမျက်လုံးများက အရက်သမား ဖိုးပြည့်ဆီတွင်သာ၊ ဖိုးပြည့်ကတော့ အားလုံးနှင့်မတူ၊ တစ်မူခြားနေပြီး သူ့တစ်ကိုယ်လုံးလည်း ကတုန်ကယင်။



ဂါဦးနွန်းတို



www.burmeseclassic.com

သို့ပေမဲ့ - သူ တုန်ရီနေရခြင်းက အရက်မသောက်ရ၍မဟုတ်။

"အဖြေက ဘွင်းဘွင်းကြီးပေါ်နေတဲ့ဥစ္စာ။ မင်း - ငြင်းမနေနဲ့။ ဟိတ်ကောင်တွေ - ဒီကောင့်ကို ရဲစခန်းပို့မှဖြစ်မယ်"

ဦးမြသန်း၏လေသံက မာထန်နေရုံမက အမိန့်ပေးသံလည်း ဆန်သည်။ ဦးမြသန်းက ရဲစခန်းပို့မည်ဟုဆိုလိုက်၍ ဖိုးပြည်၏ကိုယ်လုံး ဆတ်ခနဲ တုန်သွားပြီး -

"မဟုတ်ဘူး - မဟုတ်ဘူး - သူကြီး။ ကလေးကို - ကလေးကို ကျွန်တော် သတ်တာမဟုတ်ဘူး"

ဟုပလုံးပထွေးအော်လေ၏။ လက်နှစ်ဖက်ကိုလည်း ရှေ့သို့မြှောက်ကာ ခါယမ်းပြနေသေးရာ သူ့အကြောင်း မသိသူသာဆို သနားစိတ်ဝင်မိမည်မှာ အမှန်။ သို့သော် ရွာလူကြီးအပါအဝင် တစ်ရွာလုံးက သူ့အကြောင်းကို ကောင်းကောင်းကြီးသိနေတာကြောင့် သူ့စကားမှာ အရာမထင်။

"ဟ - မင်းမသတ်လို့ ဘယ်သူသတ်မတုံး။ မင်းက ဘယ်သူ့ကို လွှဲချချင်သေးတာလဲ။ သက်သေခံပစ္စည်းတွေနဲ့ လက်ပူးလက်ကြပ်မိနေတာတောင်မှ မင်းက ငြင်းချင်သေးတယ်"

"မဟုတ်ဘူး - သူကြီး။ ဘယ်သူသတ်လည်းတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ။ ဒါပေမဲ့ - ဒါပေမဲ့ - ကလေးကို ကျွန်တော် မသတ်ဘူး"

"ကျွတ် - ဒီကောင်တော့ နာချင်နေပြီ။ မင်းကို တစ်ရွာလုံး ဝိုင်းမရိုက်အောင် တားထားမိတာတောင် မှားပြီလားမသိဘူး"

"ဟုတ်တယ် - သူကြီး။ ဒီကောင့်ကြောင့် ကျွန်တော်တို့ရွာ နာတယ် သူကြီး။ ဒီကောင့်ကို ကျွန်တော်တို့ ဝိုင်းဆော်လိုက်တော့မယ်ဗျာ။ သူကြီး မတားနဲ့တော့"

"အယ် - ဘယ်ဖြစ်မလဲ - မောင်တိုးကြွယ်တို့ရဲ့။ ဥပဒေဆိုတာ ရှိသေးတယ်လေ။ မင်းတို့ လုပ်ချင်တိုင်းလုပ်လို့ရမလားကွ။ တိတ်တိတ်နေကြစမ်းပါကွာ" -

"ဟုတ် - ဟုတ်ကဲ့ပါ - သူကြီး"



သူကြီးက မာန်မဲလိုက်မှ သွေးတကြွကြွဖြစ်နေသော မောင်တိုးကြွယ်တို့ လူငယ်တစ်စုလည်း နောက်သို့ ခပ်ရိရိဖြစ်သွားကြ၏။ အသို့ပေမဲ့ မျက်လုံးများကတော့ အရက်သမားဖိုးပြည့်ကို မကျေမချမ်း စိုက်ကြည့်နေကြဆဲ။ ပြောရလျှင် မောင်တိုးကြွယ်တို့အုပ်စုက လူငယ်များဖြစ်သော်လည်း ကလေအချေ လူ့ပေါက်ပန်းများမဟုတ်ဘဲ ရွာ၏ သာရေး၊ နာရေးမှန်သမျှကို တက်ညီလက်ညီ ကူညီလုပ်ကိုင်ပေးနေသော အဖိုးတန်သားကောင်းလေးများ ဖြစ်ကြသည်။

ပုံမှန်အချိန်ဆို လူကြီးသူမများ၏ စကားဝိုင်းသို့ဝင်ကာ နိဗ္ဗာန်ရောက်ကြောင်းဝင်ရောက်နားဆင်လေ့ရှိသလို ဂျာနယ်စာစောင်များ၊ အင်တာနက် အချက်နာများမှတစ်ဆင့် သူတို့သိရှိထားသော ဒီမိုကရေစီ၏သဘောသဘာဝ၊ လွှတ်တော်နှင့်ရွေးကောက်ပွဲများအစရှိသော ခေတ်စနစ်အကြောင်းများကို ပြန်ပြောင်းပြောပြလေ့ရှိသည်ကြောင့် ရွာ၏ လူတော်လေးများဆို ...ည်း မမှား။ ယခုတော့ - ထိုလူတော်လူငယ်လေးများပင် သွေးတကြွကြွဖြစ်တာလူသတ်ချင်စိတ်ပေါက်နေကြရပြီ။ ထိုပြဿနာအားလုံး၏တရားခံမှာ အရက်သမားဖိုးပြည့်ပင်။

"ဒီလောက်ရှုံ့စရာကောင်းတဲ့ပြစ်မှုကို ကျူးလွန်ထားတာတောင်မှ ...ဝန်မခံချင်ဘူးပေါ့လေ - ဟုတ်လား။ မင်း - မင်းကွာ - ယောကျ်ားဖြစ်ပြီး ...ာက် - အောက်တန်းကျလိုက်တဲ့စိတ်။ ဟိတ်ကောင်တွေ - သူ့ကိုကားပေး ...င်လိုက်စမ်းကွာ။ ထွက်မပြေးအောင် လက်တွေ၊ ခြေတွေလည်း ချုပ်ထား ...ကြဦး"

"ဟုတ်ကဲ့ - သူကြီး"

ဆယ်အိမ်ခေါင်းဦးရှမ်းအပါအဝင် မောင်တိုးကြွယ်တို့လူငယ်တစ်သိုက် ...မ်းသာအားရပင် ဖိုးပြည့်ကို ဝိုင်းချုပ်ကာ ကားပေါ်သို့ တင်ကြသည်။ ...ပြည့်က ရုန်းကန်နေသေးသည်၊ ပါးစပ်ကလည်း -

www.burmeseclassic.com

"ကျွန်တော် မသတ်ဘူး၊ ကျွန်တော်သတ်တာ မဟုတ်ဘူး"

ဟု အော်ဟစ်ရေရွတ်နေသေးသည်။ ရွာသူရွာသားအားလုံးက ရန်းကန်အော်ဟစ်နေသောဖိုးပြည့်ကို ရွံမုန်းအော့နှလုံးနာသောမျက်လုံးစိမ်းကြီးများဖြင့် ဝိုင်းအုံစိုက်ကြည့်နေကြ၏။ သူကြီးသာ ဝင်မတားလိုက်လျှင် ရွာခလေ့အသေ့းဆူမှုအတိုင်း ထိုနေရာတွင် ဖိုးပြည့် မသာပေါ်သွားနိုင်သည်။ ပွဲချင်းပြီးသွားနိုင်သည်။ ယောကျ်ားများကသာ လက်ပါချင်ခြင်းမဟုတ်၊ အမျိုးသမီးများကလည်း တုတ်တပြင်ပြင် ဧရာ်ကျည်ပွေ့တပြင်ပြင်နှင့် ဖိုးပြည့်ကို ဝိုင်းဆော်ချင်နေကြသည်။

ဖိုးပြည့်ကလည်း ဖိုးပြည့်ပါပဲ။ တစ်ရွာလုံး၏ အော့ကြောလန်ချဉ်ဖတ်မိုးလင်းကနေမိုးချုပ် အရက်ကလေးတမြမြနှင့် အမျိုးသမီးငယ်လေးများကိုလည်း "ရိ" ချင်သေး၊ "ကြောင်" ချင်သေးသည်။ မူးလာသည့်အခါတွင်လည်း ငြိမ်ငြိမ်မနေဘဲ တစ်ရွာလုံးကို ပတ်ဆဲချင်ဆဲသည်။ လူတကာကို ရန်လုပ်ချင်လုပ်သည်။

သူ့မိန်းမ မယ်နှစ်ခများမှာလည်း ကလေးနှစ်ယောက်အမေ မုဆိုးမလေးအားကိုးရာသည့်အနေဖြင့် ဖိုးပြည့်ကို ယူခဲ့မိထင်၊ ယခုများကျ အားမကိုးရသည့်အပြင် ဖိုးပြည့်၏အရက်ဖိုးကိုပင် ဈေးရောင်းရသည့်အမြတ်ငွေထဲက ခွဲခွဲပေးနေရသေး၏။ ကဲ – သည်လောက်ဆို ဖိုးပြည့်ကို တစ်ရွာလုံး မုန်းနေခြင်းအကြောင်းရင်းကို သိလောက်ရောပေါ့။

သို့ကြောင့်လည်း အခွင့်အရေးရသည်နှင့် ဖိုးပြည့်ကို ဝိုင်းသမချင်ကြခြင်းဖြစ်၏။ နောက်ပြီး – ဖိုးပြည့်၏လုပ်ရပ်ကလည်း ပြင်မရသည့်အမှား၊ အမိုက်ရိုင်းဆုံး၊ အယုတ်ညံ့ဆုံးအမှား၊ ခွင့်မလွှတ်သင့်အောင် ဆိုးရွားလွန်းလှသည့် လူသတ်မှု၊ နောက်ပြီး – မုဒိမ်းမှု၊

ဖိုးပြည့်နှင့် သက်သေခံပစ္စည်းများကို တင်ဆောင်သွားသော ဂျစ်ကားလေးသည် ရွာလမ်းအတိုင်း မြို့ဆီသို့ ဦးတည်လျက် မောင်းနှင်သွားလေပြီ။ ရွာတွင်ကျန်ရစ်ခဲ့သော ရွာသူရွာသားများကလည်း ဂျစ်ကားထွက်ခွာသွားၿပီး လူစုခွဲကာ သက်ဆိုင်ရာအသီးသီးသို့ ထွက်ခွာသွားကြ၏။ နောက်ဆုံး ထိုနေရာတွင် လူတစ်ယောက်သာ ကျန်ရစ်ခဲ့သည်။ ထိုသူမှာ ဖုန်တလုံးလုံးထနေသော ရွာလမ်းတစ်လျှောက်ကို လှမ်းမျှော်ကြည့်ရင်း မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

စိန်ပန်းသာရွာကလေးသည် မုံရွာမြို့နယ်၏ အရှေ့ဘက် ခပ်လှမ်းလှမ်းအကွာတွင် တည်ရှိသောရွာကလေးဖြစ်သည်။ ရေခံမြေခံကောင်း၏။ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်၏။ သို့ကြောင့် အိမ်ကြီးအိမ်ကောင်းတို့ပေါ်များလှသည်။ ချမ်းသာကြွယ်ဝသူတို့ များပြားသည်။ သို့ပေမဲ့လည်း လက်တစ်ဖက်တောင် အတိုအရှည် မညီသေးတာပဲ၊ လူတွင်လည်း လူတန်းစားအမျိုးမျိုးရှိစမြဲမို့ စိန်ပန်းသာရွာကလေးတွင်လည်း ချမ်းသာကြွယ်ဝသူပေါ်သလောက် ဆင်းရဲနွမ်းပါးသူများမှာလည်း ဒုနှင့်ဒေး။

မယ်နှစ်က ရွာ၏ကွမ်းတောင်ကိုင်၊ မိဘများကလည်း မရှိမရှားအတန်းစားဖြစ်၍ အတန်အသင့်ပြည့်စုံသူဟု ဆိုရပေလိမ့်မည်။ နောက်ပြီး – ရွာ၏ကွမ်းတောင်ကိုင်ဖြစ်သည်မို့ လယ်ရှင်ယာရှင်တို့၏ သားတော်မောင်များကမျက်စိကျလျက်ရှိသည်ကြောင့် ခဏချင်း သူဌေးဖြစ်နိုင်သည့်အခြေအနေတွင် မယ်နှစ်က အချစ်အတွက် မိုက်ခဲ့လေသည်။ ရွာသို့ အလည်လာသော ကျောင်းဆရာလေးကိုမှ ချစ်ကျွမ်းဝင်ခဲ့ပြီး မိဘများ သဘောမတူသည့်ကြားက ခိုးရာလိုက်သွား၏။

အချစ်စစ်တို့မည်သည် မဖြောင့်ဖြူးတတ်ပါချေ။ ကျောင်းဆရာလေးနှင့် ခံရွာသို့လိုက်ပါသွားပြီး ချစ်ရည်လူးကာ ပေါင်းဖက်ခဲ့ကြသည်မှာ ကာလအားဖြင့် (၁၄) နှစ်ခန့်သာရှိသေးသည်။ ချစ်သူနှင့် သေကွဲကွဲရပြီ။ ဆိုင်ကယ်မှောက်ကာ ဆရာလေး ဆုံးပါးသွားခဲ့၍ဖြစ်၏။ အသက်ကလေး (၃၀) ကျော်သာရှိသေးသော ကလေးနှစ်ယောက်၏အမေ မယ်နှစ်ခများလည်း မုဆိုးမ ဖြစ်ခဲ့ရပြီ။ မယ်နှစ် ဘာတတ်နိုင်ပါ့မလဲ၊ အသိအကျွမ်းလည်း မရှိ၊ ဘာလုပ်ရမှန်းလည်း မသိ၍ ငိုကာယိုကာဖြင့် မယ်နှစ် ရွာပြန်လာခဲ့သည်။

www.burmeseclassic.com

ကံဆိုးမ.သွားရာ မိုးလိုက်လို့ရွာ ဟုပင်ဆိုရမလား၊ မယ်နှစ် ရွာသို့ရောက်သည့်အခါ မိဘများ မရှိကြတော့ပေ၊ တစ်ဦးတည်းသော သမီးမိုက်၏လုပ်ရပ်ကြောင့် ရှက်စိတ်ဝင်၊ လွမ်းစိတ်ဝင်ကာ ရင်ကွဲနာကျသွားသည်ဟုပင် ဆိုရမည်ထင်၊ ထိုစိတ်နှင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့ကြပြီ၊ မယ်နှစ်တွင် အားကိုးမရှိတော့၊ ရွာလူကြီး၏ကျေးဇူးကြောင့် မိဘများပိုင်ဆိုင်သော အိမ်ငယ်လေးကို ပြန်ရ၍သာ တော်ပေတော့၏၊ ကျန်ရှိသော ပစ္စည်းလေးများကို ထုခွဲရောင်းချကာ မယ်နှစ် အိမ်ဆိုင်လေး ဖွင့်ခဲ့သည်၊ ရွာကိုပစ်ကာ အချစ်အတွက် တစ်ကြိမ်တစ်ခါ မိုက်ခဲ့ဖူးသော မယ်နှစ်ကို ရွာသူရွာသားများက မမုန်းရက်ကြပါ၊ မုဆိုးမလေးကို သနားချစ်ချစ်၍ လာရောက်အားပေးသောကြောင့် မယ်နှစ် အဆင်ပြေနေခဲ့သည်၊ ရရှိသည့်အမြတ်ငွေလေးနှင့် ချောင်ချောင်လည်လည် ရှိနေခဲ့သည်၊

"မယ်နှစ်က သိပ်လှတာပဲ၊ ကျက်သရေရှိတယ်လို့ ခေါ်ရမလား၊ ဖြူဝင်းတင့်တယ်တယ်လို့ပဲ ပြောရမလား၊ သနပ်ခါးရည်ကျဲလေး လိမ်းထားတဲ့အလှက ကျုပ်ဖြင့် စာများ ရေးတတ်ရင် ကဗျာတောင် စပ်မိမယ်ထင်ပါရဲ့" ဟု၍ တစ်မျိုး ...၊

"ဘာဆေးတွေ သုံးနေလို့လဲ – မယ်နှစ်ရယ်၊ တစ်နေ့တခြား ပိုပိုပြီး လှလှလာတယ်၊ အဲဒါကြောင့်လည်း ကျုပ်စိတ်ပျက်တာ၊ ရွာက ကွမ်းတောင်ကိုင်ကလေးမ မိစံပယ်ကိုပေါ့၊ ဒီကလေးမက ကွမ်းတောင်ကိုင်သာဆိုရဲ့ – အသားက မည်းသေး၊ ဆံပင်ကိုလည်း တောမကျ မြို့မကျ ဖြောင့်ပြီးဖားလျားချထားသေးတယ်၊ ဒါလား – ကွမ်းတောင်ကိုင်၊ မယ်နှစ်တို့ ကွမ်းတောင်ကိုင်တုန်းကပုံစံကို ဒီဟာမ ခေါ်ပြချင်တယ်၊ ဒါပေမဲ့ – အဲဒီတုန်းက နုပျိုလတ်ဆတ်တဲ့အလှ၊ အခုက တည်ငြိမ်ရင့်ကျက်တဲ့အလှ၊ တစ်သားမွေး၊ တစ်သွေးလှ၊ နှစ်သားမွေးတော့ နှစ်သွေးလှပေါ့ဗျာ – ဟဲဟဲ" ဟု၍တစ်သွယ်၊

မယ်နှစ် ဆိုင်ဖွင့်ပြီး သုံး၊ လေးလသာ ရှိဦးမည်၊ ဖိုးပြည့်ဆိုသော ရွာအောကြောလန်က မယ်နှစ်ဆိုင်သို့ ချောင်းပေါက်မတတ် လာလေသည်၊ တိုလီမိုလီလေးဝယ်ကာ တစ်နာရီလောက် စကားပြောသည်၊ မယ်နှစ်၏ကလေးများကို



"ယခုတော့ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဆိုသလို သမီးလည်းဆုံး၊ လင်ဖြစ်သူကိုလည်း လူသတ်မှုနှင့် ရဲစခန်းသို့ ခေါ်သွားခဲ့လေပြီ၊ အားလုံးက ဖိုးပြည့် သတ်သည်ဟုပင် တရားသေစွပ်စွဲနေကြသည်၊ ထိုသို့စွပ်စွဲရအောင်လည်း ဖိုးပြည့်၏လုပ်ရပ်များက သက်သေခံနေခဲ့ပြီမဟုတ်ပါလား၊



မြှောက်ကာချီကာလုပ်ပြီး ကလေးချစ်တတ်သယောင် ဆောင်သည်၊ အထူးသဖြင့် မယ်နှစ်ကို သာယာစေသည်က ဖိုးပြည့်၏ဗရွတ်ရွတ်တ အပြောလေးများ၊ ဟုတ်တာ၊ မဟုတ်တာ အပထား၊ အရက်သမားပီပီ အာဝဇ္ဇန်းတော့ ရှိသည်၊ သူ့အပြောများကြားတွင် မယ်နှစ် သာယာသွားမည်ကို ရွာသူများက ...မ်လျက်ရှိသလို၊ မယ်နှစ်အပေါ်မကြည်ဖြူသော ရွာသူတချို့ကလည်း ဖွတ်...းလော်ကြသည်၊ ဖိုးပြည့်ကို မြှောက်ပေးကြသည်၊ မကြာပါ – ဖိုးပြည့်နှင့် ...ယ်နှစ်တို့ ယူလိုက်ကြ၍ မယ်နှစ်၏အိမ်ပေါ်သို့ ဖိုးပြည့် ရောက်လာခဲ့၏၊ ...ည်မှာပဲ ဇာတ်လမ်းက စတော့သည်၊

မယ်နှစ်တွင် ကလေးနှစ်ယောက်ရှိရာ နှစ်ယောက်လုံး သမီးမိန်းကလေးများ ဖြစ်ကြသည်၊ တစ်ယောက်က (၁၂) နှစ်ရှိပြီဖြစ်ပြီး ကျန်အငယ်လေးမှာ (၅) နှစ်သာ ရှိသေးသည်၊ ဖိုးပြည့်နှင့် လက်မထပ်ခင်အချိန်ထိ သားအမိသုံးယောက် ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ကြသည်၊ အကြီးမ မယ်သုံက လိမ္မာရေးခြားရှိ



www.burmeseclassic.com

www.burmeseclassic.com

ပြီး သိတတ်သလို အငယ်မလေး မယ်ချစ်ကလည်း နာမည်နှင့်လိုက်အောင် ချစ်စဖွယ်ကောင်းသောကလေးမလေးဖြစ်၏။ အကယ်၍မယ်နစ်သာအရက်သမားဖိုးပြည့်နှင့် လက်မထပ်ဖြစ်ခဲ့လျှင် တစ်ကိုယ်တည်း မုဆိုးမဘဝနှင့် သမီးနှစ်ယောက်ကိုပြုစုပျိုးထောင်မည်ဆိုလျှင်ယခုကဲ့သို့ရင်နှင့်ဖွယ်ကိစ္စမျိုးကိုကြုံတွေ့ရလိမ့်မည်မဟုတ်။ ယခုတော့ – မြေပါလည်းဆုံး၊ သားလည်းဆုံးဆိုသလို သမီးလည်းဆုံး၊ လင်ဖြစ်သူကိုလည်း လူသတ်မှုနှင့် ရဲစခန်းသို့ ခေါ်သွားခဲ့လေပြီ။ အားလုံးက ဖိုးပြည့်သတ်သည်ဟုပင် တရားသေစွပ်စွဲနေကြသည်။ ထိုသို့စွပ်စွဲ၍ရအောင်လည်းဖိုးပြည့်၏လုပ်ရပ်များက သက်သေခံနေခဲ့ပြီမဟုတ်ပါလား။

“အသက်မက ချစ်ပါတယ်။ ဒါပေမဲ့လေ – ရွာရဲ့အလုပကေးလေးမို့ မမှန်းဝံ့ပါဘူး”

“အတူနေချင်လို့ နိုင်းဖက်လိုပဲ သဘောထားချင်ထားပါ။ မယ်နစ်အနားမှာ နေခွင့်ရရင် ကိုယ် ကျေနပ်ပါတယ်”

“လက်ထပ်တာတော့ဟုတ်ပါရဲ့။ ကိုယ်က လူမွဲဆိုတော့ မျက်နှာငယ်တာပေါ့”

“လက်ထပ်ပြီးရင် မိန်းမစကား တစ်ခွန်းဆို တစ်ခွန်းပဲ။ အရက်ဆို အနံ့တောင် မခံတော့ဘူး”

“ယူပြီးလို့ကတော့မောင့်မိန်းမချောချောလှလှလေးကိုဘယ်ဈေးရောင်းနိုင်းတော့မလဲ၊ တစ်အိမ်လုံး မောင့်တာဝန်လို့သာ မှတ်လိုက်တော့၊ မောင့်မိန်းမကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်ထားမှာ”

“ရွာထဲကဟာမတွေက သူတို့ နောက်လင်မရတာနဲ့ ပြောချင်ရာ ပြောတာပါကွာ၊ မောင်က သမီးတွေကို မောင့်သမီးအရင်းလေးတွေလိုချစ်တာဘာလဲ – မယ်နစ်က မယုံဘူးလား”



စသဖြင့် လျှာတွင် အရိုးမရှိတိုင်း၊ ခေါက်၍ပင့်၍ရတိုင်း ပြောချင်ရာ ပြောအားခဲ့သမျှ ယူပြီးသည့်နောက် လေထဲ၌ ပျောက်သွားခဲ့သည်။ အရက်ကို အနံ့ပင်မခံဟု ဆိုခဲ့ဖူးသာဖိုးပြည့်သည်အမှန်ပင်အနံ့မခံပါ။ တစ်ကျိုက်တည်း မော့ချပစ်သည်ချည်း။ မယ်နစ်ကိုလည်း ခြေမွေးမီးမလောင်၊ လက်မွေးမီးလောင်စေရန်အတွက် မီးဖွသွေးဖိုးမရှိလောက်အောင် အရက်သောက်ပစ်သည်၊ သည်ကြားထဲကြုံလျှင်ကြုံသလိုလောင်းကစားကလုပ်သေး၊ မယ်နစ်ကို တစ်ရွာလုံးက ကရုဏာဒေါသောနှင့် ပြောကြသည်က –

“မယ်နစ် – မယ်နစ် – နစ်ခါမိုက်တဲ့ဟာမ။ အခုတော့ – နစ်သထက်နစ်အောင် ဖိုးပြည့်လိုကောင်ကိုမှ ယူရသလား” ဟူ၍ ...။

ယခုရက်ပိုင်း ဖိုးပြည့် အရျိုးတစ်မျိုး ပြောင်းနေသည်ကို မယ်နစ် သတိထားမိသည်။ အရက်ကို ဆိုင်တွင် သွားမသောက်ဘဲ အကြီးမကို အရက်သွားဝယ်ခိုင်းကာ အိမ်တွင် သောက်သည်။ သောက်တော့လည်း တစ်ယောက်တည်းမဟုတ်ဘဲ ရွာထဲက ငပေငတေတစ်စုကို အိမ်သို့ပင့်ကာ တပျော်တပါးကြီးသောက်ကြသည်၊ သူတို့ပျော်တာ၊ ပါးတာ အရေးမကြီး။ အိမ်မှာက မိန်းမသားချည်းပဲမို့ သမီးတွေအတွက် မယ်နစ် စိုးရိမ်သည်၊ အရက်သမား အမှားလစ်ရာ မဟုတ်လား။ ထိုအထဲ၌ ဦးနက်၏သား မောင်နီက အဆိုးဆုံး။

မောင်နီကလည်း ဖိုးပြည့်နှင့် ယှဉ်ရသော် ခေလှသည်တော့မဟုတ်။ သူ့လည်းသူ့ဖနှင့်သူ၊ မောင်နီ၏ဝါသနာက “မိန်းမ” ဖြစ်သည်။ အရက်ကလေးသွလာသည်နှင့် သူ ပွေခဲ့၊ ရှုပ်ခဲ့သည်များကို မစားရဝခမန်း တစ်တစ်ခွခွပြောတတ်သည်၊ အားလုံးကလည်း အရက်သမားတွေချည်းဖြစ်၍ သဘောကျကာ တဟီးဟီး တဟားဟားနှင့်၊ မယ်နစ်မှာလည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ထောင်းလည်း မထုတ်ရဲ၊ မဆူရဲ၊ မအော်ရဲဘဲ သမီးငယ်နှစ်ယောက်ကိုခေါ်ကာ အိမ်ရှေ့တွင်သာ ဈေးရောင်းနေရသည်၊ တစ်ခါတစ်ရံ ညသန်းခေါင်ယံတိုင်

သူတို့မပြန်ကြသေး။ မယ်နစ်လည်း သမီးနှစ်ယောက်ကိုဖက်ပြီးအိမ်ရှေ့ဆိုင်ခန်းကျဉ်းလေးထဲတွင် ငုတ်တုတ်ထိုင်ကျန်ရစ်ခဲ့လေသည်။

"သမီးလေးက ချစ်စရာလေးပဲ။ သမီး - ဦးဦးကို ချစ်လား"

သည်ရက်ပိုင်း မောင်နီ အလာစိပ်နေသည်ကို မယ်နစ် သတိပြုမိ၏။ ရံဖန်ရံခါ ဖိုးပြည့် မရှိလျှင်ပင် သူတစ်ယောက်တည်းလာကာ မယ်နစ်ကို စကားရှာသည်။ အကြီးမ မယ်ဘုံကို ဝင်ရောသည်။ မယ်နစ်မှာ မောင်နီကို ရန်မလုပ်ရဲပါ။ မငေါက်ရဲ၊ မောင်းမထုတ်ရဲပါ။ ပထမလာခါစက ခပ်ရင့်ရင့် အော်ငေါက်မိသည်ကို ဖိုးပြည့် သိသွားတော့ -

"မင်း - ရိုင်းလှချည်လား။ ငါ့သူငယ်ချင်းကို ဘယ်လိုဆက်ဆံတာလဲ။ သူက ငါ့ကို လာရှာတာနေမှာပေါ့။ ကောင်းကောင်းပြောတော့ ပါးစပ်ရွဲ့မှာစိုးလို့လား" ဟု လာရစ်သည်။

"အို - ရှင် - ဘာသိလို့လဲ။ ရှင့်သူငယ်ချင်း မောင်နီက မိန်းမပွေတဲ့သူ့ရှင့်ကျွန်မကိုလည်း ကာမပိုင်ရှိလျက်သားနဲ့ ပတ်သက်ချင်နေတာ"

"အမလေးလေး မယ်မင်းကြီးမ - မင်းကိုယ်မင်း လွန်ခဲ့တဲ့ခြောက်နှစ်ကကွမ်းတောင်ကိုင်အပျိုမလို့များ မှတ်နေသလား။ မင်းလိုကလေးနှစ်ယောက်အမေကို ငါလိုနွားကပဲ မျက်ကန်းလို့ယူတာ။ မောင်နီသာ လိုချင်တယ်ဆိုပြန်အမ်းလိုက်ချင်သေး - ဟေးဟေး"

"တောက် - မိုက်ရိုင်းလိုက်တာ။ ရှင်ပဲ - ကျွန်မကိုမရရင် သေပါတော့မယ်ဆိုလို့ ကျွန်မက သနားပြီးယူခဲ့မိတာ။ အခုတော့ - ပြန်အမ်းမယ် - ဟုတ်လား။ ရှင့်စိတ်ထဲမှာ ကျွန်မကို မိန်းမလို့တောင် မှတ်သေးရဲ့လား။ တစ်နေ့ရွှေဥတစ်လုံး ဥပေးနေတဲ့ ဘဲငန်းမကြီးလို့များ မြင်နေသလား - ဟင်"

ထိုသို့မယ်နစ် ရင်နာနာနှင့်ရန်တွေ့ပစ်လိုက်ချင်ပေမယ့် မယ်နစ်မပြောရဲပါ။ ဖိုးပြည့်က စိတ်မထင်လျှင် မထင်သလို လက်သံပြောင်သည်မို့ မယ်နစ်ကြောက်ရသည်။ မိတ်ဆွေများက မယူဖို့တားသည့်ကြားမှ ကိုယ့်ဘာသာကိုယ်ထပ်မိုက်ခဲ့မိ၍ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရင်း မယ်နစ်ခါးစည်းခံခဲ့သည်။



ဖိုးပြည့်ကိုလည်း သည်းခံရသည်။ ဖိုးပြည့်၏ အရက်သောက်ဖော်သောက်ဖက်များကိုလည်း သည်းခံရသည်။ ထိုအထဲတွင် အထက်တွင်ဆိုခဲ့သော မောင်နီကို သည်းညည်းခံရသည်မှာ အဆိုးဆုံးဖြစ်၏။

"ကဲဟာ - ကဲဟာ - အဲဒီသေနာကို စကားပြောဦး။ အဲဒီသေနာပေးတဲ့ မုန့်ကို စားဦး - ကဲဟာ"

"ဖုန်း - ဖုန်း - ဖုန်း"

"အမလေး - မလုပ်တော့ပါဘူး - အမေရဲ့၊ ကြောက်ပါပြီ - အမလေး အမေရဲ့"

တဖုန်းဖုန်း တဖြန်းဖြန်းအသံများက မယ်နစ်၏ဈေးဆိုင်ထဲတွင် ညံညံစီလျက် ထွက်ပေါ်နေသည်ကို အိမ်နီးချင်းများက နားမချမ်းသာဖွယ် ကြားနေရ၏။ ကြွက်မနိုင်၊ ကျီမီးနှင့် ရှိနေပြီ။ မောင်နီကို မပြောဝံ့သည်နှင့် အကြီးမမယ်ဘုံကို မဲပြီးရိုက်နေပြီမှန်း အိမ်နီးချင်းများ သဘောပေါက်လိုက်၍ အိမ်ချင်းကပ်လျက်မှ ဒေါ်ကြီးပုက မနေသာတော့ဘဲ -

"ဟဲ့ - မယ်နစ် - ကလေးကို ရိုက်လှချည်လား။ မယ်ဘုံက ဘာများလုပ်မိလို့တုံး"

ဟူ၍ ဝင်ပါရလေ၏။ ဒေါ်ကြီးပုက မိဘများလက်ထက်ကတည်းက ခင်မင်ရင်းနှီးစွဲရှိသောကြောင့် မယ်နစ် အနည်းငယ်လန့်သွားရသည်။ ဒေါ်ကြီးပုက မယ်နစ်ကိုငယ်စဉ်က ထိန်းကျောင်းလာခဲ့သူတစ်ဦးလည်းဖြစ်ရာ မယ်နစ်အတွက် ကြီးဒေါ်လိုမျိုးဖြစ်နေ၍လည်း လန့်သွားရခြင်းဖြစ်သည်။

"ဟို - ဟို - အိုတော် - ကလေးပဲ၊ ဆိုးလို့ရိုက်တာပေါ့ - အကြီးပုရယ်"

"ဩော် - ညည်းကလည်းအေ၊ ဆိုးလည်း တော်ရုံရိုက်ပေါ့၊ ခုရှုကလေးမခမျာ ကျိုးပဲ့ကုန်ပါဦးမယ်"

www.burmeseclassic.com

"အမလေး - မပူပါနဲ့ - ကြီးပုရယ်။ ဒီဟာမက အကြောမာပါတယ်။ ဒီကိစ္စကို မလုပ်ဖို့တားတာ နှစ်ခါရှိပြီ။ ခုထိမမှတ်သေးလို့ ရိုက်နေရတာ"

"ဘာကိစ္စမို့လို့လဲအေ"

"ဟို - ဟို - ကြီးပုရယ် မသိချင်ပါနဲ့တော်"

"ကဲ - ကဲ - ငါလည်း မမေးတော့ဘူး။ ညည်းလည်း မရိုက်နဲ့တော့။ လာ လာ - ငါ့မြေး - သွားအိမ်မှာ မုန့်လိုက်စားဦး - လာ"

အကြီးပု ဝင်ခေါ်လိုက်၍သာ သက်သာသည်မှတ်။ မဟုတ်လျှင် မယ်သုံ တစ်ယောက် ဖင်ပုပ်လောက်အောင်ကို အရိုက်ခံရဦးမည်။

ဟိုတစ်ခေါက်ကလည်း မောင်နီကျွေးသော ကွတ်ကီးမုန့်ကိုစားမိ၍ မိခင်ဖြစ်သူ မယ်နှစ်က စားရကောင်းလားဟုဆူကာ ဖင်ပုပ်အောင် ရိုက်ခဲ့ဖူးသည်၊ သုံးရက်လောက် ဆေးလိမ်းယူရသည်။ သို့ပေမဲ့ မယ်သုံ မမှတ်နိုင်ပါ။ ကွတ်ကီးမုန့်ကို မယ်သုံ ကြိုက်၍ဖြစ်သည်။ မောင်နီ ကွတ်ကီးမုန့် လာကျွေးလျှင် မယ်သုံမငြင်းဆန်နိုင်၊ အရိုက်ခံရမည်ကိုမေ့ပြီး ယူစားလိုက်မိသည်ချည်း။ နောက်ပြီး -

"ကိုယ့်အတွက် ဝယ်လာတဲ့မုန့်ကိုမှမစားရင် ကိုယ်ညံ့ရာကျမှာပေါ့"ဟု မယ်သုံ တွေးမိသည်။

ကလေးပီပီ ထိုသို့ရိုးရိုးရှင်းရှင်းသာ တွေးမိသော မယ်သုံကိုလည်း အပြစ်မတင်သင့်၊ သူ့ခမျာမှာလည်း မိခင်မယ်နှစ် နောက်အိမ်ထောင်ပြုပြီးကတည်းက သားသမီးကဏ္ဍ ပျောက်ဆုံးနေခဲ့တာ ကြာပြီ။ မယ်ချစ်ကလည်း (၆)နှစ်နားကပ်လာပြီမို့ တီတီတာတာစကားများပြောကာ မအေအနား အမြဲကပ်နေတတ်၍ မယ်သုံ့မှာ အကြီးပီပီ ခပ်ခွာခွာနေနေရသည်၊ သည်ကြားထဲ ပထွေးဖြစ်သူ ဖိုးပြည့်က ဟိုနိုင်း၊ သည်နိုင်းနှင့်။ မယ်သုံက မလုပ်လျှင် ဆူဆဲရိုက်ပုတ်သေးသည်။ နောက်ပြီး - မူးလာသည့်အခါမျိုးတွင် မယ်သုံတို့နှစ်ယောက်ကိုငါတို့လင်မယားကြား ဝင်ရှုပ်နေတဲ့ဟာလေးတွေဟုဆိုကာ သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်တတ်သေးသည်။ မယ်သုံမှာ ပထွေးဖိုးပြည့်ကို ရွံလည်းရွံ၊ မုန်းလည်းမုန်းသည်။ သို့သော် မအေကိုယ်တိုင်က ပထွေးဖြစ်သူ



ကိုကြောက်လန့်နေသည်ကြောင့် မယ်သုံ့အတွက် လွတ်မြောက်ရာလမ်းမှာ ဝေးလွန်းလှသည်။

မောင်တိုးကြွယ်က ရပ်ရေးရွာရေး ဆောင်ပိုးနေသော လူငယ်လေးဖြစ်၍ လိမ္မာရေးခြားရှိသော်လည်း လူမိုက်များကိုမှ မြင်ပြင်းကပ်နေသူဖြစ်၏။ အများအကျိုးရော၊ ကိုယ်ကျိုးပါ သယ်ပိုးဆောင်ရွက်ခြင်းမရှိသည့်အပြင် တာဝန်ပင် မကျေသော ဆန်ကုန်မြေလေးများကို မျက်စိစပါးမွေးစူးက တွေ့လျှင်တွေ့သည့်နေရာ၌ပင် ဆွဲထိုးချင်စိတ် ပေါက်မိ၍ ဖိုးပြည့်တို့၊ မောင်နီတို့နှင့် မဆုံအောင် တတ်နိုင်သလောက် ကြိုးစားသည်။ ခပ်ဝေးဝေးမှ လှမ်းတွေ့လျှင်လည်း ကွေ့ကွင်းရှောင်ဖယ်သွားလေ့ရှိ၏။ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမိုဝဲနဲ့ ကင်းအောင်နေ ဆိုသည့်အတိုင်း ဝေးဝေးကတည်းက ရှောင်လွှဲသွားတတ်သည်မှာ မောင်တိုးကြွယ်၏အကျင့်။

ထိုနေ့က သူငယ်ချင်း မောင်စိန်ဒင်နှင့်အတူ အလှူခံထွက်ကြခြင်းဖြစ်သည်။ ကိစ္စက ရွာဦးဘုန်းကြီးကျောင်းတွင် ဝါဆိုသင်္ကန်းကပ်လှူရန်အတွက် အလှူခံထွက်ခြင်း။ တစ်အိမ်တက်၊ တစ်အိမ်ဆင်း အလှူခံကြရင်း မယ်နှစ်တို့ဆိုင်ရှေ့သို့ ရောက်လာခဲ့သည်။

"မမယ်နှစ်ရေ - အလှူခံဗျို့။ သဒ္ဓါသလောက် နည်းများမဆို ကုသိုလ်ပါဝင်ပါဦး"

မောင်စိန်ဒင်က ပြဇာတ်ရှုပီသစွာ သံနေသံထားပါပါနှင့် လော်မလိုသည့် အသံဝါကြီးဖြင့် ဆော်ဩလိုက်၍ ဆိုင်ထဲတွင် မြေပဲလှော်ထုပ်နေသော မယ်နှစ်လည်း ငွေတစ်ရာကို ဗလားထဲသို့ လှမ်းထည့်လိုက်သည်၊ အလှူဒါနတွင် မယ်နှစ်တို့က လက်မနှေးချေ။

"သာဓု - သာဓု - သာဓုပါဗျား။ အခုလို ငွေတစ်ရာ လှူဒါန်းရသောအကျိုးကြောင့် မမယ်နှစ်တစ်ယောက် သိန်းဆုကြီးများ ပေါက် - ပေါက်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ – တစ်ရာ – တစ်ရာကြီးများတောင် – ဟုတ်လား – မယ်နှစ်၊ နင့်က နင့်လင်ငယ်တွေကို တော်တော်သဒ္ဓါနေတယ်ပေါ့လေ"

အိမ်ခန်းထဲတွင် ဘယ်အချိန်ကတည်းက နားစွင့်နေသလဲမသိသော ဖိုးပြည့်က ဝုန်းခနဲ ပြေးထွက်လာပြီး လူရှေ့မရှောင်၊ သူရှေ့မရှောင် မယ်နှစ်၏ ဆံထုံးကို ဖမ်းဆွဲကာ ကြိမ်းမောင်းလေသည်။ အပြောအဆိုကလည်း ရင့်သီးလွန်း၍ မောင်တိုးကြွယ် ဒေါသ ထောင်းခနဲထွက်သွားမိတာကြောင့် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ပြောမိတော့ဆဲဆဲ၊ မောင်စိန်ဒင်က တားမြစ်လိုက်၍ ကိုယ်ရှိန်သတ်လိုက်ရ၏။

"ငါ့ကိုတော့ အရက်ဖိုးမပေးချင်ဘူး၊ နင့်လင်တွေတောင်းတော့ ရော့ဆိုပြီး တစ်ရာတောင် ပေးလိုက်တယ်၊ နင်တို့သားအမိတွေ မရှိမှအေးမယ်"

"အား – အမလေး – မလုပ်ပါနဲ့ – ကိုဖိုးပြည့်ရဲ့"

"တိတ်စမ်း – မသာမ – ဖုန်း – ဖုန်း"

"အီး – မေကြီး – မေကြီး"

"ခွေးမလေး – ပါးစပ်ပိတ်စမ်း၊ နားညည်းတယ်၊ သေချင်နေလား"

မကြားဝံ့၊ မနာသာများကို ပြောဆိုမာန်မဲနေသောဖိုးပြည့်ကိုစိတ်ရှိလက်ရှိပြေးထိုးပစ်လိုက်ချင်ပေမယ့် ရုံးရောက်၊ ဂါတ်ရောက်ဖြစ်မည်စိုး၍ ဒေါသကို မျိုသိပ်ကာ မောင်တိုးကြွယ် လှည့်ထွက်လာသည်။ စိတ်ထဲ၌တော့ တစ်ကွေ့ မဟုတ်၊ တစ်ကွေ့တွေ့ကြဦးမှာပေါ့ – ဖိုးပြည့်ရာဟူ၍ ကြုံးဝါးထားလိုက်၏။

မယ်ချစ်ကလေးတစ်ယောက် အသေဆိုးနှင့် သေဆုံးသွားရသည့် သတင်းက စိန်ပန်းသာရွာကလေးကို တောမီးထက်မြန်သောအဟုန်ဖြင့် ပျံ့နှံ့သွားခဲ့သည်။ သေသည်မှ သွေးရိုးသားရိုးမဟုတ်ဘဲ ပိုးစိုးပက်စက် သူများ သတ်တာ ခံရခြင်းဖြစ်ရာ တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရသည်။ မယ်နှစ် ခမျာလည်းအရူးမီးဝိုင်း ....။ ငိုချည်းပဲနေ၍မကြာမကြာ တက်၊ ချက်သွားသော



ကြောင့် ရွာသူများက ဝိုင်းကာဝန်းကာ ခြေမရိုးသူက ရိုး၊ နာခေါင်းဝသို့ နာရှူ ဘူး တေ့သူက တေ့နှင့် အလုပ်များလျက် ရှိကြ၏။ တိုက်ဆိုင်စွာပင် မယ်ချစ် ကလေး၏အလောင်းကို တွေ့သည့်မနက်က ဖိုးပြည့်တစ်ယောက် ပျောက် နေသည်။ ပုံမှန်ဆို သည်အချိန် ရွာထိပ်က အရက်ဆိုင်တွင် အရက်သောက် နေကျဖြစ်သောဖိုးပြည့်က ထိုနေ့ကျမှ ဘယ်အချိန်က ထထွက်သွားမှန်းမသိ၊ ဘယ်သွား၍ ဘယ်လာမှန်းမသိအောင် အစအန ပျောက်နေသဖြင့် အားလုံး က ဖိုးပြည့်သတ်သည်ဟုချည်း ထင်ကြသည်။ နောက်ပြီး – ဖိုးပြည့်ကိုယ်တိုင် က တစ်ချိန်လုံး သတ်မည်တကဲကဲ ပြောဆိုကြိမ်းမောင်းနေခဲ့သည်ကိုး။

နေမြင့်တော့ အရက်ကလေးတထွေထွေနှင့် ဖိုးပြည့် ရောက်လာသည်။ ရွာသားများက ဝိုင်းရိုက်ကြမည်လုပ်၍ သူကြီးကပင် ဥပဒေဖြင့် အရေးယူရ မည်ဟု အမိန့်ပေးကာ ဝိုင်းဖမ်းနိုင်းကြသည်။ နဂိုကတည်းက တစ်ရွာလုံးမုန်း နေသူဖြစ်သောကြောင့် မောင်တိုးကြွယ်တို့လူငယ်တစ်စုမှာ ဝမ်းသာအားရ ဖမ်းချုပ်ခေါ်ကာ ဂျစ်ကားပေါ်တင်ပြီး ရဲစခန်းသို့ ပို့လိုက်လေသည်။

"ဟဲ့ – ဟဲ့ – ဟိုမှာ ရဲသားကြီးတွေ လာကြတယ်။ အလောင်းကိုစစ်ဆေး မလို့တဲ့"

"အလိုတော် – သတ်တဲ့လူတောင် ဖမ်းမိနေပြီပဲဥစ္စာ၊ အလောင်းကို ဘာလို့စစ်နေဦးမှာတုံး"

"သူတို့ကအထင်နဲ့ရမ်းပြောလို့မရဘူး၊ သက်သေခံပစ္စည်းတွေကလည်း သိပ်အရာမဝင်လို့ ဖွဲလွန်စဆိုလား၊ ကြိုးလွန်စဆိုလား မသိဘူး၊ အဲဒါ – လာ ရှာတယ်ဆိုပဲ"

"သဲလွန်စလုပ်စမ်းပါအေ၊ ဒါလေတောင် မသိဘူးလား – အံ့ပါ့"

"အေးအေး – အဲဒါကို လာရှာတယ်ပြောရဲ့"

www.burmeseclassic.com

"ဪ - ဒါကြောင့် - တို့သူကြီးက ကလေးအလောင်းကို မထိကြနဲ့ဦး၊ မယ်နှစ်နဲ့ မယ်သုံ့တို့ကိုလည်း ကြီးပုတို့အိမ်မှာ ခဏနေ၊ လူသေတဲ့အိမ်ကို သေချာပိတ်ဆို့ထားလို့ ပြောတာကိုး။ တယ်အမြော်အမြင်ရှိတဲ့ တို့ရဲ့သူကြီး ပဲတဲ့"

"ရော် - ဒါကတော့ - သူလည်း နိုင်ငံခြားကားတွေကြည့်ပြီး သိနေတာ နေမှာပေါ့အေ၊ ကဲပါ - ပြီးရင် - ကျုပ်တို့လည်း သွားစပ်စုကြတာပေါ့"

ရေငင်နေကြသော အပျိုမတစ်စုက တီးတိုးတီးတိုး သဖန်းပိုးလုပ်ကာ ရွာ၏အထင်ကရသတင်းကို ဖောက်သည်ချနေကြခြင်းဖြစ်သည်။ အားလုံး ကလည်း ရွာထဲသို့ ကားစိမ်းကြီးတစ်စီး ဝင်လာပြီးကတည်းက လုပ်စရာ အလုပ်ကို ဖြောင့်အောင်မလုပ်နိုင်ဘဲ ထိုကားကြီးပေါ်မှ ဆင်းလာသော ယူနီဖောင်းအစိမ်းနှင့် လူကြီးနှစ်ယောက်ကို စိတ်ဝင်စားလျက် ရှိကြသည်။ တစ်ဦးက အသက်(၃၅)နှစ်အရွယ် ညိုညိုထောင်ထောင်မောင်းမောင်းနှင့် ပြတ်သားတင်းမာသောရုပ်ရည်ပိုင်ရှင်ဖြစ်ပြီး ကျန်တစ်ဦးကတော့ အသက် (၂၅)၊ (၃၀)ခန့်ရှိပြီး ဖြူဖြူသွယ်သွယ်နှင့်သဘောမနောကောင်းမည့်ပုံဖြစ်၏။ နှစ်ယောက်လုံးက သူကြီး၏အိမ်သို့ဝင်သွားကြပြီး သူကြီးနှင့် စကားပြောဆို နေကြသည်။

"သူကြီး - မောင်နီ ရောက်လာပါပြီ။ အိမ်ပေါ်လွှတ်လိုက်ရမလား"

"ဆရာတို့ရဲ့သဘောကို ပြောပါခင်ဗျာ့"

"လွှတ်လိုက်တဲ့၊ အဲ - တခြားမဆိုင်တဲ့သူတွေတော့ မလာစေချင်ဘူး" အသားညိုညိုနှင့်လူက ခပ်တည်တည်ဆိုလိုက်၏။

"ကဲ - ဦးရှမ်း - မင်းကြားတဲ့အတိုင်းပဲ။ သူ့ချည်း လွှတ်လိုက်နော်၊ ဟို - မစပ်စုမတွေ တက်မလာစေနဲ့"

"ဟုတ်ကဲ့ - သူကြီး"

ဆယ်အိမ်ခေါင်း ဦးရှမ်းက အိမ်ပေါ်မှ ဆင်းသွားပြီးမကြာ အသားဖြူ[illegible] လူပုံနွဲ့နွဲ့နှင့် ရုပ်ဖြောင့်ဖြောင့်လူငယ်တစ်ယောက် အိမ်ပေါ်သို့ တက်လာ[illegible] သည်။ လူငယ်၏မျက်နှာက အကြောက်လွန်နေဟန်ရှိပြီး သူကြီးကိုပ[illegible]



ခဲ့ရဲ့မကြည့်ဘဲ မျက်တောင် တဖျတ်ဖျတ်ခတ်လျက် ဂနာမငြိမ်ဖြစ်နေ၏။

"သူ - သူကြီး - ခေါ်တယ်ဆိုလို့"

"အေး - ဝင်ခဲ့ - မောင်နီ။ လာ - ဒီမှာလာထိုင်ဦး။ မင်းကို ဒီကရဲအရာရှိ ကြီးတို့က မေးစရာရှိလို့တဲ့"

"ဗျာ"

မေးစရာရှိသည်ဟူသောအသံ ကြားသည်နှင့် မောင်နီ့တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားပြီး နောက်သို့ လှည့်ပြေးမည့်ပုံရှိ၍ သူကြီး ဦးမြသန်းက -

"ဟိတ်ကောင် - ပြေးဖို့မကြံနဲ့နော်၊ ပြေးလည်း အောက်ကရွာသားတွေ က မင်းကို ဝိုင်းဖမ်းမှာပဲ၊ ပြေးရင် ပိုဆိုးမယ်"

ဟု ကြိမ်းမောင်းလိုက်မှ မောင်နီ၏ နောက်လှည့်ပြေးမလိုရှိနေသည့် ခြေလှမ်းများ တုံ့ဆိုင်းရပ်တန့်သွားပြီး ရဲအရာရှိကြီးဆိုသော လူနှစ်ယောက်ကို ခုံ့မရဲလှမ်းကြည့်ကာ အသံတုန်တုန်ဖြင့် -

"ကျုပ် - ကျုပ် - မသတ်ပါဘူးဗျာ၊ တကယ်သတ်တာက တိုး - တိုးကြွယ် ပါ"

ဟုပြောချလိုက်၏၊ မောင်နီ့အဖြေကြောင့် သူကြီးဦးမြသန်း မျက်လုံးပြူး သွားရတော့သည်။

"ဟိတ်ကောင် - မင်း မူးနေလား၊ ဘာတွေလျှောက်ပြောနေတာလဲ၊ [illegible]ကြွယ်က ကလေးကို ဘာဖြစ်လို့သတ်မှာလဲ"

"အဲ - အဲဒါတော့မသိဘူး၊ ယုံပါ - သူကြီးရယ်၊ ကျုပ် - ကျုပ် မသတ်ပါ [illegible]ဗျာ၊ ကျုပ် - လူမသတ်ရဲပါဘူး"

"တော်စမ်းကွာ - လာထိုင်စမ်း၊ ငါလည်း ခေါင်းတွေ ရှုပ်ကုန်ပြီ၊ မင်းက [illegible]ဖြစ်လို့တိုးကြွယ်ကိုစွပ်စွဲရတာလဲ၊ တိုးကြွယ်ဆိုတာ လူရိုးလူကောင်းမှန်း [illegible]တစ်ရွာလုံးအသိပဲကို"

www.burmeseclassic.com

သူကြီးက ဝေါက်ငမ်းခေါ်လိုက်၍ မောင်နီလည်း လှည့်မပြေးဝံ့တော့ဘဲ သူကြီးတို့ထိုင်နေရာဆီသို့ ခပ်ရွံ့ရွံ့လျှောက်လာပြီး ဆက်တီတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူကြီး ဦးမြသန်းမှာ အမှန်လည်း စိတ်ရှုပ်သွားပုံရသည်။ ပြောင်တင်းနေသော သူ့ငယ်ထိပ်ကို လက်ဝါးကြီးနှင့်ပွတ်သပ်ရင်း စဉ်းစားခန်း ဝင်နေ၏။ နံဘေးက ရဲအရာရှိနှစ်ဦးကိုပင် ခဏမေ့သွားပုံရသည်။

“မောင်တိုးကြွယ်ဆိုတာက ဘယ်သူလဲ - သူကြီး”

ဖြူဖြူသန့်သန့်နှင့် ဒုရဲအုပ်လေးက မေးလိုက်ခြင်းဖြစ်သည်။

“စောစောက အရက်သမားဖိုးပြည့်ကို လာပို့တဲ့အထဲမှာ ပါတယ်လေ ဆရာ၊ အသားညိုညို၊ အရပ်ရှည်ရှည်နဲ့တစ်ယောက်လေ ...”

“ဪ - အင်္ကျီအဖြူကွက်နဲ့တစ်ယောက် ထင်တယ်”

“ဟုတ်ပါတယ်”

“နေပါဦး - မောင်နီက ဘာဖြစ်လို့မောင်တိုးကြွယ်ကို လူသတ်သမား[...] ထင်ရတာလဲ”

ဒုရဲအုပ်က ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေရာမှ မောင်နီဘက်[...] လှည့်ပြီး မေးခွန်းထုတ်လိုက်သည်။ မောင်နီက ဒုရဲအုပ်ထက်မြက်၏မေး[...] သံကို ကြားရုံဖြင့် ထခုန်မတတ်တုန်သွားကာ ဒုရဲအုပ်၏မျက်နှာကို မျက်လုံး[...] ပြူးကြီးဖြင့် စိုက်ကြည့်ရင်း ဆွံ့အနေသည်။ သူကြီးလည်း မနေသာဘဲ ဝင်[...] ပြန်သည်။

“ဟဲ့ - မောင်နီ - ဒီလောက်လည်း ကြောက်မနေစမ်းနဲ့၊ မင်းမလုပ်[...] သေချာတယ်မဟုတ်လား၊ ဟင် - ပြောလေ”

“သေ - သေချာပါတယ် - သူကြီး၊ ကျုပ် - ကျုပ် - မယ်ချစ်လေး[...] မသတ်ရဲပါဘူးဗျာ၊ သတ်လည်း မသတ်ရက်ပါဘူး”

“ကဲ - ဒါဆိုလည်းဖြစ်ကြောင်းကုန်စင်ကိုမင်းသိတဲ့အတိုင်းရဲအရာရှိ[...] တွေကို ပြောပြမှပေါ့”

“ဟုတ် - ဟုတ်ကဲ့ - ဒီလိုပါ၊ မနက်ဝေလီဝေလင်းတုန်းက ကျုပ် - ကျ[...] ဖိုးပြည့်တို့အိမ်ကို သွားခဲ့ပါတယ်၊ ဒါကလည်း ဟိုဘက်ရွာက အရက်ဆိုင်[...] ထန်းရည်ချိုတွေကို အရက်နဲ့ ရောသောက်တာ ကောင်းတယ်ကြားလို့ သွားသောက်ဖို့ အဖော်လာညှိတာပါ၊ ဖိုးပြည့်ကို ဝင်ခေါ်ပြီး ထန်းရည်ချိုအရက် သွားသောက်ကြမယ်ပေါ့၊ အဲဒါ - ဖိုးပြည့်တို့အိမ်နားအရောက် တိုးကြွယ်ကို ဖိုးပြည့်တို့ခြံထဲက ထွက်လာတာကို တွေ့လိုက်ရတယ် - သူကြီး၊ ပုံစံက နီးကြောင်ခိုးဝှက်နဲ့၊ ဒါနဲ့ - ကျုပ်လည်း အပင်နားမှာကွယ်ပြီး သူကျော်သွားတဲ့ အထိ ပုန်းနေမိတယ်၊ ဘာမှန်းညာမှန်းမသိတော့ အမှုပတ်မှာကြောက်လို့ပါ၊ တခြား ဘာသဘောမှ မပါပါဘူးဗျာ - တကယ်ပါ၊ အမယ် - တိုးကြွယ်က အားရပါးရကြုံးဝါးသွားသေးတယ်၊ ကျုပ်နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာပါ၊ ဘာတဲ့ - ကဲ - ပြည့် - မင်းအခုတော့ မှတ်ပြီမဟုတ်လား၊ ပြန်လာမှအမလေးဟပြီး ငိုကြီးချက်မဖြစ်မှာ မြင်ယောင်သေး၊ အင်း - ဖိုးပြည့်ကို အမြင်ကတ်လွန်လို့သာ လုပ်ရတာ၊ အပြစ်မရှိတဲ့သူကို ဒုက္ခပေးရတဲ့အတွက် စိတ်မကောင်းတော့ ဖြစ်မိတယ် - တဲ့ - ဆရာ၊ အဖြေက ရှင်းနေပါပြီ၊ ကျုပ်တိုးကြွယ်ကို စွပ်စွဲတာ မဟုတ်ရပါဘူး၊ ဖိုးပြည့်ကို ဒုက္ခပေးချင်တာနဲ့ မယ်ချစ်လေးကို တိုးကြွယ် သတ်လိုက်တာနေမှာပေါ့ဗျာ”

မောင်နီက ထိုနေရာတွင် စကားကို အဆုံးသတ်လိုက်ပေမယ့် ဒုရဲအုပ်ထက်မြက်၏ အကြည့်စူးစူးတို့ကတော့ မောင်နီ၏မျက်နှာတစ်ဝိုက်၌ ရစ်သီရှုစိုက်နေဆဲ၊ မောင်နီ့အမူအရာ၊ မျက်နှာအနေအထားတို့ကို အကဲခတ်ကာ လိမ်ညာလှည့်ဖြားနေသလား၊ အမှန်အတိုင်း ဝန်ချနေသလားဆိုတာကို ဆုံးဖြတ်နေဟန်တူသည်။

မောင်နီက မြာပွေသောကောင်ဆိုပေမယ့် သူ့တွင် (၈)နှစ်၊ (၉)နှစ်ငယ်သော ညီမလေးများရှိ၍ ကလေးများအပေါ်တော့ ကြင်နာတတ်သည်။ မိဘများက ပိုက်ဆံရှိလူတန်းစားဖြစ်သောကြောင့် ကြက်သတ်၊ ဝက်သတ်ပင် လုပ်ဖူးသူမဟုတ်၊ နောက်ပြီး - လူပုံက ခပ်နွဲ့နွဲ့ဖြစ်ပြီး အရက်မူးလျှင်လည်း ခေါ်တောတောနိုင်ရုံကလွဲ၍ သွေးမဆိုးတတ်သဖြင့် လူသတ်ဝံ့လောက်သည့် သတ္တိမျိုး မရှိနိုင်ဟု သူကြီး တွေးမိသည်၊ သည်အတိုင်းဆို ဖိုးပြည့်အပေါ်





www.burmeseclassic.com

www.burmeseclassic.com

ပညာပေးချင်သောစိတ်ကြောင့် မောင်တိုးကြွယ်တစ်ယောက် မကြံကောင်း စည်ရာတွေကိုများ ပြုလုပ်မိခဲ့လေသလား။

တိုးကြွယ်က အသက်(၁၈)နှစ်အရွယ်ဖျတ်လတ်တက်ကြွသည့်လူငယ် တစ်ယောက်။ မွေးချင်းညီအစ်ကိုသုံးယောက်တွင် အငယ်ဆုံးဖြစ်ပြီး အတန်း ပညာကိုလည်း ဆယ်တန်းအောင်သည်အထိ ကောင်းစွာသင်ကြားဖူးသူ။ မိဘသားစုလုပ်ငန်းကလည်း တိရစ္ဆာန်မွေးမြူခြင်းဖြစ်ရာ ကြက်၊ ဝက်သတ်ရာ တွင် လက်ယဉ်နေလေပြီ။ နောက်ပြီး – သည်ကောင်လေးက မြင်ပဗဟုသုတ



"ဟာ–မဟုတ်
မဟုတ်ရပါဘူးဗျာ–မဟုတ်ရပါဘူး။
ကျွန်တော်–ကျွန် တော်–တလေးကို
မသတ်ပါဘူး။ ဘာဖြစ်လို့ သတ်ရမှာလဲ
ဟာ–မောင်နီ ဘာတွေပြောသွားတာ
ပါလိမ့်။ သူကြီးရယ်–ပြောပေးပါဦး။
ကျွန်တော်က အဲဒီလိုလူမျိုး မဟုတ်
ဘူးဆိုတာ သူကြီးအသိဆုံးပါ။"



ကြွယ်သူလည်းဖြစ်၍ပြစ်မှုရေးရာနှင့် လက်တစ်လုံးခြားလိမ်လည်မှုများ အတော်အသင့်သဘောပေါက် နားလည်မည့်သူ ...။

"ကျွန်တော်တို့ မောင်တိုးကြွယ်ကိုလည်း ခေါ်စစ်ကြည့်ရင် အရှုံးမရှိပါ ဖြစ်မလား – သူကြီး"

ကိုယ့်အတွေးနှင့်ကိုယ် ငိုင်စင်းစင်းဖြစ်နေသည့်သူကြီးက ဒုရဲအုပ်လေး အမေးကို ကောင်းစွာမကြားလိုက်သဖြင့် "ခင်ဗျာ" ဟူ၍ ထပ်ခါမေးလိုက်ရ သည်။

"ကျွန်တော်တို့ မောင်တိုးကြွယ်ကိုလည်း မောင်နီပြောတဲ့ကိစ္စနဲ့ပတ် သက်ပြီး ခေါ်မေးကြည့်ချင်တယ်။ အဲဒါ ... သူကြီးအနေနဲ့ ..."

"ဪ – ရပါတယ် – ရပါတယ်။ ကျုပ်ရဲ့ရွာသားတွေပဲ။ ကျုပ် ခေါ်လိုက် မယ်"

သူကြီးက မောင်နီကို ပြန်လွှတ်လိုက်ကာ အိမ်အောက်တွင်သာ ရှိနေ သောမောင်တိုးကြွယ်ကိုခေါ်ခိုင်းလိုက်၏။ ရဲအရာရှိကြီးများက မောင်တိုးကြွယ် ကို ခေါ်မြန်းလိုသည်ဟု ကြားသိရ၍ ရွာသူရွာသားအားလုံး အံ့သြဘနန်းဖြစ် ကြရသည်။ တစ်ဦးနှင့်တစ်ဦး တံတောင်နှင့်တွတ်ကာ သို့လော သို့လော ဖြစ် နေကြသည်။

"အေးကွ – ဟိုတစ်နေ့ကတော့ တိုးကြွယ်တစ်ယောက် ဖိုးပြည့်ကိုပညာ ပေးဦးမယ်ဆိုပြီး ကြုံးဝါးနေတာတော့ ကြားရဲ့။ ဒီကောင် – ဒီလောက်မမိုက် လောက်ပါဘူးကွာ"

"ပြောမရဘူးလေကွာ။ သူက ဖိုးပြည့်တို့၊ မောင်နီတို့ကို အသေမုန်းနေ တာ။ သူတို့ကို ချောက်ချဖို့အတွက် မယ်ချစ်ကလေးကို သတ်လိုက်သလားမှ မသိဘဲ"

ဤသဖြင့် မောင်တိုးကြွယ်၏သူငယ်ချင်းတချို့ကလည်း သိသလောက်၊ မသိသလောက်နှင့် တွေးတောစုံထောက်နေကြသည်။ တိုးကြွယ်ကတော့ ငြိမ်း လူမိဟန်ဖြင့် အနည်းငယ် မှုပျက်နေ၏။

www.burmeseclassic.com

"သူကြီး - ကျွန်တော့်ကို ခေါ်တယ်ဆို၊ ဘာခိုင်းမလို့လဲခင်ဗျာ"

"ငါခေါ်တာ မဟုတ်ဘူးကွ။ ဒီကဆရာကြီးတွေခေါ်တာ။ လာကွာ - ထိုင်"

"ဟုတ်ကဲ့"

မောင်တိုးကြွယ်က ဆက်တီခုံတစ်လုံးတွင် ရိုရိုကျိုးကျိုး ဝင်ထိုင်ပြီး ခေါင်းငုံ့နေသည်။ သူ့ပုံစံက ပြုလုပ်ခဲ့မိသောပြစ်မှုအတွက် စိတ်မလုံမလဲဖြစ် နေဟန်အပြည့် ...။

"မောင်တိုးကြွယ်က လူတော်လူကောင်းလေး၊ ရွာက အားကိုးရ လူငယ်လေးလို့ သူကြီးက ပြောတယ် - ဟုတ်ရဲ့လားကွ"

"ဒါကတော့ လူတွေရဲ့အမြင်ပါ၊ ကျွန်တော်လည်း မပြောတတ်ပါဘူး"

"လူမိုက်က ဆိုးရင် မြင်သာတယ်၊ လူလိမ္မာ ဆိုးရင်တော့ ပညာပါ ကွ၊ အခု - ရွာသားအားလုံးက မင်းအပေါ်မှာ အကောင်းမြင်နေကြမှာပဲ ဒီဟာကို အခွင့်ကောင်းယူပြီး သူများအပေါ် ချောက်ချချင်တဲ့စိတ်နဲ့ မင်းဖြစ် ကျူးလွန်ခဲ့ရင်တော့ ကံတရားက မင်းကို ကြည့်နေမှာမဟုတ်ဘူး။ ဥပဒေ ရှေ့မှောက်ကို ရောက်အောင်ပို့ပြီး ဒဏ်ခတ်ခိုင်းမှာပဲ"

"ဟို ... ဆရာတို့ပြောတာ ကျွန်တော် နားမလည် ..."

မောင်တိုးကြွယ်ကို စကားဆုံးအောင်ပင် ပြောခွင့်မပေးတော့ဘဲ ရဲအ ကိုဘလှိုင်က တင်းမာခက်ထန်သည့်မျက်နှာထားနှင့် လိုက်ဖက်ညီလှသော ပြတ်ပြတ်သားသားလေသံဖြင့် -

"ဘာမှနားမလည်ချင်ယောင် ဆောင်မနေနဲ့၊ ကလေးကို မင်း သတ် တာလို့ မောင်နီက သက်သေခံသွားပြီးပြီ"

ဟု ခိုင်ခိုင်မာမာ ပြောချလိုက်ရာ မောင်တိုးကြွယ်ခမျာ ပါးစပ်အဟောင်း သားနှင့် ဆက်တီခုံနောက်မှီပေါ်သို့ ပက်လက်လန်သွားပြီး -

"ဟာ - မဟုတ် - မဟုတ်ရပါဘူးဗျာ - မဟုတ်ရပါဘူး။ ကျွန်တော် - ကျွန် တော် - ကလေးကို မသတ်ပါဘူး။ ဘာဖြစ်လို့ သတ်ရမှာလဲ၊ ဟာ - မော



အတွေပြောသွားတာပါလိမ့်၊ သူကြီးရယ် - ပြောပေးပါဦး၊ ကျွန်တော်က ဒီလိုလူမျိုး မဟုတ်ဘူးဆိုတာ သူကြီးအသိဆုံးပါ"

"အင်း - အဲဒါတော့ဟုတ်တယ် - ဆရာကြီးတို့၊ မောင်တိုးကြွယ်က လောက်မိုက်လိမ့်မယ်လို့ ကျုပ်တော့မထင်ဘူး။ မောင်နီများ သက်သက်မဲ့ ချသလားမသိ"

သူကြီး၏စကားကို ဒုရဲအုပ်ထက်မြက်က ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းခါ လိုက်ပြီး -

"မောင်နီ မလိမ်ဘူး - သူကြီး၊ ကျွန်တော်က မျက်နှာတွေကို ကောင်း ကောင်းဖတ်တတ်ပါတယ်၊ သူ့ပုံစံက အမှန်အတိုင်းဖွင့်ပြောသွားတာသေချာ တယ်၊ အဲ - ကိုတိုးကြွယ်ရဲ့မျက်နှာမှာတော့ အဖြစ်မှန်တစ်ခုကို ဖုံးကွယ် ထားတဲ့ အရိပ်အယောင်တွေ တွေ့နေရတယ်၊ ဟုတ်တယ်မဟုတ်လား ကိုတိုးကြွယ်"

"ဟို - ဟို - ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ ယုံပါ - ကျွန်တော် - ကလေးကိုမသတ် ဘူး၊ သတ်စရာလည်း အကြောင်းမရှိပါဘူး"

"မင်းက ဖိုးပြည့်တို့အုပ်စုကို မျက်မုန်းကျိုးနေတယ်ဆို ..."

"အဲဒါတော့ ဟုတ်ပါတယ်၊ သူတို့က လောကကို အကျိုးမပြုတဲ့ ဆန် မြေလေးတွေမို့ ကြည့်မရတဲ့သဘောပါ၊ ဒီလောက်ပါပဲဗျာ"

"လွန်ခဲ့တဲ့နှစ်ရက်ကလည်း ဖိုးပြည့်တို့အိမ်ကို အလှူခံထွက်ရင်း ဖိုးပြည့် နဲ့ဖြစ်မလိုဖြစ်ခဲ့သေးတယ်လို့ ရွာသားတစ်ယောက်က ပြောတယ်၊ အဲဒါ - ဟုတ်သလား"

"ဖိုးပြည့်က မိုက်ရိုင်းလွန်းလို့ပါဗျာ၊ သူ့မယား မယ်နစ်က အလှူငွေ ရာထည့်တာကို အလိုမကျလို့ ဆူဆဲရိုက်ပုတ်ပြီး ကျွန်တော်တို့နဲ့လည်း သေးတယ်၊ အဲဒီ ချိုးကပ်မယ့်ကောင်ဗျ"

"ဟုတ်ပါပြီ - လူသတ်မှုဖြစ်တဲ့ မနက်စောစောက မင်း ဘယ်မှာရှိနေလဲ၊ တွေလုပ်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ် ဦးဘလှိုင်က ကွေ့ဝိုက်မနေဘဲ တည့်တိုးမေးချလိုက်သည်။ ရဲအုပ်ကြီး၏အမေးစကားကြောင့် မောင်တိုးကြွယ်၏မျက်နှာ အောက်သို့ ငုံ့သွားပြီး -

"အိမ် - အိမ်မှာပဲ အိပ်နေတာပါ"

ဟု အသံပြတ်တောင်းတောင်းဖြင့် ဖြေသည်။ အမှုအရာကလည်း မှုမပျက်အောင် အတင်းထိန်းထားမှန်း ပေါ်လွင်လှသည်။

"ဟုတ်လား။ ဒါဆို - မောင်နီက မင်းကို ဖိုးပြည့်တို့အိမ်နားမှာ တွေ့တယ် လို့ ဘာဖြစ်လို့ပြောရတာလဲ"

"ဗျာ ..."

အာမေဋိတ်သံတစ်လုံး ရေရွတ်ကာ ရဲအုပ်ကြီး၏မျက်နှာကို ကြောင် လန့်တကြား မော့ကြည့်ရင်း မောင်တိုးကြွယ် ဆွံ့အသွားသည်။ သူ့လုပ်ရပ် မည်သူမျှ မြင်တွေ့မည်မဟုတ်ဟု တရားသေ ယုံကြည်ထားခဲ့ပုံရသည်။

"ဖြေလေ - လူသတ်မှုဖြစ်တဲ့နေ့မနက်က မင်း အဲဒီ့နားကို သွားခဲ့လား"

"ဟို - မသွား - မသွားပါဘူး။ ကျွန်တော် - အိမ်မှာ - အိမ်မှာပဲ အိပ်နေတာ မယုံ - အမေ့မေးကြည့်"

"သြော် - မင်းကသာ မသွားဘူးပြောနေတာ။ မောင်နီကဖြင့် မင်းဖိုး ခြံနောက်က ခိုးကြောင်ခိုးဝှက်ထွက်လာတဲ့ပုံကို ဟန်းဖုန်းနဲ့ ဓာတ်ပုံ ရိုက်ထားသေးတယ်။ အဲဒီကိစ္စကို မင်း ဘယ်လိုရှင်းမလဲ"

"ဟာ - ဒီကောင် - ဒီကောင် - ဘယ်လိုလုပ်ပြီး အဲဒီ့နားမှာ ရှိနေတာ အဲဒီ့အချိန်ကြီး ဘယ်လိုလုပ်ပြီး ..."

အမှန်တော့ - ရဲအုပ် ကိုဘလှိုင်က လီဆယ်၍ပြောလိုက်ခြင်း သည်။ သို့ပေမဲ့ - အတွေ့အကြုံနနယ်ပြီး သဘောရိုးစင်းသော မောင်တိုး ခများတော့ ရဲအုပ်၏စကားကြောင့် ဆောက်တည်ရာမရဖြစ်သွားကာ စကားများ ပွင့်အံ့ကျလာ၍ တဖြည်းဖြည်း ပေါ်လာသည်။



"ဟော - ဒါဆို - မင်း - အဲဒီကို ရောက်ခဲ့တယ်ဆိုတဲ့သဘောပေါ့။ မင်း ဘာဖြစ်လို့ ခြံနောက်က ခိုးကြောင်ခိုးဝှက် ထွက်လာရတာလဲ။ ကလေးကို မင်း ဘာဖြစ်လို့ သတ်ခဲ့တာလဲ"

"ဟာ - မဟုတ် - မဟုတ်ရပါဘူးဗျာ။ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ၊ ကျွန်တော် - ကလေးကို မသတ်ရပါဘူး။ ကျွန် - ကျွန်တော်သတ်တာ တခြား သူကိုပါ"

မောင်တိုးကြွယ်၏ဝန်ခံစကားက ရဲအရာရှိများကို မျက်လုံးပြူးသွားစေ သည်။ အမှုအခင်းဖြစ်ပွားရာအိမ်သို့ သွားရောက်ကြည့်ရှုပြီးဖြစ်သော်လည်း ကလေးငယ် အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်သော သက်သေခံပစ္စည်း များကိုသာ တွေ့ရှိခဲ့ရသည်။ တခြားလူတစ်ယောက် အသတ်ခံရသည်နှင့် ပတ်သက်၍ တစ်စွန်းတစ်စပင် မသိရှိထားခဲ့။ ယုန်ထောင် ကြောင်မိလေပြီ သား။

"မင်း - မင်း - ဘယ်သူ့ကိုသတ်ထားတာလဲ။ ပြောစမ်း - မောင်တိုးကြွယ်"

သူကြီး၏အသံက အလောသုံးဆယ်။ သူ့အုပ်ချုပ်နေသည့်ရွာ၌ တစ်နေ့ တည်း လူသတ်မှုနှစ်ခု ဖြစ်ပွားသွားခဲ့သည့်အပေါ် ယူကြုံးမရဖြစ်နေဟန်တူ သည်။ မောင်တိုးကြွယ်က မျက်လုံးကလေး ကလယ်ကလယ်ဖြင့် သူကြီးကို ကြည့်ပြီး -

"ဟို - ဟို - ဖိုးပြည့်ရဲ့ကြက်ကိုပါ - သူကြီး"

"ဘယ်လို ..."

သည်တစ်ကြိမ်မှာတော့ တအံ့တသြရေရွတ်လိုက်သူက သူကြီး သန်း။ ယုန်ထောင်ကြောင်မိ မဟုတ်။ ယုန်ထောင် ကြွက်မိ။

"ဟုတ်ပါတယ် - သူကြီးရယ်။ ကျုပ် - အဲဒီလောက်မမိုက်ပါဘူး။ ဖိုးပြည့် ခြင်ကတ်တာနဲ့ အပြစ်မရှိတဲ့ကလေးကို ကျုပ် မသတ်ဝံ့ပါဘူး။ ခု - ကျုပ် လိုက်မိတာက သူ့တိုက်ကြက်ကြီး ခွန်အားကိုပါ။ မယုံရင် ဓာတ်ပုံထဲကို ပြန်ကြည့်ပါဗျာ။ ကျုပ်လက်ထဲမှာ ကြက်တစ်ကောင် ပါလာပါသယ်။

www.burmeseclassic.com

ဖိုးပြည့်က သူ့ကြွက်ကြီးကို သိပ်ချစ်မှန်းသိလို့ သူ့စိတ်ဆင်းရဲအောင် လူလစ်တုန်း ကြွက်နိုးပြီး ချက်စားတာပါ။ မယုံရင် – စိန်ဒင်တို့လည်း မေးကြည့်ပါ။ သူတို့လည်း ကြုံရာပါတွေပါပဲ"

အခင်းဖြစ်ပွားရာနေရာကို သွားရောက်စစ်ဆေးပြီးကတည်းက ဒုရဲအုပ်ထက်မြက်၏စိတ်ထဲတွင် သံသယဝင်နေသောအရာတစ်ခုရှိသည်။ ထိုအရာမှာ အလောင်းနံ့ဘေး ခပ်လှမ်းလှမ်းခုံအောက်ထဲက တွေ့မြင်ခဲ့ရသော ကွတ်ကီးမုန့်ခွံလေး ဖြစ်သည်။ ကွတ်ကီးဆိုသောမုန့်မျိုးက မြို့ဒြသာ ဖေါ်များပြီး ဇနပုဒ်ကျေးရွာများတွင် ရှားပါးသောစားစရာတစ်ခုဖြစ်၏။ သို့ကြောင့် ကွတ်ကီးမုန့်ခွံသည် အရေးပါသော သက်သေခံပစ္စည်းတစ်ခု ဖြစ်လိမ့်မည်ဟု ဒုရဲအုပ် တွေးမိသည်။ သို့ပေမဲ့ – အကျိုးအကြောင်းမခိုင်လုံသောကိစ္စဖြစ်နေ၍ထိုကိစ္စကို သူကြီးထံ မမေးမြန်းဖြစ်ဘဲ သံသယရှိဖွယ်သော တရားခံများကိုသာ စစ်ဆေးမေးမြန်းနေခြင်းဖြစ်၏။ ယခုဆို – အားလုံးကုန်သွားပြီး ထိုအထဲက တစ်ယောက်မှ လူသတ်သမားမဟုတ်မှန်း ဝါရင့်နေသောရဲအုပ်ကြီး မဆိုထားနှင့် ဝါနုသေးသော မိမိပင် သိရှိနေတာကြောင့် လူသတ်မှုနှင့်ပတ်သက်ပြီး ဒုရဲအုပ် ခေါင်းစားသွားရလေပြီ။

ဤအမှုမှာ မိမိ ရာထူးတိုးပြီးနောက် ပထမဆုံး လိုက်လံစုံစမ်းရသော လူသတ်မှုဖြစ်၍အမှုမှန်ပေါ်အောင် စေ့စေ့စပ်စပ် လေ့လာစဉ်းစားရမည်ဖြစ်ကြောင်း ဒုရဲအုပ်ထက်မြက် သိနေသည်။ သို့မှသာ လူကြီးရှေ့၌ မျက်နှာကောင်းရနိုင်လိမ့်မည်မို့ သက်သေခံပစ္စည်းများကိုကြည့်ကာ ဖြစ်နိုင်ချေရှိသည်များကို စဉ်းစားကြည့်သည်။

သက်သေခံပစ္စည်းများကလည်း များများစားစား မရှိ။ အလောင်းအနားတွင် ကျနေသောလက်ကိုင်ပုဝါတစ်ထည်နှင့် ခပ်လှမ်းလှမ်းမှ (ဒုရဲအုပ် သတိပြုမိ၍ ကောက်ယူလာသော) ကွတ်ကီးမုန့်ခွံ၊ မယ်နှစ်၏အပြောအရ လက်ကိုင်ပုဝါမှာ ဖိုးပြည့်၏ပစ္စည်းဖြစ်ကြောင်း သိရသည်။ တစ်ခုတည်းသော သက်သေခံပစ္စည်းက ဖိုးပြည့်ကိုသာ ညွှန်ပြနေ၍ ရွာသူရွာသားများက ဖိုးပြည့်ကို လူသတ်သမားဟု ယိုးစွပ်ကြသည်မှာလည်း မဆန်း။

သို့ပေမဲ့ – တစ်ဖက်ရွာသို့ သွားရောက်စုံစမ်းကြည့်သည့်အခါ မနက်ဝေလီဝေလင်းကနေ တစ်မနက်လုံး ထိုအရက်ဆိုင်တွင် ဖိုးပြည့်ရှိနေကြောင်းကို ဆိုင်ပိုင်ရှင်အပါအဝင် ရွာသားတချို့က သက်သေခံပေးသောကြောင့် (အလီဘိုင်ပြနိုင်၍) ဖိုးပြည့် လွတ်သွားသည်။ နောက်ပြီး – ဒုရဲအုပ်ကိုယ်တိုင်ကလည်း ဖိုးပြည့်ကို လူသတ်သမားဟု ခံစားမိခြင်းမရှိ။ ဖိုးပြည့်သတ်တာသာဆိုလျှင် မယ်နှစ်က ချက်ချင်းသိရမည်သာ။ နောက်ပြီး – မုဒိမ်းကျင့်ခံထားရသကဲ့သို့ အင်္ကျီဘောင်းဘီများ ကျွတ်နေပေမယ့် ဆေးစစ်ချက်အရ ထိုကဲ့သို့ မဖြစ်ပွားခဲ့ကြောင်း သိရှိရ၍ သံသယဝင်စရာတစ်ခု ဖြစ်လာသည်။ လူသတ်သမားကို ယောကျ်ားဟုထင်အောင် လှည့်စားထားသည့်သဘော။ အလောင်းကို ပထမဆုံးရှာတွေ့သူမှာ မယ်နှစ်ဖြစ်ပြီး မနက်မိုးလင်းချိန်ခန့်က ဖြစ်သည်ဟုဆို၍ ထိုနေရာ၌လည်း ဟာကွက်တစ်ခုရှိနေသလို ထက်မြက် ခံစားလိုက်ရသည်။

တစ်ဖက်ရွာသို့ ဖိုးပြည့် ထွက်သွားချိန်က မနက်ဝေလီဝေလင်းကဖြစ်ပြီး မသွားမီကပင် မယ်နှစ် ထနေပြီဖြစ်သည်။ (မယ်နှစ်က မနက်လေးနာရီထိုးတိုင်း ဆွမ်းဟင်း ထချက်ကြောင်းကို အိမ်နီးနားချင်းများက ပြော၍ သိရှိထားသည်။) ထိုသို့ဆိုလျှင် ကလေးကို ဖိုးပြည့် သတ်ရိုးမှန်ပါက မယ်နှစ် သေချာပေါက် သိရှိမည်။ မယ်နှစ်ကို မေးမြန်းစဉ်ကလည်း ဝမ်းနည်းပက်လက်ငိုယိုနေသည်မှန်ပေမယ့် တစ်စုံတစ်ခုကို ဖုံးကွယ်ထားသည့်ဟန်။ မျက်ရည်များကြားမှ ကွယ်ဝှက်မှုများက မျက်နှာအကဲခတ်တော်သော ဒုရဲအုပ်ထက်မြက်ကိုလိမ်ညာ၍မရ။ သို့ကြောင့် (သံသယဖြစ်စရာမဟုတ်မှန်းသိပေမဲ့) ဒုရဲအုပ်ထက်မြက်၏စိတ်ထဲ၌ မယ်နှစ်ကို သံသယဖြစ်နေမိသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟာ - မင်းဟာက ဟုတ်ရဲ့လားကွာ၊ ကလေးအမေကို …"

"ဒီလိုလုပ်ရင် အမှုမှန်ကို ဖော်ထုတ်ရတာ လွယ်ကူသွားမှာပါ - ဆရာ"

ဦးဘလှိုင်က စူးရဲသောအကြည့်တို့ဖြင့် ထက်မြက်ကို နှစ်မိနစ်ခန့် စိုက်ကြည့်နေပြီးမှ ယုံကြည်မှုပြည့်ဝနေဟန်ရှိသော ထက်မြက်၏ဟန်ပန်ကြောင့် -

"အေးလေ - မင်းကိုယ်မင်း ယုံတယ်ဆိုလည်း လုပ်ပေါ့၊ ပြဿနာတက်လာရင်တော့ ငါ ခေါင်းမခံချင်ဘူးနော်"

"စိတ်ချပါ - ဆရာ"

အထက်လူကြီးထံမှ ခွင့်ပြုချက် ရလိုက်သည်နှင့် ထက်မြက် လုပ်စရာရှိသည်များကို ဇယ်ဆက်သလို လုပ်ဆောင်တော့သည်၊ ပထမဆုံး ရွာသို့သွားကာ သူကြီးနှင့် မယ်နှစ်တို့သားအမိကို -

"တရားခံကို ဖမ်းမိဖို့အတွက် ဝိုင်းဝန်းကူညီတဲ့အနေနဲ့ ဌာနကို ခဏလိုက်ခဲ့ပေးကြပါ"

ဟု တောင်းဆိုခဲ့သည်။ ထင်ထားသည့်အတိုင်း မယ်နှစ်က ဆိုင်အလုပ်ကို အကြောင်းပြကာ ငြင်းဆန်၏။ နောက်ပြီး - တရားခံက ဖိုးပြည့်သာဖြစ်ကြောင်း ဖွင့်အတင်းပြောသည်၊ ရွာသူရွာသားများကလည်း သူမ၏စကားကိုသာ ထောက်ခံလျက်ရှိကြပြီး ဒုရဲအုပ်ထက်မြက်ကိုပင် အပြစ်တင်လျက်ရှိကြသည်။

"အလကားရဲတွေပါကွာ၊ ဒီလောက် သက်သေခံပစ္စည်းနဲ့ တရားခံကို ပို့ပေးလိုက်တာတောင် အရစ်ရှည်နေကြသေးတယ်"

"ဟုတ်ပ့ါ - ငါတောင် တွေးတတ်တယ်။ မူးမူးရူးရူးနဲ့ မုဒိမ်းကျင့်ပြီး လက်ကိုင်ပုဝါနဲ့နှာခေါင်းပိတ်သတ်၊ နောက်တော့ - ကြောက်အားလန့်အားနဲ့ထွက်ပြေး၊ ဒါပဲနေမှာ"

"ပိုက်ဆံလိုချင်လို့နေမှာပေ့ါကွာ၊ money makes everythings လေ …"

"သူတို့သဘာကိုပြချင်လို့ပေရှည်နေတာလေကွာ၊ နောက်တော့လည်း ဖိုးပြည့်ကိုပဲ သူတို့ ဖမ်းမိသလိုမျိုး စတိုင်လ်ထုတ်ကြဦးမှာ"



စသဖြင့် အမျိုးမျိုး ပြောဆိုလျက်ရှိကြပေမယ့် အသေးအဖွဲကို အလေးမထားတတ်သည့်ထက်မြက်ကနားမလည်သူများကိုပေယျာလကန်သဘောထားကာ သူကြီးနှင့် မယ်နှစ်တို့သားအမိကိုသာ ဌာနသို့ လိုက်လာရန် တောင်းဆိုသည်၊ သူကြီးကတော့ နှစ်ခါမခေါ်ရ …၊

"ကဲပါ - မယ်နှစ်ရယ်၊ နင့်ဆိုင်ကို ကြီးပုဆီ ခဏအပ်ခဲ့လိုက်ပါ၊ ဟိုမှာ နင့်သမီးရဲ့အလောင်းကိုလည်းတွေ့ရတာပေါ့ဟယ်၊ ဆရာကြီးတို့က သဘောကောင်းတဲ့သူမို့ တောင်းဆိုနေတာ၊ အမိန့်နဲ့သာဆို - ငါတို့က မလိုက်မဖြစ်လိုက်ရမှာပဲ"

နောက်တစ်ကြိမ်၌ သူကြီးက မလိုက်မဖြစ်သဘောမျိုး ပြောလိုက်တော့မှ မယ်နှစ် မျက်နှာညိုးညိုးနှင့် လိုက်လာသည်၊ ဒုရဲအုပ်၏စိတ်ထဲ မိမိသံသယဝင်မိသည်မှာ မှားလေပြီလားဟုပင် တွေးလိုက်မိသေးသည်၊

စီစဉ်ထားသည့်အပိုင်း ကွက်တိဖြစ်ခဲ့ပြီ၊ ကလေး၏အလောင်းကို စားပွဲပေါ်တွင် လှလှပပ ပြင်ဆင်ထားပြီး မယ်သုံကို အလောင်းနားသို့ ခေါ်လာခဲ့သည်၊ မယ်ချစ်၏အလောင်းကို မြင်သည့်အခါ မယ်သုံ၏မျက်လုံးများ၌ မျက်ရည်ကြည်တို့ ရစ်ဝဲသီလာ၏၊

"သမီးမယ်သုံ - ညီမလေးကို နှုတ်ဆက်ချင်သေးလား"

ဒုရဲအုပ်ထက်မြက်က ကြင်ကြင်နာနာမေးလိုက်တော့ မယ်သုံက ဦးခေါင်းကို ခပ်လေးလေး ညိတ်ပြ၏၊ မယ်ချစ်ကလေး အသတ်ခံရသည့်နေ့မှစ၍ယနေ့ချိန်ထိ ဤကလေးစကားတစ်ခွန်းမျှမဆိုသေးသည်ကိုထက်မြက် သတိထားမိသလို ရွာလူကြီးကလည်း ကရုဏာသက်စွာဖြင့် ထုတ်ဖော်ပြောဖူးသည်၊ ကြောက်မက်ဖွယ်ရာအဖြစ်အပျက်တစ်ခုခုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့၍ဖြစ်မည်ဟု ထက်မြက် ယူဆမိသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ဒါဆို - ဦးဦး - အပြင်မှာစောင့်နေမယ်နော်။ မကြောက်ဘူးမဟုတ်လား"

မကြောက်ကြောင်း ခေါင်းခါပြ၏။

"ဒါဆို - ညီမလေးကို ကောင်းကောင်းနှုတ်ဆက်လိုက်ပါ။ နောင်ဆို ညီမလေးနဲ့ ဘယ်တော့မှ တွေ့ခွင့်ရတော့မှာမဟုတ်ဘူးလေ ..."

ထက်မြက်က စကားကို နက်နက်နဲနဲဆိုရင်း မယ်သုံ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။ ခေါင်းငုံ့ထားသော မယ်သုံလေး၏မျက်နှာကလေးမှာ မဲ့ရှုံ့သွားကာ ပါးပေါ်သို့ မျက်ရည်စတို့ တရဟော လိမ့်ဆင်းလာ၏။ မိမိ ထွက်သွားဖို့အချိန် ရောက်ပြီဟု ထက်မြက် သဘောပေါက်လိုက်၍ အခန်းအပြင်သို့ ထွက်သွားလိုက်သည်။

မယ်ချစ်လေး၏အလောင်းနားသို့ ဖြည်းဖြည်းချင်း တိုးကပ်လာသော မယ်သုံ၏ခြေလှမ်းများမှာ လေးကန်အားဖျော့နေ၏။ ထုံထိုင်းတွန့်ဆုတ်နေ၏။ သို့သော်လည်း ရပ်တန့်ခြင်း၊ နောက်ဆုတ်ခြင်းမရှိဘဲ တဖြည်းဖြည်းချင်း ရှေ့သို့တိုးလာသည်။ နာကျင်ဝမ်းနည်းစိတ်တို့ကြောင့် ပါးပြင်ပေါ်တွင်လည်း မျက်ရည်စတို့က တလိမ့်လိမ့် ...။

မယ်ချစ်ကလေးမှာ ပကတိအိပ်နေသကဲ့သို့ရှိသည်။ သွေးဆုတ်သွားပြီဖြစ်၍ တစ်ကိုယ်လုံးဖြူဆုတ်နေသည်ကလွဲလျှင် အိပ်ရာထဲမှမယ်ချစ်ကလေးနှင့် မခြားနားသေး။ လဲလျောင်းငြိမ်သက်နေသောမယ်ချစ်ကလေးကို ငေးစိုက်ကြည့်ရင်း မယ်သုံ၏နှုတ်ခမ်းတို့ တဆတ်ဆတ် တုန်ရီလာသည်။ တစ်စုံတစ်ခုကို ဖွင့်ပြောရရွတ်ပစ်လိုက်ချင်ပေမယ့် မယ်သုံ၏စိတ်ထဲ တွန့်ဆုတ်နေမိသည်။

ငါပြောလို့ဖြစ်ပါ့မလား။ မေမေက ဘယ်သူမှမသိစေနဲ့လို့ မှာထားတယ်လေ၊ သူများကြားသွားရင် ဘယ်လိုလုပ်မလဲ။ အသက်(၁၂)နှစ်ခန့်သာရှိ



သေးသော်လည်း မယ်သုံက ရင့်ကျက်သူပီပီ အရိပ်သုံးပါး နားလည်သည်။ သို့ကြောင့်မိမိပြောလိုသည်ကို သတိလက်လွတ်မပြောသေးဘဲ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်၏။ အနီးအနားတွင် လူ တစ်ဦးတစ်ယောက်မျှမရှိ၊ အခန်းမှာ အလုံပိတ်နေ၏။

"ညီမလေး ..."

မယ်သုံက အလောင်းနားသို့ကပ်ကာ တိုးတိုးလေး ရေရွတ်လိုက်သည်။ မျက်လုံးများက မယ်ချစ်၏မျက်နှာကို မဝံ့မရဲကြည့်နေသည်။

"မမကို ခွင့်လွှတ်ပါနော်။ မေမေ့ကိုလည်း အပြစ်မတင်ပါနဲ့။ မေမေက ညီမလေးကို အချစ်ဆုံးဆိုတာ ညီမလေး သိမှာပါ"

ထိုနေရာတွင် စကားကို ခဏရပ်ကာ တအင့်အင့် ရှိုက်ငိုနေ၍ တစ်ဖက်ခန်းမှ နားစွင့်နေသူ ထက်မြက်လည်း လည်တဆန့်ဆန့် ဖြစ်သွားရသည်။ အမှန်တော့ - ထိုအခန်းတွင် အသံဖမ်းစက် တပ်ဆင်ထားပြီး နံရံတွင်လည်း လျှို့ဝှက်ကင်မရာ ထားရှိထားသောကြောင့် မယ်သုံကလေးပြောသမျှကို တာဝန်ရှိသူများက ကြားသိနေရသည်။ အထူးသဖြင့် စိတ်လှုပ်ရှားနေသူက ဒုရဲအုပ်လေး ထက်မြက်၊ ကလေးမက စကားရှေ့မဆက်ဘဲ တအင့်အင့် ရှိုက်ငိုနေလေရာ ထိုမျှဖြင့် စကားရပ်လိုက်ပါက စုံစမ်းရ ခက်သွားပေတော့မည်၊ သို့ပေမဲ့ - ထက်မြက် ကံဇာတာ တက်နေသည်ဟု ဆိုရမည်။ မယ်သုံက မျက်နှာကို လက်ဖဝါးဖြင့် သုတ်လိုက်ကာ စကားကို ဆက်သည်။

"မမ - မရည်ရွယ်ပါဘူး။ မမ - တောင်းပန်ပါတယ်၊ မေမေ ဆူမှာစိုးလို့ ညီမလေးကို - ညီမလေးကို - အင့် - အင့် - ပါးစပ်ပိတ်ရုံပိတ်လိုက်တာပါ၊ မမ မုန့်စားနေတာကို မေမေသိသွားမှာစိုးလို့ ပါးစပ်ပိတ်ရုံပိတ်လိုက်တာပါ - ညီမလေးရယ် - အီး - အင့် - အင့်"

မယ်သုံလေး၏စကားကြောင့် ထက်မြက် ပါးစပ်အဟောင်းသားဖြစ်ကာ မင်သက်သွားခဲ့ရသည်၊ ကြားသိထားသော အကြောင်းအရာများနှင့် ဆက်စပ်တွေးကြည့်ပြီး ဒုရဲအုပ်ထက်မြက် သဘောပေါက်သွားခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ် တွေးထင်ထားသည်က တရားခံမှာ မိခင်ဖြစ်သူ မမယ်နှစ်ဖြစ်လိမ့်မည်ဟူ၍၊ မမယ်နှစ်က လင်ယောကျ်ားကို အလွန်ကြောက်ရွံ့ရသောကြောင့် ထိုယောကျ်ားအပေါ် မုန်းတီးသည့်စိတ်ဖြင့် စိတ်ဖောက်ပြန်ကာ မိမိရင်သွေးကို ကိုယ်တိုင်သတ်ပြီး ယောကျ်ားအပေါ် အပြစ်လွှဲချခြင်းဖြစ်မည်၊ ထိုအဖြစ်အပျက်ကို မယ်သုံးက တွေ့မြင်သွားခဲ့၍ ယခုလို ဆွံ့အနူတ်ပိတ်သွားခဲ့ရခြင်းဖြစ်မည်ဟု ထက်မြက် တွေးထင်ခဲ့မိသည်၊ သို့ကြောင့်လည်း ယခုကဲ့သို့ plan ချကာ မယ်သုံ့ကို မယ်ချစ်လေးရှေ့သို့ အရောက်ပို့ပေးပြီး တစ်ယောက်တည်း ထားရစ်ခဲ့ခြင်းဖြစ်၏၊ တစ်ယောက်တည်းဖြစ်မှ သူမ၏ ခံစားချက်များကို ရင်ဖွင့်ပြောပြဖြစ်မည်မဟုတ်ပါလား၊

သို့သော် ဒုရဲအုပ်ထက်မြက် သိသိလေးအတွေးလွဲသွားသည်က သက်သေခံပစ္စည်းတစ်ခုဖြစ်သော ကွတ်ကီးမုန့်ခွံကို ဘာသိဘာသာသဘောထားခဲ့ခြင်းပင်၊ အမှန်တော့ - ထိုကွတ်ကီးအိတ်ခွံသည် အဓိကသက်သေခံဖြစ်နေသည်၊ ထိုအိတ်ခွံကြောင့်သာ လူသတ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်၊ ဇာတ်ရည်လည်အောင်ပြောရသော် မယ်သုံက မောင်နီဆီမှ ကွတ်ကီးမုန့်တစ်ခု လက်ဆောင်ရထား၍ မိခင်မသိအောင် ခိုးစားနေသည့်အခိုက် မယ်ချစ်က ရောက်လာပြီး ကလေးသဘာဝ တိုင်မည်၊ တောမည်ပြောဆိုသောကြောင့် ကြောက်အားလန့်အားနှင့် ပါးစပ်ပိတ်ထားလိုက်သည်၊ ကြောက်စိတ်ဖြင့် ပြုမူလိုက်မိခြင်းဖြစ်၍ ပါးစပ်နှင့်နှာခေါင်း ရောပိတ်ထားမိခြင်းကို မယ်သုံလေး သိခဲ့ပုံမရ၊ သိလိုက်သောအခါတွင် အချိန်လွန်သွားခဲ့ပြီ၊

ကြောက်လန့်ချောက်ချားကာ မယ်သုံ ဆောက်တည်ရာမရဖြစ်သွားမည်၊ နေရာတွင် ရှိုက်ကြီးတငင် ထိုင်ငိုနေမည်၊ ထိုအခိုက် မိခင်ဖြစ်သူ မယ်နှစ် ရောက်လာကာ အဖြစ်မှန်အားလုံးကို သဘောပေါက်သွားလိမ့်မည်၊ သမီးတစ်ယောက် ဆုံးရှုံးလိုက်ရသဖြင့် ယူကြုံးမရ သောကပွေနေရပေမယ့် နောက်သမီးတစ်ယောက်ကိုပါ အဆုံးရှုံးမခံနိုင်သဖြင့် ဖိုးပြည့်၏လက်ကိုင်ပုဝါကို ပစ်ချကာ ဖိုးပြည့်သတ်သကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်မည်၊ သတ်မိသူကို



ယောကျ်ားဟု ပို၍သက်ရောက်စေရန်အတွက် အဝတ်အစားများကို ချွတ်ထားလိုက်ခြင်းဖြစ်မည်။

အမှုမှန်ကို နစ်ရက်အတွင်း ဖြေရှင်းခဲ့နိုင်ပြီး လူသတ်တရားခံအစစ်ကို ဖော်ထုတ်ပေးနိုင်ခဲ့၍ ဒုရဲအုပ်ထက်မြက်ကို ရဲမှူးကြီးက ချီးကျူးဂုဏ်ယူရုံမက ရှေ့၌ တက်လမ်းများစွာရှိကြောင်း ဖွင့်ပြောခဲ့သော်လည်း ထက်မြက် မပျော်နိုင်၊ ထက်မြက်၏မျက်စိထဲ ညီမဖြစ်သူကို သတ်မိသည့်အတွက် မျက်ရည်အဝိုင်းသားနှင့် နာကျင်ကြေကွဲနေသော တရားခံ မယ်သုံလေး၏မျက်နှာကိုသာ မြင်ယောင်နေမိသည်။

တစ်ခါတလေလည်း အမှန်တရားက ဆေးခါးကြီးတစ်ခွက်လိုပါပဲလား။

ဂါဦးမွန်းကို

# စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com



# မိမ်းရည်မြသွေး

## ထွက်ဝေါက်

**နမော်နမဲ့တလွဲတချော်**
**လုပ်ကိုင်မှုများကြောင့် ယောကျ်ား**
**ဖြစ်သူ၏ရိုက်နှက်ခြင်းကိုခံနေရ**
**သည့်မိန်းမတစ်ယောက်၏ဘဝ..**

**လမိုက်ညပေမို့** အမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးအား ကြီးစိုးနေလေရဲ့၊ တောမြို့ကလေးဖြစ်ခြင်းကြောင့် ကားသံ၊ လူသံတို့ ဆူညံခြင်းမရှိပဲ တိတ်ဆိတ်ခြင်း၊ မှောင်မိုက်ခြင်းတို့ကသာ လွှတ်လွှတ်ကျွတ်ကျွတ် မင်းမူလျက် ရှိသည်။ ထိုစဥ်ဝယ် "ဗုန်း၊ -ဒိုင်း၊ အုန်း ဗုန်း" ဟူသောအသံတို့နှင့်အတူ "အောင်မယ်လေး -ကြောက်ပါပြီ။ နောက်မလုပ်တော့ပါဘူး -တောင်းပန်ပါတယ်။ ရိုကြီးခိုးပါရဲ့ -အီးဟီး -ဟီး -ဟီး" ဟူသော ငိုသံတို့သာမက "အမေ့ကို မလုပ်ပါနဲ့ -အဖေကြီးရဲ့၊ အမေ သေသွားပါ့မယ်" ဆိုသော ကလေးငယ်တို့၏ငိုသံကြားမှ တောင်းပန်သံတို့က ကျွန်မနားထဲသို့ မနစ်မြို့စရာ ဝင်လာလေ၏။ ကြားလိုက်ရသော မိန်းမတစ်ယောက်နှင့် ကလေးတို့၏ အော်သံ၊ ငိုသံတို့က နားဝင်မချိုစရာပါ။ ဆက်လက်၍ နားစွင့်ကြည့်သောအခါတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်မှတိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။ ဟန့်တားသူ၊ ဖျောင်းဖျသူ အလျဉ်းမရှိ၊ ပကတိငြိမ်ပဲ ငြိမ်နိုင်လွန်းလှ၏။

ဤသို့ဖြင့် အဆိုပါအကျဉ်းတန်သံစဉ်တို့အား မနှစ်မြို့နိုင်သူ ကျွန်မတစ်ယောက် ပြတင်းပေါက်အား အသာဖွင့်၍ အသံလာရာသို့ မှန်းမျှော်ကြည့်မိသည်၊ အလုပ်သမားတန်းလျားဘက်မှ ကြားနေရခြင်းဖြစ်ပြီး အချိန်အနည်းငယ်ကြာမှ ယင်းအသံတို့တိတ်ဆိတ်သွားတော့၏။ ကျွန်မ၏ပင်ကိုစရိုက်မှာ အားနည်းသူကို ဖေးမကူချင်ပြီး မတရားမှုကို စက်ဆုပ်သောအကျင့်ရှိသည်မို့ ကြားရသောအသံတို့က စိတ်ကို မရိုးမရွဖြစ်စေသည်။ အားနွဲ့သူ မိန်းမသားနှင့်ကလေးများကို ရက်ရက်စက်စက် ရိုက်တတ်သူယောကျ်ားရင့်မာကြီးများကိုလည်း ကျွန်မ လွန်စွာမုန်းတီးမိလေရဲ့၊ ထိုဖြစ်စဉ်တို့အား ကြားသိနေပါလျက် ကိုယ်နှင့်စိမ်းသောပတ်ဝန်းကျင်သစ်မို့ ဝင်ရောက်စွက်ဖက်ချင်စိတ်တို့အား မျိုသိပ်ထားရလေ၏။ အမှန်မှာ ယနေ့မှပင် ဤမြို့ရှိ အလုပ်ခွင်သို့ တာဝန်ဖြင့် ကျွန်မ ပြောင်းရွှေ့လာရခြင်းဖြစ်သည်။

နံနက်လင်း၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့သော်လည်း မနေ့ညက အကြောင်းတရားကို ကျွန်မ၏စိတ်ထဲ စွဲမြဲနေမိသည်မှာ အမှန်ပါ။ မြို့နယ်ခွဲအသစ်ဖြစ်သည့် ကျွန်မတို့ ဝန်ကြီးဌာန၏ ရုံးအဆောက်အအုံ မရှိသေးခဲ၍ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့သော ဗိုလ်တဲဟောင်းကြီးအား အသုံးပြုနေထိုင်ရပါသည်။ ဗိုလ်တဲအောက်ထပ်အား ရုံးခန်းအဖြစ်လည်းကောင်း အပေါ်ထပ်အားဝန်ထမ်းတို့တည်းခိုရာအဖြစ်လည်းကောင်း လောလောဆယ် နေထိုင်ကြရပါသည်။ ကျွန်မအတွက် ရရှိသောအခန်းမှာ ဗိုလ်တဲ၏နောက်ဘက်ခြမ်းတွင်ရှိပြီး ထိုမှလှမ်းမျှော်ကြည့်လိုက်ပါလျှင် အောက်ခြေဝန်ထမ်းတို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာတို့အား မြင်တွေ့နိုင်၏။ ညနေအလုပ်သိမ်းပြီးလျှင် ဗိုလ်တဲနှင့် အနီးတစ်ဝိုက်ပတ်ဝန်းကျင်အား လမ်းလျှောက်ရင်း လေ့လာရန် ကျွန်မစဉ်းစားထားလိုက်ပါသည်။ ထိုအခိုက်ဆယ့်နှစ်နှစ်အရွယ်ခန့်ရှိကလေးမလေးတစ်ဦး ပြုံးချိုသောမျက်နှာထားနှင့် စပယ်ပန်းကုံးလေးကိုင်ကာ ကျွန်မအနား ချဉ်းကပ်လာလေ၏။ "မမပန်ဖို့ လာပေးတာပါ၊ သမီးနာမည်က မထွေးမြင့်" ပါ။ သမီးအဖေက ဗိုလ်တဲစောင့်ပါ။ မမလိုအပ်တာရှိရင် သမီးကို ခေါ်ခိုင်းပါနော်" ဟု ဆိုပါသည်။ ရေငတ်သူ ကျွန်မ ရေတွင်းထဲ ကျသည့်နယ်ပင် ခင်မင်ဖွယ်ကလေးမအား နှစ်လိုဖွယ်အပြုံးနှင့်အတူ တုံ့ပြန်နှုတ်ဆက်လိုက်ပါသည်။

ကလေးတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းကို ကျွန်မ နှံမင်၏။ လူကြီးများကဲ့သို့ လောဘ၊ မောဟ၊ ဒေါသ၊ မနာလိုမှုတို့ မများပြားပဲ ဟန်ဆောင်မှု ကင်းသော ကလေးတို့၏ ချစ်စရာစရိုက်ကို ကြိုက်နှစ်သက်၍ဖြစ်သည်။ သို့ဖြစ်၍ "ဟဲ့ - မထွေးမြင့်လေးရေ - မမလည်း ညနေကျရင် ဟိုနားဒီနား လျှောက်ကြည့်မယ်လား စိတ်ကူးနေတာ။ အဖော်ရတော့ ပျော်စရာကြီးပေါ့။ ညနေ မမအခန်းကို လာခဲ့နော်" ဟု ချိန်းလိုက်ပါသည်။ ထိုညနေက ကျွန်မတို့နှစ်ဦးသား လမ်းလျှောက်ရင်း စကားစမြည် ပြောဖြစ်ကြ၏။ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိလှသော မထွေးမြင့်ကလေးကသာ ဦးဆောင်၍ ကျွန်မ မေးစရာမလိုအောင် ရှင်းပြလေရဲ့၊ ဤသို့ဖြင့် မနေ့ညက ဖြစ်စဉ်သို့ ကားရောက်သွားသောအခါ "အဲဒါ - သမီးတို့ခြေရင်းအိမ်က လက်သမား "ဦးစန်း" ဆိုတာပေါ့။ သူက ရိုက်မိရင် ဒီလိုပဲ - မမရဲ့၊ သွားဆွဲရင်၊ သွားတားရင် ခိုလုပ်တယ်။ ဒါကြောင့် ဘယ်သူမှမတားကြ၊ မဆွဲကြတာပေါ့" ဟု လူကြီးလေးသဖွယ် ပြောနေတော့သည်။

ဤသို့ဖြင့် ရိုက်သူ ဦးစန်း၊ အရိုက်ခံရသူ ဇနီး မပိုင်းဟူသော အမည်တို့အား ကျွန်မ သိခဲ့၏ တဖြည်းဖြည်း အနေကြာလာသည်နှင့်အမျှ နာမည်နှင့်လူတို့အား ကျွန်မ တွဲဖက်သိရှိလာရသည်။ ဦးစန်းမှာ အသက်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိပြီး ဗလကောင်းကောင်း ခပ်ဖိုင့်ဖိုင့် အနေအထားနှင့် မျက်နှာထားက ခပ်တည်တည်ပါ။ မပိုင်းမှာမူ နာမည်နှင့်လိုက်အောင် မျက်နှာဝိုင်းဝိုင်းနှင့် အသက်အစိတ်ဝန်းကျင်တွင် ရှိနိုင်ပြီး ကျွန်မထက် အလွန်ကြီးလျှင် သုံးလေးနှစ်သာ ကြီးမည်ဟု ထင်ရ၏။ သူမ၏အသက်မှာ နှစ်နှစ်သုံးနှစ်ထက် မပိုဟု ခန့်မှန်းမိပါသည်။ သူမအား မြင်တွေ့လေတိုင်း ကိုယ့်အဖေအရွယ်လောက်ကြီးလည်း ယူထားရသေး၊ ကြာခဏလည်း အရိုက်ခံရသေးမို့ မိန်းမချင်း သနားညှာတာစိတ် ဝင်မိလေ





www.burmeseclassic.com

www.burmeseclassic.com

၏၊ သူမ၏ပုံစံမှာလည်း ခပ်သွက်သွက် မတည်မငြိမ်ပုံစံမျိုး မဟုတ်ပါ၊ ခပ်ငြိမ်ငြိမ် ထုံ၊ ခပ်အအ ပုံစံမျိုးသာ ဖြစ်ပါသည်။

အနေကြာလာသည်နှင့်အမျှ ဝန်ထမ်းများ သူတို့၏မိသားစုများနှင့် ကျွန်မနှင့် ခင်မင်ရင်းနှီးလာတော့၏။ ကျွန်မ မနှစ်မြို့ခဲ့လေသော ဦးစန်းသည် လုပ်ငန်းခွင်ဝယ် တာဝန်ပေးလျှင် တိကျသေသပ်စွာ လုပ်ကိုင်တတ်သကဲ့သို့ ဆက်ဆံရေးတွင်လည်း အပိုအလိုမရှိပါ။ ကျွန်မတာဝန်ကျရာမှာ တောမြို့ သေးလေးတစ်ခုပေမို့ ပိုက်ဆံရှိသော်လည်း အစားကောင်း၊ အသောက်ကောင်းတို့ မရရှိနိုင်ချေ။ ရံဖန်ရံခါ ဟင်းစားကျွေးစားလည်း ရှားလှသည်။ သို့ ဖြစ်၍ ဦးစန်းတို့အိမ်မှာ မကြာခဏ ဟင်းကောင်း၊ ကျွေးကောင်းချက်တိုင်း ကျွန်မထံ ကလေးတို့အား ပို့ခိုင်းတတ်၏။ ဟင်းချက်ကောင်း၍ မဝိုင်း၏လက် ရာဟုထင်လျှင် မှားပေလိမ့်မည်၊ ဦးစန်း၏လက်ရာသာ ဖြစ်ပါသည်။ တုံ့ပြန် စေတနာအားဖြင့် ကျွန်မကလည်း ရန်ကုန်ရုံးချုပ်သို့ သွားလေတိုင်း အပြန် ဝယ် ကလေး၊ လူကြီးတို့အတွက် မုန့်ပဲသရေစာများ လက်ဆောင်အဖြစ် အမြဲတစေ ပြန်လည်ကမ်းလင့်ပါသည်။ မထွေးမြင့်အား ချစ်ခင်၍ မဝိုင်းအား အသနားပိုသဖြင့် သူမတို့နှစ်ဦးအား အဝတ်အစားတို့ပင် ကြုံလျှင်ကြုံသလို ကျွန်မ ဝယ်ယူထောက်ပံ့ခဲ့ပါသည်။

× × ×

သူမတို့နှစ်ဦးမှလည်း စေတနာရောင်ပြန်ဟပ်သဖြင့် ကျွန်မအား သူတို့ တတ်နိုင်သမျှ တုံ့ပြန်ကျေးဇူးပြုကြပါသည်။ တစ်ခါတစ်ရံ ကျွန်မ ဖျားနာခဲ့ သော် အဝတ်လျှော်ပေး၊ ဆန်ပြုတ်ပြုတ်ပေး၊ ကူညီညာလုပ်ကိုင်ပေးနှင့် ခင် မင်မှုအား ကြီးထွားလျက်ပါ။ ယင်းမြို့ကလေးတွင် တာဝန်ကျလျက်ရှိသော ဌာန ချင်းမတူသော်လည်း အရွယ်တူဝန်ထမ်းမိန်းကလေးအချို့နှင့်လည်း ကျွန်မ တစ်ယောက် အဖွဲ့ကျနေမိပါသည်။ သို့ဖြစ်၍ အားလပ်ရက်တို့တွင် စုဆုံ၍စားသောက်ဖွယ်ရာတို့ လုပ်ကိုင်စားရင်း ဆုံမိကြလေ၏။ တစ်ခါတလေ



ကျွန်မ ရှိရာသို့ ကျန်သူများ လာရောက်စုဆုံတတ်သောအခါများတွင် မထွေးမြင့်နှင့် မဝိုင်းတို့ ပါဝင်၍ ကူညီညာ လုပ်ကိုင်စားသောက်ကြပါသည်။ ထို့ကြောင့် အခြားဌာနမှ ရွယ်တူအပေါင်းအသင်းများမှလည်း အရွယ်ချင်း တိမ်းမယိမ်း ဖြစ်သော မဝိုင်းအား အခင်မင်ပိုကြကုန်၏။

တစ်နေ့သောအခါ ကျွန်မ၏အခန်းဝယ် သင်္ဘောသီးသုပ်၍ ဝိုင်းဖွဲ့စား ကြရင်းမှ အပေါင်းပါတစ်သိုက် မဝိုင်းအား ဝိုင်း၍အင်တာဗျူးကြလေရဲ့။ ဦးစွာ ညပင်သာယာမှ ဒွေးဒွေးက -

“မဝိုင်းရယ် - ရှင့်ရုပ်ကလေးကလည်း ဆိုးတာလည်းမဟုတ်ပဲနဲ့ ဘာဖြစ် လို့များ ကိုယ့်အဖေလောက်ကြီးကို ယူရတာတုံး” လို့ မအောင့်အည်းနိုင်စွာ မေးလေ၏။ ကျွန်မနှင့် မထွေးမြင့်ကလေးမှာ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာဖြင့် - “ဒါတောင် - ခဏခဏအရိုက်ခံရတာ သူမသိသေး ဘူး” ဟူသောစကားကို မျက်လုံးဖြင့် ပြောကြားမိပါသည်။ မြို့နယ်ထွေ၊ အုပ်မှ သူဇာကလည်း -

“ပြောပြပါဦး - မဝိုင်းရဲ့ ဒီအဘိုးကြီးကို ယူရတဲ့အကြောင်း။ မြတို့လည်း သိချင်တယ်” ဆိုလေ၏။

“ဒါက - ကျွန်မရဲ့ ဒုတိယအိမ်ထောင်ပါ။ ပထမအိမ်ထောင်က သက်တူ ရွယ်တူ ငယ်သူငယ်ချင်းပေါ့။ သူက စစ်သားလေ။ သူ တိုက်ပွဲမှာကျတော့ ကျွန်မမှာ သားကလေးတစ်ယောက် ကျန်ခဲ့တယ်။ စစ်တပ်ထဲမှာလည်း သူ မရှိတော့၊ မနေချင်တော့လို့ အမေတို့ဆီ ပြန်လာခဲ့ချိန်မှာ အမေကလည်း နောက်အိမ်ထောင်ပြုပြီးချိန်ပေါ့။ အမေ့အိမ်မှာနေရတုန်း ကျွန်မ ပထွေးနဲ့ ဦးစန်းက ဘော်ဒါတွေလေ၊ အိမ်မှာ ဝင်ထွက်သောက်ဖော်စားဖက်တွေပါ။ ဦးစန်းကလည်း မုဆိုးဖိုတစ်ယောက်လေ၊ တိုတိုပြောရရင်တော့ သူ့ကိုယူရင် ယူ မယူရင် ပထွေးမျက်နှာကြည့်ပြီး မသာထာရေစာကို ငြူငြူစူစူကြားမှာ စား နေရဖို့ပဲရှိတယ်။ ကျွန်မက ပထွေးနဲ့လည်း ကြာရှည်မနေချင်ဘူးလေ။ နောက် ဆုံးတော့ - ကျွန်မ - ဦးစန်းကိုပဲ ယူလိုက်တယ်” ဟု မဝိုင်းတစ်ယောက် ပြော ကြားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ သူမ၏အကြောင်းကို ပြောကြားစဉ်တစ်လျှောက်လုံးဝယ် မပိုင်း၏မျက်နှာရိပ်မျက်နှာကဲမှာ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ နောင်တရခြင်း စသည့် မျက်နှာအမူအရာမျိုး မဟုတ်လေပဲ သာမန်ထမင်းစား ရေသောက်သည့်အကြောင်းကို ခပ်အေးအေးပြောပြနေသည့်နှယ်ပင်။ ဆိုရပါလျှင် ထိုစဉ် စာရင်းစစ်ရုံး မှ နွယ်နီက -

"ဦးစန်းနဲ့ကျတော့ အိမ်ထောင်ရေး အဆင်ပြေတယ်မဟုတ်လား" ဟု ထပ်ကွန့်ပြန်၏။ မပိုင်းမှ -

"ဟုတ်ကဲ့ - တစ်ခါတစ်ရံ နည်းနည်းပါးပါး ရိုက်တတ်တာကလွဲရင် အဆင်ပြေပါတယ်" ဆိုသော တုံ့ပြန်စကားအား ပြောကြား၏။ ဤအခြေ စကားအား ကြားရလေသောကျွန်မ "ဪ" မပိုင်းရယ် - နည်းနည်းပါးပါးနဲ့ တော်တော့တယ်ဆိုသောစကားအား အသံမထွက်ပဲ စိတ်ထဲမှ ပြောလိုက်မိလေရဲ့။ မည်သို့ပင်ဖြစ်စေ၊ ကျွန်မရောက်စ ညနောက်ပိုင်း မပိုင်းတို့အိမ်မှ စီစီညံညံမကြားရတော့ချေ။

သို့သော် တစ်နေ့သော ညနေစောင်းဝယ် အဆိုပါရိုက်သံ၊ ငိုသံတို့ ပြန်လည်နိုးထလာပြန်တော့၏။ ယခုအခါဝယ် ကျွန်မနှင့်ဦးစန်းမှာ လုပ်ငန်းခွင်နှင့် ပတ်သက်ရင်းနီးနေရပြီး တာဝန်ချိန်ပြင်ပတွင် မပိုင်းနှင့်လည်း ခင်မင်လျက်ပါ။ သို့မို့ကြောင့် အခြားဘယ်သူမှ မသွားသည်ဖြစ်စေ၊ မတားသည်ဖြစ်စေ ကျွန်မ သွား၍တားရန် ထွက်ခဲ့သည်။ အိမ်ပေါ်သို့ ရုတ်တရက်တက်လာသော လာလေ့လာထမရှိသည့် ကျွန်မအား မြင်သည့်အခိုက်ဝယ် ကလေး၊ လူကြီး အားလုံး ရုတ်တရက် အံ့အားသင့်ကာ ကြောင်ကြည့်နေမိကြ၏။

ခဏနေမှ ဦးစန်းက - "တူမ - လာပါ - ထိုင်ပါ" ဟု ဧည့်ဝတ်ပြု၍ မပိုင်းကား ထမီတစ်စ လက်ဆွဲ၍ နှပ်ညှစ်ကာ မျက်ရည်သုတ်နေလေ၏။ ကျွန်မလည်း လာသာလာခဲ့ရသည်။ သူများမိသားစုအရေးကို ဝင်စွက်ဖက်သူအဖြစ် မရှုမြင်ရန် ဆက်ဆံမှာကို စိုးနေမိပါသည်။ သို့သော်လည်း ကျွန်မ ထင်ထားသကဲ့သို့မဟုတ်ပဲ ရှိလေရဲ့။ ကျွန်မကပင် စတင်၍ - "ဦးတို့မိသားစုကိစ္စပါ



ဒါပေမဲ့ - ကျွန်မက ခင်မင်မိသူတွေမို့လို့မနေနိုင်လို့လာခဲ့တာပါ" ဟုစကားစလိုက်ပါသည်။

ဦးစန်းမှ - "ရပါတယ် - တူမကြီးရယ်။ ဒီလိုမျိုးအသံတွေ ကြားကြတော့ ဦးကို လူဆိုး၊ လူရိုင်းကြီးပဲ မှတ်ကြမယ်။ ဦးလည်း ဘယ်သူ့ကိုမှ ရှင်းလည်း မပြချင်ဘူး။ ဒီကောင်မ အသုံးမကျချက်တွေက လွန်လွန်းလို့ပါ။ မနက်က ကျွန်တော် အလုပ်သွားရင်း ဈေးထဲမှာ ငါးသလောက်တစ်ကောင် ကြွေးခံပြီး လူကြုံနဲ့ အိမ်ကို ပြန်ထည့်ပေးလိုက်တယ်။ အခုညနေ အလုပ်သိမ်းလို့ အိမ်ပြန်လာတော့ ငါးသလောက်က သံချောင်းမှာ ကြိုးနဲ့ဆွဲရက် ပုံမပျက်ပဲ အကြေးခွံတွေတောင် ခြောက်ပြီးကော့နေပြီလေ။ "ဟဲ့" နင် ဘာဖြစ်လို့ ဒီအတိုင်း ထားရသလဲမေးတော့ပြန်ဖြေတယ်လေ။ ဆီမရှိလို့တဲ့ - တူမရယ်။ ယောက်ျားကြီးတန်မယ့် ကြွေးယူပြီး ဖန်တီးပေးထားတယ်။ ဆီလောက်က တော့ကိုယ့်ဘာသာကြံဖန်ပြီးချက်ပေ့ါ။ အနီးအနားမှာ ချေးသင့်ချေးပေ့ါဗျာ။ အဲသလိုမချေးချင်ရင် တောင်မှ ကိုင်ပြီး ငံပြာရည်လေး၊ ဆားလေးနဲ့ပြုတ်စားဦး - ကျွန်တော် ကျေနပ်ပါတယ်။ အခုတော့ - ကျွန်တော် မလာမချင်း စောင့်နေတယ်တဲ့လေ။ ဟိုတလောက တူမကြီးပြောင်းလာခါစတုန်းကလည်း သူများဆီက ထမီအကြွေးယူပြီး အချိန်တန်တောင်းတော့ ကလေးတွေ ကျောင်းဖွင့်ချိန်အတွက် ရည်မှန်းထားတဲ့ စုဘူးကို ခွဲပေးလိုက်တယ်။ အဲဒါသိလို့ ကျွန်တော်ရိုက်တာပဲ" ဟု ဆိုလေ၏။

စိတ်မြန်လက်မြန်ရှိလှသော ယောက်ျားနှင့် ထုံထုံအအ လိမ္မာပါးနပ်မှုမရှိသော မိန်းမတို့ကြားမှ ကွာဟချက်အား သိမြင်ရသော ကျွန်မ ဘယ်သူ့ကို ဘယ်လိုပြောရမှန်း မသိတော့ပေ။ နောက်ဆက်တွဲအဖြစ်ဦးစန်းမှ - "တူမရေ မပိုင်းက ဉာဏ်တစ်ထွာတစ်မိုက်နဲ့ သူထင်ရာ သူလုပ်ပေမယ့်အဆုံးကျတော့ ဦးပဲ ရှင်းရတာမို့လို့ သူ့ကို ဘယ်သူနဲ့မှ အရောတဝင် ပေးမနေဘူး။ ကုန်ကုန်ပြောမယ်ဗျာ။ ရုပ်ရှင်ကြည့်မယ်၊ ပွဲကြည့်မယ်ဆိုရင်တောင် ကျွန်တော်ပဲလိုက်ပြတာ။ ဘယ်သူနဲ့မှမထည့်ဘူး" ဆိုပါသည်။

www.burmeseclassic.com

ထိုအချိန်အခါက ရုပ်မြင်သံကြား၊ ဗီဒီယိုတို့ မထွန်းကားသေးချိန်မို့ ၎င်းမြို့လေးတွင် ရုံဖန်ရုံခါ သုံးထားပေါင်းမိုး အလင်းစနစ်ဖြင့် ရုပ်ရှင်ပြတတ်ပါသည်။ ကျွန်မတို့အုပ်စု အပျင်းပြေသွားကြည့်ရန် လူစုလေတိုင်း မဝိုင်းမပါဝင်နိုင်သည်မို့ စိတ်မကောင်းဖြစ်ကြရ၏။

တစ်ခါသော် မြို့နယ်အတွင်း လုပ်ငန်းခွင်တစ်ခုသို့ရက်ရှည်အလုပ်လုပ်ရန် ဦးစန်း သွားရသည်။ မဝိုင်းတို့သားအမိအား စောင့်ရှောက်ရန် မဝိုင်း၏မိခင် အား ခေါ်ယူထားခဲ့သော်လည်း ကိစ္စတစ်ခုရှိ၍ သူမအိမ်သို့ ခေတ္တပြန်မည်ဖြစ် သည်။ နေ့ချင်းပြန်ခရီးမို့ မြေးဖြစ်သူ မောင်နုမနှစ်ယောက်ကလည်း လိုက်ချင်နေ၍ ခေါ်ဆောင်သွားလေ၏။ သို့သော်လည်း ပြန်မလာနိုင်ပဲ မြို့လေးသို့ နောက်ဆုံးဝင်လာသော ကားကြုံနှင့်သာ စာထည့်ပေးလိုက်ပါသည်။ သူမ၏ခင်ပွန်း နေထိုင်မကောင်း၍ နှစ်ရက်၊ သုံးရက်မျှ ကြာဦးမည်။ ညဘက်တွင် မထွေးမြင့်တို့မောင်နုမအား အဖော်ခေါ်အိပ်ပါဟူသောအကြောင်းသာ ပါ၏။

ထိုအခါ မဝိုင်း၌ ဦးစန်းလည်းမရှိ၊ ကလေးတို့လည်း မရှိမို့ ကျွန်မတို့နှင့် ပိုတွဲမိလေသည်။ ၎င်းရက်အတွင်း ဝယ် နတ်စင်ကုန်းရွာအနီးမှ နာမည်ကျော်ကျွဲမင်းကုန်းဘုရားပွဲကျင်းပသည့်ရက်ဖြစ်၏။ ကျွန်မနှင့်အပေါင်းပါတစ်သိုက်တို့လည်း ဒေသစိမ်းမှ တောဘုရားပွဲအတွေ့အကြုံကို ခံစားကြည့်ချင်မိကြသဖြင့် သွားကြရန်အလို့ငှာ လူစုကြ၊ ပြင်ဆင်ကြ၊ လှည်းငှားကြနှင့် လှုပ်လှုပ်ရွရွရှိတော့သည်။ ရှာခံ မထွေးမြင့်ကလေးကိုလည်း ကျွန်မတို့အုပ်စုနှင့်အတူ မပါမဖြစ် ခေါ်ဆောင်သွားမှာပါ။ မဝိုင်းကို လိုက်ပါစေချင်သော်လည်း သူမပါပဲ ရုပ်ရှင်တောင် မကြည့်ရဆိုသော ဦးစန်း၏ဥပဒေအရ သူမအား ခေါ်ရန်အရေးက ခက်ခဲလှ၏။

စိတ်တူ၊ သဘောတူ၊ အရွယ်တူတွေစုပေါင်းသွားမည့်ပွဲမို့မဝိုင်းကလည်း လိုက်ပါဆင်နွှဲချင်၏။ – "ကျွန်မလေ – ဒီကိုပြောင်းလာတာ သုံးနှစ်ရှိသွားပြီ၊ ဦးစန်းက ဘုရားပွဲရက်ဆို အလုပ်ကြပ်နေတာနဲ့ လိုက်မပို့အားလို့ တစ်ခါမှ မရောက်ဖူးဘူး။ ကျွန်မလည်း လိုက်ချင်လိုက်တာ" ဆိုသောစကားက ကျွန်မတို့ စိတ်မကောင်းစရာပါ။ သို့ပါသော်လည်း လိုက်ချင်လိုက်ခဲ့လေဆိုသော စကားအား ကျွန်မတို့အားလုံး သွက်သွက်လက်လက် ပြောမထွက်နိုင်ပဲ အာစေးထည့်ထားသည့်နှယ်ဖြစ်ရ၏။ သူမ တစ်ယောက် ပိုခေါ်သွား၍ ကျွန်မတို့မှ ပြဿနာမရှိသော်လည်း အုပ်ထိန်းသူ ကန့်ကွက်ထားသည့်ကြားမှ ခေါ်သွားရန်အရေးက မလွယ်လှချေ။ "သနားပါတယ် – ခေါ်သွားမယ်" ဆိုသူက တစ်မျိုး၊ "ဖြစ်ပါ့မလား။ သူ့ယောက်ျားကြီးက မလွယ်ဘူးနော်" ဆိုသော အဆိုပြုခြင်း၊ ကန့်ကွက်ခြင်းတို့ဖြင့် စဉ်းစားရကြပ်၏။ ကျွန်မမှာ တစ်ဝန်းတည်းနေသူမို့ ရရှိလာမည့်အကျိုးဆက်အား ကိုယ်တွေ့မျက်မြင်အနေအထားရှိသဖြင့် ပိုမိုစဉ်းစားရပါသည်။

ဤသို့ဖြင့် "ခေါ်မယ် – မခေါ်ဘူး" အမျိုးမျိုး အကြံပြု၍ နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ်ခေါ်မည်ဟု ဆုံးဖြတ်ကြ၏။ မဝိုင်းကလည်း – "အခုလိုလိုက်ရရင် သေပျော်ပါပြီ၊ တစ်ခုခုဖြစ်လာမှာလည်း မပူကြပါနဲ့၊ အလွန်ဆုံးရိုက်ခံရရုံ အပြင် ပိုမရှိပါဘူး။ ကျွန်မအတွက် ရိုးနေပြီ" ဆိုလေရဲ့။ သည်လိုနှင့် မထွေးမြင့်၊ မဝိုင်းအပါအဝင် ကျွန်မတို့အုပ်စု ပျော်ရွှင်စွာ ဘုရားပွဲသို့ သွားခဲ့လေ၏။ ဘုရားပွဲမှာ ကျွန်မပနိုင့်ဆင်ထားသည်ထက် ပိုမိုစည်ကားကြောင်း တွေ့ရပြီး ကျွန်မတို့အားလုံး ပျော်ရွှင်စွာဖြင့် ဘုရားပွဲမှ ပြန်လာခဲ့ကြပါသည်။ ဤသို့ဖြင့် ပြန်အရောက် ဗိုလ်တဲအဝင်တွင် အလုပ်ကြပ် ကိုစိုးထွန်းမှ "A.E က ရောက်ရောက်ချင်း သတင်းပို့ခိုင်းထားတယ်" ဟု ကျွန်မအား ဆီးပြောသကဲ့သို့ မထွေးမြင့်မောင်လေးမှလည်း "ဘဘစန်း ပြန်ရောက်နေတယ်" ဟု သတင်းပို့ကြ၏။ အလုပ်ခွင့်က ပြန်ရက်မဟုတ်ပဲ ဘာကြောင့်များ ဦးစန်း ပြန်ရောက်လာတာလဲဆိုသောအတွေးဖြင့် မဝိုင်းအတွက် စိတ်ပူမိသော်လည်း အထက်လူကြီးထံ သတင်းပို့ရမည့်ကိစ္စကလည်း ကျွန်မအတွက် အရေးကြီးနေပါသည်။ အရေးပေါ်လုပ်ငန်းကိစ္စတစ်ခုအား လူကြီးနှင့် မည်သို့ မည်ပုံ ဆောင်ရွက်ရန် စကားပြောနေရသော်လည်း ဦးစန်းနှင့်မဝိုင်း ဘာတွေများ ဖြစ်ကုန်ပြီလည်းဆိုသောအရေးက ကျွန်မအတွေးထဲ ခဏခဏ ပြေးဝင်လာလေ၏။





www.burmeseclassic.com

ထို့နောက် အချိန်တစ်နာရီသာသာကြာမျှ လုပ်ငန်းကိစ္စများ ဆွေးနွေးဆောင်ရွက်ပြီးမှ ကျွန်မအခန်းရှိရာသို့ပြန်ခဲ့ပါသည်။ ဦးစန်းတို့ဘက်သို့ လှမ်းမျှော်ကြည့်သောအခါ ဆူညံသံမကြားရဘဲ ပကတိတိတ်ဆိတ်ငြိမ်သက်လွန်းလှ၏။ မကြာမီ – မထွေးမြင့်လေး ရောက်လာသောအခါ မပိုင်း၏ဘုရားပွဲပြန်နောက်ဆက်တွဲသတင်းအားသိချင်နေသော ကျွန်မအတွက် အဆင်ပြေသွားလေရဲ့။ ရောက်မဆိုက်ပင် – "ဟဲ့ – ဘာတွေများဖြစ်ကုန်ကြပြီလဲ၊ အစ်မလည်းအလုပ်ရှိလို့သာ လုပ်နေရတယ်၊ မပိုင်းတော့ အန္တရာယ်ရတော့မယ်ဆိုပြီး စိတ်ပူနေမိတာ" လို့ လှမ်းမေးမိပါသည်။ မထွေးမြင့်မှ –

"မမရယ် – စိတ်မပူပါနဲ့၊ ဒီတစ်ခါအရိုက်ခံရတာက မမပိုင်းမဟုတ်ဘူး၊ ဘဘစန်းပါ" ဆိုလေ၏။

"ဟယ် – နင်ကလည်း – ကတ်သီးကတ်သတ် ပြောင်းပြန်တွေ ပြောနေပါပြီ၊ ကေန္တတော့ – ပုလင်းမလှုပ်ပဲ ဆေးသောက်ခဲ့မိပြီနဲ့တူတယ်" ဟု ကျွန်မနောက်လိုက်သည်၊ မထွေးမြင့်ကမူ –

"ဟုတ်တယ် – မမရဲ့၊ သမီး တကယ်ပြောတာပါ၊ သမီးတို့က မမြင်ရပေမဲ့ တစ်ချိန်လုံး ကြားနေရတာပါ၊ မမပိုင်းက ဘဘစန်းကိုရိုက်တာ အမှန်ပါ" ဆိုလေ၏။

ကျွန်မအတွက် ကြားရသော စကားက မယုံနိုင်စရာ အမှန်ဖြစ်သော်လည်း ကလေးနှင့် ဖက်ပြိုင်ငြင်းမနေတော့ပဲ ကာယကံရှင် မပိုင်းကိုသာလျှင် မေးကြည့်ရန် ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။ ထိုစဉ်အတွင်း ဌာနပိုင်နယ်မြေထဲမှ ချောင်းကူးတံတား ကျိုးကျသွားခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မသွားစေရန် ဘေလီတံတားတစ်ခု ထိုးပေးရမည်ဖြစ်သောကြောင့် အလုပ်ရှုပ်နေပြီး ယင်းကိစ္စကြောင့်ပင် ဦးစန်းလည်းပြန်လာခဲ့ရခြင်းပါ၊ အလုပ်ကိစ္စအရေးကြီးနေသောကြောင့် မပိုင်းကို အကြောင်းအား မမေးအားနိုင်ခဲ့ချေ၊ လုပ်ငန်းများပြီးစီး၍ တစ်နေ့သော အားရက်ဝယ် ကျွန်မတို့ အုပ်စု ပြန်လည်စုဆုံမိလေ၏၊ ကျွန်မနည်းတူ အခြားသူတို့မှာလည်း မပိုင်းအတွက် ပူပင်ကြောင့်ကြရှိကြပြီး မပိုင်းအား ကြားရသောသတင်း မှန်၊ မမှန်



ဝိုင်းဝန်းမေးကြလေတော့သည်။ မပိုင်း၏အဖြေကား – "ဟုတ်ပါတယ် – အဲဒီနေ့က ကျွန်မလည်း ပြန်သွားရော အိမ်မှာ သူက ရောက်နေနှင့်ပြီလေ၊ အနားမှာလည်း အိမ်ထဲက ငှက်ကြီးတောင်ဓားကို ချထားတာလည်း တွေ့ရတယ်၊ ကျွန်မ ဖိနပ်ချွတ်ကနေ အိမ်ပေါ်လှမ်းတက်ရုံရှိသေး –

"ကဲ – မယ်မင်းကြီးမ – တော်တော်မှပျော်ခဲ့ရဲ့လား" ဆိုတဲ့ ခပ်ငေါ့ငေါ့ အမေးလည်းကြားရော၊ ကျွန်မလည်းကြောက်ကြောက်လန့်လန့်နဲ့ ခြေခေါက်ပြီးလဲရာက အရှိန်လွန်ပြီး အနားကထိုင်နဲ့ ချိုစောင်းဆောင့်မိသွားရော၊ ခေါင်း



ဒါနဲ့ – ကျွန်မလည်း ရုတ်တရက်ထပြီး သူ့ပါးကို ဘယ်ပြန်ညာပြန် အားကုန်လွှဲချလို့ ခြေထောက်နဲ့ပါ ကန်လိုက်တယ်။ သူလည်း လုံးဝမျှော်လင့်မထားတော့ အံ့အားသင့်ပြီး ကြောင်ကြည့်နေတယ်။ အဲဒီတုန်းမှာပဲ – ဟင်း – ဟင်း – ငါ့ကို ဘာမှတ်နေလဲ။ မင်းကို ငါစောင့်ကြည့်နေတာကြာပြီ။ မင်း – ငါ့ညီမကို နှိပ်စက်တာ များနေပြီ။ ဒီတစ်ခါ လုပ်ရဲလုပ်ကြည့်။ ငါ့ညီမကိုလည်း သိုက်နန်းကို ပြန်ခေါ်မယ်။ မင်းကိုလည်း အရှင်မထားဘူး။ ငါ့ညီမကို လူ့ပြည်ကို လွှတ်လိုက်တာ မင်းနှိပ်စက်ဖို့မဟုတ်ဘူးကွ။

www.burmeseclassic.com

ကို ဘုသီးထွက်ပြီး မူးသွားတာပဲ။ အဲဒါကြောင့် ချက်ချင်းပြန်မထနိုင်သေးခင် သူက ကျွန်မအနား ရောက်လာတယ်လေ။

ဒါနဲ့ - ကျွန်မလည်း ရုတ်တရက်ထပြီး သူ့ပါးကို ဘယ်ပြန်ညာပြန် အားတုန်လှဲချလို့ခြေထောက်နဲ့ပါကန်လိုက်တယ်။ သူလည်း လုံးဝမျှော်လင့်မထားတော့ အံ့အားသင့်ပြီး ကြောင်ကြည့်နေတယ်။ အဲဒီတုန်းမှာပဲ - "ဟင်း - ဟင်း ဇါ့ကို ဘာမှတ်နေလဲ။ မင်းကို ငါစောင့်ကြည့်နေတာ ကြာပြီ။ မင်း - ငါ့ညီမကို နှိပ်စက်တာ များနေပြီ။ ဒီတစ်ခါ လုပ်ရဲလုပ်ကြည့်၊ ငါ့ညီမကိုလည်း သိုက်နန်းတို ပြန်ခေါ်မယ်၊ မင်းကိုလည်း အရှင်မထားဘူး။ ငါ့ညီမကို လူ့ပြည်ကို လွှတ်လိုက်တာ မင်းနှိပ်စက်ဖို့မဟုတ်ဘူးကွ" ဆိုတဲ့စကားတွေကို ဆက်တိုက်ပြောချလိုက်တယ်။ ဦးစန်းလည်း အံ့အားသင့်ရာကနေပြီး ကြောက်လန့်တကြားနဲ့ လက်အုပ်လေးချီပြီး ပြန်မခေါ်ပါနဲ့ - တောင်းပန်ပါတယ်။ နောက်နောင်လည်း ဆင်ခြင်ပါ့မယ်။ မသိလို့ မှားမိတာပါ။ ဖွဲမယူပါနဲ့ဆိုပြီး အခါခါ တောင်းပန်တယ်။ နောက်မရိုက်တော့ပါဘူးလို့လည်း ကတိပေးတယ်။ ကျွန်မလည်း "အေး - မင်းကတိ မင်းတည်ပါစေနော်" လို့ နှစ်ခါသုံးခါပြောပြီး မျက်စိမှိတ်လို့ တုန်းခနဲ လဲချလိုက်တယ်။

ဦးစန်းက ကျွန်မကိုကမန်းကတန်း ပွေ့လို့မေးစေ့ဆွဲပြီး - "မပိုင်း - မပိုင်း" နဲ့ ခေါ်တယ်။ ကျွန်မလည်း ချက်ချင်းမထူးပဲ ခဏကြာမှ လူးလဲထပြီး - "ဟင် ကျွန်မ ဘာဖြစ်သွားတာလဲဟင်" လို့ပြန်မေးလိုက်တယ်။ သူက တိုင်နဲ့ခေါင်းနဲ့ ဆောင့်မိပြီး မူးသွားတယ်လို့ ပြန်ဖြေပါတယ်"

ထိုစဉ်ခဏဝယ် မပိုင်း၏ စကားဆုံးအောင်ပင် မစောင့်နိုင်ပဲ ကျွန်မတို့အားလုံး ဝိုင်း၍ပြုံင်တူညီညာ - "ဟယ် - မပိုင်းက သတ္တိကောင်းလိုက်တာ" ဟု ဝိုင်းအပြောတွင် မပိုင်းကာ ပျာပျာသလဲနှင့် -

"ခြော် - ကျွန်မ သတ္တိကောင်းတယ်တော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်ကအရင် မတွယ်ရင် သူက ကိုယ့်ကို တွယ်တော့မှာကိုး။ နောက်ပြီး ဓားကလည်း ထောင်ထားသေးဆိုတော့ ကြောက်ကြောက်နဲ့ ကြံမိကြံရာ ကြံ

လိုက်တာပဲ။ ကျွန်မငယ်ငယ်က အဖွားကြီးပြီး အကြာကြီး သတိလစ်နေလို့ အမေတို့က နေကောင်းတာနဲ့ ဆရာပင့်လို့ သိုက်ကြီးဖြတ်တယ်ဆိုလား။ သေချာတောင် မမှတ်မိတော့ပါဘူး။ ဒီအကြောင်းကို စကားစပ်မိလို့ ပြောဖြစ်ကြတာ ဦးစန်းလည်း ကြားဖူးထားတယ်လေ။ အဲဒါလေး သွားသတိရလိုက်တာ။ အဆင်ပြေသွားတယ် ပြောရမှာပေါ့" ဆိုလေရဲ့။

သည်လိုနှင့် မပိုင်း ပြန်သွားသောအခါ ကျွန်မတို့အားလုံး တစ်ယောက်တစ်မျိုး ဝေဖန်ချက်အမျိုးမျိုး ပေးနေမိကြ၏။ ကျွန်မတို့အုပ်စု၌ အသက်အကြီးဆုံးဖြစ်သူ မမဦးမှ - "ဦးစန်းကဟယ် - သူ့သမီးလောက်ကလေး ယူထားပြီး စိတ်မချတော့အကြောက်တရားနဲ့ မပိုင်းကို အုပ်ချုပ်ထားတာပေါ့။ မပိုင်းကလည်း ဘယ်လောက်ပဲ ထုံထုံအအ၊ အကြောက်တရားနဲ့ ရင်ဆိုင်လာရတဲ့အခါ သူ့လွတ်လမ်းအတွက် ကြံဖန်ပြီး ထွက်ပေါက်ရှာတာပဲ။ ပြောရရင်တော့ ရုတ်တရက်ဖြတ်ထိုးဉာဏ် ကောင်းသွားတာပေါ့လေ။ စာထဲမှာတော့ တခဲနပ္ပတ္တိဉာဏ်လို့ ပြဆိုတယ်။ အဲဒီဉာဏ်အရာမှာ ယောကျ်ားတွေထက် မိန်းမတွေက ပိုပြီးသာတယ်။ ဒါ့ကြောင့်လည်း "မိန်းမဉာဏ်" လို့ ခေါ်ကြတာပေါ့။ အဲဒါလေးက မပိုင်းကို ထွက်ပေါက်ပေးလိုက်တာပေါ့။ ဓားကြီးထောင်ထားတာလည်း ဦးစန်းက မပိုင်းကို ခြောက်လှန့်ဖို့ပါ၊ တကယ်မလုပ်ရက်ပါဘူး။ ဘာမှန်းညာမှန်းမသိတဲ့ ပုဂ္ဂိုလ်က သူ့မိန်းမကို သိုက်နန်းခေါ်မယ်ဆိုတာနဲ့ တောင်ပြူးပြူးပျာပျာဖြစ်သွားတာ။ သူ့မိန်းမသူ ချစ်လို့ပေါ့ဟဲ့" ဟု အဆုံးသတ်မှတ်ချက်ပေးကာ အားလုံး လူစုခွဲလိုက်ကြတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ယင်းကိစ္စဖြစ်ပျက်ပြီးနောက်ပိုင်း ထိုမြို့ကလေးတွင် ကျွန်မ တာဝန်ထမ်းဆောင်ခဲ့သော ကာလတစ်လျှောက်လုံး ဦးစန်းနှင့်မပိုင်း၏ အရိုက်အနက်ဇာတ်လမ်းအား လုံးဝထပ်မံ မကြားခဲ့ရတော့ချေ။

**စိမ်းရည်မြသွေး**



www.burmeseclassic.com

www.burmeseclassic.com

# လူသတ်ပြောင်




ရင်ဘတ်ပြားအောင်

လူသတ်ဖူးသည့်ရောမဆင်ပေါက်ပမာ
ပြောင်သတ္တဝါကြီးကိုသေနတ်ဖြင့်
အချက်ပေါင်းများစွာပစ်ခတ်၍
အနိုင်ယူရပုံကိုဖတ်ရှုရမည်..

## "ကလင် ကလင်"

"ကလင် ကလင် - ကလင် ကလင်"

"ဟဲလို - ပြောပါရှင်"

ကျွန်ုပ်၏ဇနီးသည်က တယ်လီဖုန်းထူးနေပြီး

"ဟုတ်ကဲ့ - ရှိပါတယ်ရှင်။ ခဏကိုင်ထားပါ"

"ကိုကျော်ကျော် - သာယာဝတီက ပြောနေတာ" ဟုဆိုကာ ကျွန်ုပ်ထံသို့ တယ်လီဖုန်း လှမ်းပေးလေ၏။

ကျွန်ုပ်မှာ ရုံးပိတ်ရက်(မေဒေးနေ့)နေ့လယ်ပိုင်း ဒရင်းဘတ်ပေါ်ထိုင်၍ မဂ္ဂဇင်းတစ်စောင် ဖတ်နေချိန်မှာ တယ်လီဖုန်းကို လှမ်းယူကာ -

"ဟုတ်ကဲ့ - ကျွန်တော် ကျော်စိုးဗိုလ်ပါ"

"ကိုစိုးရေ - သတင်းတစ်ခုပြောမလို့၊ သတင်းကောင်းတော့မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာများပါလိမ့်"

"ပြီးခဲ့တဲ့အပတ် တောပစ်လာတုန်းက ကိုအောင်သန်းပစ်လိုက်တဲ့ တောဝက်ကို ခွေးနဲ့လိုက်ပေးတဲ့ ဆင်တဲက ကရင်လေးကို မှတ်မိတယ် မဟုတ်လား - စောနေဝင်းလေ"

ကျွန်ုပ် ခေတ္တစဉ်းစားပြီး -

"ဟိုခပ်ပုပု၊ ခြေခွင်ခွင်လေးနဲ့ ဆင်သမားလေးကို ပြောတာမဟုတ်လား"

"ဟုတ်တယ် - ဟုတ်တယ် - အဲဒီကရင်လေး ဆုံးသွားပြီ"

"ဘာဖြစ်လို့လဲ - ကျွန်တော်တို့ပြန်လာတာမှမကြာသေးဘူး၊ အကောင်းကြီးပဲဟာ"

ကျွန်ုပ်က ကိုကျော်ကျော်၏စကားကို ဆုံးအောင်မစောင့်၊ ဖြတ်မေးမိ၏။

"ပြောင်တိုက်လို့ - ကိုစိုးရေ"

"ဟောဗျာ - ဖြစ်ရလေ၊ သေသေချာချာ ပြောပါဦး"

"ခင်ဗျားတို့လာတုန်းက အကွက် (၁၁၁) သစ်ကွက်ထဲက ခင်ဗျားလိုက်ခဲ့တဲ့ ပြောင်ထီးပိုးကြီးကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့၊ အင်မတန်လျင်ပြီးဉာဏ်များတဲ့အပြင် အရောင်အတိမ်းလည်း ကောင်းတယ်၊ တစ်ကောင်ထီးတည်းနေတဲ့အကောင် (Lone Bull) ကြီးပဲ"

"ဟုတ်တယ် - အဲဒီအကောင်ကြီးက ဆော်ထည့်လိုက်တာ"

"သူတို့ ဆင်ကျောင်းတဲ့ တဲနားက လယ်ကွင်းဟောင်း ဂုံမင်းတော (တောင်ပေါ်ရွာများ ရွှေ့ပြောင်းသွား၍ ကျန်ခဲ့သည့် လယ်ကွင်းများတွင် ဂုံမင်းပင်များ တောထအောင် ပေါက်နေသည့်နေရာ) မှာ ကြက်ကိုင်း (တောကြက်ကို ညွှတ်ကွင်းလုပ် သုတ်ကိုင်းဖြင့် ထောင်ခြင်း) ထောင်ထားတာကို မိ၊ မမိ ညနေဘက်သွားလိုက်တာမှာ ဂုံမင်းတောထဲမှာ ငြိမ်နေတဲ့ပြောင်က စောင့်ကြည့်နေပြီး အနားလည်းရောက်ရော တအားပြေးတိုက်လိုက်တာပဲ"

"ဖြစ်ရလေဗျာ၊ ဆေးရုံကို ချက်ချင်းမပို့ကြဘူးလား"

"ပို့ဖို့နေနေသာသာ အတိုက်ခံရကတည်းက စကားမေးကို မရတော့ဘူးတဲ့၊ အဖော်လိုက်သွားတဲ့ ကရင်ကလေးတစ်ယောက်က ဆင်တဲကို ပြန်ပြေးလာပြီး ခွေးတွေ၊ လူတွေကိုခေါ်၊ ဓားတွေ၊ လှံတွေနဲ့ လိုက်သွားကြတော့ အသက်မရှိတော့ဘူး။ ရင်ဘတ်လည်း ပြားနေပြီ၊ ပြောင်ကြီးကိုလည်း မတွေ့ရတော့ဘူး"

"တော်တော်ဆိုးတာပါလားဗျာ"

"ဒါတင်ဘယ်ကဦးမလဲ၊ ဒီအကောင်ကြီးက အဲဒီအကွက်ထဲကကို မထွက်လို့ အခုနောက်ပိုင်း သစ်ထုတ်လုပ်ရေးက ဝန်ထမ်းတွေ အခက်အခဲ ဖြစ်နေတယ်၊ လူတွေမှရှောင်၊ အတင်းတိုက်ခိုက်နေတယ်တဲ့၊ နှစ်ဦးသုံးဦး လည်းအလိုက်ခံရသေးတယ်၊ သစ်ပင်ပေါ်တက်ပြေးတာမြန်လို့ လွတ်ကြရတာ၊ ကိုအီစက် (သစ်ထုတ်ဝန်ထမ်း) နဲ့ ဦးကျော်မြိုင် (နယ်တာဝန်ခံ) တို့က ခင်ဗျားနဲ့အဘတို့အဖွဲ့ကို လာပစ်ပေးပါလို့ ပြောနေတယ်၊ မိုးကလည်း ကျခါနီးတော့ အကွက်က သစ်ထွက်အောင် လုပ်ရမှာတဲ့၊ ပြောင်ကလည်း ဆိုးနေပြီဆိုတော့ အကူအညီတောင်းတဲ့သဘောပေါ့"

"ဟုတ်ကဲ့ - ကျွန်တော် - အဘနဲ့တိုင်ပင်လိုက်မယ်၊ ခင်ဗျား - ရန်ကုန်ကို ဘယ်တော့လာဦးမှာလဲ"

"တစ်ရက်နှစ်ရက်အတွင်း လာဖို့ရှိတယ်"

"ကောင်းပြီ - ဒါဆိုရင် - ခင်ဗျားလာရင် စီစဉ်ကြည့်တာပေါ့"

× × ×

တယ်လီဖုန်းချပြီးနောက် ပြီးခဲ့သည့်အခေါက်က လိုက်ခဲ့သည့် ထိုပြောင်ကြီးအကြောင်းကို စဉ်းစားကြည့်မိသည်။

အကွက်အမှတ် (၁၁၁) မှာ သာယာဝတီမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင် (၃၀) မျှအကွာ ရိုးမတောကြီးတွင်းမှာ ဖြစ်၏။

ဟင်းချိုသောက်ပန်းကန်အလတ် နှုတ်ခမ်းဝစန့်ရှိသည့် ပြောင်ကြီး၏ ခြေရာ (အချင်း ၄ လက်မခန့်) ကို အကွက်အမှတ် (၁၁၁) နှင့်မျက်နှာချင်းဆိုင် အကွက်၊ သုံးဆယ်ချောင်း၏ အနောက်ဘက်ကမ်းအခြမ်း၊ "မြောင်ရှည်" ဆိုသည့် ချောင်းမြောင်းဖျားရေစမ်းတွင် တွေ့ခဲ့ရခြင်းဖြစ်၏။ တစ်ကောင်တည်း နေသော သင်းကွဲပြောင်ထီးပိုးကြီးပါပေ၊





www.burmeseclassic.com

www.burmeseclassic.com

အဘ၊ ကျွန်ုပ်၊ ကိုအီစက်၊ ကျွန်ုပ်၏တပည့် ဝင်းမြင့်တို့က မြောင်ရှည်ဘက်တွင်စိုင်အုပ်ကပ်နေသည်ဆို၍စိုင်ပစ်ရန် မြောင်အတိုင်းတက်ခဲ့သည်။ နံနက်စောစော (၇)နာရီခန့်ဖြစ်ပြီး သားကောင်များ၊ စားကွင်း၊ စားကျက်တွင်ရှိနိုင်မည့်အချိန်။

စိုင်အုပ်၏ခြေရာကိုတွေ့မှ တစ်ဖွဲ့က ခြေရာကောက်၊ တစ်ဖွဲ့က ရှေ့မှ ဖြတ်ပိုင်းကြရန်ဖြစ်သည်။ ကျွန်ုပ်၏လက်စွဲတော် (၃၀.၀၆)နှင့် အဘ၏ စပရင်းဖီးလ် (၃၀.၀၆) အမဲပစ်ရိုင်ဖယ်နှစ်လက်နှင့်မို့ ဒီတောဒီတောင်က မည်သည့်သားကောင်ကိုမဆို ပစ်လှဲနိုင်သည့်အနေအထား။

မြောင်ရှည်ဖျားသို့ ရောက်သောအခါ မြောင်မှာ နှစ်ခွဖြစ်နေသည်။ နှစ်ခွဲခွဲ၊ မခွဲ ဝေဖန်ကြရာ တောကျွမ်းသူ ကိုအီစက်က စိုင်ခြေရာသစ် မတွေ့သေး၍ တွေ့မှ ခွဲကြရန် အကြံပြုပြီး တစ်ဖွဲ့တည်း တောင်ကြောကလေးကို ဖြတ်တက်ခဲ့သည်။

တောင်နှင့်မြောက် ကန့်လန့်တောင်ကြောမို့ အရှေ့မှ အနောက်သို့ဖြတ်တက်ရပေမည်။

ကြသောင်းဝါးတောကြီးက စိမ့်စမ်းကောင်း၊ နေရာကောင်းဖြစ်သည်။ ဝါးပင်များအောက်ခြေတွင် ဝါးပင်ပေါက်များရှိနေပြီး နွေရာသီ ဧပြီလ ရွက်ကြွေထား၍ ကျွန်ုပ်တို့၏ တောတိုးသံက အဝေးမှပင် ကြားနိုင်လောက်၏။ သို့သော် အသံကို တတ်နိုင်သမျှထိန်းကာ တက်ခဲ့ရာ တောင်ကြောထိပ်သို့ ရောက်လာသည်။ လေပြေလေးက တစ်ချက်တစ်ချက် အရှေ့မှ အနောက်သို့ သုတ်ဖြူးသဖြင့် ဝါးရွက်ခတ်သံက တရှဲရှဲမြည်ကာ တောကိုလွှမ်းလျက်။

ဝဲ၊ ယာ အရှေ့သို့ မျက်စိ၊ နားကို အာရုံထားရင်း တက်ခဲ့ကြရာ နေပူကွင်းတစ်ကွက်တလေကို ဖြတ်ကြရသည်။ ထိုတွင် ပြဿနာက စခဲ့သည်။

နေပူကွက်ကိုဖြတ်တိုင်း အရှေ့မှထိုးသည့်နေက နံနက်(၇)နာရီကျော်ခန့်မို့ ကျွန်ုပ်တို့၏အရိပ်က ရှည်လျားစွာ တစ်ဖက်မြောင်စောင်းသို့ရောက်နေသည်။ လူမရောက်မီ အရိပ်က ရောက်နေသည့်သဘော။

ထိုအချိန် အရှေ့လေက တစ်ချက်သုတ်လိုက်ရာ ကျွန်ုပ်တို့၏အနံ့က အနောက်ဘက်သို့ ရောက်ချေပြီ။



"ဝုန်း - ဝုန်း - ဖြုန်း - ဖြုန်း"

သားကောင်ကြီးတစ်ကောင်၏ ဝါးတောတိုးသံက တစ်ဖက်မြောင်နှုတ်ခမ်းမှ ကြားလိုက်ရသည်။

အဘကော၊ ကျွန်ုပ်ပါ သေနတ်ကိုပခုံးတွင်ထောက်၍အသံလာရာဆီသို့ သေနတ်ပြောင်းကို ဦးတည်လိုက်၏။

သို့သော် အမြင်အာရုံက မကောင်းပါ။ သိပ်သည်းထူထပ်သောမြောင်အတွင်းမှ ဝါးတောက အကာအဆီးအကွယ်ပြုလုပ်ထားသကဲ့သို့ -

"ဖြုန်း - ဖြုန်း - အုန်း - ဒိုင်း"

သားကောင်ကြီးက သူဦးတည်ရာကို ဝင်တိုက်သွားခဲ့ရာ ဝါးတောမှာ သိမ့်ခနဲ သိမ့်ခနဲ ဝါးပင်များအလဲလဲ အပြိုပြို။ ဆင်တစ်ကောင်ထက်ပင် အားကြီးနိုင်ပေမည်။

ကျွန်ုပ်တို့ သူပြေးထွက်ရာသို့ရောက်ခဲ့ရာ ကြီးမားသည့် ပြောင်ခြေရာနှင့် သူခုတ်သွားသော ထွာဆိုင်မျှ ဝါးပင်များမှာ ကျိုးပြတ်လဲကြနေခဲ့ပြီ။

"ဒီကောင်ကြီး - ဒီမှာ စားကျက်ပဲ၊ စားငုတ်ချပြီး စားထားတာ"

ကိုအီစက်က ပြောင်စားမြက်များကို တံစဉ်ဖြင့်ရိတ်ထားသလို ညီညာစွာ စားထားသည်များကို ပြ၍ပြောပါသည်။

"ဦး - ဒီမှာလာကြည့်ပါဦး" ဝင်းမြင့်က ခေါ်၍ပြသည်။

လူနှစ်ဖက်စာမျှ လုံးပတ်ရှိသည့် "ယမနေ" ပင်ကြီး၏ (၁၀) ပေခန့်အမြင့်တွင် သားကောင်ကြီး၏သွားရာများဖြင့် ယမနေခေါက်များစွာ စားထားသည့် အရာများ။

"နည်းတဲ့အကောင်ကြီးမဟုတ်ဘူး - အဘရေ"

"ဟုတ်တယ် - (၇) ပေခွဲ (၈) ပေလောက်ရှိမယ်။ အသားချိန်ပိဿာ (၃၀၀) ကျော်မယ်ထင်တယ်။ လည်ပင်းမော့ပြီးယမနေခေါက်ခွာစားထားတာ ကိုက်(၉)ပေ၊ (၁၀)ပေမြင့်တယ်"

မှန်ပါသည်။ ပြောင်ထီးပိုးတစ်ကောင်သည် တစ်ကောင်လုံးဖို့အလေးချိန်မှာ ပေါင်(၁၀၀၀)မှ (၁၀၀၀)ကျော်အထိ ရှိတတ်သည်မဟုတ်ပါလား။

www.burmeseclassic.com

အသံသာကြားရပြီးအကောင်မတွေ့လိုက်ရ၊ မပစ်လိုက်ရမှီနောက်ထပ်နှစ်ရက်လိုက်ခဲ့ကြသည်။ သို့သော် မတွေ့။

မုဆိုးများ လိုက်နေမှန်းကို သားကောင်ကြီးက သိနေပုံရသည်။ သူသွားရာလမ်းမှာ ဝါးကောက်ပင်ပျိုများနှင့် ချုံပုတ်များကို ပိပြားနေအောင် ခတ်ပြသွားသည်။ တစ်နေရာတွင် တောင်ကြောထိပ် ကုန်းပြန့်(ကျင်းပြန့်ဟု ခေါ်သည်)နေရာတွင်ကျင်ကြီးနှင့်ဆီးသွားထားသည်ကိုလတ်လတ်ဆတ်ဆတ်တွေ့ရသည်သာမက ပေ(၅၀)ပတ်လည်ခန့်ရှိ သစ်ကျင်းပြန့်ကို ထောင်လမောင်းကျေအောင် ပစ်ခတ်ကာ အင်အားနှင့် ချိုစွမ်းကို ပြသထားသေးသည်။

မြင်ရသူမုဆိုးအဖို့ ကျောစိမ့်စရာပင် ကောင်းသေးတော့။

"သင်းကွဲမို့ အရမ်းဒေါသကြီးနေတာ၊ ဒီကောင်ကြီး - လူတွေ့ရင်အန္တရာယ်ပေးနိုင်တယ်"ဟု ကိုအီစက်က ဆို၏။

"ဟုတ်တယ် - သတိ အတော်ထားရမယ်"ဟု အဘက မှတ်ချက်ပြု၏။

"မျက်စိတစ်ဆုံးကို ချုံကွယ်တစ်ခုမကျန်ရအောင်သေသေချာချာကြည့်ကြနော်"

ကျွန်ုပ်ကလည်း အဖွဲ့အား သတိပေးမိသည်။

သို့သော် ထိုအခေါက်က ထိုပြောင်ထီးကြီးကို အမိမလိုက်နိုင်ခဲ့ပါပေ။ ထို့ကြောင့် ကံဆိုးသူ စောနေဝင်းမှာ အသက်ပေးခဲ့ရပြီ၊ ကျွန်ုပ်တို့အဖွဲ့အား တစ်စိတ်တစ်ဒေသ ကူညီခဲ့သူ ကရင်လေး စောနေဝင်း ကောင်းရာမွန်ရာရောက်စေရန် ဆုတောင်းပေးမိသည်မှအပ လောလောဆယ်ဆယ် မတတ်နိုင်သေးပါ။ ကိုကျော်ကျော်လာမှ အဘ(အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦး)နှင့် တိုင်ပင်ရပေဦးမည်။

× × ×

မေလ၏ဒုတိယအပတ်သို့ရောက်ခဲ့ပြီ၊ သကြံန်လက်ဆေးမိုးကလည်း မေလတွင်းမှာ ရွာထားပြီမို့ ခြေရာကောက်၍ ရနိုင်ပေပြီ။



❝ သားကောင်ဆို၍ အထင်သေး၍မရ။ ဆင်ပေါက်တစ်ကောင်၏ အားမျှရှိပြီး ရန်လိုနေသော လူတွေ့မရှောင်၊ လူသတ်ပြောင်ကြီးတစ်ကောင်နောက်သို့ လိုက်ရမည်မှာ ကြိုတင်ပြင်ဆင်အတွက်ချကာ အမှားအယွင်းမရှိ။ ဖျော်ဖြောင်းတို့ လိုမည်။ သို့မဟုတ်ပါက နောက်ထပ် အသက်တစ်ချောင်း (သို့မဟုတ်) နှစ်ချောင်းမဆုံးရှုံးပါစေမည့်သူမျှ အာမခံနိုင်မည်မဟုတ်ပေ။



အဘ၊ ကျွန်ုပ် ကိုကျော်ကျော်၊ ကိုတင်စိန်၊ စောဖားပလဲ့၊ ကိုအီစက်၊ ကိုအောင်သန်းနှင့်ကျွန်ုပ်၏တပည့်ဝင်းမြင့်တို့ရိက္ခာအပြည့်အစုံဖြင့် အကွက်အမှတ်(၁၁၁)၏နွတ်ခမ်းသုံးဆယ်ချောင်း၏အရှေ့ဘက်ကမ်းပါးတောကုက္ကိုပင်ကြီးအောက်ရှိ ဆင်တဲဟောင်းကို ပြန်လည်ပြုပြင်ကာ စခန်းချနေပြီ၊

ယခုအခေါက်တော့ အကွက်အမှတ်(၁၁၁)ကို သာယာဝတီမှ မတက်တော့ဘဲ လက်ပံတန်းမြို့နယ်၊ မော်အင်းကျေးရွာဘက်မှ အထမ်းသမားများဖြင့် တက်ခဲ့၏။ သာယာဝတီမှဆိုလျှင် ခရီးပိုဝေး၍ ဖြစ်ပေသည်။ ခြေလျင်အထမ်းများနှင့်မှိုနံနက်ဝေလီဝေလင်းမှ ထွက်ခဲ့ရာ ညနေမိုးချုပ်ခါနီးမှ စခန်းချမည့်နေရာသို့ရောက်၏။ ခြေကျင်တောင်တက်ခရီးမိုင် (၂၀) ခန့်ရှိပေသည်။

ရောက်လျှင်ရောက်ချင်း စခန်းပြင် ညစာချက်၊ နေရာချနှင့်မို့ည(၉)နာရီခန့်မှ ညစာစားကာ အိပ်ရာဝင်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှ မိုးသားများတက်ကာ လျှပ်စီးပင် လက်နေ၍ မိုးရွာလျှင် နံနက်ခြေရာကောက်လိုက်ရပေမည်။ မုဆိုးနှင့်သားကောင် စစ်ခင်းရမည့်ပွဲ။

သားကောင်ဆို၍ အထင်သေး၍မရ။ ဆင်ပေါက်တစ်ကောင်၏ အားမျှ ရှိပြီး ရန်လိုနေသော လူတွေ့မရှောင်၊ လူသတ်ပြောင်ကြီးတစ်ကောင်နောက် သို့လိုက်ရမည်မှာ ကြိုတင်ပြင်ဆင်အကွက်ချကာ အများအယွင်းမရှိ၊ ဗျူဟာ ခင်းဖို့လိုမည်။ သို့မဟုတ်ပါက နောက်ထပ်အသက်တစ်ချောင်း (သို့မဟုတ်) နှစ်ချောင်းမဆုံးရှုံးပါဟု မည်သူမျှ အာမခံနိုင်မည်မဟုတ်ပေ။

× × ×

"ဆရာစိုးရေ - ထထ။ အဘတောင် နိုးနေပြီ"

ကိုအီစက်လာနှိုးမှပင် ကျွန်ုပ် နိုးတော့သည်။ နံနက်(၅)နာရီ။

"ကျွန်တော် - ဆင်တဲသွားပြီး ဆင်ကရင်လေးတွေ ခေါ်ခဲ့ဦးမယ်။ ပြီးတော့မှ တိုင်ပင်ပြီး ဘယ်လိုလိုက်ကြမလဲ စီစဉ်ကြတာပေ့ါ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

မျက်နှာသစ်ကာ ဝင်းမြင့် ပြင်ကျွေးသည့်နံနက်စာတွင် ထမင်းကြော်၊ ကော်ဖီမစ်တို့စားပြီးလျှင်ပြီးချင်းကိုအီစက်က ဆင်တဲမှဆင်ဦးစီးသုံးယောက်၊ ခွေးသုံးကောင်နှင့် ရောက်လာကြသဖြင့် စောနေဝင်းအား ပြောင်ခတ်ခဲ့ရာ နေရာသို့ ဦးတည်ထွက်ခဲ့ကြလေပြီ။

ကျွန်ုပ် - "စောနေဝင်းဆုံးတဲ့နေရာကိုအရင်သွားကြည့်ရအောင်။ ပြီးတော့မှ ခြေရာအသစ်ကို လိုက်ကြည့်တာပေ့ါ"

အဘ - "ကောင်းတယ်။ ဒါမှ - ဒီကောင်ကြီးခြေရာဟောင်းတွေပြီးခြေရာသစ်လိုက်နိုင်မှာ"

ကျွန်ုပ် - "အဘရေ - (၂၂၀)ဂရိမ်ထိပ်ဖူးအမာ ထည့်ထားနော်"

အဘ - "စိတ်ချ - ကိုစိုး။ ဒီကောင်ကြီးမျိုးက (၂၂၀)ဂရိမ်ထိပ်ဖူးအမာနဲ့ ထိရောက်မှာ။ ဆင်ပေါက်လောက်ကိုကြီးတဲ့အကောင်ပဲ"

ကိုအီစက် - "ဒေါသလည်းအရမ်းကြီးပြီး လူသတ်ထားတဲ့အကောင်ဆိုတော့ လူကို ကြောက်မှာမဟုတ်တော့ဘူး။ အဘနဲ့ ဆရာစိုး - သတိ



တော့ မလစ်နဲ့နော်။ ဆင်သမားတွေလည်း သေနတ်သမား နောက်က လိုက်ကြ"

စခန်းမှာ (၁၅)မိနစ်ခန့် ကုန်းကြောတစ်ခုကိုကျော်လျှင်ပင် လယ်ကွင်းဟောင်းအစပ်သို့ ရောက်၏။ ကွင်းသို့ မဆင်းသေးဘဲ တောင်ကြောပေါ်မှ ယ်မြေကို သုံးသပ်ကြရင်း ဒီကောင်ကြီးကို မည်သို့လိုက်ရမည်ကို စဉ်းစား နေသည်။

လယ်ကွင်းဟောင်းမှ ကေ(၂၀)မျှပင်ကျယ်သော တောင်ပေါ်တောကြီး အတွင်းမှ "ဘော့လော့"ရွာဘိုကုန်း(ရွာဟောင်းကုန်း)၏မြောက်ဘက်တွင် ရှိသည်။

(ဘော့လော့ရွာမှာ ၁၉၇၀ - ပြည့်နှစ်ကျော်ကာလက ပဲခူးရိုးမတွင်းရှိ ကွန်မြူနစ်သောင်းကျန်းသူများကို တပ်မတော်မှ ဝိုင်းပတ်ပိတ်ဆို့ ရှင်းလင်း သည့်ဖြတ်လေးဖြတ်စနစ်အရ သောင်းကျန်းသူများအား အဆက်အသွယ်နှင့် ကူးပြတ်စေရန်နှင့် မြေပြန့်ရှိရာ လက်ပံတန်းမြို့နယ်အရှေ့ဘက်တွင် ပြောင်း ရွှေ့နေရာချထားပေးခဲ့သည်။ တောင်ပေါ်ကရင်လူမျိုး၊ ရှမ်းလူမျိုးများသဖြင့် ထိုကျေးရွာကို "ရှမ်း - ကရင်စု"ဟု ယနေ့တိုင် အမည်တွင်လေ၏။)

လယ်ကွင်းဟောင်းမြောက်ဘက်နှင့် အရှေ့တွင် ရိုးမတောင်ကြီး၏တစ် ခါတ်တစ်ဒေသ၊ တောင်စဉ်တောင်တန်းများဝန်းရံထားသောအနောက်ဘက် တွင် သုံးဆယ်ချောင်း၊ တောင်ဘက်တွင် ဘော့လော့ချောင်းက ရှိသည်။ အစို တော(အမြဲစိမ်းသစ်တော)နှင့် အခြောက်တော(ရွက်ကြွေတော)မျိုး ရော နှက်ကာ သစ်ကြီးဝါးကြီးပေါသည့်နေရာ။ စိမ့်စမ်းကောင်းသဖြင့် ပြောင်၊ စိုင်၊ ဆင်မှစ၍ ဝက်ဝံ၊ တောဝက်၊ ဆတ်) ချေ(ဂျီ)တို့ ပျော်စံနေထိုင်ရာလည်းဖြစ် သည်။

မေလ မိုးကျတော့မည်ဖြစ်သော်လည်း နေမှာ ပူဆဲမို့ ရွက်ကြွေတောက အရိုးနေရာတောရှင်းသလို အမြဲစိမ်းတောကတော့ရှုပ်သည်။ ပျဉ်းမပင်များမှာ ပွင့်ခရမ်းရောင်များနှင့်မို့ မျက်စိပသာဒရှိလှသည်။ စောနေဝင်းမှာ တောစို ဒူင် ကံဆိုးခဲ့ရသည်။ လယ်ကွင်းဟောင်းဖြစ်၍ ဂုံမင်းပင်များ ဘိစပ်ပင်များ ရောယှက်ပေါက်ရောက်နေကာ အရွက်ကြီး၍ ရှည်သော ဂုံမင်းရွက်များနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကိုင်းရှုပ်အရွက်စိပ်သော ဘိစပ်ပင်၊ ဂျာမဏီပင်များက အမြင်ကို ရှုပ်စေပြီး အမြင့်မှာ (၈)ပေ၊ (၉)ပေအထိရှိကြ၏။ ထိုတောရှုပ်ထဲတွင် သားကောင်သွား ထားသည့်လမ်းများက ကွန်ယက်သဖွယ် ရှုပ်ယှက်ခတ်လမ်းများတွင် သွား လာတတ်သော တောကြက်၊ ရစ်၊ တောင်ငုံးတို့ကို ဆင်သမားများက တော တွင်းလုပ်၊ ကိုင်းထောင်ကာဖမ်းရာတတ်၏။ ထိုအထဲတွင် စောနေဝင်းလည်း ပါပေရာ ကြက်ကိုင်းလိုက်ရန်အသွား ရန်လိုသည့်မြောင်နှင့်မှ တည့်တည့်… ကာ အသက်ပေးလိုက်ရခြင်းဖြစ်ပေသည်။

စောနေဝင်းကောင်းရာသုဂတိလားပါစေဟုပင် ထပ်မံဆုတောင်းမိ… သူ့အား မြောင်တိုက်သည့်နေရာကိုမှ ကျွန်ုပ်က သွားရှ်မကြည့်တော့… အဝေးမှသာရပ်၍ ကင်းစောင့်ပေးနေသည်။ ဆင်သမားများက အဘနှ… ကိုအီစက်တို့ကို စောနေဝင်း သေဆုံးခဲ့ရပုံကို လက်ညှိုးတထိုးထိုး ရှင်းပြနေ သည်။

အဘ - ကဲ - ကိုစိုး - ဘယ်လိုလိုက်မယ် စိတ်ကူးသလဲ။

ကျွန်ုပ် - အဘကော - ဘယ်လိုစိတ်ကူးရှိလဲ - အဘ။

အဘမှာ တပ်မတော်တွင် နှစ်ပေါင်း(၄၀)မျှ တာဝန်ထမ်းခဲ့ပြီး စစ်ဆင် ရေး အတွေ့အကြုံရှိသူမို့ အဘ၏ စိတ်ကူးအကြံဉာဏ်တို့ကို ယူရပေမည်။

အဘ - "ဒီအတိုင်းခြေရာကောက်လိုက်ဖို့က ဂုံမင်းကျင်းထဲမှာ အန္တရာယ် များလိမ့်မယ်။ ဒီကောင်ကြီးက လူသတ်ဖူးပြီဆိုတော့ နောက်ထပ် သတ်ရမှာ ဝန်လေးမှာမဟုတ်ဘူး။ အတွေ့အကြုံက ရှိနေပြီလေ"

ကျွန်ုပ် - "အဲဒီတော့ကော - အဘ"

အဘ - "တခြားတစ်နည်းစဉ်းစားရမယ်၊ ကျွန်တော်တော့ တောမြောင်း… ပစ်ချင်တယ်၊ စင်ပျားသဘောကကော"

ကျွန်ုပ် - "ကောင်းတယ် - အဘ။ ကျွန်တော်လည်းအဲ့လိုပဲစဉ်းစားမိတယ်။ တောမောင်းရင် ဒီကောင်ကြီး ဘယ်ဘက်ကိုထွက်မလဲ၊ တော… ဆက်နဲ့ ကြောဆက် ဘယ်နေရာကောင်းလဲမသိဘူး။ ဒီအတိုင်း ခြေရာလိုက်ကောက်ရင် အရှုပ်တောမှာ သူက အရေးသာလိမ့် မယ်"



ထိုအခါ ဆင်သမားတစ်ဦး -

"ကြောဆက်က မြောက်ဘက်က ကောင်းတယ်။ သူ့ ပြေးလမ်းလည်း အဲဒီဘက်မှာရှိတယ်။ တောင်ဘက်ကမောင်းရင် အဲဒီဘက်ထွက်မယ်ထင် တယ်"

အီစက် - "ဒါဆိုရင် - ဒီကောင်ကြီးအရှေ့ဘက်မပြေးအောင် ဘယ်လိုလုပ် မလဲ။ အဲဒီဘက်က တောကောင်းပြီး မြောင်ရှိတယ်"

ကျွန်ုပ် - "ဒါဆို - ဒီလိုလုပ် - အဲဒီမြောင်မှာ လူတစ်ယောက်ကသွားပြီး ဆူဆူညံညံလုပ်၊ သစ်ပင်ကိုဓားနဲ့ထု၊ ဒါမှမဟုတ် - ဝါးလုံးခေါက် နေရမယ်"

ကျွန်ုပ် - "ကဲ - ဒီမနက်ပိုင်းတော့ ခြေရာနဲ့ စောင့်မယ့်နေရာတွေကို သေး ကပန်းပြီးလေ့လာထားမယ်။ နေ့လယ်(၂)နာရီလောက်ဒီကောင် ဂုံမင်းကျင်းထဲမှာအအေးခံအိပ်နေတုန်း နေ့ပူပူနဲ့ဒီကောင်ကြီးကို တောင်ကနေ မြောက်ကို မောင်းမယ်"

အီစက် - "အနောက်ဘက်ကကော …"

ကျွန်ုပ် - "ကိစ္စမရှိဘူး။ အနောက်ဘက်ကချောင်းဆိုတော့ ဒီကောင်ကြီး ချောင်းကူးမှာမဟုတ်ဘူး။ မကူးနိုင်အောင် စခန်းက ကျော်ကျော် တို့တစ်တွေ ချောင်းထဲမှာ တောက်လျှောက်လူဖြန့်ထားပြီး အသံ ပေးခိုင်းမယ်"

× × ×

နေ့လယ်(၁၂)နာရီခွဲ၊ (၁)နာရီနေမှာ ပူပြင်းလှသည်။ သုံးဆယ်ချောင်း …ချောင်းဖျားဖြစ်သော်လည်း ပြန့်ကျယ်ကာ ခြောက်သွေ့နေသော ချောင်း …ဖြစ်နေ၏။ ရေမှာ သားကောင်များသောက်ရန်သာ ဟိုတစ်အိုင်၊ သည် …အိုင်နှင့်၊ မြောင်ဆိုးကြီးအား နှိမ်နင်းမည့်စစ်ဆင်ရေး စပြီ။ ကျွန်ုပ်တို့ …စီမံကိန်းချထားသလို ဝင်လာပါက ဒီကောင်ကြီး ပြေး၍လွတ်မည် …ပါ။



www.burmeseclassic.com

www.burmeseclassic.com

နံနက်က အစီအစဉ်အတိုင်း မုဆိုးများက လယ်ကွင်းဟောင်း၏မြောက် ဘက်မှစောင့်ရန် အနောက်ဘက်ချောင်းတွင်း ပန်း၍တက်ခဲ့ကြ၏။ ထို တက်လာရင်းချောင်းအတွင်းတွင် ကိုကျော်ကျော်၊ စောဖားပလုံ၊ ကိုတင် တို့သုံးဦးကို အစဉ်လိုက် တစ်ဦးနှင့်တစ်ဦး ကိုက်(၃၀၀)ခန့်စီ ခွာ၍ မောင်းသံကြားလျှင် အသံပေးနေကြရန်နှင့် အကယ်၍ အကောင်ကြီး ထွ လာပါက သစ်ပင်ပေါ်တက်ရန် (သို့မဟုတ်) ကာဘာ ကောင်းကောင်းယူ မှာထားရလေ၏။

ကျွန်ုပ်၊ အဘနှင့် ကိုအီစက်က မြောက်ဘက်နှင့် စောင့်ရမည့်နေရာ ကို လမ်းပြဆင်သမားလေးတစ်ဦးနှင့် လာခဲ့ကြကာ လယ်ကွင်း၏အနော မြောက်ထောင့်နားပြေးလမ်းတောင်ကြောပေါ်တွင် ကိုအီစက်အားနှစ်လုံး သေနတ်တွင် (Brenicke Slug)ခေါ် တောတောင့်နှစ်တောင့်ထည့် စောင့်နိုင်းရ၏။ ကျွန်ုပ်နှင့် အဘက (၁၀.၀၆)စပရင်းဖီး ရိုင်ဖယ်တစ်လ တွင် (၂၂၀)ဂရိမ်ကျည်ထိပ်ဖူးပါသည့် ယမ်းတောင့်များထည့်ကာ လယ် မြောက်ဘက်ထိပ်မှ လယ်ကွင်းကိုစီးမိုးမြင်ရသော တောင်စောင်း၏တစ် စောင်းမှ စောင့်ကြလေပြီ။

တစ်ဦးနှင့်တစ်ဦး သိပ်မဝေးကြသော်လည်း မမြင်ကြရ၊ ကျသောင် တောက ထူထပ်နေသည်။ သို့ရာတွင် အပေါ်စီးမှမို့ လယ်ကွင်းဟောင်း ကို စီးမိုးမြင်ကြရသဖြင့် အကောင်ကြီး တောင်စောင်းပြေးတက်လာလျှင် ရပေမည်။

"အဘ - အပင်ကြီးကောင်းကောင်းကို ကာဘာယူထားနော်"

"စိတ်ချ - ကိုစိုး၊ ခင်ဗျားလည်း သတိထားအုံး"

"ဟုတ်ကဲ့"

တောင်ဘက်မှ တောမောင်းမည့်သူ (၃)ယောက်၊ ခွေး(၃)ကော အရှေ့ဘက်က အသံပေးမည့်သူတစ်ယောက်၊ ချောင်းတွင်းမှ (၃)ယော စောင့်ပစ်မည့်မုဆိုး (၃)ယောက်၊ ပေါင်း(၁၀)ယောက်နှင့် ခွေး(၃)ကော နေ့လယ်(၃)နာရီ၊ တောင်းကင်တွင် မိုးသားကင်းစင်လျက်။



(၂)နာရီတိတိတွင် တောင်ဘက်မှ စမောင်းရန် မှာထားပြီး ဖြစ်သည်။ စခန်းမှမထွက်မီကတည်းက သူတို့ဒေသမှ ထုံးစံအရ တောတင်ခဲ့ကြသည်။ ထမင်းဦးပေါင်း၊ ကြက်ဥတစ်လုံး၊ အရက်တစ်ခွက်၊ သကြားလုံး၊ စီးကရက် တစ်လိပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် မုဆိုးများ ဘေးအန္တရာယ် ကင်း ရှင်း၍ ဒီတောကောင်ကြီးကို ရမိစေရန် ဖြစ်သည်။ ကျွန်ုပ်ကမူ စိတ်တွင်းမှ "စောနေဝင်းရေ - မင်းကိုသတ်တဲ့အကောင်ကြီးကို မုဆိုးတွေဘက်ရောက် အောင် မောင်းပို့ကွာ" တဲ့။

နံနက်ကလည်းဆင်သမားများက လယ်ကွင်းပတ်လည်ကို ခြေရာခံခဲ့ကြ ရာတွင် ထိုအကောင်ကြီး၏ခြေရာမှာ ဂုံမင်းကျင်းမှ ထွက်ထားသည့် ခြေရာ သစ်မရှိ၍ ဂုံမင်းကျင်းတွင် အသေအချာရှိရမည်၊ အပူချိန်မြင့်မားသည့် နေ့လယ်ချိန်တွင် ရွက်ထူ၊ ရွက်စိပ် စေ့စေ့သိပ်ကာ အအေးဓာတ်ရှိရာတွင် သားကောင်ကြီးများ အိပ်စမြဲ။

သတိတော့ ထားရမည်၊ လက်ထဲတွင် ပြောင်ကို သေစေလောက်သည့် ရိုင်ဖယ်သေနတ်ရှိနေသော်လည်း ပြောင်တိုက်ခံရပါက စောနေဝင်းကဲ့သို့ ရင်ဘတ်ပြားသွားနိုင်သည်။

"ဟေး - ဟေး - ဟေး" ဆိုသည့်အသံသေးသေးကိုအဝေးမှကြားရသော် လည်း ဝေးလွန်းသေးသည်။

"ဟေး - ဟေး - ဟေး" တောင်ဘက်မှအသံ၊

"တုတ် - တုတ် - တုတ်" ဝါးခေါက်သံ၊ အရှေ့ဘက်မှ -

"ဟေး - ဟေး - ဟေး" အနောက်ဘက်မှအသံ၊

အသံများ တဖြည်းဖြည်းမြင့်လာပြီး ကျွန်ုပ်တို့ဆီမှ ပြတ်ပြတ်သားသား ပင် ကြားလာကြပြီး သို့သော် အသံလိုနေသေးသည်၊ ဘာသံလိုပါလိမ့်၊ ခွေးသံဖြစ်သည်၊ ခွေးများက သားကောင်ကို တွေ့ပုံမရသေး၊ အနံ့မရသေး၊

"ဖျော - ဖျော - ဝုန်း - ဝုန်း - ဝုန်း - ကိန် - ကိန် - ကိန်"

ခွေးနှင့် သားကောင်တိုးပြီ၊ သားကောင်ကြီးပင် ဖြစ်ရပေမည်၊

"ဝုန်း - ဒိုင်း - ဖြုန်း" ဟူသည့်အသံကြီးကို ကြားရပြီး -

www.burmeseclassic.com

ဂုံမင်းတောမှ သိမ့်ခနဲ သိမ့်ခနဲ မြောက်ဘက်သို့တိုးလာသကဲ့သို့ ခွေးများကလည်း နောက်မှ တကိန်ကိန်အော်၍ လိုက်လာ၏။ ဦးတည်ရာမှ ကျွန်ုပ်တို့ဘက်သို့ဖြစ်သော်လည်း အဘ၊ ကျွန်ုပ်နှင့် ကိုအီစက် မည်သည့်ဘက်ကိုတက်မလဲဆိုသည်က အရေးကြီးပေသည်။

ကျွန်ုပ်က (၃၀.၀၆) ရိုင်ဖယ်ဖို့ကို ထက်ဝက်သာ မောင်းထိုးထားရာမှ အပြည့်ထိုးကာ သေနတ်ဒင်ကိုပခုံးတွင်ထောက်ကာ ပြောင်းကို ခပ်စိုက်စိုက်ထားလိုက်သည်။

မြေပြင်နှင့် တစ်တန်းတည်းပစ်ရမည့်အပြင် အပေါ်စီးမှာမို့ သားကောင်တွေ့လျှင် ပြောင်းအနည်းငယ် မယုံမျှဖြင့် ပစ်လိုသည့်သားကောင်ကို အမြန်ပစ်ခတ်၍ရမည်။ ပြောင်းရင်းတွင် (၂၂၀) ဂရိမ်ထိပ်ဖူးက မှဆိုးစေနိုင်မည့်ပစ်မှတ်ကို သွားရန်အသင့်။

"ကိန် - ကိန် - ကိန်"

ခွေးသံက အနည်းငယ် အရှေ့ဘက်တောင်စောင်းသို့ ဦးတည်သကဲ့သို့ ကျွန်ုပ်၏မျက်လုံးများကလည်း တဝုန်းဝုန်းတိုးလာနေသည့် သားကောင်အားမြင်ရန် ကြိုးစားကြည့်ရှုနေရသည်။

ကျွန်ုပ်၏ရှေ့ဘက်အဘစောင့်ရာတောင်စောင်းမှ ဝါးပင်များတစ်မုဟုတ်ချင်း တသိမ့်သိမ့်ဖြစ်သွားပြီး မည်းမည်းလုံးလုံးကြီးတစ်ကောင် ဘူဒိုဇာကြီးတစ်စီး မြေပြင်ကို သိမ့်သိမ့်တုန်အောင် မောင်းလာသည့်ပမာ ပေါ်လာသည်။ မြန်လိုက်သည့်ဖြစ်ချင်း။ လူသတ်ကောင် ပြောင်ထီးဖိုကြီး။

ကျွန်ုပ်က ပြောင်းကိုအနည်းငယ်မကာ လိုက်ချိန်နေသည်။ သူဦးတည်ရာမှာ အဘစောင့်သည့်ဘက်ဖြစ်၍ သူအပစ်ကို စောင့်ရမည်။ ကျွန်ုပ်က စိုးရိမ်မိသည်။ အဘ ကာဘာမှ ယူထားပါလေစ။

"ဒိုင်း - ဒိုင်း"

အဘ သေနတ်သံနှစ်ချက်က ဆက်တိုက်ပေါ်ထွက်လာပြီး ပြောင်ကြီးမှာ ဝဲဘက်သို့ အနည်းငယ်ယိုင်သွားသော်လည်း သေနတ်သံပေါ်ထွက်ရာကုန်းစောင်းသို့ တစ်ရှိန်ထိုး ထိုးတက်သွားသည်။

"အဘ - သတိထား - သတိထား" ကျွန်ုပ်က လှမ်းအော်သတိပေးမိပြီ။

"ဒိုင်း - ဒိုင်း - ဒိုင်း"



သေနတ်သံသုံးချက်က ဆက်တိုက်ပေါ်လာပြန်၏။

ပြောင်ကြီးမှာ အနည်းငယ် အရှိန်တန့်သွားပြီး ဦးခေါင်းမှာ ကျွန်ုပ် အော်သံကြားသဖြင့် ကျွန်ုပ်ဘက်သို့ ဦးတည်လိုက်ကာ ဘတ်စ်ကားတစ်စီး၏ အရှိန်မျှဖြင့် တန်း၍ဝင်လာခဲ့ပေပြီ။

ကျွန်ုပ်မှာအဘအတွက်စိုးရိမ်နေရာမှ မိမိဘက်သို့ပြေးတိုက်ရန် လာနေသည့်ပြောင်ကြီးကို ရင်ဆိုင်ရပြီဖြစ်၏။ မုဆိုးနှင့်သားကောင် ထိပ်တိုက်အနေအထား။

သို့သော် ကျွန်ုပ်က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကာ ကာဘာယူထားသည့် လူတစ်ဖက်ခန့်ရှိ မျောက်ချောပင်၏ ပင်စည်စိမ်းစိမ်းကို ကပ်လိုက်ပြီး တစ်တန်းတည်းအနေအထားဖြင့် ကျွန်ုပ်ရှိရာသို့ ကြုံး၍ခတ်ရန် ဦးခေါင်းကိုစိုက်၊ ဦးချိုကိုထောင်ကာ ခပ်စိုက်စိုက်ပြေးဝင်လာသော ဆက်တီကုလားထိုင်တစ်လုံးမျှ ကြီးမားသည့်ထိပ်တွင် ဝါညစ်ညစ် ကြာဖွေ့ကြီးပါ။ ပြောင်ကြီး၏ ဦးကင်းအောက်ပိုင်း နှာရောင်ရင်းကို ထိန်းချိန်ကာ ပစ်ကွင်းမိသည်နှင့် (၁၅) ပေအကွာမှကပ်၍ ပစ်ခလုတ်ကို ဆွဲလိုက်သည်။

"ဒိုင်း ..."

(၃၀.၀၆) ရိုင်ဖယ်၏ပြင်းအားက ဝဲလက်ထဲတွင် ခုန်ကာသွားသည်။ ပြောင်ကြီးမှာ ဝဲဘက်သို့ ဗုန်းခနဲပစ်လဲကျကာ တောင်စောင်းတွင် နှစ်ပတ်၊ သုံးပတ် လိမ့်သွားပြီး ကြသောင်းဝါးရုံရင်းတွင် ရပ်သွားကာ ဆန့်ငင်ဆန့်ငင်ဖြင့် ခြေလက်များ လှုပ်ရှားနေသည်။ ရှေ့လက်က အားယူ၍ထရန် ကြိုးစားသော်လည်း ကျွန်ုပ်၏ကျည်ဆန်က သူ၏ဦးကင်းကို ထွင်းဖောက်ဝင်ရောက်ခဲ့၍ ဦးခေါင်းမှာ မထူနိုင်တော့ပါ။

ကျွန်ုပ်က ကာဘာယူရာမှ ရှေ့သို့ (၁၀) ပေခန့် ထွက်သွားပြီး သူ၏ချိုရင်းနောက်စေ့ကိုချိန်ကာ ဒုတိယအချက် ပစ်ထည့်လိုက်သည်။ စောနေဝင်းအတွက် တောသူတောင်သားတွေအတွက်။

ဒိုင်းဆိုသည့် သေနတ်သံအဆုံး ပြောင်ကြီးမှာ လုံးဝမလှုပ်ရှားနိုင်တော့။

အဘ၏သေနတ်သံ (၅) ချက်၊ ကျွန်ုပ်သေနတ်သံ (၂) ချက်၊ ပေါင်း (၇) ချက်က လူတွေ့မရှောင်၊ လူသတ်ကောင်ပြောင်ကြီး၏ဇီဝိန်ကို ချွေခဲ့ပြီ၊ စောနေဝင်းရေမင်းရောက်ရာဘဝက ကျေနပ်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com

အဘ - ကျွန်ုပ်ထံရောက်လာသောအခါသူပစ်ခဲ့သည့်သေနတ်ဒဏ်ရာများကိုကြည့်ရှုသည်။

ပထမ(၂)ချက်က လည်တိုင်ရင်းလက်ပုံတွင် တစ်ချက်နှင့်တစ်ချက်(၂)လက်မခန့်သာ ကွာသည်။ ဝဲဘက်ရှေ့စောင်းစောင်းမှ ပစ်ခြင်းဖြစ်၏။ ထို(၂)ချက်ဖြင့်ပင် လဲနိုင်ပါလျက် ခံနိုင်ရည်ရှိသော မြောင်ကြီးက မလဲ။ ဒုတိယပစ်သည့် (၃)ချက်မှာ မြောင်ကြီး၏ယာဘက်နံစောင်းတွင်အတန်းလိုက် (၃)ချက်ထိထားရာ ပြေးအားအရှိန်ကို လျှော့စေခဲ့၏။ (၅)ချက်မှာ ထိုမြောင်ကြီးလဲရန် လုံလောက်ခဲ့သော်လည်း သူ၏ဒေါသက ကျွန်ုပ်၏အသံကြားရာသို့ဦးတည်ကာ ပြေးတိုက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ပေသည်။

အတော်ကြောက်မက်ဖွယ်အင်အားကြီးမားသည့်လူ့သတ်သမားမြောင်ကြီးမှာ ယခုညနေတွင် အသက်ပျောက်ခဲ့ရချေပြီ။ အချိန်မှာ ညနေ(၃)နာရီ။

တိုက်တိုက်ဆိုင်ဆိုင် စောနေဝင်းဆုံးသည့်အချိန်ဟု ပြောပြသိရှိခဲ့ရပါသည်။ သူ ကူညီခဲ့လေသည်လား။

စာကြွင်း ....။

ထိုမြောင်ကြီးမှာ ချိုရင်းဖြူကာ ချိုးဖျားမည်းပြီး ချိုးရင်းလုံးပတ် (၁၆) လက်မခွဲရှိ၏။ ရှေ့လက်ချွာဖျားမှာ ပခုံးထိပ်အထိ (၇)ပေခွဲတိတိရှိကာ နှာဖျားမှ အမြီးဖျားအထိ (၁၂)ပေခွဲတိတိ ရှိလေသည်။ ချိုဖျားမှ သိပ်မရှုန်ဘဲ အစတ်များသောကြောင့် တုံး၍ပင်နေ၏။ တံတောင်ဆစ်နှင့် ဒူးဆစ်အောက်ပိုင်းတို့ ဝါညစ်ညစ်အရောင်ရှိကာ ဦးကင်းထိပ်တွင် ဝါညစ်ညစ်ကြာကွက်ကြီး ပါရှိသည်။ ဦးချိုမှာ မြန်မာအက္ခရာ "ပ" ပစောက်ပုံ အဂ်နံးသဏ္ဍာန်ဖြင့် အရည်ပြားအနက်ရောင်အမွှေးတို့ ပြောင်လက်နေသည်။ သင်းကွဲလူ့သတ်ကောင် မြောင်ထီးဖိုကြီးပင် ဖြစ်ပါတော့သည်။

ကျော်စိုးဖိုလ်



www.burmeseclassic.com

www.burmeseclassic.com

# တာဝန်သိရဲရင့်သည့်အဖြင်
# မိတ်ဆွေရန်သူမခွဲခြားဘဲတာဝန်ကို
# တည့်မတ်စွာထမ်းဆောင်တတ်သည့်
# ရဲဘော်တစ်ယောက်အကြောင်း ..

## "Once Upon A Time"

အဆိုတော်ကိုင်ဇာသီဆိုခဲ့သော နာမည်ကျော်သီချင်းတစ်ပုဒ်ဖြစ်သည်။ နှစ်ပေါင်းသုံးဆယ် ကျော်ခဲ့ပေမယ့် ယနေ့တိုင် မရိုးနိုင်သောသီချင်းပင်။ ရေးသားသူရော၊ သီဆိုသူပါ အနုပညာမြောက်စွာ ဖန်တီးနိုင်သလို လူ့လောက သဘာဝစိတ်အတွေးကို ဖော်ထုတ်နိုင်စွမ်း ရှိလွန်းလှပါသည်။ လူတိုင်း မကြာခဏ သတိရခံစားတတ်လေ့ရှိသည် မဟုတ်ပါလား။

မည်သူမဆို အကြောင်းအရာတစ်ခု အဖြစ်အပျက်တစ်ရပ်ကို ကြုံတွေ့လိုက်ရသောအခါ အချိန်ကာလတစ်ခုက ဖြစ်ပျက်ခဲ့သည်တို့ကို အသစ်တစ်ဖန် ပြန်လည်အမှတ်ရ ခံစားရလေ့ရှိပါသည်။ ကျွန်တော်သည်လည်း ထိုအတူ အမှတ်ရ၍ ပြန်လည်ခံစားမိဖူးပါသည်။ ယင်းအဖြစ်က တကယ်ကို

သည်းထိတ်ရင်ဖိုအဖြစ်တစ်ခု ဖြစ်ခဲ့ပါသည်။ ကုသိုလ်ကံ ကောင်းလွန်း၍ ဖြစ်သည်လား။ ကာယကံရှင်ဖြစ်သူ ပြုလုပ်ခံခဲ့ရသော အရာ ရှိကြီး၏ စိတ်နေသဘောထားကောင်းမှု၊ တာဝန်ယူမှုတို့ကြောင့်သာ ကျွန် တော်တို့ တစ်သက်တာအမဲစက်နှင့် ဘဝမပျက်ခဲ့ရခြင်းပါ။

ယခုခေတ်လို အရာရှိများတော့ Sorry။ ရဲဘော် များတော့ Go To Jail ဖြစ်မည်က သေချာနေပါသည်။

အဆိုတော်ကြီးကိုင်ဇာရဲ့ Once Upon A Time ဆိုသလိုပေါ့။ တစ်ချိန်တုန်းက...၊ တစ်ခါတုန်းက... ဆိုရပါမည်။

× × ×

ပြဿနာအစ မိုက်ခဲကရယ်လို့ ပြောရပေတော့မည်။

ယခုဖြစ်ရသည့်ပြဿနာက တော်ရုံတန်ရုံမဟုတ်။ ပုန်းရှောင်နေလို့လည်း မရတော့။ ဖုံးကွယ် လိမ်လည်ရန်လည်း မဖြစ်တော့ပါ။ အားလုံးသိ... ရပ်သိရွာသိ ဆိုသလို ပတ်ဝန်းကျင်တစ်ခုလုံး ကြားသိရလိုက်ခဲ့ပြီးမို့ လိမ်ညာလို့က ဆင်ကြီးကို ဆိတ်သားရေဖုံးသလိုဖြစ်ပြီး နောက်ထပ် အမှုတစ်ခုပါ ထပ်သွားနိုင်သည်။ တကယ်ကို ဇရာမ၊ မဟာ့မဟာ ပြဿနာကြီးတစ်ခုပါ။ တမင် ပုံကြီးချဲ့ပြောနေခြင်းမဟုတ်ပါ။ ယခုပြဿနာ၏ နောက်ဆက်တွဲပြဿနာ၏ နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ရလဒ်အဖြေက မိုက်ခဲသာမက ကျွန်တော်တို့သုံးယောက်ပါ မန္တလေးစစ်ထောင်နှင့် အင်းစိန်ထောင်လား၊ ရန်ကုန်ထောင်လားမသိ။ တစ်ခုခုတော့ ရောက်သွားဖို့က သေချာနေပါသည်။

စစ်တပ်ဆိုသည်က တစ်ယောက်မကောင်း တစ်ယောက်တည်းနှင့် ကိစ္စပြီးသည်မဟုတ်ပါ။ တစ်ယောက်မကောင်း အားလုံးချောင်းဆိုသလို ဆက်နွယ်သောအကျိုးကို ခံစားရလေ့ရှိပါသည်။ သည်တော့ အားလုံးသော ဘဒ္ဒကမ္ဘာတွင် ရှိသမျှ ဘုရားအဆူဆူတို့ကိုသာ ရည်မြော်မှန်းဆ တောင်းပြီး သည်းထိတ်ရင်တုန် ဖြစ်နေရတော့သည်။ ဖြစ်ရသည့်ပြဿနာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ၊ တကယ့်ကို ရောမဆင်ကြီးကို သေနတ်နှင့် ပစ်ခတ်လိုက်မိခြင်းဖြစ်ပါသည်။ ပစ်ခတ်သူကတော့ ကမ္ဘာ့ကျော် လက်ဖြောင့်တပ်သား (Snipper) မိုက်ခဲပင် ဖြစ်ပါသည်။ ကျွန်တော် မပြောချင်ပါ။ အမှန်က မပြောချင်ဘူးဆိုသည်က တကယ်ကို ပြောချင်နေလို့ပါ။

ကျွန်တော်က သည်လိုပြောပြခဲ့မှလည်း နောင်လာမည့် ညီငယ်များ ဂရုတစိုက်မှတ်သားဆင်ခြင်နိုင်သလို ဘေးဘယာဝေးကွာသာယာ အေးချမ်းနိုင်စေပါမည်။

အချိန်ကာလကား ၁၉၆၀ – ခုနှစ်အတွင်းက ဖြစ်ပါသည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝန်ကြီးချုပ်ဦးနုထံမှ လွှဲပြောင်းလက်ခံထားပြီး အိမ်စောင့်အစိုးရအဖြစ် အုပ်ချုပ်နေစဉ်ကာလအတွင်း ဖြစ်ပါသည်။ နေရာဒေသကလည်း မဟာရန်ကုန်မြို့ တပ်မတော်စစ်ရုံးချုပ်နှင့် သိပ်မဝေးလှ၊ ကိုက်ငါးရာမျှသာ ကွာလှမ်းသည်။

သည်နေရာတွင် ဦးစွာဖော်ပြရမည်က ကျွန်တော်တို့ တပ်တည်နေရာနှင့် တပ်အကြောင်းကိုပင်ဖြစ်သည်။

ကျွန်တော်တို့တပ်က ယခင်ကာလတွေက Burma Signal Regiment ခေါ် အချက်ပြဆက်သွယ်ရေးတပ်ဖြစ်ပါသည်။ နောင်သောအခါ ဆက်သွယ်ရေးတပ်ဟူ၍ ပြောင်းလဲခဲ့ပါသည်။ ကျွန်တော်တို့တပ်နေရာက ရွှေတိဂုံဘုရားတောင်ဘက်မုဒ်၊ ရွှေတိဂုံဘုရားလမ်းမကြီးဘေးနှင့် စဖားရှား(ယခု ဇီဝက)လမ်းထိပ်တည့်တည့်တွင် ရှိပါသည်။ အမှတ်(၃)ဆက်သွယ်ရေးတပ်ခွဲ ဖြစ်ပါသည်။ (၁၉၆၁ ခုနှစ်တွင် အင်အားထပ်တိုးပြီး အမှတ်(၁)ဆက်သွယ်ရေးတပ်အဖြစ် ပြောင်းလဲခဲ့ပါသည်။)

ဆက်သွယ်ရေးတပ်ဆိုသည်က တပ်မတော်ကြီးတစ်ခုလုံးတွင် မရှိမဖြစ် အဓိကအရေးပါဆုံးတပ်တစ်ခု ဖြစ်ပါသည်။ ရှေးရှေးတပ်မတော်များတွင်လည်း စစ်ရေးကိစ္စများတွင် မီးအချက်ပြစနစ်၊ မှန်အချက်ပြစနစ်၊ မီးခိုးအချက်ပြစနစ်၊ အလံအချက်ပြစနစ်၊ လူနှင့် မြင်းစီးဆက်သား စသည်တို့ကို အသုံးပြုဆက်သွယ်ခဲ့ကြရ၍ တချို့သောဒေသများတွင် ယခုတိုင် စာပို့ခိုများကို အသုံးပြုနေကြပါသေးသည်။ မြန်မာရာဇဝင်ထဲ သတင်းပို့ဆက်သားတာဝန်ထမ်းဆောင်ရသူ မြင်းသည်တော်ပြေည့်မှာ သတင်းပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ကွပ်မျက်ခံခဲ့ရသည်ကို ဖြစ်ရပ်ကို ဖတ်ရှုမှတ်သားခဲ့ဖူးပါသည်။

ကမ္ဘာ့ကျော်စစ်ဗိုလ်ချုပ်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်းဝါး၊ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၊ ဗိုလ်ချုပ်ကြီး အာဝင်ရွှန်းမဲလ်တို့ကိုယ်တိုင် "ဆက်သွယ်ရေးဟူသည် တပ်မတော်ကြီးတစ်ခုလုံး၏ ကျောရိုးပင်ဖြစ်သည်" ဟူ၍ အတိအလင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ယနေ့တိုင်ဆက်သွယ်ရေးသည် လူ့လောကကြီးတစ်ခုလုံးအတွက် အဓိကအရေးပါသော အခန်းကဏ္ဍတွင် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိနိုင်ပါသည်။ သည်တော့ ကျွန်တော်တို့တပ်၏ အရေးပါမှုကို သိနိုင်ပါလိမ့်မည်။ ကျွန်တော်တို့တပ်တွင် ရေဒီယို၊ ဝါယာလက်စက်၊ တီလီပရင်တာ၊ တယ်လီတိုက်ပ်စက်များသာမက မော်တော်ဆိုင်ကယ်စီး ဆက်သားများကိုပါ အသုံးပြု၍ (၂၄)နာရီတာဝန် ထမ်းဆောင်နေကြရသည်။

(သည်နေရာတွင် ထိုအချိန်ကာလက အမျိုးသမီးစစ်သည်များပါရှိနေကြရာ ကျွန်တော်တို့တပ်မှ ဆက်သွယ်ရေးတာဝန်ကျ စစ်သမီးများမှာ အလှည့်ကျတာဝန်အရ နေ့ရောညပါ (၂၄)နာရီတာဝန် ထမ်းဆောင်ခဲ့ကြရသည်တို့ကို မမေ့မလျော့ ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။)

သည်လိုအရေးကြီးသောတပ်ဖြစ်၍ လုံခြုံရေးကို အထူးဂရုတစိုက်စောင့်ကြပ်ခဲ့ရပါသည်။ မြန်မာတစ်ပြည်လုံးရှိ တပ်ရင်း၊ တပ်ဖွဲ့၊ တပ်ဌာနချုပ်များ၊ တပ်မဟာများ(ထိုစဉ်က တပ်မဌာနချုပ်မရှိသေးပါ။ စစ်တိုင်းဌာနချုပ်အဖြစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့သာ ရှိပါသည်)စသည်တို့မှ သတင်းများကို စစ်ဌာနချုပ်သို့ ပေးပို့ရသလို၊ စစ်ရုံးချုပ်မှ ပေးပို့သောသတင်းများကိုလည်း "ဇွဲမှုက်"

www.burmeseclassic.com

"ထိပ်တန်းလျှို့ဝှက်" "ကြယ်နီ"စသည့် သတ်မှတ်အဆင့်အလိုက် လုံးဝ ကြန့်ကြာခြင်းမရှိ ပေးပို့ကြရပါသည်။ ကျွန်တော်တို့ဆက်သွယ်ရေးတပ်၏ အဓိကတာဝန်ကို ဖော်ပြနေသည်က (မှန်ရမည်၊ မြန်ရမည်)ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ပြုထားနေသည်ကိုး။

တခြားတပ်တွေက စနေနေ့ဝက်၊ တနင်္ဂနွေနေ့ပိတ်သော်လည်း ကျွန်တော်တို့ဆက်သွယ်ရေးတပ်ကတော့ "တာဝန်ကျတွေ ဆက်လုပ်"ဆိုသလိုသာဖြစ်ပါသည်။ ကျွန်တော်တို့တပ်မှာ တပ်ခွဲအဖြစ်သာ ရှိနေခြင်းကြောင့် ဗဟိုကင်းနှင့် အချုပ်ခန်း မရှိပါ။ ရဲဘော်များ ပြဿနာဖြစ်၍ အပြစ်ရှိလျှင် ဘေးချင်းကပ်ရှိသော တပ်မတော်မှတ်တမ်းရုံးမှ ဗဟိုကင်းရှိ အချုပ်ခန်းတွင် အပ်နှံရလေ့ရှိပါသည်။ အချုပ်သားရဲဘော်ဖြစ်လျှင် နေ့စဉ်အလုပ်ကြမ်း (Fatigue)လုပ်ရသည်။ မှတ်တမ်းရုံးမှာ အရပ်သားစာရေးမတွေရော၊ အမျိုးသမီးတပ်ကြပ်ကြီးတွေပါ များသောတပ်ဖြစ်နေ၍ ကျွန်တော်တို့ရဲဘက်တွေမှာ အလွန်ကြောက်ကြရှက်ကြသည်။ အပြစ်မရှိအောင် နေထိုင်ခဲ့ကြသည်။

အရာရှိနှင့် ဆရာကြီးတွေက တော်ရုံတန်ရုံအပြစ်များကို တပ်တွင်သာ အပြစ်ပေးသည်၊ (Excelduty)အနေဖြင့် ဒဏ်ပေးခြင်းမျိုး၊ ရှေ့တန်းသို့ပို့လွှတ်ခြင်းကို အကြီးဆုံးပြစ်ဒဏ်အရေးယူခြင်းအဖြစ်သာ ရှိခဲ့ပါသည်။ ဘာကြောင့်လည်းဆိုတော့ ရဲဘော်တစ်ယောက်ကို အချုပ်ထဲပို့လျှင် အနည်းဆုံး ပြစ်ဒဏ် (၁၄)ရက်မှ (၂၈)ရက်ထိ ကျခံရမည့်ပြစ်ဒဏ်သာ ဖြစ်သည်။ ထိုအခါတွင် အပြစ်ပေးခံရသောရဲဘော်မှာ လောလောဆယ် ပြစ်ဒဏ်ခံရသောရက်အတွက် လစာငွေမှ ဖြတ်တောက်ခြင်းခံရသည်။ ဒါတင်မက ထိုရဲဘော်မှာ ရာထူးအဆင့် တိုးမြှင့်မှုတွင် (၂)နှစ်မှ (၃)နှစ်အထိ ရပ်ဆိုင်းခံရသေးသည်။ ထိုရဲဘော်၏ ကိုယ်ရေးမှတ်တမ်းတွင် (Personal File) မင်နီမှတ်တမ်းဝင်သွားသောကြောင့် ဖြစ်သည်။ သည့်နယ် မဖြစ်စေလိုသောကြောင့် သက်ညှာခဲ့ကြခြင်းလည်း ဖြစ်ပါသည်။



ကျွန်တော်တို့အားလုံး (၂၉)ယောက်ရှိပါသည်။ မေမြို့ဗဟိုဆက်သွယ်ရေးတပ်တွင်း သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းတက်ရန် စောင့်ဆိုင်းနေကြရခြင်းဖြစ်သည်။ စစ်တပ်ဆိုသည်က အလကားထမင်းကျွေးသည်မရှိပါ။ တန်ရာကိုခိုင်းသည်မဟုတ်လား။ သည်တော့ နေ့စဉ် သန့်ရှင်းရေးတာဝန်နှင့် မြက်ပေါက်ကင်းစောင့်ပေါ့။ မြက်ကလည်း သိကြသည့်အတိုင်း ရှေ့ကပေါက်သွားလိုက်၊ နောက်က ပြန်ပြီးရှည်လာလိုက်နှင့်ဆိုတော့ ပေါက်လိုက်စောင့်လိုက် သံသရာထဲမှာ ကျင်လည်နေကြရသည်။ ရုံးရှိန်ကုန်လျှင် တပ်ရှေ့ဘတ်စ်ကားမှတ်တိုင်မှ ဘုရားဖူးလာကြသူ ပြန်ကြသူ လှလှပပ ကြီးကြီးငယ်ငယ်အားလုံးကို ဘားတိုက်ပေါ်ကနေ ငမ်းဖမ်းရင်း အပန်းဖြေကြရသည်။

(ထိုစဉ်ကာလ ခြေသံ့တံဆိပ်၊ အမှတ် (၁၀)လိုင်းကားတွေက ဗိုလ်တထောင်မှ ရွှေတိဂုံဘုရားအထိ ပြေးဆွဲ၍ ကန်တော်ကြီးကိုပတ်ပြီး ဗိုလ်တထောင်သန့်လျက်စွန်းဂိတ်ကို ပြန်ပါသည်။)

* * *

သည်လိုဘုရားဖူးသွားလာကြသူတွေကို မနောကံနှင့် ပြစ်မှားမိ၍လားမသိပါ။ မွေးဇာတာမြေပေါ် ပြုတ်ကျပြီး အကုသိုလ်မိုးမှောင်ကြီးက မမျှော်လင့်ဘဲ ကျရောက်လာပါတော့သည်။

အဲသည့်နေ့ က စနေနေ့ဖြစ်၍ နေ့လယ် (၁၂း၃၀)နေ့တစ်ဝက် ရုံးပိတ်လိုက်သည်။ ယူနီဖောင်းချက်ကြီး ခုတင်ပေါ်ကျောခင်းရုံရှိသေး၊ ဒုတပ်ကြပ်စိုးကြည် ရောက်လာပါသည်။ ကျွန်တော်တို့ကို သတိပေးလာသည်။

"ဟေ့ကောင်သုံးကောင် - မင်းတို့ ဒီညဂိတ်ကြီး ကင်းဝင်ရမှာလေ"

"ဆရာကလည်း လုပ်မနေနဲ့၊ ဒီနေ့ည ကင်းသားထွန်းအောင် T.D.S (ရထားစာပို့)လိုက်သွားရလို့ သူ့အစား မင်းဝင်ပေးရမှာ"

ရဲဘော်မိုက်ခဲက ဆင်ခြေတက်ကြည့်သေးသည်၊ မရပါ။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - သေပြီဆရာ"

တစ်နေ့ကပင် ဂျူတီဝင်ထားရသည်မို့ မိုက်ခဲမကြည်မလင် ဖြစ်သွားသည်။ သို့တစေ သူ ဘာမှ မတတ်နိုင်ပါ၊ စစ်တပ်မဟုတ်လား၊ အမိန့်နှင့်တာဝန်ဆိုသည်က ငြင်းဆန်ခွင့်ရှိသည်မဟုတ်။

သေနတ်ပစ်မှုဖြစ်သည်မှာ တပ်အဝင်ဂိတ်ကြီးတွင် ဖြစ်သည်၊ တပ်ဂိတ်ကြီးဝင်ပေါက်က ရွှေတိဂုံဘုရားလမ်းမကြီးကို မျက်နှာမူထားသလို စဖားရှား(ဇီဝက)လမ်းထိပ်တည့်တည့် ဖြစ်နေသည်၊ တပ်စည်းရိုးကို ဆယ်ပေခန့်အမြင့် သံဆူးကြိုးများနှင့် ကာရံထားသည်၊ ဂိတ်တံခါးကိုပါ သစ်သားပေါင်နှင့် သံဆူးကြိုးတွေ တပ်ဆင်ထားပါသည်၊ ညဆယ်နာရီထိုးမှ တံခါးပိတ်သည်၊ ကြေးနန်းသတင်းများအပို့အယူရှိနေ၍ဖြစ်ပါသည်၊ ကင်းရုံအဆောက်အအုံက ဂိတ်ကြီး၏ လက်ဝဲဘက်တွင်ရှိသည်၊ အတွင်းဘက်တွင် လူလေးယောက်အိပ်ရန် ခုတင်လေးလုံးရှိသည်၊ အပြင်ဘက်တွင် စာရေးစားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး နေ့တာဝန်စံနှင့် ညကင်းမှူးအတွက် ရှိသည်။

ဂိတ်တံခါးကြီး ပိတ်ပြီးချိန်မှစ၍ တပ်တွင်း ဝင်လိုသည်ဆိုလျှင်၊ တံခါးရှေ့တွင် ရပ်စောင့်နေရသည်၊ တာဝန်ကျ ကင်းရဲဘော်က ဆလိုက်မီးဖွင့်၍ တပ်တွင်းနှင့် တပ်နယ်စကားဝှက်ကိုမေး၍ မှန်ကန်မှ တံခါးဖွင့်ပေးသည်၊ မဖြေနိုင်ပါက လှည့်ပြန်ပေတော့၊ ဖွတ်တိုးဝင်ရန် ကြိုးစားပါက မည်သူမဆို သေနတ်နှင့် ပစ်ခတ်ရန် အမိန့်ပေးထားပြီးဖြစ်ပါသည်၊ တပ်ဖွဲ့တိုင်း၏ စည်းကမ်းအမိန့်ပင်ဖြစ်သည်။

ပြဿနာဖြစ်သော ညကင်းတာဝန်ကျသူတွေက ကင်းမှူးအဖြစ် ဒု-တပ်ကြပ်စိုးကြည်၊ ကင်းသားတွေက ကျွန်တော်၊ မိုက်ခဲနှင့် ကျော်စိန်တို့ဖြစ်ကြသည်၊ ကျွန်တော်က ပထမဆုံး ညနေ (၆ နာရီမှ ၈ နာရီ)၊ ရဲဘော်မိုက်ခဲက ဒုတိယ(၈-၁၀)ဖြစ်ပြီး၊ ကျော်စိန်က နောက်ဆုံး (၁၀-၁၂)ဖြစ်သည်၊ ကျွန်တော်က သေနတ်ကိုစလွယ်သိုင်းလွယ်ရင်း လမ်းလျှောက်လိုက်၊ ကင်းရုံအနီးသွား စကားဝိုင်းကို နားထောင်လိုက်နှင့် ပထမဆုံး ကင်းတာဝန်ထမ်းဆောင်နေပါသည်၊ ဆရာစိုးကြည်နှင့် မိုက်ခဲတို့က ကျော်စိန်ပြောစကား



တွင် အာရုံစိုက်နေကြသည်၊ ကျော်စိန်စကားပြောပြီဆိုလျှင် အားလုံး စိတ်ဝင်တစား ရောက်လာကြလေ့ရှိပါသည်၊ သည်ကောင်က အပြောင်အပြက်စကားတွေ၊ ရယ်မောစရာဟာသတွေ ကပ်တီးကတ်ဖဲ့စကားတွေ ပြောတတ်၍ နားထောင်ကြသူတွေ ရယ်မောရလွန်း၍ ဖြစ်သည်၊ ပြီးတော့ သက်ရှိသက်မဲ့အသံမျိုးစုံကို တကယ်ကို တုပပြောနိုင်စွမ်းရှိပါသည်။

ကျွန်တော်တို့အားလုံး ရိပ်သာမှပို့ထားသော လက်ဖက်ရည်အိုးကြီးထဲမှ လက်ဖက်ရည်သောက်လိုက်၊ ကျော်စိန်စကား နားထောင်လိုက် ရှိနေရာမှ ကျွန်တော်၏ ပထမကင်းလှည့်တာဝန် (၆-၈)ပြီးဆုံးသွားပါသည်၊ ရဲဘော်မိုက်ခဲက သူ့သေနတ်ကို စလွယ်သိုင်းလွယ်ကာ ဒုတိယတာဝန် ယူနေသည်၊ ညကိုးနာရီကျော်သွားလျှင် ရွှေတိဂုံဘုရားလမ်းမကြီးပေါ်တွင် လိုင်းဘတ်စ်ကားများ၊ ကိုယ်ပိုင်ကားများပါ အသွားအလာရှင်းသွားသလို၊ လူသွားလူလာများပါရှင်းသွား၍ တိတ်ဆိတ်နေသည်၊ ကျော်စိန်ပြောစကားတွင် အာရုံစိုက်နေသည်၊ မိုက်ခဲကလည်း လမ်းလျှောက်နေရာမှ တစ်ခါတစ်ခါ လာနားထောင်သည်၊ သည်နောက် ဂိတ်မကြီးနှင့် တပ်တွင်းအဝင်လမ်းကုန်းတက်ကလေးကိုပါ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

ကျွန်တော်နှင့် ဆရာစိုးကြည်တို့က ကျော်စိန်စကား နားထောင်ရင်း မိုက်ခဲနှင့် ပတ်ဝန်းကျင်ကို ကြည့်မိသည်၊ ဆယ်နာရီမထိုးသေးသောကြောင့် ဂိတ်တံခါးကြီးကို မပိတ်သေးပါ၊ ထိုစဉ် စပါးရှားလမ်းထဲမှ အရှိန်နှင့် မောင်းနှင်လာသော ကားတစ်စီးကို မီးရောင်နှင့် မြင်ရသည်၊ ရှေ့မီးကြီးဖွင့်လျက်လာနေသော ကိုယ်ပိုင်ကားတစ်စီးပင်၊ ကျွန်တော်တို့က ထိုကားမှာ ရန်ကုန်မြို့တွင်းသို့ဖြစ်စေ၊ ရွှေတိဂုံဘုရားဘက်သို့ဖြစ်စေ ချိုးကွေ့သွားလိမ့်မည် ထင်ခဲ့မိပါသည်။

သို့သော်လည်း ထိုကားမှာ စပါးရှားလမ်းထိပ်အရောက် စက်ရှိန်မြှင့်လိုက်ပြီး ကျွန်တော်တို့တပ်ဝင်းထဲသို့ တိုးဝင်လာခဲ့သည်။

"ဟာ - ဒီကားက ဘယ်လိုလဲကွ"

"ဟေ့ကောင်တွေ - သတိထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဆရာစိုးကြည်တို့နှစ်ယောက် အံ့အားတသင့် ပြောရင်း နံရံတွင်ထောင်ထားသောသေနတ်များကို ပြေးယူလိုက်ကြသည်။ ထိုစဉ် သေနတ်သံတစ်ချက် "ဒိုင်း" ခနဲ ကြားလိုက်ရသည်။

ကျွန်တော်တို့ ကင်းရုံးရှေ့တွင် ဒူးထောက်နေရာယူလိုက်ရင်း ကြည့်မိသည်။ ဝင်လာသောကားက နောက်ကို အမြန်ပြန်ဆုတ်ကွေ့ပြီး စဖားရှား လမ်းထိုးသို့ တရကြမ်း မောင်းဝင်သွားပါတော့သည်။ မိုက်ခဲက သေနတ်ကို ဘယ်မြှင့်အနေအထားကိုကိုင်ရင်း ကုန်းတက်ကလေးမှ ဆင်းလာသည်ကို မြင်ရသည်။ သူ့ ကြည့်ရသည်က အေးအေးဆေးဆေးပင်။ ဘာမှဖြစ်ပုံမရပါ။

"ဟေ့ကောင် - မိုက်ခဲ၊ မင်းပစ်လိုက်တာလား"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်က ကုန်းတက်က ပြန်အဆင်းအလာ ကားက တရကြမ်း မီးကြီးဖွင့်မောင်းလာကြောင့် ကျွန်တော်လည်း အမှတ်တမဲ့ဆိုတော့ လန့်ပြီးပစ်လိုက်တာ"

"အေး - ကားကလည်း ဘာကားလည်းမသိဘူး၊ စစ်တပ်မှန်း ဆိုင်းဘုတ်ကြီးတပ်ထားတာ မမြင်ဘူးလား၊ အေး - ပေါ့မနေနဲ့၊ ပြန်လာချင် လာနိုင်တယ်"

ဆရာစိုးကြည်က သတိပေးစကားပြောနေစဉ် တာဝန်မှူးဗိုလ်ဌေးအောင်နှင့် အရာခံဗိုလ်ကြီးထင်အောင်တို့ ရောက်လာကြသည်။ သူတို့ကို ဆရာစိုးကြည်က ဖြစ်စဉ်ကို ပြောပြသည်။ တပ်မှူးဗိုလ်ကြီးတင့်လွင်ပါ ရောက်ရှိလာပါသည်။ ကျွန်တော်တို့လေးယောက်လုံးကို သေချာစစ်ဆေးပါသည်။ ကားက ကိုယ်ပိုင်စလွန်ကားတစ်စီးသာဖြစ်ကြောင်းသိ၍ ရှုပ်တရက်ဖြစ်သွားခြင်း၊ မီးကြီးထိုးထားခြင်းတို့ကြောင့် ကားနံပါတ် ကို မမြင်လိုက်ရခြင်းတို့ကြောင့် ထို့ထက်ပိုပြီး မပြောနိုင်ကြပါ။ သေနတ်သံကြောင့် ရန်ကုန်တပ်နယ်မှူးရုံးနှင့် စစ်ရုံးချုပ်တာဝန်မှူးများပါ ရောက်ရှိလာကြတော့သည်။



မီးပွားလေးမှ မီးတောက်ကြီး ဖြစ်လာခြင်းပင်။

မိုက်ခဲသာမက ကျွန်တော်တို့သုံးယောက်ပါ၊ နှလုံးခုန်၊ သွေးတိုး၊ ရင်ထဲ တထိတ်ထိတ်ဖြစ်နေကြရသည်။ အပစ်ခံရသောကားကလည်း ထွက်ပြေးသွားခဲ့ပြီဖြစ်ပြန်ရာ ဘာမှန်းမသိရ၊ ဘယ်သူ့ကား ဆိုသည်လည်း မသိရမို့ အရာရှိအားလုံး ဘာတွေဆက်လုပ်ရမှန်းမသိဖြစ်နေကြရသည်။ ထိုသို့ စိတ်ညစ်နေကြစဉ် အိတ်ချိန်းရုံးမှ တာဝန်ကျအော်ပရေတာသောင်းရွှေရောက်လာပြီး ဗိုလ်ဌေးအောင်ကို တီးတိုးပြောပြသည်။ ဗိုလ်ဌေးအောင် ချက်ချင်း ရုံးကြီးဆီသို့ ရောက်သွားတော့သည်။ ကျန်ခဲ့သူအားလုံးမှာလည်း တောင်တွေးမြောက်တွေးနှင့် မအူမလည်ပင် ပဟေဠိပုစ္ဆာတွေနှင့် ကျန်နေခဲ့ကြသည်။

အတန်ကြာမှ ဗိုလ်ဌေးအောင် ပြန်ရောက်လာပြီး အားလုံးကို ရှင်းပြလာလေသည်။

"အပစ်ခံရတာ (×××)ရဲ့ကားတဲ့၊ သူကိုယ်တိုင်မောင်းလာတာတဲ့"

"ဟာ - သွားပါပီကွာ"

"ပြဿနာကတော့ တကယ့်ကို ရောမကြီးပါလား"

"မိုက်ခဲကတော့ တကယ့်ဆင်ကြီးကိုမှ သေနတ်နဲ့ပစ်တာကိုး"

အရာရှိတွေအားလုံး အထိတ်တလန့် ဖြစ်ကုန်ကြတော့သည်။ အခြေအနေက စောစောကနှင့်မတူတော့။ အားလုံး အထိတ်တလန့်နှင့် တုန်လှုပ်ချောက်ချားကုန်ကြသည်။ မိုက်ခဲမှာလည်း ယခုမှ ငိုတော့မလိုလို မျက်နှာနှင့်မျက်လုံး ပေကလပ် ပေကလပ်နှင့် ဟိုမျက်နှာကြည့် သည်မျက်နှာကြည့်ဖြစ်နေသည်။ ဗိုလ်ဌေးအောင်ကလည်း ဆက်ပြောလာသည်။

"ပစ်တဲ့ကောင်ကို အချုပ်ထဲထည့်ထားလိုက်တဲ့၊ မနက်ကျမှ သူကိုယ်တိုင် စစ်ဆေးမယ်လို့ (×××)က ကျွန်တော့်ကို ပြောလိုက်တယ်"

"အင်း... အချုပ်ထဲပို့ရအောင် ဘယ်အချုပ်ကို ပို့မလဲ"

ဆရာကြီးထင်အောင်က စဉ်းစားသောလေသံနှင့်ပြောသည်။ ယခု ပြဿနာတွင် မိုက်ခဲကို မည်သည့်စွဲချက် တပ်ရမှန်းမသိ၊ မည်သို့သောပုဒ်မ

www.burmeseclassic.com

တပ်ရမည်မသိပါ။ ဗိုလ်ဌေးအောင်ကိုယ်တိုင်လည်း မသိအောင်ဖြစ်နေသည်။

"ခါတိုင်းရော ဘယ်မှာချုပ်သလဲ၊ မင်္ဂလာဒုံက တပ်ရင်းမှာချုပ်ဖို့ကလည်း မနက်မှာ စစ်ဆေးမှာဆိုတော့ သွားရမှာ၊ မနက် ပြန်ခေါ်ရမှာနဲ့ မလွယ်ဘူးဗျာ"

"ကဲ - ဗိုလ်ကြီး မှတ်တမ်းရုံးတာဝန်မှူးကို ပြောပြီးလုပ်မှ အဆင်ပြေမှာ၊ တပ်နယ်မှူး၊ တာဝန်မှူးတွေကတစ်ဆင့် ကူညီပေးဖို့ လုပ်ပါလား"

ဆရာကြီးထင်အောင်က ဗိုလ်ဌေးအောင်ကို တိုးတိုးကပ်ပြောသည်။ အခြေအနေကို တွေ့မြင်နေရသော တပ်နယ်မှူးအရာရှိကလည်း လိုက်ပါကူညီပေးမှ အဆင်ပြေသွားသည်။

သို့သော်လည်း နောက်တစ်နေ့တွင် အခြေအနေက မည်သို့ရှိမှန်းမသိသောကြောင့် ကျွန်တော်တို့သုံးယောက်မှာလည်း စိတ်မအေးနိုင်အောင်ဖြစ်ကြ၍ တစ်ညလုံး မအိပ်နိုင်ကြတော့ပါ။ ကျွန်တော်တို့လိုပင် ဗိုလ်ဌေးအောင်ကိုယ်တိုင်လည်း သူ၏ရုံးခန်းသို့ မပြန်တော့၊ ကျွန်တော်တို့နှင့်အတူ တစ်ညလုံးထိုင်ရင်း မိုးလင်းသွားပါတော့သည်။

ဩော်… သေနတ်ပစ်မြန်သောမိုက်ခဲက ဆင်ကြီးကိုမှ ပစ်ခဲ့သကိုး။

* * *

စတီးကိုင်းမျက်မှန်ဝိုင်းလေးကိုတပ်ပြီး စတီးလက်ကိုင်တုတ် ကိုင်ပြီး ခပ်မှန်မှန်လျှောက်လာသောအရာရှိကြီးကို အားလုံး အလေးပြုလိုက်ကြပါသည်။ အရာရှိကြီးက တပ်မှူးစားပွဲနောက်ရှိ ကုလားထိုင်တွင် ထိုင်ပြီးမှ တပ်ရဲနှစ်ယောက် ခြံရံလျက် မိုက်ခဲကို ခေါ်လာခဲ့ပါသည်။ အရာရှိကြီးက သူ့ရှေ့တွင်ရပ်နေသော ရဲဘော်မိုက်ခဲကို သေချာကြည့်နေသည်။ အရပ်ငါးပေငါးလက်မခန့်၊ အသားညိုညို၊ ကိုယ်လုံးခပ်သေးသေးနှင့် ရပ်နေသူသည်ကောင်က သူ့ကို သေနတ်နှင့် ပစ်ခဲ့သူမို့၊ မမေ့အောင် သေချာကြည့်နေမိသည်။



ကော်လံတွင် အနီရောင်တံဆိပ်တစ်ခုစီ တပ်ထားသည်။ အစိမ်းရောင်စစ်ယူနီဖောင်း ပခုံးပေါ်က ဘယ်ညာနှစ်ဖက်ပေါ်တွင် ရွှေရောင် ပန်းခတ်ခွေကြီးက တောက်ပဝင်းလက်နေသည်။ စတီးကိုင်းနှင့် မျက်မှန်ဝိုင်းကလေးထဲမှ မျက်စိအစုံက သူ့ကို ထူးဆန်းသောသတ္တဝါမြင်ရသလို ကြည့်နေသည်။ သတင်းစာထဲတွင် မကြာခဏ တွေ့မြင်ခဲ့ဖူးသည့် (× × ×)ကို ယခုလူကိုယ်တိုင် တွေ့နေရလေပြီ။ သူရော… အရာရှိကြီးပါ အင်မတန်ကုသိုလ်ကံကောင်းသည်ဟု ပြောရပေမည်။ အကယ်၍သာ သူ့သေနတ်နှင့် ပစ်ခတ်လိုက်စဉ်က ထိမှန်သေဆုံးခဲ့မည်ဆိုလျှင် ရှေ့ဆက်မတွေးရဲတော့၊ အတန်ကြာမှ အရာရှိကြီးက မေးလာသည်။

"ညက ငါ့ကို သေနတ်နဲ့ပစ်တာ မင်းလားကွ"

"ဟုတ် - ဟုတ်ပါတယ် - ဗိုလ်ချုပ်"

မိုက်ခဲ ကြောက်လန့်စိတ်နှင့် စကားထစ်နေသည်။ တစ်ဆက်တည်းမှာပင် ညက အရာခံဗိုလ်ကြီးပြောခဲ့သည့်စကား "ဒီကောင်က အမြဲတမ်းပြဿနာလုပ်တဲ့ကောင်၊ ဒီတစ်ခါတော့ ထောင်ကျဖို့ သေချာသွားပြီ၊ တကယ့်ဆင်ကြီးကိုမှ သေနပ်နဲ့ပစ်တာကိုး" တွေကို ပြန်လည် အမှတ်ရနေမိသည်။

"ငါ ဒီလိုလာတတ်တယ်ဆိုတာ မင်းမသိဘူးလား။ မင်းကို ဘယ်သူကမှ ပြောမပြထားဘူးလား"

"ဘယ်သူမှ ပြောမထားဘူး ခင်ဗျ"

"အင်း - ထားပါတော့ကွာ။ တကယ်လို့ - ငါ့ကားမှန်း သိနေတယ်ဆိုရင်ကော ပစ်မှာလားကွ။ ကဲ - ပြောစမ်း"

အရာရှိကြီး အမေးစကားကြောင့် ရှိနေသောအရာရှိများသာမက ကျွန်တော်တို့ပါ ရင်တထိတ်ထိတ်နဲ့ စိုးရိမ်မိသွားကြသည်။ မိုက်ခဲ အဖြေမတတ်လျှင် နောက်တစ်မှု တိုးပြီး ဒုက္ခရောက်ပေတော့မည်။ မိုက်ခဲက သိပ်စဉ်းစားမနေဘဲ ဖြေလိုက်သည်က -

"ဟုတ်ကဲ့ - ကျွန်တော်ပစ်မှာပဲ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ – မင်းက ငါမှန်းသိတာတောင်ပစ်မယ် – ဟုတ်လား"

"ဟုတ်ပါတယ်"

နားထောင်နေကြသူတွေအားလုံး မိုက်ခဲတစ်ယောက် သေချာပေါက် ထောင်ကျတော့မည်ကို တွေးမိကြသည်။

"ဘာဖြစ်လို့ ပစ်မှာလဲ၊ ငါဟာ အဆင့်မြင့်အရာရှိဆိုတာ မင်းသိနေပြီလေ"

"ဘာကြောင့် ပစ်ရမလဲဆိုတော့ – ကျွန်တော်တို့ကင်းအဖွဲ့မှတ်သား လိုက်နာရမယ့်အမိန့် ပေးထားတာကြောင့် တာဝန်ကျကင်းသားရဲ့စစ်ဆေးမှုကို မခံယူဘဲ တပ်ဝင်းထဲကို ဝင်လာသူမှန်သမျှ မည်သူ့ကိုမဆို ပစ်ခတ်ဟန့်တားရမယ်လို့ အမိန့်ပေးထားတာကြောင့်ပါ"



အမှန်က ငါ့အမှားကွ။ ငါမှားတာ။ ခါတိုင်းလို တားရပ်ပြီးမှ ကင်းရဲဘော်က စစ်ဆေးလို့ ခွင့်ပေးမှ ဝင်ရမှာလေ။ မနေ့ကတော့ ငါက ကားမောင်းလာရင်း စိတ်က ကိစ္စတစ်ခုကို သွားတွေးမိလိုက်ရင်း ကားကို အရှိန်နဲ့ ဂိတ်ထဲ တိုးဝင်မိလိုက်တာကိုး။ ဒီကောင်လေးသည်း တကယ့်ကို လက်မြန် ကျဲကောင်း ဆော်ထည့်လိုက်တာ၊ ကံကောင်းလို့ ငါနဲ့တစ်ထွာလောက် မှန်ကို ဖောက်သွားတာ ...။



ရဲဘော်မိုက်ခဲက ကင်းတာဝန်ကျသောနေ့တိုင်း အလံတော်မြှတ်သိမ်းပြီး တာဝန်ကြပ်ဖြစ်သူ မှာကြားလေးရှိသည့် မှတ်သားလိုက်နာရန် အမိန့်ညွှန်ကြားချက်တို့ကို ဆက်လက်တင်ပြလိုက်ပါတော့သည်။ အရာရှိကြီးတလည်း သေချာစူးစိုက်နားထောင်နေခဲ့ပါသည်။ သူ့စကားဆုံးတော့မှ အရာရှိကြီးက ခပ်ပြုံးပြုံးလုပ်ရင်း –

"မင်းပြောနေတာတွေက သေနတ်ပစ်တဲ့အတွက် မင်းမှာ အပြစ်မရှိဘူးဆိုပါတော့ – ဟုတ်လား"

"ဟုတ်ကဲ့ – အမိန့်နဲ့တာဝန်အရလုပ်ရတာဖြစ်လို့ ကျွန်တော့်မှာ အပြစ်မရှိပါဘူး"

အရာရှိကြီးက မိုက်ခဲပြောသည်ကိုနားထောင်ပြီး အတော်ကြာအောင် စဉ်းစားနေသည်။ ပြီးတော့ – ကျွန်တော်တို့တပ်မှူးဗိုလ်ကြီးတင့်လွင်(နောင်သောအခါ မွန်ပြည်နယ်၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌ)ဘက်သို့လှည့်ပြီး စကားပြောနေသည်။ "အင်း – ဒီအတိုင်းဆိုတော့လည်း ဟုတ်နေတယ်လေ၊ ကဲ – ဒီကောင်ကို ဘာမှအရေးမယူနဲ့တော့ လွှတ်လိုက်ပါ" ဆိုသည့်ပြောသံကို မိုက်ခဲ ကြားလိုက်ရသည်။ ထို့နောက် ဗိုလ်ကြီးတင့်လွင်က အရာခံဗိုလ်ကြီးဘက်သို့ ဆက်လက်ညွှန်ကြားလာသည်။

ဆရာကြီးထင်အောင်က မိုက်ခဲကို ခေါ်ထုတ်သွားသည်၊ မိုက်ခဲက ရင်ကိုတမင်ကော့၊ လက်ဘယ်ညာလွှဲပြီး ထောက်ကြွထောက်ကြွနှင့် မျက်နှာကစပရိန်မျက်နှာပုံစံ။ ပါးစပ်က ထုတ်မပြောသော်လည်း "ငါ ဘယ်လိုကောင်ဆိုတာ သိကြပြီလားကွ" ဟူ၍ ပြောနေဟန်မျိုးမို့ အားလုံးက သောက်မြင်ကတ်ကုန်ကြသည်။ ကျွန်တော်တို့အတွက် စိတ်ဓာတ်တွေက အရာခံဗိုလ်ကြီးဆီကူးစက်ရောက်သွားပြီလားမသိ။ ရုံးခန်းအပြင်ဘက်ကိုရောက်သွားသည်နှင့် အရာခံဗိုလ်ကြီးက မိုက်ခဲတင်ပါးကို နောက်မှ ဆောင့်ကန်ရင်း ဂုဏ်ပြုစကားပြောလိုက်သည်။

"ခွေးမသား – သောက်ရုပ်ကိုက – မင်း – ဒီည ကင်းထပ်ပြီးဝင်ရမယ်"

"အာ – ဆရာကြီးကလည်း – ညက ဝင်ပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှထပ်မရှည်နဲ့ - မင်းကြောင့် လူတွေအားလုံး တစ်ညလုံး ဘယ်သူမှ မအိပ်ရဘူး။ မင်းကတော့ တစ်ညလုံး အချုပ်ခန်းထဲမှာ သေနေရတာလေ"

မိုက်ခဲ ထပ်မပြောရဲတော့။ တင်ပါးကို ပွတ်သပ်ရင်း ဘားတိုက်ဆီသို့ လစ်သွားပါတော့သည်။

✱ ✱ ✱

ဟုတ်ကဲ့ ဖတ်ပေါင်းရသော်...။

ပြဿနာဖြစ်သောညက ဆရာကြီးထင်အောင်မှာ ဗိုလ်ဒွေးအောင် ပြောပြသဖြင့် အခြေအနေကို သိခဲ့သည်။ သို့သော်လည်း မိုက်ခဲရောင့်တက်သွားမည်စိုး၍တစ်ကြောင်း၊ တခြား တပ်မှ အရာရှိတွေပါ ရောက်ရှိနေကြသောကြောင့်တစ်ကြောင်း ထိန်းသိမ်းကာ ပြောခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့အားလုံးက မသိကြလေတော့၊ ထိတ်လန့်ကြောက်ရွံ့နေကြခြင်းဖြစ်သည်။ သေနတ်အပစ်ခံရသူမှာ ဗိုလ်မှူးချုပ် တင်ဖေဖြစ်ပါသည်။

(ထိုစဉ်ကာလ တပ်မတော် ကြည်း၊ ရေ၊ လေတွင် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းမှလွဲလျှင် ဗိုလ်ချုပ်အဆင့်ပင် တစ်ယောက်မှမရှိပါ။ ဗိုလ်မှူးချုပ်အဆင့်ဆိုလျှင်လည်း ဆယ်ယောက်ပင် မရှိခဲ့ပါ။)

ဗိုလ်ချုပ်ဟူ၍ သုံးစွဲနေကြသည်မှာလည်း အစဉ်အလာအရ ဒုဗိုလ်ကိုလည်း ဗိုလ်ကြီးဟုခေါ်သလိုမျိုးသာ ခေါ်နေခြင်းဖြစ်ပါသည်။ ဗိုလ်မှူးချုပ်တင်ဖေက စပါးရှား(ဇီဝက)လမ်းတစ်ဖက်ထိပ် ဦးဝိစာရဘက်တွင် နေထိုင်သူဖြစ်၍ ကျွန်တော်တို့တပ်သို့ မကြာခဏ နေ့ရောညပါ လာလေ့ရှိသူဖြစ်သည်။ စစ်ရေးကိစ္စများရှိလာလျှင် သူကိုယ်တိုင် စက်နှင့် စကားပြောခြင်းအရ တပ်မှပေးထားသော စစ်မော်တော်ယာဉ်ကို ရုံးချိန်အတွင်းသာ အသုံးပြုသည်။ ရုံးချိန်ကုန်သွားလျှင် စစ်ယာဉ်နှင့် စစ်ယာဉ်မောင်းကို အသုံးမပြုတော့။ သူ၏ ကိုယ်ပိုင်အရပ်ယာဉ်ကို သူကိုယ်တိုင်မောင်းပြီး သွားလာတတ်သူဖြစ်ပါသည်။



သည့်အကြောင်းတွေကို ကျွန်တော်တို့ မသိခဲ့ကြပါ။ ဘယ်သူတစ်ယောက်မှလည်း ပြောပြထားခြင်းမရှိပါ။ ကျွန်တော်တို့ကလည်း ခေတ္တသာလာနေရသူတွေမို့ မပြောခဲ့ခြင်းလား၊ မေ့လျော့နေခဲ့ကြခြင်းလား မသိပါ။ သို့သော်လည်း ဗိုလ်ချုပ်တင်ဖေသည် တာဝန်သိသူပီပီ၊ သူ၏အမှားကို ရဲရဲဝင့်ဝင့်ခံပြီး မိုက်ခဲကို အပြစ်မှ ခွင့်လွှတ်ခဲ့ခြင်းဖြစ်ပါသည်။

"အမှန်က ငါ့အမှားကွ၊ ငါမှားတာ ခါတိုင်းလို ကားရပ်ပြီးမှ ကင်းရဲဘော်က စစ်ဆေးလို့ ခွင့်ပေးမှ ဝင်ရမှာလေ၊ မနေ့ကတော့ ငါက ကားမောင်းလာရင်း စိတ်က ကိစ္စတစ်ခုကို သွားတွေးမိလိုက်ရင်း ကားကို အရှိန်နဲ့ ဝိတ်ထဲတိုးဝင်မိလိုက်တာကိုး၊ ဒီကောင်ကလည်း တကယ့်ကို လက်မြန်တဲ့ကောင်၊ ဆော်ထည့်လိုက်တာ၊ ကံကောင်းလို့ ငါနဲ့တစ်ထွာလောက်မှန်ကို ဖောက်သွားတာ"

ဗိုလ်မှူးချုပ်တင်ဖေက သည်စကားကို ဗိုလ်ကြီးတင့်လွင်ကိုပြောပြီး မိုက်ခဲတွင် အပြစ်မရှိကြောင်း အမိန့်နှင့်တာဝန်ကို တိကျစွာလိုက်နာသော ရဲဘော်အဖြစ် ချီးကျူးခံရကြောင်း နောင်အခါမှ ကျွန်တော်တို့ သိကြရပါသည်။

မည်သို့ဖြစ်စေ၊ ဗိုလ်မှူးချုပ်တစ်ယောက်ဖြစ်နေသည့်တိုင် လူကြီးပီသစွာ မိမိအမှားကို ရဲဝံ့စွာ ဝန်ခံပြောကြားခဲ့သည်က သူ၏ အရာရှိကောင်းပီသပြီး ဖြောင့်မတ်မှန်ကန်သောစိတ်ဓာတ်ကို ဖော်ပြခဲ့ခြင်းပင် ဖြစ်သည်။

ယနေ့... သူမရှိခဲ့သော်လည်း ယခုတိုင် ရှိသေလေးစားလျက်ပါ။

⪢ မောရှက်

www.burmeseclassic.com

www.burmeseclassic.com

## တွင်းကြီးသား တင်ဝင်းဦး

# သို့ကြောင့်အမေဟုခေါ်သည်


မိခင်တစ်ယောက်၏ သားအပေါ်တိမ်းညွတ်ခဲ့သည့်မေတ္တာဖြင့် သေဘေးကိုမကြောက်ရွံ့ပဲ သက်စွန့်ခံသွား မြွေဖမ်းရာမှ...

**တုန်ခါသော** လက်နှစ်ဖက်မှ ဆယ်ချောင်းသောလက်များသည် ညှိုးမည်းစွာဖြင့် သားဖြစ်သူမျက်နှာ၊ နဖူးနှင့် မေးစေ့ကို စမ်းရင်းရှိသည်။ အမေသည် သား၏မျက်နှာကို လက်များနှင့်စမ်းရင်း မျက်လုံးနှစ်ဖက်က မျက်ရည်ကျချင်ချင်ဖြစ်နေသည့်အတွက် ဟန်ဆောင်ပြုံးလိုက်သည်။ သားဖြစ်သူသည်လည်း အမေနှင့်အတူ ရောယောင်၍ပြုံးလိုက်လေသည်။ သို့သော် အမေ့အပြုံးရော သားဖြစ်သူ၏အပြုံးများက အားအင်ခပ်ချည့်ချည့်။

"လူလေး - နေကောင်းတယ်နော်"

အမေဖြစ်သူ မမြခင်၏အမေး။ သားဖြစ်သူ အောင်စိုး၏အဖြေ။

"ဟုတ်ကဲ့"



www.burmeseclassic.com

"အမေ - ကျုပ် - ကျော်တင့်တို့နဲ့ ရေနံတွင်း လိုက်သွားမလို့"

အောင်စိုးက ပြောရင်း အမေ့ထံ ကြည့်သည်၊ ပြီးတော့ - ဇနီးဖြစ်သူ ဝိုင်းစိန်ထံ ကြည့်သည်။ အမေနှင့် ဝိုင်းစိန်သည် အတူယှဉ်တွဲထိုင်နေပြီး အိမ်ရှေ့တမာပင်ရိပ်ကွပ်ပျစ်မှာ အတွေးနယ်ချဲ့နေကြသည်။ အောင်စိုးစကားကြောင့်အမေက ခေါင်းမခါ၊ ခေါင်းမညိတ်ဘဲကြည့်နေသလိုဝိုင်းစိန်ကလည်း အင်းမလုပ်၊ အဲမလုပ်နှင့်ကြည့်နေသည်။ သူတို့နှစ်ဦးအကြည့်က ဝေခွဲရခက်နေသည့် အကြည့်မျိုး။ မွန်းကျပ်စွာ တနင့်တပိုး ခံစားနေရသည့်သဘောမျိုး။

"ဖြစ်ပါ့မလားကွယ်၊ ရေနံတွင်းဆိုတာ အဝေးကြီး ..."

အမေက အတော်ကြာမှ စဉ်းစားရင်း ပြောလာသည်။

"ဖြစ်ပါတယ် - အမေရဲ့"

"မင်း လုပ်နိုင်မှာလား"

"ဟုတ်ကဲ့ - သူများတွေတောင် လုပ်နိုင်သေးတာပဲ၊ စီးပွားရေးအတွက်ပဲ - အမေရာ၊ အရာရာ အဆင်ပြေရမှာပေါ့၊ ကျုပ်က ယောက်ျားပဲဥစ္စာ"

"အင်း - ကျော်တင့်တို့အဖွဲ့က မနှစ်က သွားပြီးအလုပ်လုပ်ကြတာ၊ အဆင်တော့ ပြေပါရဲ့၊ အပြန်မှာ ငှက်ဖျားပါလာလို့ ကုသရတာနဲ့ ..."

အမေက စကားကို ဆုံးအောင်မပြောဘဲ ချွေးမတော်စပ်သူ ဝိုင်းစိန်ထံ ကြည့်သည်။ ဝိုင်းစိန်မှာ ကိုယ်ဝန်လေးလကျော်လို့ ငါးလထဲ ရောက်နေပြီ။ သားလေး မွေးမည်လား၊ သမီးလေး မွေးမည်လား မသိနိုင်သေး။ အောင်စိုးသည် ဝိုင်းစိန်၏ သားသမီးလွယ်ထားသော ဗိုက်ပူပူလေးကိုကြည့်ရင်း သက်ပြင်းမောတစ်ချက် ချသည်။ ပြီးတော့ - အားရကျေနပ်အောင် ပြောသည်။

"ဖြစ်မှာပါ - အမေရာ၊ ဟိုကောင်တွေ - ငှက်ဖျားပါလာတယ်ဆိုတာလဲ အစားအသောက်၊ အနေအထိုင် မဆင်ခြင်လို့ဖြစ်ရတာပါ - အမေရာ၊ ဟုတ်တယ်နော် - ဝိုင်းစိန်၊ ငါ - ဘာမှမဖြစ်စေရဘူး၊ အပြန်မှာ ငွေတွေပိုက်ပြီး ပြန်ခဲ့မယ်လေ"



အောင်စိုးက အမေ ကျေနပ်အောင်ဖြေရင်း ဝိုင်းစိန်ကို ထပ်ကူတောင်းသည့်အနေနှင့် ပြောသည်။ ဝိုင်းစိန်သည်ပြုံးရုံသာ ပြုံးရင်းရှိသည်။ ဝိုင်းစိန်ထံမှ သက်ပြင်းချသံ ကြားရသည်။ အမေသည် ဝိုင်းစိန်ကို ကြည့်နေသည်။

"ကိုအောင် - အဆင်ပြေမှာပါ - အမေရယ် - နော်၊ ထည့်လိုက်ရအောင်၊ ဝိုင်းစိန် မီးဖွားစရိတ်က ရှိသေးတယ်၊ ပြီးတော့ - အခြားလူမှုရေးစရိတ်တွေရော၊ လတ်တလော စားဖို့အရေးက ရှိသေးတာ၊ ဝိုင်းစိန်ကလည်း ဘာမှ မလုပ်နိုင်ဘူး၊ ဒီတော့ - ဝင်ငွေက မရှိဘူးလေ၊ ဒါကြောင့် ..."

ဝိုင်းစိန်က မမြခင်၏လက်များကို ဆုပ်ကိုင်ရင်း ပြောသည်။

"အင်း - သမီးသဘောပဲလေ၊ အဆင်ပြေရင် ပြီးတာပဲ၊ အမေကတော့"

မမြခင် စကားမဆက်နိုင်တော့။ တကယ်ဆိုရင် ဝိုင်းစိန်ပြောတာ မှန်ပါသည်။ မိသားစုသုံးဦးသာရှိသည့် မမြခင်တို့အိမ်ထောင်စု၊ ကြည့်စမ်း - မမြခင်ရယ်၊ သားဖြစ်သူရယ်၊ ချွေးမဖြစ်သူရယ် - သုံးယောက်၊ အနီးသုံးယောက်သည်းမှာ စောစောကတော့ မဆိုးပါ၊ မဆိုးဘူးဆိုတာ စားဖြစ်၊ နေဖြစ်သဘောရှိသည်။ ရရစားစား၊ ဝါးဝါးမျိုမျိုသဘော၊ တစ်နေ့လုပ် တစ်နေ့စားရသည့် အဖြစ်၊ မနက်လုပ် ညနေစား၊ ညနေလုပ် နောက်တစ်ရက်မနက် စားရသည့် သူတို့ဘဝ၊ မမြမေကဟင်းရွက်ခူးထွက်သည်၊ မနက်ပိုင်းမှာဟင်းရွက်ခူးထွက်ပြီး ညနေပိုင်းမှာ ဟင်းရွက်များကို ရွာထဲလိုက်ပြီး လှည့်ကာရောင်းရသည်၊ ဟင်းရွက်ဖိုးက တစ်ခါတစ်ရံ ဆန်ရသည်၊ တစ်ခါတလေ ပဲရသည်၊ ရသည့် ဆန်နှင့်ပဲကိုဝမ်းစာအဖြစ် အသုံးပြုရသည်။ ဟင်းရွက်ရောင်းတာက မမြမေ၏ တာဝန်၊ နေ့စား အထွန်လိုက်သည်က အောင်စိုး၏တာဝန်၊ ဒီတုန်းကတော့ နှစ်ယောက်လုပ်အားစနှင့် သုံးယောက်စားကြရတာ အဆင်ပြေသည်။

ဟော - မိုးခေါင်ခဲ့တာ သုံးနှစ်ရှိပြီ၊ လုံးလုံးကြီး ခေါင်သည်တော့ မဟုတ်၊ ရွာတော့ ရွာသည်၊ ရွာပေမယ့် သီးနှံအကြိုက်၊ သီးနှံဖြစ်ထွန်းအောင် ရွာခဲ့ခြင်းမရှိ၊ မိုးလိုချိန်ကျတော့ မရွာ၊ မလိုသည့်အချိန်ကျတော့ ရွာသည်၊ ထို့ကြောင့် သီးနှံတွေ ပျက်ခဲ့သည်၊ လယ်တွေ မရိတ်သိမ်းခဲ့ရ၊ သို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လက်လုပ်လက်စားတွေ မပြောနှင့် တောင်သူတွေပင် အကြွေးတင်ကြပြီ။ အချို့ဆိုရင် ကျွဲ၊ နွား ရောင်းရသည်၊ လယ်ယာမြေ ရောင်းရသည်၊ ပေါင်နှံရသည်၊ လက်ဝတ်လက်စားတွေပင် ထုတ်ရောင်းရသည့်အဖြစ်။

စီးပွားရေးအခြေခံရှိသည့်တောင်သူများပင်စီးပွားရေး ယိုင်နဲ့လာခဲ့သေးတာပဲ၊ အဲ - မမြမေတို့လို လက်လုပ်လက်စားဆိုရင် ပိုဆိုးသေးသည်။

မိုးရွာမှ ပျိုးသာမည်၊ မိုးကျမှ ပျိုးရမည်၊ ပျိုးသာမှ ပျိုးရမှ တောင်သူတွေ သီးနှံရကြမည်၊ တောင်သူတွေ သီးနှံရမှလည်း မမြမေတို့လို ဆင်းရဲသားတွေ လုပ်အားရင်းရသူတွေ ဝင်ငွေရှိမည်၊ ခုတော့ - ပျိုးမကျဲ၊ မျိုးမကျဲရသည့်အတွက် အလုပ်က မဖြစ်၊ မိုးမရွာတော့ ဟင်းရွက်တွေကလည်း မနုကြ၊ ဒီတော့ - ငွေရှာဖို့က ငွေတွင်းနက်သွားပြီ။

"အင်းလေ - လူလေးသဘော - သမီးသဘော"

အမေက တီးတိုးပြောရင်း အိမ်ထဲကို ဝင်သွားသည်၊ ဝိုင်းစိန်က အောင်စိုး ကို ပြုံးကြည့်ရင်း ရှိသည်၊ ဝိုင်းစိန်အပြုံးများက သွေးအေးနေသည့် သက်မဲ့ အပြုံးမျိုး။

"ကြိုးစားခဲ့ပေါ့ - အောင်စိုးရယ် - နော်၊ မမြင်ရသေးတဲ့ ရင်သွေးအတွက် နင်တို့၊ ငါတို့ မေတ္တာအပြည့်နဲ့ ကြိုတင်ပြင်ဆင်ထားရမှာမဟုတ်လား"

"နားလည်ပါတယ် - ဝိုင်းစိန်ရယ်၊ ကြိုတင်ပြီး တွေးပူရတယ်ဆိုကတည်းက မိဘမေတ္တာရဲ့ လမ်းအစပဲ ရှိသေးတာ၊ ကလေးရလာရင် မျိုးထားမတည် ချစ်ကြရမှာလေ"

အောင်စိုးစကားကြောင့် ဝိုင်းစိန် ပြုံးရင် သူ့ဗိုက်သူ လက်နှင့်စမ်း ရှိသည်၊ ဒီတစ်ခါ ဝိုင်းစိန်အပြုံးက လေးလေးနက်နက်။

❀❀❀

"သာဓု - သာဓု - သာဓုပါကွယ်၊ ဤသို့ ကန်တော့ရတဲ့အကျိုးတော ကြောင့် အမေ့သားလေး သွားလေရာ၊ လာလေရာ ခလုတ်မထိ ဆူးမငြိ စိတ်သွားတိုင်း ကိုယ်ပါလို့ လိုရာဆန္ဒတွေနဲ့ တစ်လုံးတစ်ဝထဲ ပြည့်စုံပါစေ ကွယ်"

အမေ၏ ဆုပေးသံသည် တဖြည်းဖြည်းချင်း တိမ်ဝင်သွားသည်၊

အောင်စိုးသည် ဦးသုံးကြိမ်ချအပြီး ခေါင်းမော့ကာ အမေ့ကို ကြည့်မိသည်၊ အလို - အမေ့မျက်နှာပြင် အဲပြုံးတွေနှင့်၊ အဲ - မျက်ဝန်းတွေကတော့ မျက်ရည်တွေနှင့်၊ အငိုမျက်လုံး၊ အပြုံးမျက်နှာနှင့် အမေ၊ အောင်စိုးသည် အမေ့ကို ရဲရဲမကြည့်လိုပြီ၊ ဝိုင်းစိန်ထံ ကြည့်သည်၊ စကားလမ်းကြောင်းလွှဲ သည်။

"ဝိုင်းစိန်"

"တော်"

"ဟို - ပြေးကြည့်မှ ဒီသားအမိနစ်ယောက်ထဲရှိတာ၊ အမေ့ကို ဂရုစိုက်၊ စကားတွေ မများကြနဲ့နော်"

အောင်စိုးစကားကြောင့် ဝိုင်းစိန်ခမျာမှာလည်း မျက်ရည်ကျချင်ချင်နှင့် ခေါင်းညိတ်အဖြေပေးရှာသည်၊ စကားဆက်ပြောသူက အောင်စိုး၊

"ငါ - ငွေတွေရပြီးရင်ပြန်လာမှာပါဟာ၊ မကြာပါဘူး၊ နင် - မျက်နှာမမြင် ခင် ပြန်ခဲ့မယ် - သိလား"

"ဟုတ် ..."

"ကဲ - သွားမယ် - အမေ၊ ဩော် - ဝိုင်းစိန် - သွားမယ်နော်"


"ဟုတ် ..."

"အင်း - အင်း"

အဝတ်အစားထည့်သည့်အိတ်ကို လွယ်သည်၊ လမ်းပေါ်က စောင့်နေသည့် ကျော်တင့်တို့ဆီ ထွက်ခဲ့သည်၊ အိမ်ထဲမှာ အမေနှင့်ဝိုင်းစိန်ကို ငေးကြည့်ရင်း ကျန်ရစ်မည်ဆိုတာ အောင်စိုး အသိ၊ နောက်ဆံငင်စိတ် မထားတော့၊ မတွေးတော့၊ တွေးနေရင်အောင်စိုးစိတ်ကောင်းမည်မဟုတ်၊ အပြင် ထွက်ခဲ့သည်၊ ထိုမှတစ်ဆင့် အောင်စိုးတို့အဖွဲ့က ကားလမ်းရှိရာ ရွာသို့ ခြေ

www.burmeseclassic.com

အိမ်ထဲဝင်လာသည့်သား၊ လှုတ်ပြီးမှ သွားနိုင်သည့်သား။ အောင်စိုးကိုကြည့်ရင်း အမေက ကြိတ်ပြီးငိုသည်၊ ပိုင်းစိန်လည်း ငိုသည်။ အောင်စိုးမှာ ဘာစကားကိုမှ မပြောနိုင်ရှာ၊ မိခင်ဖြစ်သူနှင့် ပိုင်းစိန်တို့သာ ကြည့်ရင်း သိမ်ငယ်သည့်မျက်လုံးများဖြင့်ကြည့်ရင်း အသံတိတ် ကြေကွဲနေသည်၊ နောင်တရသလိုလို ဖြစ်နေသည်၊ ရောက်ရောက်ချင်း ခုတင်ထက်မှ အိပ်နေရှာသည့် သားအတွက် အကောင်းဆုံးဗမာဆေးတွေ၊ ထိုးဆေးတွေ ရှာပြီးကုသည်၊ ဆေးကောင်းရှာသည်၊ ဆရာကောင်း ရှာသည်။ ”



ကျင်လာခဲ့ကြသည်၊ အောင်စိုးတို့အဖွဲ့မှာ ကျော်တင့်က ခေါင်းဆောင်၊ ငွေ ပေါင်းခြောက်ဦး၊ ရေနံတွင်းမှာ တွင်းသားလိုအပ်သည်ဟု ကျော်တင့်ကပြော သည်။ ပေးမည့်လစာကလည်း မက်မောလောက်ပါသည်။ သို့ကြောင့် ဝမ်း ခဲ့ကြသည်၊ ရမည့်ငွေကို မက်မောခဲ့ကြသည်၊ အောင်စိုးအနေဖြင့် ဝမ်း အတွက် ရောဝိုင်းစိန် မီးဖွားစရိတ်အတွက်ပါတွေးရင်းနှင့်ရေနံတွင်းကိုလိုက် ဖို့ ဆုံးဖြတ်မိခြင်းပင်။



အဲ - ရေနံတွင်းက ဘယ်ဆီ၊ ဘယ်အရပ်မှာမှန်း အောင်စိုးမသိ၊ ဇေတော ကတော့ အတော်ဝေးသည်ဟု ဆိုသည်၊ ခြေကျင်တစ်မျိုး၊ ကားနှင့်တစ်ဖုံ ရထားနှင့်တစ်မည်၊ သင်္ဘောနှင့်တစ်သွယ် သွားရမည်တဲ့လေ၊ ထင်ထား သည့်အတိုင်းပင်၊ ကားနှင့် ထွက်ခဲ့ရသည်၊ မုံရွာကို ရောက်သည်၊ နောက် ရွှေဘိုကို ခရီးဆက်ပြီး သင်္ဘောနှင့် လိုက်ခဲ့သည်။ ကားနှင့် သွားရပြန်သည်၊ စက်လှေနှင့် ခရီးဆက်ရပြန်သည်၊ ခရီးဝေးလေလေ တောင်တန်းတွေ၊ တောတွေက ပေါလေ၊ နက်လေ၊ သုံးညအိပ်၊ လေးရက်ခရီး ရောက်အပြီး ရေနံတွင်းဆီ ရောက်ခဲ့သည်၊ ဘယ်ဆီကြည့်ကြည့် တောင်တန်းတွေ၊ တော တွေ၊ မြစ်ချောင်းစိမ့်စမ်းတွေ၊ လမ်းကလည်း မကောင်းတော့ ကုန်းဆင်း ကုန်းတက်တွေ၊ လူသူ သိပ်မတွေ့ရ၊ ရွာဆက်လည်း ကျဲသွားပြီ၊

သို့ဖြင့် အောင်စိုးတို့ ငွေထုပ်ပိုက်ပြီး ပြန်မည်ဆိုသည့် ရေနံတွင်းကို ရောက်ခဲ့ပါပြီ၊ တစ်ရက်နား၊ တောင်စောင်းမှာ လူနေတဲ့ထိုး၊ မီးဖိုတဲဆောက်၊ ထမင်းဟင်း ချက်စားပြီး နောက်ရက် အလုပ်ဆင်းကြရသည်၊ ပထမတော့ ပင်ပန်းသည်မထင်၊ လေးငါးရက်အထိ အလုပ်သင်သဘော၊ ရေနံတွင်းတူး မည့် အခြေခံအလုပ်များကို နားလည်အောင်ကြည့်ရင်းနှင့်ရှိသည်၊ တောင် စောင်းတစ်လျှောက်မှာတော့ လူနေတဲ့အချို့ကို ကွက်ကျားကွက်ကျား တွေ့ ရသည်၊ ရေနံတွင်းတူးစင်များကိုလည်း ဟိုတစ်စု၊ သည်တစ်စု တွေ့ရသည်၊

တစ်လပြည့်တော့မည်၊ ထိုအချိန် ဖျားသူက အောင်စိုး၊

“ငါ - ငါ - ဖျားချင်ပြီကွာ၊ ဒီကနေ့ - တွင်းဆင်းနိုင်မှာ မဟုတ်ဘူး”

ထိုသို့သာ ပြောနိုင်သည်၊ တဲမှာ ကျန်ရစ်ခဲ့သည့် အောင်စိုးမှာတော့ အလူးလူး အလိမ့်လိမ့်နှင့် ခံခဲ့ရသည်၊ ရွာမှာတုန်းကတော့ ရှီးရှီးဖျားရုံသာ ခံစားဖူးသည့် အောင်စိုး၊ ယခုတော့ - ငှက်ဖျားဟူသည့် အဖျားကြမ်းကြမ်းက အောင်စိုးကို နှိပ်စက်နေခဲ့ပြီ၊ သို့ဖြင့် အဖျားက မပြတ်ပြီ၊ ဆယ်ရက်အကြာ ကျော်တင့်အကူအညီနှင့်ရွာကိုပြန်ခဲ့သည်၊ အပြန်စရိတ်တောင်မှကျော်တင့် က ကူညီခဲ့သည်၊ ရေနံတွင်းနှင့် ရွာမရောက်ခင်ခရီးလမ်းမှာတော့ ဒေသ မျောပါး ခံခဲ့ရသည်၊ ဟိုတုန်းက အသားလတ်ပြီး တုတ်တုတ်ခဲခဲနှင့်အောင်စိုး၊



www.burmeseclassic.com

www.burmeseclassic.com

အဖေတူသည့်သား၊ ရေနံတွင်းကအပြန် ငှက်ဖျားပါလာသည်ဆိုတော့ ပိန်သွားသည်၊ အသားအရေတွေမည်းပြာသွားသည်၊ မျက်နှာကရောင်ဖောဖော နေသည်ဟု ထင်ရသည်၊ အရိုးပေါ်အရေတင်နေခဲ့သည့် အောင်စိုး၊

"အောင်စိုး - ပြန်လာပြီတဲ့"

"ငှက်ဖျားပါလာသတဲ့"

အောင်စိုးကိုကြည့်ပြီး ပြောကြသည်၊ ဝန်းကျင်က သို့ကလို ဆိုကြပေမယ့် မိခင်ဖြစ်သူကတော့ သားဖြစ်သူကိုမြင်တော့ ကျိတ်မနိုင် ခဲမရနှင့် ဖြစ်နေရပြီ၊ ဩော် - တစ်ဦးတည်းသောသားလေး၊ မိဘအတွက်နှင့် ဇနီးအတွက် သွားရှာသည့် သားလေး၊ ခုတော့ - မှန်းချက်နှင့် နမ်းထွက် မကိုက်ပြီ၊ ငွေတော့ ပါမလာ၊ ပါလာသည်က ငှက်ဖျား၊

"သားရယ် - အမေ့သားရယ်"

အိမ်ထဲဝင်လာသည့်သား၊ လူတွဲပြီးမှ သွားနိုင်သည့်သား၊ အောင်စိုးကို ကြည့်ရင်း အမေက ကျိတ်ပြီးငိုသည်၊ ဝိုင်းစိန်လည်း ငိုသည်၊ အောင်စိုးခမျာ ဘာစကားကိုမှ မပြောနိုင်ရှာ၊ မိခင်ဖြစ်သူနှင့် ဝိုင်းစိန်ကိုသာကြည့်ရင်း သိမ်ငယ်သည့်မျက်လုံးများဖြင့်ကြည့်ရင်း အသံတိတ် ကြေကွဲနေသည်၊ နောင်တရသလိုလို ဖြစ်နေသည်၊ ရောက်ရောက်ချင်း ခုတင်ထက်မှ အိပ်နေရှာသည့် သားအတွက် အကောင်းဆုံးဗမာဆေးတွေ၊ ထိုးဆေးတွေ ရှာပြီးကုသည်၊ ဆေးကောင်းရှာသည်၊ ဆရာကောင်း ရှာသည်၊ တစ်ပတ်အကြာမှာတော့ နည်းနည်းပါးပါး ထူထူထောင်ထောင် ဖြစ်လာသည်၊ စကားပြောနိုင်သည်၊ ဩော် - သေလူဟု ထင်ထားသည့် အောင်စိုး၊

နည်းနည်းပါးပါး စားသောက်နိုင်ပြီ၊ စကားပြောနိုင်ပြီဆိုတော့ မမြမေခမျာ သေတွင်းထွက် သားဖြစ်သူကိုကြည့်ရင်း ရွှေတောင်ကြီးပေါက်သလိုပင် ကျေနပ်ခဲ့သည်၊

"သား - ဆာနေမယ် - စားနော်"

"ဒါက ငှက်ဖျားအတွက် အကောင်းဆုံးဆေး"

"ဒါက သားနဲ့တည့်တဲ့အစာ"



အမေက သို့ကလို ပြုစုသည်၊ ဝိုင်းစိန်ကလည်း လတ်စလည့်အောင် ဂရုစိုက်သည်၊ မိခင်ဖြစ်သူနှင့် ဝိုင်းစိန်တို့၏အပြုအစုနှင့် အခြေဖြစ်သူ၏ အရျစ်တွေ၊ မေတ္တာတွေ၊ ပြီးတော့ - ရွာထဲက ကြားဖူးနားဝဆေးတွေ၊ အခြား ရွာက ဆေးဆရာတွေထံသွားပြီး ဆရာကိုပင့်၊ ဆေးတွေတောင်းပြီး ကုခဲ့ သည့်အကြောင်းအရာတွေကြောင့် သားဖြစ်သူ၏ဝေဒနာသည် ထက်ဝက် ခန့် သက်သာသွားပြီဟု ဆိုရချိမ့်မည်၊

"သက်သာတယ်နော် - လူလေး"

"ဟုတ် ..."

နေ့ရောညပါ အောင်စိုးအနားက မခွာသည့် မမြမေ၊ သားဖြစ်သူအနား ကခွာပြီး ဆေးတွေရှာ၊ ဆေးဆရာပင့်၊ ပြီးတော့ - သားနှင့်တည့်သည့် အစား အစာကို ရှာပေးသည့်အချိန်၌သာ အောင်စိုးအနားက ခွာသည်၊ ကျန်သည့် အချိန်ဆိုရင် သားဖြစ်သူအနားက မခွာ၊ သားဖြစ်သူကိုအရိပ်တကြည့်ကြည့်၊ ဝိုင်းစိန်ကတော့ အနီးကပ်ပြုစုရင်း ရှိနေရဆဲ၊

မမြမေသည် ငှက်ဖျားရောဂါနှင့်ပြန်လာသည့် သားဖြစ်သူ အောင်စိုး၏ မျက်နှာကိုကြည့်ရင်း တွေတွေဝေးကာ တွေဝေနေသည်၊ နှလုံးသားထဲမှာ၊ သွေးသားထဲမှာ တုန်ခါသွားသည်အထိ ခံစားချက်က ပြင်းထန်သွားသည်၊

"ဩော် - ကိုဘမောင်ရယ်"

မထင်မှတ်ပဲ လင်သားဖြစ်သူ ကိုဘမောင်၏အမည်ကို တမ်းတမိသည်၊ တကယ်တော့ - ကိုဘမောင်သည် လူ့လောကမှ ထွက်ခွာသွားခဲ့တာ ကြာပြီ၊ နှစ်ဆယ်ထဲ ဝင်ခဲ့ပြီ၊ ကြာညောင်းသည့်ကာလကို ကျော်လွန်ခဲ့သော်လည်း ချစ်ခင်လေးစားရသည့်လင်ဖြစ်သူကို မမြမေ မမေ့ပါ၊ မေ့မရပါ၊ ကိုဘမောင် ကိုယ်စား သားဖြစ်သူ ရရှိခဲ့ပြီး ဖြေသိမ့်နေခဲ့ရသည်က ကြာပြီ၊ ကိုဘမောင် ဆုံးပါးပြီးတဲ့အချိန်ကတည်းက မဟုတ်လား၊

ကြည့်စမ်း - သားဖြစ်သူ အောင်စိုးမှာ ကိုဘမောင်နှင့် တစ်ပုံစံတည်း၊ ပြောတာ၊ ဆိုတာ၊ ရယ်တာ၊ ပြုံးတာက အစ၊ ပြီးတော့ - သွားပုံ၊ လာပုံ၊ ဆက်ဆံပုံ၊ နောက် - အသားအရေ၊ အရုပ်အမောင်းကအစ ကိုဘမောင်နှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com

ထေရာတည်း။ အင်းလေ – ဖခင်ရဲ့သားဆိုတော့ ဖခင်ဖြစ်သူနှင့်တူတာ မဆန်းပါ။

တွေးမိသေးသည်။ တစ်ချိန်က အဲဒီအချိန်တုန်းက ကိုဘမောင်နှင့် မမြမေတို့ လူငယ်တို့သဘာဝ ချစ်ကြိုက်ခဲ့သည်။ ချစ်မိတော့လည်း မမြင်ရ မနေနိုင်ဆိုသလို သစ္စာရှိသည့်ချစ်ခြင်းများစွာနှင့် ချစ်ခဲ့ကြသည်။ ကိုဘမောင် မိဘတွေက ဆင်းရဲကြသလို၊ မမြမေ၏မိဘတွေကလည်း မချမ်းသာကြ။ မချမ်းသောသူနှင့် ဆင်းရဲသူတို့၏ချစ်ခြင်းကို မည်သူမှ ဂရုမပြုကြ။ ဘယ်မိဘကမျှ မတားဆီးကြ။ ကိုဘမောင်မိဘများက မိဘဝတ္တရားရှိသည့်အတိုင်း မမြမေ၏မိဘများထံ သမီးတောင်းပွဲကျင်းပပေးခဲ့ပါသည်။ မမြမေတို့မင်္ဂလာဆောင်အပြီးမှာတော့ သီးခြားဘဝလေး ထူထောင်ခဲ့သည်။ ဒီနောက်တွင်တော့ ကိုဘမောင်က တောင်သူလူငှား တစ်ဖက်လုပ်ရင်းနှင့် တောလိုက်အလုပ်ပါ လုပ်ကိုင်ခဲ့သည်။ တောလည်ထွက်သည့်အခါ တောကြွက်ရသည်။ တောငှက်တွေ ရသည်။ မြွေရသည်။ မြွေဆိုရင် ဈေးကောင်းသည့် မြွေပွေး၊ လင်းမြွေ။ ဒီမြွေနှစ်မျိုးက ဈေးကောင်းသည်။ ဝယ်လက်များသည်။ သည်လိုနှင့် အထွန်ငှားလိုက်ရင်း တောလည်ထွက်ပြီး ငွေရှာပေးရင်းရှိစဉ် မမြမေတစ်ယောက် ကိုယ်ဝန်ရှိလာသည်။

"ဟုတ်တယ် – ကိုဘမောင်ရဲ့ – တကယ်ပြောတာ။ ကျုပ် – ကိုယ်ဝန်ရှိနေပြီတော့"

သို့ကလိုပြောတုန်းက ကိုဘမောင်တကယ်ပျော်မြူးသွားသည်။ နောက်တွင်တော့ အရင်ကထက် အလုပ်ပိုပြီးကြိုးစားလုပ်သည်။ ဝင်ငွေပိုရှာသည်။ မမြမေ မီးဖွားစရိတ်အတွက် စိတ်ပူခဲ့ရသည်ပဲလေ။ ကိုယ်ဝန် ငါးလကျော်အရမှာတော့ –

ထင်မှတ်မထားသော၊ သတိမပြုမိသော ဒုက္ခမုန်တိုင်းက အဖော်မာန်နတ် များစွာနှင့် လာရောက်ပြီး နင်းချေခဲ့သည်။ ထွန်ငှားအားသည့်ရက် တောလည်ထွက်ခဲ့သည့်ကိုဘမောင်၊ မထင်မှတ်ဘဲ တောထဲမှာပင် ဆုံးပါးခဲ့သည်။

"ဖြစ်ရလေ – ကိုဘမောင်ရယ် – ဖြစ်ရလေတော်"



ကိုဘမောင်အလောင်းကိုကြည့်ရင်း မမြမေ ရှိက်မဆုံး၊ ငိုမဆုံး ဖြစ်ခဲ့သည်။ ကြည့်စမ်း – ကိုဘမောင်အဖြစ်က။ တံငါသည် ရေနစ်သည့်အဖြစ်၊ သို့ကြောင့် ဖြေဆည်လို့မဆုံးတော့။ ကိုဘမောင်အလောင်းကို မြေချသည်။ ရက်လည်ဆွမ်းသွတ်သည်။ အမျှဝေသည်ကိုပင် ပီသအောင် မဝေနိုင်သည့် မမြမေ။ နောက်တွင်တော့ ကိုးလလွယ်၊ ဆယ်လဖွားဆိုသည့်အတိုင်း သားဖြစ်သည့် အောင်စိုးကို ဖွားခဲ့သည်။ သားသည် မိမိရဲ့ဘဝ၊ မိမိရဲ့အရိပ်၊ သွားလေသူကိုယ်စား စုပြုံပြီး ပုံအောချစ်ပေးခဲ့ရသည့်သား။ အချစ်ဆုံးသား၊ ဘယ်ဆီပဲကြည့်ကြည့် သားရဲ့ဘဝ၊ သားရဲ့မျက်နှာ။ အရွယ်ရောက် ကျောင်းထားခဲ့သည်။ ရှစ်တန်းအောင်အပြီးမှာတော့ သားဖြစ်သူသည် ဝိုင်းစိန်နှင့်အိမ်ထောင်ပြုခဲ့လို့ ချွေးမဖြစ်သူကို အိမ်မှာ အပြီးခေါ်ခဲ့သည်။

ခုတော့ –

ဝိုင်းစိန်မှာ ကိုယ်ဝန်နှင့်၊

ငွေ – ငွေလိုသည်၊ သို့ကြောင့် သားဖြစ်သူသည် မြန်မာပြည်အထက်ပိုင်းရှိ တောတောင်တွေ ထူထပ်သည့်ဒေသမှာရှိသည့် ရေနံတွင်းအလုပ်ကို လိုက်ပြီးလုပ်ခဲ့သည်။ ငွေတော့ပါမလာ၊ ငှက်ဖျားသာပါလာသည့်သား။ သားဖြစ်သူ နာလန်ထူဖို့က အရေးကြီးသည်၊ ပျောက်ဖို့က အရေးကြီးသည်။

တကယ်တော့ – ကချင်ပြည်ထဲက ဒေသတစ်ခု၊ အောင်စိုးတို့ရေနံတွင်းသွားပြီးလုပ်သည့်ရွာက (ဝေသော်ရွာ၊ နောင်ကောက်) ရွာဟု ခေါ်သည်။ ဘဆိုရှိသည်ပဲလေ။ (ဝေသော်နောင်ကောက် လူမရောက်၊ ရောက်တဲ့လူ ပျောက်နဲ့တူ) ဆိုတဲ့စကား၊ ဒီစကားက ဒီအရပ်မှာ လူရောက်ခဲ့သည်၊ ရောက်ခဲ့တ ငှက်ဖျားရပြီး ပြန်ရသည့်အတွက် ငှက်ဖျားရပ်ပေါက်လို့ ပျောက်နှင့်တူသည်ဟု စာဆိုခဲ့သည်မဟုတ်လား။ အခု – စာဆိုအတိုင်း သားဖြစ်သူ၏ရုပ်က အကယ့်ကိုလာနေရှပ်။

"သားရယ်"

❀✿❀



www.burmeseclassic.com

www.burmeseclassic.com

အကြွေးရှင်လေးဦး ပြန်သွားသည်။ ပြီးတော့ - ဆေးဆရာ၏ဖနီးဖြစ်သူ လာပြီး ဆေးဖိုးတောင်းသံကို ခုတင်ထက်မှ အောင်စိုး ကြားသည်။ ဝိုင်းစိန် လည်းကြားသည်။ အောင်စိုးမှာ အိပ်ရျင်ဟန်ပြု၍ နားထောင်နေသော်လည်း ဝိုင်းစိန်မှာ အရှူးမီးဝိုင်းသည့်မျက်လုံးများနှင့် အကြွေးရှင်များကိုကြည့်ရင်း အာစေးထည့်ထားသည့်အလား ပါးစပ်ကလေး ပိတ်နေဆဲ၊ အမေ့မှာလည်း ကျီးကန်းတောင်းမှောက်မျက်လုံးများဖြင့် သိမ်ငယ်စွာ တောင်းပန်ရင်း ရှိသည်။

"ရ - ရမှာပါ၊ ပေး - ပေးပါ့မယ်တော်၊ စောစောကပဲ ဆန်ကြွေးရော၊ ဆီကြွေးရော၊ ဟင်းဖိုးတွေပါ လာတောင်းလို့ တောင်းပန်လွှတ်လိုက်ရတယ်၊ သိလား၊ တကယ်လို့ - ဆေးကြွေးတွေ မဆပ်နိုင်ရင် ကျုပ်အိမ်ဝိုင်းကိုရောင်းပြီး ဆပ်မယ် - နော်"

ဆေးဆရာကတော်ကို တောင်းပန်သံကြားသည်၊ အောင်စိုးသည် အံကြိတ်ရင်း ခံပြင်းစွာဖြင့် နောင်တရနေသည်၊ အကြွေးတောင်းသူတွေပြန် သွားပြီးချိန်၌ အမေသည် ရွာထဲ ထွက်သွားသည်၊ နစ်နာရီခန့်အကြာ အိမ်သို့ သုတ်ခြေတင်ပြီးပြန်လာသည်။ အမေ့မျက်နှာသည်ပြုံးနေသယောင်ယောင်၊ ချွေးတွေကစို့နေသည်။ အောင်စိုးသည် လှဲနေရာမှ ထိုင်လိုက်သည်၊ ဝိုင်းစိန် သည် အမေ့ဆီ သွားသည်၊

"အမေ - ဘယ်သွားတာလဲ ဟင်"

မေးသံက စိုးရိမ်မှု အပြည့်၊

"ရွာထဲ ငွေရှာသွားတာ - သမီးရဲ့၊ အဲဒါ - အောင်မြင့်နဲ့တွေ့လို့"

အမေက ပြောရင်းနှင့် ဝိုင်းစိန်နားကပ်ကာ တီးတိုးပြောနေသည်၊ အမေ့ ပါးစပ်များက အထက်အောက် လှုပ်နေဆဲ၊ ဝိုင်းစိန်မှာ မျက်တောင်တဖျပ်ဖျပ် ခတ်ရင်း နားစိုက်ထောင်ရင်း ရှိနေဆဲ၊ အောင်စိုးသည် အမေနှင့်ဝိုင်းစိန်ကို ကြည့်ရင်း မျက်တောင်ပင် မခတ်မိ၊ ဘာတွေပြောသည်ကိုတော့ အောင်စိုး မသိ၊

"ဖြစ် - ဖြစ်ပါ့မလား - အမေရယ် - ဟင်"



"ဖြစ်ပါတယ် - သမီးရယ်၊ အမေ့အတွက်ဘာမှပူမနေနဲ့၊ အမေလုပ်ရမယ့် လုပ်ရပ်သာ အဆင်ပြေရင် အားလုံးအဆင်ပြေမှာ - သိလား"

"ဟို - ဟို"

ဝိုင်းစိန်က အမေ့လက်များကို ဆုပ်ကိုင်ထားသည်၊ မျက်ဝန်းများက အမေ့မျက်နှာဆီ စူးစိုက်ကြည့်နေသည်၊ ဝိုင်းစိန်မျက်နှာပေါ်မှာ သောက အရိပ်၊ စိုးရိမ်မှုအရိပ်တွေက ထူထူထဲထဲ၊ အမေ့မျက်နှာကတော့ ကျေနပ်မှု တွေနှင့် အပြုံးတွေက လေးလေးနက်နက်၊ အောင်စိုးသည် ကြည့်ရင်းနှင့် အဖြေရှာဆဲ၊ ရှာလို့မတွေ့၊

"စိတ်ချ - သိလား၊ သမီးနော် - လူလေး မသိစေနဲ့ - ကြားလား"

မမြမေသည် ဝိုင်းစိန်ကို တီးတိုးပြောအပြီး အောင်စိုးထံ တစ်ချက်လှမ်း ကြည့်သည်၊ ကြည့်ရင်းနှင့် ခပ်သဲ့သဲ့ ပြုံးပြလိုက်သေးသည်၊ ခေါင်းခါသည်၊ ခေါင်းညိတ်သည်မဟုတ်သော အမေသည် ရုတ်ခြည်းဆိုသလို မီးဖိုချောင်ထဲ ဝင်သွားသည်၊ အောင်စိုးသည် ထိုင်ရင်းကြည့်နေဆဲအချိန်၌ပင် အမေသည် တောဆောင်းခမောက်ကို ဆောင်း၊ အဖေရှိစဉ်က အသုံးပြုခဲ့သော မြွေထည့် သည့်ပလိုင်းကိုလွယ်၊ အဖေ အသုံးပြုခဲ့သည့် မြွေဖမ်းရာတွင် အသုံးပြုသော ဝါးမာအရိုးတပ်ခက်ရင်းကိုယူပြီး ထွက်လာသည်၊

"အမေ"

အောင်စိုးသည် အမေ့ကိုကြည့်ရင်း ခေါ်မိသည်၊ အားအင်မရှိသေး၍ အသံက ခပ်တိုးတိုး၊ အမေသည် အောင်စိုးကိုလှည့်ပြီးမကြည့်၊ အိမ်အပေါက် ဝတွင် ရပ်နေသည့် ဝိုင်းစိန်ကိုသာ တစ်ချက်ကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြ ကာ အိမ်ထဲမှ အပြေးတစ်ပိုင်း ထွက်သွားသည်၊ ဝိုင်းစိန်မှာ ဘာမှမပြောနိုင် ဘဲ ငေးငိုင်ကျန်ရစ်ခဲ့သည်၊ ဝိုင်းစိန်နည်းတူ အောင်စိုးမှာလည်း ငေးမောရင်း ခုတင်ထက်မှာ ကျန်ရစ်ဆဲ၊

"အမေရယ် - ဘာတွေလုပ်နေတာလဲ၊ အဖေကိုင်ခဲ့တဲ့တောကိုင်ပလိုင်း နဲ့ တောကိုင်ခက်ရင်းကို ဘာလို့ယူသွားရတာလဲ၊ မိသားစုစားဝတ်နေရေး



www.burmeseclassic.com

www.burmeseclassic.com

အတွက်၊ပြီးတော့ - ကျုပ်ရောဂါအတွက်တင်ကျန်နေတဲ့အကြွေးတွေအတွက် အမေ - ဘာတွေများလုပ်မလို့လဲ - အမေရာ”

အောင်စိုးရင်ထဲမှာ လှိုက်မောစွာတွေးရင်း ဝိုင်းစိန်ဆီကြည့်ရင်းရှိသည်။ ဝိုင်းစိန်သည် မျက်ရည်အဝိုင်းသားနှင့် အောင်စိုးအနား လာသည်။ အနားမှာ ထိုင်ရင်း အောင်စိုး၏လက်များကို ဆုပ်ကိုင်ထားရှာဆဲ။ ဪ - မုဆိုးမအမေ့ မေတ္တာစွမ်းအားကို နားလည်ပေးရင်း စိတ်မကောင်းနိုင်ကြ။ အောင်စိုးက ရောဂါသည်၊ ဝိုင်းစိန်က ကိုယ်ဝန်ကြီးနှင့်၊ ပြီးတော့ - အကြွေးတွေနှင့်။

လင်မယားနှစ်ယောက် တစ်ဦးကိုတစ်ဦး ငေးကြည့်ရင်း နှုတ်ဆိတ်နေဆဲ။

ပေးဆပ်ရမည့်အကြွေးတွေ၊ သားဖြစ်သူ နောက်ထပ်သောက်ဖို့ ဝယ်ရမည့်ငွေကြေးကိစ္စကိုတွေးရင်းနှင့် မမြမေ မြွေလုပ်မ်းတွေက သွက်နေသည် စိတ်တွေက ပေါ့နေသည်။ ဝခုံးထက်မှာတော့ ပလိုင်း၊ လက်ထဲမှာ မြွေထိုး ခက်ရင်း၊ ခေါင်းထက်မှာ နီးခမောက်တစ်လုံး၊ ဝိနပ်က ပြတ်လုပြတ်ရှ ထဘီက ခပ်တိုတို၊ ခြေးတို့က ရွှဲရွှဲနစ်နစ်၊ မျက်လုံးထဲမှာတော့ ဈေးကောင်းပေးဝယ်မည့် လင်းမြွေနှစ်ကောင် …။ ”



“အမေ - ဘယ်ထွက်သွားတာလဲ - ဝိုင်းစိန်”

အောင်စိုးအမေးက အေးစက်စက်၊ ခပ်သဲ့သဲ့။

❀✿❀

ရွာတောင်ဘက် တစ်မိုင်ခန့်ဝေးသည့်မြက်ရိုင်းတောစပ်ဆီရောက်ခဲ့ပြီ။ မြက်ရိုင်းတောသည် ချိုးကူသံဖြင့် လွှမ်းခြုံနေပြီး အခြားငှက်များ၏အသံများဖြင့်လည်း တန်ဆာဆင်ထားနေဆဲဖြစ်သည်။ ငှက်သံ၊ ချိုးသံ လွှမ်းနေသည့် မြက်ရိုင်းတောထဲမှာ ထနောင်းပင်တွေ၊ တမာပင်ပုလေးများနှင့် ထိန်ပင်၊ ခရေပင်နှင့် ဖျောက်ဆိပ်ပင်၊ ညောင်ပင်များကို တွေ့ရသည်။ မြေပြင်မှ - ဒတော့ ချုံတွေက အပြည့်၊ မြက်ရိုင်းပင်တွေ၊ ဆူးဖြူပင်တွေက အပြည့်၊ ပြီးတော့တောင်ပို့တွေကလည်းဟိုတစ်ခု၊သည်တစ်ခု၊တောကြွက်တွင်းတွေ တော ခွေးတွေ ဝပ်ကျင်းပြုရာတွေကလည်း အပြည့်။

တောသည် နက်သထက် နက်လာသည်။

“ဟုတ်တယ် - မမြမေရေ၊ ကျုပ် - မြက်ရိုင်းတောထဲရောက်တော့ အဲဒီမှာလင်းမြွေကြီးနှစ်ကောင်တွေ့ခဲ့တယ်၊ အစက ကျုပ်ဖမ်းဖို့ပဲ၊ အချိန်မရတာနဲ့ မဖမ်းခဲ့ဘူး၊ မမြမေ - ငွေလိုလို့ဖမ်းချင်ရင်အဲဒီမြက်ရိုင်းတောကို သွားလိုက်၊ တောစပ်ကနေဝင်လိုက်ရင်ညောင်ပင်ကြီးနဲ့ဖျောက်ဆိပ်ပင်ကြီးယှဉ်နေတာ တွေ့ရလိမ့်မယ်၊ အဲဒီနှစ်ပင်ကြားမှာ တောင်ပို့ကြီးတစ်ခုနဲ့ ဆူးချုံတစ်ခု ရှိတယ်၊ လင်းမြွေလင်မယားက တောင်ပို့ထဲမှာ ရှိတယ်ဗျာ့၊ မမြမေ - အဲဒီနှစ်ကောင်သာရရင်အကြွေးကျေမှာ၊ အောင်စိုးအတွက်ကုန်ထားတဲ့အကြွေး ကျေမှာ …”

“အကြွေးကျေမှာ …”

“အဲဒီနှစ်ကောင်သာရရင် …”

“အောင်စိုးအတွက် ကုန်ထားတဲ့အကြွေးတွေ ကျေမှာ …”

မမြမေသည်မြက်ရိုင်းတောသို့ဝင်ရင်း အောင်မြင့်ပြောသည့်ညောင်ပင် နှင့် ဖျောက်ဆိပ်ပင်ကြီးတွေဆီလာရင်း အောင်မြင့် လက်ထောက်ပြသည့်



www.burmeseclassic.com

www.burmeseclassic.com

စကားများကို ပြန်ကြားရင်းရှိသည်။ ပြီးတော့ - ပေးဆပ်ရမည့်အကြွေးတွေ၊ သားဖြစ်သူ နောက်ထပ်သောက်ဖို့ ဝယ်ရမည့်ငွေကြေးကိစ္စကိုတွေးရင်းနှင့် မမြမေ ခြေလှမ်းတွေက သွက်နေသည်။ စိတ်တွေက ပေါ့နေသည်။ ပခုံးထက်မှာတော့ ပလိုင်း၊ လက်ထဲမှာ မြွေဖမ်းဖို့ ခက်ရင်း၊ ခေါင်းထက်မှာ နီးခမောက်တစ်လုံး။ ဖိနပ်ကပြတ်လုပြတ်ချင်၊ ထဘီက ခပ်တိုတို၊ ချွေးတို့က ရွှဲရွှဲနစ်နစ်။ မျက်လုံးထဲမှာတော့ ဈေးကောင်းပေးဝယ်မည့် လင်းမြွေနှစ်ကောင် ...။

"ဟင်း ..."

မမြမေသည် တွေးရင်းနှင့် သားဖြစ်သူ၏မျက်နှာကို မြင်ယောင်မိပြန်သည်။ ပြီးတော့ - မမြင်ရသေးသည့် မြေးဖြစ်သူ၏မျက်နှာကိုပင် ကြိုတင်မြင်ယောင်ရင်း ရှိနေသည်။ သို့ကြောင့် ပြုံးမိသည်။ သြော် - မိဘတို့၏မေတ္တာ၊ အထူးသဖြင့် - ဘဝနှင့်ရင်း၊ အသက်နှင့်ရင်းပြီး ကိုးလလွယ်၊ ဆယ်လဖွားခဲ့ရသည့် အမေ့မေတ္တာဆိုတာ အတိုင်းအတာမသိ နှိုင်းစရာပင်မရှိသည့်အချစ်တွေနှင့် ရှိနေသည်။ အမြဲတမ်း ပေးဆပ်နေသည်ဆိုတာ မမြမေက မိခင်ပီသအောင် ပြုလိုက်ချင်ပြီ။ သို့ကြောင့် ယောကျ်ားရင့်မကြီးတွေ ပြုလုပ်ရမည့်တောလည်၊ မြွေဖမ်းအလုပ်ကို စွန့်စားပြီး လုပ်တော့မယ်ဆိုရာ လုပ်ရပ်ပြယုဂ်က သက်သေမဟုတ်လား။

တွေးရင်း၊ ပြုံးရင်းနှင့်လာခဲ့ရာ မြက်ရိုင်းတောထဲ ဝင်နေဆဲ။ အပင်ကြီးတွေ ဆူးချုံတွေ၊ မြက်ရိုင်းပင်တွေ၊ တောင်ပို့ကြီးတွေကို ကျော်လွှားရင်း မြွေပွေးဝပ်နေတာပဲ တွေ့လိုတွေ့ငြား၊ သွားနေတာပဲ တွေ့လိုတွေ့ငြား၊ လင်းမြွေကိုပဲ တွေ့လိုတွေ့ငြား၊ ဝန်းကျင်ကိုကြည့်ရင်း လာဆဲအချိန် အောင်မြင့်ညွှန်ပြရာ အပင်နှစ်ပင်အနား ရောက်ခဲ့သည်။ တောအလယ်ရောက်လေတိတ်ဆိတ်လေ၊ ချောက်ချားစရာကောင်းလေ။ မမြမေသည် ညောင်ပင်ကြီးနှင့် ဖျောက်ဆိပ်ပင်ကြီးနှစ်ပင်အကြား ရောက်သည်နှင့် ရပ်လိုက်သည်။ အောင်မြင့်ပြောခဲ့သလို ချုံနှင့်တောင်ပို့ကို တွေ့ရသည်။

"ဟုတ်ပြီ - အောင်မြင့်ပြောတာ ဒီတောင်ပို့ပဲ"



မမြမေသည် နီးခမောက်ကို ချွတ်လိုက်သည်။ မြေပြင်မှာ ချလိုက်ပြီး ပလိုင်းကိုပါ ချလိုက်သည်။ မြွေဖမ်းရာ အသုံးပြုသည့်ခက်ရင်းကို မြဲမြံစွာကိုင်ပြီး တောင်ပို့အပေါက်များကို ကြည့်သည်။ ကြည့်ရင်းနှင့် ချုံနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် တောင်ပို့အပေါက်ဆီကို စူးစိုက်ကြည့်နေမိသည်။ မြွေဝင်ထားသည့် ပြောင်ချောချောအရာများနှင့် မြွေအရေခွံလဲထားသည့် မြွေအရေခွံနှစ်ခုကို တွေ့ရသည်။ မမြမေသည် တွင်းပေါက်ရှေ့မှာရပ်ရင်း နားစွင့်သည်။ ထိုင်လိုက်ပြီး တောင်ပို့အပေါက်နားသို့ နားကပ်ရင်း ရှိသည်။ တောင်ပို့ထဲမှာ တဝုန်းဝုန်းအသံတွေ ကြားရသည်၊ လေသံတွေ ကြားရသည်၊ သေချာပြီ၊ ဒီအပေါက်အဆုံးက လိုဏ်ထဲမှာ မြွေရှိသည်၊ အသံလည်းကြားရသည်၊ အနံ့လည်း ရနေပြီ၊ မမြမေသည် စတင်ပြီးအလုပ်လုပ်သည်၊ ခက်ရင်းနှင့် တော - ၁င် ပို့အပေါက်ကို ဖြိုချသည်၊ ပြီးသည်နှင့် ကျောက်စရစ်ခဲ လေးငါးလုံး ကော - ၁က် ယူသည်၊ ပြီးတော့ - အသင့်ပါလာသည့် မီးခြစ်ကို အသုံးပြုရတော့မည်၊ အမှိုက်များကို ရှာသည်၊ မီးရှို့သည်၊ မီးတောက်ထဲသို့ ကျောက်စရစ်ခဲများ ထည့်လိုက်သည်၊ အတော်ကြာသည်နှင့် ကျောက်စရစ်ခဲတစ်လုံးချင်းကို ညှပ်ယူပြီး တွင်းပေါက်ထဲ ချလိုက်သည်၊ ချပြီးသည်နှင့် အပေါက်ဘေးမှာ ရပ်နေသည်၊ လက်ထဲမှာ ခက်ရင်းက အရံသင့်၊ မြွေထည့်ဖို့ ပလိုင်းက အရံသင့်၊

မကြာပါ၊

"ရှူး - ရှူး - ရှူး"

"ဖြီး - ဖြီး"

တောင်ပို့ထဲမှ နှာမှုတ်သံ၊ တောသံ ပေးနေသည့် လင်းမြွေအသံများကို ကြားရပြီ၊ ကျောက်စရစ်ခဲအပူရှိန်ကြောင့် တွင်းထဲ မနေနိုင်ပြီ၊ သို့ကြောင့် ဒေါသဖြစ်နေကြပြီ၊ အပြင်ထွက်ဖို့ကြိုးစားနေပြီ၊ ထွက်လာသည့်လင်းမြွေကို မလွတ်တမ်းဖမ်းဖို့က မမြမေရဲ့တာဝန်၊ အကြွေးကျေဖို့က မမြမေတာဝန်၊ သားဖြစ်သူ ရောဂါပျောက်ဖို့က မမြမေတာဝန်၊ ဒီတော့ - သတ်ကွင်းထဲ ရောက်လာမည့် လင်းမြွေနှစ်ကောင် လွတ်မသွားဖို့က အဓိက၊ လင်းမြွေရမှ ငွေရမှ၊ သားဖြစ်သူ ရောဂါပျောက်မှ၊



www.burmeseclassic.com

www.burmeseclassic.com

မမြမေ တွေးရင်း လင်းမြွေထွက်အလာကို သတ္တိခဲရင်း အားအင်မွေးရင်း စောင့်နေဆဲ၊

"ရှူး ..."

ထိုအချိန် နာမှုတ်သံတစ်ချက်ပေးအပြီး လင်းဝါကြီးတစ်ကောင်သည် တောင်ပို့အပေါက်မှ ထွက်လာသည်။ လင်းဝါကြီးသည် တောင်ပို့အပေါက်ကို ခေါင်းပြူနေပြီ၊ ပါးစပ်ကြီးက ဖြဲထားသလို လျှာက တစ်လစ်တစ်လစ်နှင့်၊

"ဟင် - လင်းဝါကြီး - ပွတာပဲ၊ ဒီလင်းဝါက ပိုပြီးဈေးကြီးတယ်"

တောင်ပို့အပေါက်ဝမှ ခေါင်းပြူသေနည့် လင်းဝါကြီးက အတော်ကြီးသည်။ လူကြီးလက်မောင်းခန့်ရှိမည်။ မမြမေသည် လင်းဝါကြီး ခေါင်းပြူပြီး အဝေးကို ပြေးထွက်မည်အပြု -

"ကဲ ..."

"ဖျပ်"

"ဖြီး ..."

မမြမေသည် တောင်ပို့ထဲကနေ၍ အပြင်ပြေးထွက်မည့်လင်းဝါ၏ခေါင်းနောက်ဘက်ဆီသို့ လက်နှစ်ဖက်နှင့် ပြေး၍ဆုပ်လိုက်သည်။ မြွေကြီးက မမြမေကို အမြီးနှင့်ပတ်သည်။ ရစ်ဖို့ကြိုးစားသည်။ ရုန်းသည်။ မမြမေသည် ရှိသည့်အားအင်ကို အသုံးပြုပြီး မြွေကို အပိုင်ချုပ်သည်။ ရစ်စမ်း၊ ပတ်စမ်း၊ ကိုက်စမ်း၊ မမြမေ မကြောက်၊ မလန့်၊ စိတ်ထဲမှာ ငွေ၊ သား၏မျက်နှာ၊ ပြီးတော့ အကြွေး၊ မမြင်ရသေးသည့်မြေး၊

"လာခဲ့"

မမြမေသည် အနီးရှိ ပလိုင်းထဲသို့ မြွေကြီးကို ချလိုက်ပြီး အဖုံးကို အုပ်လိုက်၏။ ကျန်သည့်တစ်ကောင် ထွက်အလာကို စောင့်သည်။ မကြာပါ။ တရှူးရှူး၊ တဖြီးဖြီးနှင့် ဒေါသံ၊ တောသံပေးအပြီး လင်းဝါတစ်ကောင် ထွက်လာပြန်သည်။ စောစောကအတိုင်းပင် ခေါင်းပိုင်းနောက်ကို အမိအရ ဆုပ်ကိုင်လိုက်သည်။ ဒီတစ်ခါ ဖမ်းချက်က မှားသွားသည်။ ခေါင်းအောက်နားရောက်သွားသည်မို့ လင်းဝါက ခေါင်းငဲ့ပြီးကိုက်သည်။



"အား ..."

မမြမေ လွှတ်ခနဲ အော်လိုက်သည်။ သို့သော် နာကျင်မှုကို အရေးမပြုအား၊ ဂရုမထား။ ကျန်တစ်ဖက်ဖြင့် ခေါင်းအောက်ပိုင်းကို ဆုပ်ကိုင်ပြီး ပလိုင်းထဲ ထည့်လိုက်သည်။ ပြီးသည်နှင့် ပလိုင်းကို လွယ်လိုက်သည်။ ခမောက်ကို ဆောင်းအပြီး ခက်ရင်းကိုဆွဲကာ တောထဲ ထပ်တိုးသည်၊

"အင်း - ဒီနှစ်ကောင်က စားစရိတ်အကြွေးပဲ ကျေမှာ၊ ဆေးဖိုးလိုသေးတယ်"

ရုတ်တရက် အတွေးဝင်လာသည့်အတွက်နောက်ထပ် မြွေရှာဦးမည်။ ဒီအချိန်မှာ စားစရိတ်အကြွေးထက် သားဖြစ်သူအတွက် ပေးရမည့် ဆေးအကြွေးက ပိုပြီးအရေးကြီးသည်။ ခုအချိန် - လင်းမြွေရလည်း ငွေ၊ မြွေပွေးရလည်း ငွေ၊ မှန်သည်၊ နှစ်မျိုးစလုံး ငွေရနိုင်သည်မဟုတ်လား၊

သိပ်မကြာပါ၊ ဆူးဖြူပင်အခြေရှိ အမှိုက်တွေ၊ မြက်တွေထဲမှာ တောယင်ရိုင်းများ ရှိနေသည်ကို သတိပြုမိသည်။ သို့ကြောင့် ခက်ရင်းကို အသုံးပြုပြီး မြက်ရိုင်းများကို ဖယ်ကြည့်သည်၊

"ဟင် - မြွေပွေးကြီး"

မှန်သည်။ မြွေပွေးတို့ထုံးစံအတိုင်း အံထက်ရှုပ် အောက်ရှင်းသည့်နေရာမှာတော့ လက်မောင်းခန့် မြွေပွေးကြီးတစ်ကောင်သည် ဝပ်ကျင်းဖွဲ့၍ ခွေနေပြီ၊ သည်တော့ - သတိနှင့်ကပ်လာသည်၊ ခွေနေသည့်မြွေကြီးနှင့် လတ်တစ်ကမ်းအကွာမှာ ရပ်ပြီး ခက်ရင်းနှင့် မြွေကြီး၏ခေါင်းနောက် ခက်ရင်းခွနှင့် မြေပြင်မှာ ကပ်ထိုးခံရသည့်အတွက် မြွေကြီးသည် ဖြီးခနဲ တစ်ချက်အသံပြုရင်းအမြီးနှင့် ကိုယ်လုံးကြီးက ဝိုးခနဲ မြည်သံပြုသွားသည်အထိ မြက်ပင်တွေ ချုံတွေကို ခါယမ်းသွားအောင်ပတ်ပြီး ရိုက်ချလိုက်သည်။ မမြမေသည် သားအတွက်၊ အကြွေးတွေအတွက် သေမင်းနှင့် ကစားနေဆဲ၊ မြွေပွေးကြီးသည် ဒေါသနှင့် ခါယမ်းတိုင်း တွန့်လိမ်နေသည်။ အတော်ကြာသည့်နှင့် ငြိမ်သွား

www.burmeseclassic.com

သည်၊ လင်းမြွေကို မကြောက်ပေမယ့် မြွေပွေးကိုတော့ ကြောက်သည်၊ မမြမေမှာ အကွက်ကြီးတွေနှင့်မြွေပွေးကိုကြည့်ရင်း ရွှေးပြန်နေသည်၊

"ဟုတ်ပြီ – အဲသလိုလုပ်မှ"

မမြမေ တွေးသည်၊ တွေးရင်းနှင့် ရှေ့ကိုတိုးသည်၊ တိုးရင်းနှင့် တစ်ဖက်တာ ခက်ရင်းနှင့်မြွေကို ထောက်ထား၊ ကျန်လက်တစ်ဖက်က မြွေ၏ခေါင်းနောက်သို့ ဖိလိုက်သည်၊ ဒီကနေ့ – အဆိပ်ပြင်းမြွေတွေနှင့် (သို့မဟုတ်) သေမင်းနှင့် ကစားနေခြင်းသည် ပထမဆုံးအကြိမ်သာ ဖြစ်သည်၊ မမြမေသည် သေမင်းနှင့် စစ်ခင်းရင်းရှိသည်ဟု ထင်မနေနိုင်၊ ပန်းတစ်ပွင့်နှင့် ပွေ့ဖက်နေရသည်ဟု ထင်နေမိဆဲ၊ မမြမေသည် မြွေခေါင်းကို တစ်ဖက်က အမိအရ ဆုပ်ကိုင်ပြီးသည်နှင့် ခက်ရင်းကို လွှတ်သည်၊ ထိုလက်နှင့် မြွေ၏ခေါင်းကို နှစ်ဖက်နှင့်ညှပ်ဖိပြီး ပလိုင်းထဲ ထည့်လိုက်သည်၊ အောင်မြင်သွားပြီ၊

"ဟူး – တော်ပါသေးရဲ့၊ စောစောကလို ခေါင်းငုံ့ပြီးပြန်ကိုက်ရင် အကိုက်ခံလိုက်ရရင် – အို – ငါ – ငါ – သေလို့မဖြစ်ဘူး"

တွေးရင်းနှင့်ရှိသည်၊ မကြာပါ၊ အခြားတစ်နေရာကို ကြည့်သည်၊ ပထမတွေ့ရသည့်မြွေနှင့် ခြေလှမ်း လေးငါးလှမ်းအကွာမှာ မြွေပွေးတစ်ကောင်ထပ်တွေ့သည်၊ ဒါက မြွေပွေးတွေ၏ထုံးစံ၊ ဝပ်ကျင်းမှာ ဝပ်ပြီဆိုရင် တစ်ကောင်နှင့်တစ်ကောင် သိပ်ပြီးဝေးဝေးမနေကြ၊ ထိုမြွေကိုလည်း စောစောကအတိုင်း ဖမ်းအပြီး ပလိုင်းထဲထည့်သည်၊ ပြီးသည်နှင့် ပလိုင်းကိုလွယ်ပြီး နောက်ထပ်ရှာခဲ့ရာ လင်းမြွေတစ်ကောင် ထပ်ရသည်၊ နောက်ထပ် လင်းမြွေတစ်ကောင် ရပြန်သည်၊ ပလိုင်းထဲမှာ လင်းမြွေလေးကောင်၊ မြွေပွေးက နှစ်ကောင်၊

"အင်း – နေမြင့်ပြီ – ပြန်မှပဲ၊ ဒီဟာတွေရောင်း၊ အကြွေးဆပ်၊ အို – စားစရိတ်ထက် ငါ့သားဆေးဖိုးကို အရင်ဆပ်ရမယ်၊ အရင်ဆေးကြွေးကျေမှ နောက်ဆေးဖိုးက ယုံကြည်မှာ၊ ဆေးဆရာကလည်း လိုက်ပြီးကုပေးမှာ"



တွေးရင်းနှင့် မြက်ရိုင်းတောက ထွက်ခဲ့သည်၊ မမြမေခြေလှမ်းတွေက သွက်လက်နေသည်၊ ပလိုင်းထဲက လင်းမြွေတွေနှင့် မြွေပွေးတွေကတော့ လှုပ်ရှားလူးလွန့်နေဆဲ၊ သေမင်းတွေ၊ ငွေတွေ၊ အကြွေးကျေမယ့်ရတနာတွေ၊

တွေးရင်းနှင့် မြက်ရိုင်းတောက အထွက် –

မြက်ရိုင်းတောစပ်မှာ လူတစ်ယောက်၊

"ဘယ်သူပါလိမ့်"

"မမြမေသည် ထိုလူဆီကြည့်ရင်းနှင့် စိတ်ထဲမှာ ဇဝေဇဝါ၊

❀✿❀

ထိုလူသည် အပင်ခြေတွေ၊ ချုံတွေနှင့် တောင်ပို့တွေ၊ မြက်ရိုင်းပင်တွေအကြား ကုန်းကုန်းကွကွနှင့် လှုပ်ရှားရင်း ရှိသည်၊ အသေအချာကြည့်တော့ ထိုလူသည် မမြမေနည်းတူ မြွေရှာနေသည့်သဘော၊ မမြမေသည် ထိုလူနှင့် နီးနိုင်သမျှနီးအောင် လာခဲ့သည်၊ ကြားထဲမှာ အပင်ကြီးတွေ၊ ချုံတွေနှင့် တောင်ပို့အချို့ခြားထားသည်မို့ မြင်လိုက်၊ မမြင်လိုက်နှင့်ရှိသည်၊ ထိုလူကတော့ မြွေရှာဆဲ၊ မမြမေလည်း ထိုလူ့ထံ လာနေဆဲ၊

မကြာပါ၊ ထိုလူနှင့် ခဲတစ်ပစ်အရောက်၊ မမြမေသည် ဖျောက်ဆိပ်ပင်အခြေကို ကွယ်၍ရပ်သည်၊ ရပ်ရင်းထိုလူထံကြည့်နေသည်၊ ကြည့်ဆဲမှာပင် ထိုလူသည် မြွေတစ်ကောင် ရသွားပြီ၊ ရသည့်မြွေကို ခေါင်းအောက်မှာ ဆုပ်ကိုင်ထားသည်၊

"ဟင် ..."

မြွေနှင့် ထိုလူကို အသေအချာကြည့်မိသည်နှင့် မမြမေ နှလုံးသားတွေပြုတ်ကျသွားသည်အထိ ခံစားလိုက်ရသည်၊ သွေးသားတွေ လွင့်စဉ်သွားသည်အထိ နှလုံးသားတွေ နင်းချေခံစားခဲ့ရပြီ၊

"လူလေး အောင်စိုးပါလား"



www.burmeseclassic.com

www.burmeseclassic.com

မုန်ပါသည်။ မမြဖမ ကြည့်နေသည့် ထိုလူသည် အောင်စိုးမှ အောင်စိုး ဖြစ်နေသည်။ အောင်စိုး ရထားသည့်မြေသည် မမြဖမ ဖမ်းလာသည့် လင်းဝါ အမျိုးအစား။

"ကိုဘမောင် - ကိုဘမောင်"

သားဖြစ်သူနှင့် ဖမ်းထားသည့်လင်းမြွေ၏ လှုပ်ရှားမှုများကိုကြည့်ရင်း မမြမေခမျာ သေသွားပြီဖြစ်သည့် ကိုဘမောင်၏ အတိတ်ဘဝ ပုံရိပ်ဆိုးများ ကို ပြန်မြင်ယောင်နေမိသည်။ ကိုဘမောင်တစ်ယောက် အထွန်မထွက်ရ သည့်နေ့၊ တစ်နည်း - ကိုဘမောင် သေမည့်နေ့က တောလည်ထွက်ခဲ့သည်။ မြွေရှာထွက်ခဲ့သည်။ ထိုသို့ထွက်ခဲ့ရာတွင် လင်းဝါကြီးတစ်ကောင် ဖမ်းမိအပြီး လင်းဝါကြီးကို ကျီစယ်သည့်သဘောနှင့် လည်ပင်းကို ပတ်ထားသည်။ အစ ကတော့ လင်းဝါသည် ငြိမ်နေသည်။ ငြိမ်ရင်းနှင့် လင်းဝါရဲ့အမြီးက ကိုဘမောင်ရဲ့ပါးစပ်ထဲမှာ ထိုးလိုက်၊ ထုတ်လိုက်၊ ပြန်သွင်းလိုက်နှင့် လုပ်နေ သည်။ လင်းဝါ ၏ပြုမှုပုံကို ကိုဘမောင်က သဘောကျစွာ ရယ်သည်။ ထိုအချိန် လင်းဝါသည်ဆတ်ခနဲ လှုပ်ရှားလိုက်ပြီးအမြီးဖျားကိုလည်ချောင်းဝမှတစ်ဆင့် ဝမ်းထဲ ရောက်သည်အထိ ထိုးချလိုက်သည်။ ကိုဘမောင်က လင်းဝါ၏ ခါးပိုင်းကိုကိုင် ပြီးဆွဲထုတ်သည်၊ မရတော့၊ ဆွဲမရပြီ၊ ကိုဘမောင်မှာ ကြောက်လန့်သွားပြီး အော်ဟစ်အကူအညီ တောင်းလို့မရပြီ၊ မြွေကိုယ်လုံး ကြီးကြောင့်ပါးစပ်ကြီးပြဲကာ မျက်လုံးပြူးနေသည်၊ ဘိုင်းခနဲ မြေပြင်မှာ လဲကျ သွားပြီ၊ တစ်နာရီအကြာ သေဆုံးခဲ့သည်။ ကိုဘမောင်သေမှ လင်းဝါသည် ကိုယ်လုံးကို ပြန်နုတ်ပြီး တောထဲ ပြေးဝင်ခဲ့သည်။

"ပရိယာယ်များတဲ့လင်းဝါ - လင်းဝါက ဖါ့လင်ကို သတ်ခဲ့တယ်"

ပုံရိပ်အဖြစ်ဆိုးကိုတွေးရင်း အသံထွက် ပြောနေသည့်အချိန် သားဖြစ် သူသည် လင်းဝါကို လည်ပင်းမှာ ပတ်လိုက်သည်။ ပရိယာယ်များသည့် လင်းဝါက ငြိမ်နေရင်းရှိသည်။ ပြီး - အမြီးဖျားက အောင်စိုးကို ကျီစယ်သည့် သဘောနှင့် တို့လိုက်၊ ချွာလိုက်၊ ပါးစပ်ထဲ သွင်းလိုက်၊ ခေါင်းပေါ် တင်လိုက် လုပ်နေပြီ၊



"သား - လူလေး"

မမြမေ ကြာကြာမတွေး၊ သားဖြစ်သူထံ ပြေးခဲ့သည်။

"ဟင် - အမေ"

အောင်စိုး လှည့်ကြည့်သည့်အချိန် အောင်စိုးလည်ပင်းမှ ပရိယာယ်များ သည့် လင်းဝါက အောင်စိုးပါးစပ်အတွင်း အမြီးနှင့်ထိုး၊ လည်ပင်းမှတစ်ဆင့် အူအသည်းအထိ ထိုးဖို့ကြိုးစားချိန် -

"မြွေကို ချ - ချလိုက်၊ လူလေးကို သတ်လိမ့်မယ်"

ပြေးရင်းပြော၊ ပြောရင်းပြေးနေသည့် မမြမေ၊ သားဖြစ်သူအနီး ရောက် သည်နှင့် သားလည်ပင်းက မြွေကိုယူပြီး ပလိုင်းထဲ ထည့်သည်။

"သား - လူလေး"

"အမေ"

"သားလေး"

"အမေ - အမေ"

မမြမေသည် သားကို ပြေးပြီးဖက်လိုက်သည်။ အောင်စိုးက ပြန်ပြီးဖက် ထားလိုက်သည်။ မြက်ရိုင်းတောသည် အေးချမ်းနေသည်။ သို့သော် မမြမေ ငိုနေသည်။

"သား - ဘာ - ဘာပြုလို့ မြက်ရိုင်းတောထဲ လာခဲ့ရတာလဲ၊ သားမှာ ငှက်ဖျားရောဂါနဲ့လေ - ဖြစ်ရလေကွယ်"

မမြမေရဲ့အသံက တုန်ခါနေသည်။ နှလုံးသည်းပွတ်ဗဟိုမှလာသည့် အသံမျိုး။

"အမေ - အမေ - ထွက်သွားအပြီး ကျုပ်က ဝိုင်းစိန်ကို ချော့မေးတော့ အောင်မြင့်က လင်းမြွေရှိတဲ့နေရာ ပြောပြတယ်၊ အကြွေးကျေအောင် အမေ မြွေဖမ်းထွက်သွားတယ်ဆိုတာ သိသိချင်း ကျုပ် အပြေး - ပြေးလိုက်လာတာ"

"သားရယ်"

"အဲသလိုလိုက်လာရင်း ဒီနေရာအရောက် လင်းဝါကြီးကိုတွေ့လို့ ဖမ်း နေတာ"

www.burmeseclassic.com

"ဖြစ်ရလေကွယ်၊ အမေ - ဘာမှမဖြစ်ပါဘူး၊ သား - တစ်ခုခုဖြစ်မှာပဲ စိုးရိမ်တာ၊ သားကို သိအောင်ပြောရရင် သားမမွေးခင်က ဒီမြက်ရိုင်းတောမှာ ဒီလင်းဝါတစ်ကောင်က မင်းအဖေကို အချိုးသပ်ပြီး သတ်လို့သေခဲ့ရတယ်လေ ..."

"ဗျာ ..."

အောင်စိုး နားမလည်၊ သို့ကြောင့် မမြမေက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့မှ အောင်စိုး နားလည်သွားသည်၊ ဇာတ်ရည်လည်သွားသည်။

"ဪ - ဒါကြောင့်ကိုး"

"ဟုတ်တယ် - သား၊ အစုလည်း မင်းဖမ်းထားတဲ့လင်းဝါကြီးက မင်းအကြိုက်လိုက်ပြီး ပရိယာယ်သုံးနေတာ၊ အဲ - မင်း သတိလက်လွှတ်ဖြစ်တဲ့ အချိန် သူ့အမြီးက မင်းပါးစပ်ထဲကနေတစ်ဆင့် လည်ပင်း၊ လည်ပင်းကနေ အသက်ရှုလမ်းကြောင့်ပိတ်တဲ့အထိ လှုပ်ပြီးသတ်မှာ"

"အဲ - အဲသလိုမျိုးနဲ့ အဖေ သေခဲ့ရတာပေါ့"

"ကဲ - ကဲ - တော်တော့ - ပြန်ကြစို့၊ လာ - လာ - အမေ့ကိုတွဲခဲ့၊ အိမ်ကနေပြီး မြက်ရိုင်းတောအထိ ခြေလျင်လာရတာဆိုတော့ လူလေး ညောင်းနေမှာ၊ တော်ပါသေးရဲ့ - လူလေး ဘာမှမဖြစ်လို့၊ ဪ - အမေ့မှာ လင်းဝါကလေးကောင်၊ မြွေပွေးက နှစ်ကောင်ရလာတယ်၊ အခု - မင်းရတဲ့တစ်ကောင်နဲ့ဆိုရင် လင်းဝါငါးကောင်ပေါ့၊ ဒါတွေရောင်းပြီး ဆေးဖိုးဆပ်မယ်၊ ဆေးထပ်ဝယ်မယ်၊ လူလေးရောဂါပျောက်ကို ပျောက်ရစေ့မယ်၊ ကဲ - ပြန်ကြစို့၊ သမီးလည်း မျှော်နေရောပေါ့"

မြွေများထည့်ထားသည့်ပလိုင်းကိုပြင်၍လွယ်ရင်း သားဖြစ်သူကိုတွဲရင်း ပြန်ခဲ့သည့် မမြမေ၊ မိဘမေတ္တာ၊ မိခင်ရဲ့မေတ္တာတရားအတိမ်အနက်ကိုတွေးရင်း နားလည်နေမိသည့် အောင်စိုး။

"အ - အ - အမေရယ်"

တီးတိုးခေါ်ရင်း အမေ့ပါးပြင်ကို နမ်းမည်ဟုကြံစည်ဆဲမှာပင် မမြမေက သားဖြစ်သူ၏ပါးပြင်ကို ဦးစွာနမ်းရင်း ပြုံးနေသည်။



"သား"

"အမေရယ်"

သားဖြစ်သူ၏လက်များကို ကိုင်ထားဆဲမှာပင် မမြမေ၏လက်တစ်ဖက်က သွေးစက်အချို့ကျနေဆဲ၊ လင်းဝါကိုက်ထားသည့်ဒဏ်ရာမှ သွေးစက်မှသည် ကြက်သွေးရောင်ရင့်ရင့်၊

မိခင်တစ်ဦးရဲ့ချစ်ခြင်းသွေးစက်တွေ ...။

တွင်းကြီးသားတင်ဝင်းဦး

စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း